မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၅ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၄၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူအား မန္တလေး တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၄၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊

ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်အား မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးနေအေး | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းအောင်အား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှ စ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃။ )**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) ၏နောက်၌ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(c) to, and to the persons on, aircraft registered outside the Union but for the time being in or over the Union; and

(d) to an aircraft operated by a person who is not a citizen of the Union but has his principle place of business in the Union."

၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

"(1) **"aircraft"** means any machine which can derive support in the atmosphere from reactions of the air, other than reactions of the air against the earth's surface and includes balloons, whether fixed or free, airships, kites, gliders and flying machines;"

(ခ) ပုဒ်မခွဲ (၂) ၏နောက်၌ ပုဒ်မခွဲ (၃)၊ (၄) နှင့် (၅) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(3) **"aerodrome reference point"** in relation to any aerodrome, means a designated point established in the horizontal plane at or near the geometric centre of that part of the aerodrome reserved for the departure or landing of aircraft;

"(4) **"air navigation services"** means air traffic management, communication navigation and surveillance, aeronautical information services, aeronautical chart, procedure air navigation operation, aviation meteorology and search and rescue;

"(5) **"Safety Oversight"** means a function by means of which ICAO Contracting States ensure effective implementation of the safety related Standards and Recommended Practices (SARPs) and associated procedures contained in the Annexes to the Convention on International Civil Aviation and related ICAO documents."

(ဂ) ပုဒ်မခွဲ (၃) နှင့် (၄) တို့ကို ပုဒ်မခွဲ (၆) နှင့် (၇) တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၄။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၄ တွင် ပါရှိသော "and any amendment which may be made thereto under the provisions of Article 94, thereof." ဆိုသည့် စကားရပ်ကို "including any annex thereto relating to international standards and recommended practices as amended from time to time." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Safety Oversight functions** "4 A. The Director General of the Department of Civil Aviation or any other officer specially empowered in this behalf by the President of the Union shall perform the safety oversight functions in respect of matters specified in this Act or the rules made there under."

၆။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၂) တွင် -

(က) ပုဒ်မခွဲငယ် (ခ) ၌ ပါရှိသော "the licensing, inspection" ဆိုသည့် စကားရပ်ကို "the licensing, certification, inspection" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "unlicensed aerodromes" ဆိုသည့် စကားရပ်ကို "unlicensed or uncertified aerodromes" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မခွဲငယ် (ဆ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ga) the licensing of persons engaged in air traffic control;

(gb) the certification, inspection and regulation of air navigation services or air traffic management facilities;

(gc) the certification, inspection and regulation of Training Organization and Aircraft Maintenance Organization;

(gd) the measures to safeguard civil aviation against acts of unlawful interference;"

(ဂ) ပုဒ်မခွဲငယ် (ဃ) ၌ ပါရှိသော "the safety of life;" ဆိုသည့် စကားရပ်ကို "the safety of life and the limitation and regulation of aircraft noise and engine emission;" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲငယ် (ထ) ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(qq) the prohibition of slaughtering and flaying of animals and of depositing rubbish, filth and other polluted and obnoxious matter within a radius of ten kilometers from the aerodrome reference point; and"

၇။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅-က တွင် -

(က) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "make such rules as may be necessary" ဆိုသည့် စကားရပ်ကို "make such rules, regulations and by-laws as may be necessary" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(c) For the implementation of the provision of this Act, the Ministry of Transport may issue necessary notifications, orders, directives and notices and specially empowered to the Director General of the Department of Civil Aviation to issue necessary notifications, orders, requirements, directives and procedures for any matters specified in clauses (aa), (b), (c), (e), (f), (g), (ga), (gb), (gc), (gd), (h), (i), (j), (m), (n), (o) and (q)."

၈။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၇ တွင် ပါရှိသော "accident" ဆိုသည့် စကားရပ်ကို "accident or serious incident" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "accidents" ဆိုသည့် စကားရပ်ကို "accidents or serious incidents" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၈-ခ ၏ နောက်တွင် ပုဒ်မ ၈-ဂ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Power of President to make rules for securing safe custody and re-delivery of unclaimed property**

"8C. (1) Subject to the provisions of section 14, the President of Union may, by notification in the Official Gazette, make rules which may provide for securing the safe custody and re-delivery of any property which, while not in proper custody, is found on any aerodrome or in any aircraft on any aerodrome and any such rules may, in particular, provide for -

(a) the payment of charges in respect of any such property before it is re-delivered to the person entitled thereto; and

(b) the disposal of any such property in cases where the same is not re-delivered to the person entitled thereto before the expiration of such period as may be specified therein."

၁၀။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၉-က ကို အောက်ပါအတိုင်း အစားထိုးရမည် -

**Power of President to prohibit or regulate construction of buildings, planting of trees etc**

"9A. (1) If the President is of opinion that it is necessary or expedient so to do for the safety of aircraft operations, it may, by notification in the Official Gazette,-

(a) direct that no building or structure shall be constructed or erected, or no tree shall be planted on any land within such radius, not exceeding ten kilometers from the aerodrome reference point, as may be specified in the notification and where there is any building, structure or tree on such land, also direct the owner or the person having control of such building, structure or tree to demolish such building or structure or, as the case may be, to cut such tree within such period as may be specified in the notification;

(b) direct that no building or structure higher than such height as may be specified in the notification shall be constructed or erected, or no tree, which is likely to grow or ordinarily grows higher than such height as may be specified in the notification, shall be planted, on any land within such radius, not exceeding ten kilometers from the aerodrome reference point, as may be specified in the notification and where the height of any building or structure or tree on such land is higher than the specified height, also direct the owner or the person having control of

such building, structure or tree to reduce the height thereof so as not to exceed the specified height, within such period as may be specified in the notification.

(2) In Specifying the radius under clause (a) or clause (b) of sub-section (1) and in specifying the height of any building, structure or tree under the said clause (b), the President shall have regard to-

(a) the nature of the aircraft operated or intended to be operated in the aerodrome; and

(b) the international standards and recommended practices governing the operations of aircraft.

(3) Where any notification has been issued under sub-section (1) directing the owner or the person having control of any building, structure or tree to demolish such building or structure or to cut such tree or to reduce the height of any building, structure or tree, a copy of the notification containing such direction shall be served on the owner or the person having the control of the building, structure or tree, as the case may be,-

(a) by delivering or tendering it to such owner or person; or

(b) if it cannot be so delivered or tendered, by delivering or tendering it to any officer of such owner or person or any adult male member of the family of such owner or person or by affixing a copy thereof on the outer door or on some conspicuous part of the premises in which such owner or person is known to have last resided or carried on business or personally worked for gain; or failing service by these means;

(c) by post.

(4) Every person shall be bound to comply with any direction contained in any notification issued under sub-section (1)."

၁၁။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၉-က ၏နောက်၌ ၉-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Payment of Compensation** "9B. If in consequence of any direction contained in any notification issued under sub-section (1) of section 9 A, any person sustains any loss or damage, such person shall be paid compensation. Where the amount of compensation may be fixed by agreement, it shall be paid in accordance with such agreement;"

၁၂။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ၁၁-က နှင့် ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**Penalty for failure to comply with directions issued under section 5 A.** "11A. whoever wilfully fails to comply with any notifications, orders, notices and directives issued under sub-section (c) of section 5 A, shall be punishable with imprisonment for a term which may extend to one month or with fine which may extend to kyats 20,000 or with both.

**Penalty for failure to comply with directions issued under section 9 A.** "11B. (1) If any person wilfully fails to comply with any direction contained in any notification issued under section 9A, he shall be punishable with fine.

(2) Without prejudice to the provisions of sub-section (1), if any person fails to demolish any building or structure or cut any tree or fails to reduce the height of any building, structure or tree in pursuance of any direction contained in any notification issued under sub-section (1) of section 9 A within the period specified in the notification, then, subject to such rules as the President may make in this behalf, it shall be competent for any officer authorized by the President in this behalf to demolish such building or structure or cut such tree or reduce the height of such building, structure or tree: Provided that the power to make rules under this sub-section shall be subject to the provisions of section 14."

၁၃။ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၁၆ ၏နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"16A. The President of the Union of Myanmar may delegate to the Ministry of Transport the power to grant the permission for import or export of aircraft and its spares, tools or equipment without the need to obtain an import or export license.

16.B The President of the Union of Myanmar may exempt or relieve from import duties and other taxes in respect of aircraft and its spares, tools or equipment, subject to compliance with the customs regulations."

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) ၏နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၇၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ပုဒ်မခွဲ (ဃ) ပါ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းနိုင်ရေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရေး၊ ထိုသို့အပ်နှင်းထားသည့် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တစ်ခုခုအား သတ်မှတ်ချက်များနှင့်မညီညွတ်ကြောင်း လုံလောက်သောအကြောင်း ပေါ်ပေါက်လာပါက ပြန်လည်ရုပ်သိမ်းနိုင်ရေးတို့အတွက် တက္ကသိုလ်သို့ လမ်းညွှန်ခြင်း။"

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ အခန်း (၈) ဘဏ္ဍာရေးအခန်းတွင် ပုဒ်မ ၁၈ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၈။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည် -

(၁) တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြားစေတနာရှင်များက ၎င်းတို့၏သဘောဆန္ဒအလျောက် ထည့်ဝင်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။

(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ရည်မှန်းချက်များ အောင်မြင်ရေး ကိစ္စများအတွက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။"

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၁၈ ကို အသစ်ထပ်မံဖြည့်စွက်သဖြင့် ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ တို့ကို ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း တက္ကသိုလ်နှင့်

ပုဒ်မ ၄ အရ တည်ထောင်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအား ဆက်ခံခွင့်ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၂ ၏နောက်၌ ပုဒ်မ ၂၃ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၃။ တက္ကသိုလ်သည် ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သောလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည်။"

၈။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေတွင် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် ဘရူနိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ဘရူနိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးဇော်မြင့်ဖေ | မဲဆန္ဒနယ်အမှတ် (၅)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | |
| (ဂ) ဦးအောင်ချစ်လွင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဃ) ဦးတိုးဝင်း | မဲဆန္ဒနယ်အမှတ် (၁၂)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (င) ဒေါ်ရီရီမြင့် | မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ် | |
| (စ) ဦးညွှန့်တင် | မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဆ) ဦးခင်မောင်ရီ | မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး | |

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် အင်ဒိုနီးရှား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် အင်ဒိုနီးရှား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဝင်းမြင့်အောင် | မဲဆန္ဒနယ်အမှတ် (၄)၊ စစ်ကိုင်းတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးထွန်းလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးနိန်းခင်းပေါင် | မဲဆန္ဒနယ်အမှတ် (၇)၊ ချင်းပြည်နယ် | |
| (ဃ) | ဦးထွန်းဇော် (ခ) ကိုပေါက် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ပဲခူးတိုင်းဒေသကြီး | |
| (င) | ဦးသော်ဇင်ဦး | မဲဆန္ဒနယ်အမှတ် (၉)၊ မကွေးတိုင်းဒေသကြီး | |
| (စ) | ဦးနု | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဆ) | ဦးတင်ယု | မဲဆန္ဒနယ်အမှတ် (၁၁)၊ ရန်ကုန်တိုင်းဒေသကြီး | |

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် ဖိလစ်ပိုင်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ဖိလစ်ပိုင်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်ကြည် | မဲဆန္ဒနယ်အမှတ် (၈)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစံပြည့် | မဲဆန္ဒနယ်အမှတ် (၇)၊ ကချင်ပြည်နယ် | |

(ဂ) ဦးဆားရယ် မဲဆန္ဒနယ်အမှတ် (၆)၊ ကယားပြည်နယ်
(ဃ) ဦးဖိုးဇော် မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး
(င) ဦးဌေးဝင်း (ခ) ဇာယာဒ်ရော်မံ မဲဆန္ဒနယ်အမှတ် (၇)၊ ရခိုင်ပြည်နယ်
(စ) ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ် မဲဆန္ဒနယ်အမှတ် (၆)၊ ရှမ်းပြည်နယ်
(ဆ) ဒေါက်တာဌေးနိုင် မဲဆန္ဒနယ်အမှတ် (၇)၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် စင်ကာပူ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် စင်ကာပူ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးအောင်ထွန်း မဲဆန္ဒနယ်အမှတ် (၁၁)၊ မကွေးတိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဦးဂျေယောဂူ မဲဆန္ဒနယ်အမှတ် (၁၂)၊ ကချင်ပြည်နယ်
(ဂ) ဦးစောငြိမ်းသင် မဲဆန္ဒနယ်အမှတ် (၃)၊ ကရင်ပြည်နယ်
(ဃ) ဦးမြတ်ကို မဲဆန္ဒနယ်အမှတ် (၁၂)၊ စစ်ကိုင်းတိုင်းဒေသကြီး
(င) ဦးဇော်နိုင်ဦး မဲဆန္ဒနယ်အမှတ် (၁၂)၊ မွန်ပြည်နယ်
(စ) ဦးဖုန်းမြင့်အောင် မဲဆန္ဒနယ်အမှတ် (၃)၊ ရန်ကုန်တိုင်းဒေသကြီး
(ဆ) ဦးသက်လင်း မဲဆန္ဒနယ်အမှတ် (၈)၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် မလေးရှား-မြန်မာ လွှတ်တော်ချင်း**
**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် မလေးရှား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဌေး | မဲဆန္ဒနယ်အမှတ် (၁၀)၊ မန္တလေးတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းမြမောင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဘိုးရယ် | မဲဆန္ဒနယ်အမှတ် (၃)၊ ကယားပြည်နယ် | |
| (ဃ) | ဦးစောသန်းထွန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကရင်ပြည်နယ် | |
| (င) | ဦးပေါ်လျှံလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ချင်းပြည်နယ် | |
| (စ) | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဆ) | ဦးမောင်ကျား | မဲဆန္ဒနယ်အမှတ် (၈)၊ တနင်္သာရီတိုင်းဒေသကြီး | |

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် တရုတ်-မြန်မာ လွှတ်တော်ချင်း**
**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် တရုတ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဗညားအောင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ မွန်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းတင့် | မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (ဂ) | ဦးတင်မောင်မြင့် | မဲဆန္ဒနယ်အမှတ် (၃)၊ တနင်္သာရီတိုင်းဒေသကြီး | |

(ဃ) ဒေါက်တာခင်မောင်လေး မဲဆန္ဒနယ်အမှတ် (၈)၊ ပဲခူးတိုင်းဒေသကြီး

(င) ဦးခင်မောင်ဌွေး မဲဆန္ဒနယ်အမှတ် (၁၀)၊ မန္တလေးတိုင်းဒေသကြီး

(စ) ဦးညီညီထွန်း မဲဆန္ဒနယ်အမှတ် (၁၁)၊ မွန်ပြည်နယ်

(ဆ) ဗိုလ်မှူးကြီးမောင်မောင်ထူး တပ်မတော်သားကိုယ်စားလှယ်

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

**အမျိုးသားလွှတ်တော် ကိုရီးယား-မြန်မာ လွှတ်တော်ချင်း**

**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ကိုရီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာခင်ရွှေ မဲဆန္ဒနယ်အမှတ် (၉)၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ

(ခ) ဦးလှစိုး မဲဆန္ဒနယ်အမှတ် (၉)၊ တနင်္သာရီတိုင်းဒေသကြီး

(ဂ) ဦးမြင့်ထွန်း မဲဆန္ဒနယ်အမှတ် (၁၀)၊ ပဲခူးတိုင်းဒေသကြီး

(ဃ) ဦးဇော်ဝင်း မဲဆန္ဒနယ်အမှတ် (၁၀)၊ မွန်ပြည်နယ်

(င) ဦးမြင့်လှိုင် မဲဆန္ဒနယ်အမှတ် (၁၂)၊ ရခိုင်ပြည်နယ်

(စ) ဦးဝင်းနောင် မဲဆန္ဒနယ်အမှတ် (၅)၊ ရန်ကုန်တိုင်းဒေသကြီး

(ဆ) ဦးဉာဏ်လင်း မဲဆန္ဒနယ်အမှတ် (၃)၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အသင်းဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)

ပဲခူးမြို့၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

### ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကြမ်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊
လွှတ်တော်ရုံးအကြီးအမှူး၊
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

## ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်    ။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော်    ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ     ရက် )

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂)၊ အပိုဒ် (၁) (ဃ) တွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီးဥပဒေပြုစာရင်းအရ ယစ်မျိုးခွန်သတ်မှတ်ရေးနှင့်ပတ်သက်၍ ခေတ်စနစ်နှင့်လျော်ညီသည့် အခွန်နှုန်းထားများ ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ဝန်ကြီးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးသောဝန်ကြီးကို ဆိုသည်။

(ဃ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးအမှူးကို ဆိုသည်။

(င) ခရိုင်အုပ်ချုပ်ရေးမှူးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုသည်။

(စ) မြို့နယ်အုပ်ချုပ်ရေးမှူးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ အကြီးအမှူးကို ဆိုသည်။

(ဆ) ယစ်မျိုးခွန်ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၂ (ဈ) နှင့် ယစ်မျိုးကုန်ပစ္စည်းနည်းဥပဒေအရ သတ်မှတ်ထားသောအခွန်များကို ဆိုသည်။

(ဇ) ယစ်မျိုးသက်ဝင်ပစ္စည်း (Excisable article) ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် ဖွင့်ဆိုထားသည့် အရက် အပါအဝင် ယစ်မျိုးသက်ဝင်ပစ္စည်းကို ဆိုသည်။

(ဈ) ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods) ဆိုသည်မှာ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် ယစ်မျိုးခွန်နှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ည) အရက် (Alcoholic Liquor) ဆိုသည်မှာ ပမာဏအားဖြင့် Alcohol ၂ ရာခိုင်နှုန်းထက်ပို၍ပါသော အရက်များကို ခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ၁၉၁၇ ခုနှစ် ယစ်မျိုးအက်ဥပဒေအရ အရက် (Alcohol) ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် အရာများလည်း ပါဝင်သည်။

(ဋ) ဘီယာ (Ale.Stout.Porter) ဆိုသည်မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေတွင် သတ်မှတ်ထားသည့် အရာဝတ္ထုများ အပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာဝတ္ထုများကို ဆိုသည်။

(ဌ) ဗျစ်ရည်ဆိုသည်မှာ ကစော်ဖောက်၍ ပြုပြင်ထားသောအရက်ပြန်ပါသည့် မူးယစ်စေသော သေရည် (သို့) ဘီယာတစ်မျိုးမျိုးကို ဆိုသည်။

(ဍ) ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် Alcohol ပါဝင်သည့် မည်သည့်အရက်တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဎ) ထန်းရည် (Tari) ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်များမှ ထွက်ရှိသည့်အရည်များကို ဆိုသည်။

(ဏ) တည်အရက် (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

(တ) သောက်ပျော်သောအရက် (Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး Alcohol ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ထ) မူလသတ္တိပျက်ပြီး (Denatured) ဆိုသည်မှာ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၆၅ (၂) (ဝ) အရ ပြုလုပ်သည့် နည်းဥပဒေများအရ လူတို့သောက်သုံးရန် မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဒ) ချက်လုပ်ခြင်းဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ထွက်ရှိစေရန် (သို့မဟုတ်) ရရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်း စသည်တို့ ပါဝင်သည်။

(၂) ပြန်လည်ပေါင်းခံခြင်း (Redistillation)၊

(၃) Alcoholic ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(ဓ) လက်လီ (သို့မဟုတ်) လက်ကားရောင်းချမှု (Retail and whole Sale) ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အခြင်အတွယ် အတိုင်း ရောင်းချခြင်းကို ဆိုသည်။

(န) လိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့ အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

(ပ) သဘောရိုးဖြင့် ဆောင်ရွက်ခြင်းဆိုသည်မှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်ကို ဆိုလိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားခြင်းအလေ့အထ ပြန့်ပွားခြင်းကို လျှော့ချရန်၊

(ခ) တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေဘဲ အရက်များပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ကို ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန်သာမဟုတ်ဘဲ ၎င်းကို သောက်စားသုံးစွဲခြင်းလျော့ပါးစေရန်အတွက် အခွန်ကောက်ခံသည်ဟု စိတ်နှလုံးသွင်းစေရန်၊

(ဃ) တိုင်းဒေသကြီးအတွက် ရသင့်ရထိုက်သောအခွန်ငွေကို ဥပဒေနှင့်အညီ တိုးမြှင့်ရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ဤဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များ အပြင် နောက်ဆက်တွဲပါ ယစ်မျိုးလိုင်စင်အမျိုးအစားနှင့် နှုန်းထားများအတိုင်း ကောက်ခံရန်သတ်မှတ်သည်။

၅။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထိ ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့်အချိန် တွင် တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၅၀၀၀၀၀ အထက်မှ ကျပ် ၃၀၀၀၀၀၀ အထိ ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့်အချိန်၌ ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်းပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်၏ ပထမ (၆) လအတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၇။ ယစ်မျိုးလိုင်စင်ကြေးငွေကျပ် ၃၀၀၀၀၀၀ အထက် ပေးသွင်းရမည့်သူသည် လိုင်စင်ချထားပေးသည့် အချိန်၌ ကျသင့်ငွေ၏သုံးပုံတစ်ပုံကို ပေးသွင်းစေပြီး ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်၏ ပထမ (၆) လအတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးလိုင်စင်ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်း ပြီးမှသာ ပြန်လည်အပ်နှံခွင့်ပြုသည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန် အပြည့်အဝကောက်ခံရရှိနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘော တူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## ယစ်မျိုးလိုင်စင်အမျိုးအစားများ

၁၀။ အောက်တွင် ဖော်ပြထားသော ယစ်မျိုးလိုင်စင်အမျိုးအစားများကို လေလံတင်ရောင်းချရမည် -

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် |
|---|---|---|
| ၁ | ၂ | ၃ |
| ၁ | CFL-1 | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၂ | CFL-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၃ | CS-1 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၄ | CS-2 | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၅ | CS-3 | မြန်မာပြည်တွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၆ | FL-7 | မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၇ | FL-10 | ဗျစ်ရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ |
| ၈ | FL-13 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်။ |

၁၁။ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး ပါဝင်သော ယစ်မျိုးလိုင်စင်ချထားရေးလေလံအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၂။ နောက်ဆက်တွဲဇယားပါ ယစ်မျိုးလိုင်စင်အမျိုးအစားများအား သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးထံ လျှောက်ထား၍ ခွင့်ပြုချက်ရယူရမည်။

## အခန်း (၅)
## အထွေထွေ

၁၃။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၄။ ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့် အပ်နှင်းထားသောပုဂ္ဂိုလ်၏ သဘောရိုးဆောင်ရွက်ချက်နှင့် စပ်လျဉ်းပြီး ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၁၅။ ယစ်မျိုးလိုင်စင်ရရှိသူသည် ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်အားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်းခံရမည်။

၁၆။ ဝန်ကြီးသည် ဤကိစ္စအလို့ငှာ ခရိုင်အုပ်ချုပ်ရေးမှူးအား ကော်လိတ်တော်အရာရှိလုပ်ပိုင်ခွင့်များကို အပ်နှင်းရမည်။

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**(နောက်ဆက်တွဲဇယား)**

**ယစ်မျိုးလိုင်စင်အမျိုးအစားနှင့်နှုန်းထားများ**

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်၊ | ၂၄,၀၀၀၀၀ | | |
| | | တစ်နေ့ထွက်ရှိဂါလန် ၅၀-၅၀၀ | | ၃၀,၀၀၀၀၀ | |
| | | ၅၀၀-၁၀၀၀ | | ၅၀,၀၀၀၀၀ | |
| | | ၁၀၀၀ အထက် | | ၁၀၀,၀၀၀၀၀ | |
| ၂ | D-2 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင်၊ | ၁,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၃ | W-1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင်၊ | ၁၀၀၀၀ | ၁,၀၀၀၀၀ | |
| ၄ | FL-4 | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင်၊ | - | ၆,၀၀၀၀၀ | |
| ၅ | FL-5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင်၊ | - | ၆,၀၀၀၀၀ | |
| ၆ | FL-6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင်၊ မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန်၊ လက်လီရောင်းချခွင့်လိုင်စင်၊ | ၁၂,၀၀၀၀၀ | ၁၅,၀၀၀၀၀ | |
| ၇ | B-1 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်၊ | - | | |
| | | တစ်နေ့ထွက်ရှိဂါလန် ၅၀-၅၀၀ | - | ၃၀,၀၀၀၀၀ | |
| | | ၅၀၀-၁၀၀၀ | - | ၅၀,၀၀၀၀၀ | |
| | | ၁၀၀၀ အထက် | - | ၁၀၀,၀၀၀၀၀ | |
| ၈ | B-2 | ဗျစ်ရည်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၉ | FL-8 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှ ထုတ်လုပ်သော ဗျစ်ရည်များကို လက်ကားရောင်းချခွင့်လိုင်စင်၊ | ၁၀,၀၀၀၀၀ | ၁၅,၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၀ | FL-8A | ပြည်ပမှ တင်သွင်းသော ဘီယာများကို လက်ကားရောင်းချခွင့်လိုင်စင်၊ | - | ၁၅,၀၀၀၀၀ | |
| ၁၁ | FL-9 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှ ထုတ်လုပ်သော ဗျစ်ရည်များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင်၊ | ၅,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၂ | FL-9A | ပြည်ပမှ တင်သွင်းသော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၅,၀၀၀၀၀ | |
| ၁၃ | FL-11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) အရက်ကို လက်ကားရောင်းချခွင့်လိုင်စင်၊ | ၅,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၄ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင်၊ | ၂,၅၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၁၅ | FL-14 | နိုင်ငံခြားအရက်များ (Foreign Alcoholic Spirit) ကို စစ်ဘက်ဆိုင်ရာအရောင်းဆိုင်ကလေး (Military Canteen) များတွင် လက်လီရောင်းချခွင့်လိုင်စင်<br>(က) တပ်ရင်းအတွက်<br>(ခ) တပ်ရင်းထက်ငယ်သော တပ်အဖွဲ့အစည်းများအတွက်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၁၆ | FL-15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် (သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၁၇ | FL-15A | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ် (သို့) တည်းခိုခန်းဥပစာအတွင်း တည်းခိုသူများသာ သောက်သုံးရန်၊ ဟိုတယ် (သို့) တည်းခိုခန်းပိုင်ရှင် (သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိနှုန်းထား | ပြင်ဆင်နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၈ | FL-16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၃,၀၀၀၀၀ | ၄,၀၀၀၀၀ | |
| ၁၉ | FL-17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၆,၀၀၀၀၀ | ၁၀,၀၀၀၀၀ | |
| ၂၀ | FL-17A | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို လူမှုရေးအဖွဲ့အစည်း (Charitable Institute) ဥပစာအတွင်း သောက်သုံးရန် အဖွဲ့အစည်းအာဏာပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၃,၀၀၀၀၀ | |
| ၂၁ | FL-18 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ ပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲတွင် ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့်လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၂ | FL-19 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ သောက်သုံးရန် (သို့) ဥပစာ၏ပြင်ပသို့ ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၁၀,၀၀၀၀၀ | |
| ၂၃ | FL-20 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို မီးရထားစားသောက်ခန်းဥပစာအတွင်း ခရီးသည်များသာ သောက်သုံးရန် (သို့) ပြင်ပသို့ ယူဆောင်ရန် စားသောက်တွဲ အငှားရထားသူက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၄ | FL-21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး (သို့) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | - | ၂,၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိ နှုန်းထား | ပြင်ဆင် နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၅ | FL-22 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို အများပြည်သူ (သို့) ပုဂ္ဂလိက ပျော်ပွဲရွှင်ပွဲများတွင် ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ ရောင်းချခွင့် လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၆ | G-1 | ရှာလကာရည်ထုတ်လုပ်ခွင့်လိုင်စင်၊ | - | - | အမိန့်ကြော်ငြာစာ ထုတ်၍ သတ်မှတ်ပေးရန် |
| ၂၇ | FL-23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန်ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သောဝိုင်နှင့် အလားတူဖျော်ရည်များကို ဆေးဆရာ (သို့) ကျန်းမာရေးဝန်ထမ်း (သို့) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့် လိုင်စင်၊ | ၅၀၀၀ | ၅၀၀၀၀ | |
| ၂၈ | FL-24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀ | ၅၀၀၀၀ | |
| ၂၉ | FL-25 | ဂုဏ်သတ္တိပျက် အရက်ပြန်ရောင်းချခွင့်လိုင်စင်၊ | - | ၅၀၀၀၀ | |
| ၃၀ | FL-2C | သန့်စင်ပြီးအရက်ပြန်များကိုသိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့် အခြားအရက်ပြန် ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင်၊ | ၅၀၀၀ | ၁,၀၀၀၀၀ | |
| ၃၁ | FL-2D | အရက်ပြန်ပါသည့် ဆေးဝါးများကို မြန်မာဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင်၊ | ၁၀၀၀ | ၁,၀၀၀၀၀ | |
| ၃၂ | Y-1 | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့် လိုင်စင်၊ | - | ၁,၀၀၀၀၀ | |
| ၃၃ | Y-2 | တဆေးများ ရောင်းချခွင့်လိုင်စင်၊ | - | ၅၀၀၀၀ | |
| ၃၄ | CFL-2 C.S-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျော်စာရည်များနှင့် ဖိုထွက်ချက်အရက်ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဆိုင်၏ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်၊ | ၇,၂၆၀၀၀ | - | ကြမ်းခင်းဈေး ၇,၅၀၀၀၀ ထား၍ လေလံပစ်ရန် |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | လက်ရှိနှုန်းထား | ပြင်ဆင်နှုန်းထား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃၅ | D-1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် လိုင်စင်ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့်လိုင်စင်၊ | | ၂၀,၀၀၀၀၀ | |
| ၃၆ | CS-2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန်ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀၀ | ၃,၀၀၀၀၀ | |
| ၃၇ | CFL-2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် (သို့) နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင်၊ | ၅၀၀၀ | ၁,၀၀၀၀၀ | |
| ၃၈ | | ဘီလပ်ရည်၊ အဖျော်ရည် ထုတ်လုပ်ခွင့်လိုင်စင်။ | - | - | အမိန့်ကြော်ငြာစာထုတ်၍ သတ်မှတ်ပေးရန် |

# ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် / )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရှမ်းပြည်နယ်အတွင်းရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအသီးသီးတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးဥပဒေများကို သီးခြားပြဋ္ဌာန်းမည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (ဃ) နှင့်အညီ ယင်းပြဋ္ဌာန်းမည့်ဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအာဏာမတည်မီကာလက သတ်မှတ်ထားသော စည်ပင်သာယာရေးနယ်နိမိတ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ပြည်နယ်စည်ပင်သာယာရေးဌာနမှ သတ်မှတ်ကြေညာသော စည်ပင်သာယာရေးနယ်နိမိတ်များကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်၊ မြို့နယ်ခွဲနှင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များ ပါဝင်သည်။

(ခ) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ဌာန**ဆိုသည်မှာ ပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ယင်းလက်အောက်ရှိ စည်ပင်သာယာရေးဌာနများကို ဆိုသည်။

(စ) **ဝန်ကြီး**ဆိုသည်မှာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်။

(ဆ) **စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပါဝင်သည်။

(ဇ) **ပြည်နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၆ အရ ဖွဲ့စည်းသော ပြည်နယ်စည်ပင်သာယာရေး ကော်မတီကို ဆိုသည်။

(ဈ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနရုံး အကြီးအမှူးကို ဆိုသည်။

(ည) **ဌာနခွဲတာဝန်ခံ**ဆိုသည်မှာ ဤဥပဒေအာဏာမတည်မီကာလက ဌာနမှ တာဝန်ပေးအပ်ထားသည့် ပြည်နယ်စည်ပင်သာယာရေးဌာနခွဲတာဝန်ခံကို ဆိုသည်။

(ဋ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၈ အရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေး ကော်မတီကို ဆိုသည်။

(ဌ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးဌာနရုံးဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဍ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးဌာန ရုံးအကြီးအမှူးကို ဆိုသည်။

(ဎ) **မြို့နယ်ခွဲတာဝန်ခံ**ဆိုသည်မှာ ဤဥပဒေ အာဏာမတည်မီ စည်ပင်သာယာရေးဌာနမှ ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနရုံး အကြီးအမှူးကို ဆိုသည်။

(ဏ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ သို့မဟုတ် ဌာနက ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(တ) **ပတ်ဝန်းကျင်ထိခိုက်စေနိုင်သောလုပ်ငန်း**ဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးရှိစွာ အသုံးပြုခြင်း အား ထိခိုက်စေရန်သော်လည်းကောင်း၊ အများပြည်သူ၏ ကျန်းမာရေး၊ အန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျိုးဖြစ်ထွန်းရေးကိုဖြစ်စေ၊ တိရစ္ဆာန်နှင့်အပင်များကိုဖြစ်စေ ထိခိုက်စေရန်သော် လည်းကောင်း ဤဥပဒေအရ ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ရှိပစ္စည်းများ၊ ညစ်ညမ်းပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းဖြင့် မြေထု၊ ရေထု၊ လေထု အပါအဝင် ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူဓာတ်ဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိ ဇီဝဆိုင်ရာဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှု၊ သက်ရောက် စေမှု တစ်ရပ်ရပ်ကို ဖြစ်စေသည့်လုပ်ငန်းကို ဆိုသည်။

(ထ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရသော်လည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက် ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။

(ဒ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဓ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့်ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ် ကောက်ခံသော အခွန်များပါဝင်သည်။ ယင်းစကားရပ်တွင် မြို့နယ်ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ်သော အခွန်များလည်း ပါဝင်သည်။

(န) **ရေခွန်**ဆိုသည်မှာ မြို့နယ်ကော်မတီထံမှ ရေရယူသုံးစွဲခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ပ) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများတွင် မီးထွန်းစရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသော အခွန်ကို ဆိုသည်။

(ဖ) **အမှိုက်နှင့်အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းတို့ အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့် အခွန်ကို ဆိုသည်။

(ဗ) **နှစ်စဉ် စံငှားရမ်းခတန်ဖိုး**ဆိုသည်မှာ အခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံကို မည်သည့် အသုံးအဆောင်ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်း

ထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်စည်းကြပ်မည့်မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဘ) **အငှားယာဉ်**ဆိုသည်မှာ ခရီးသည် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(မ) **အငှားယာဉ်မောင်းသူ**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(ယ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ရ) **ဘော်ဒါဆောင်**ဆိုသည်မှာ အခန်းလိုက်ဖြစ်စေ၊ အဆောက်အအုံလိုက်ဖြစ်စေ လူနေထိုင်ရန်အတွက် အခမဲ့ သို့မဟုတ် အခကြေးငွေယူ၍ လူနေထိုင်ခွင့်ပြုသော အဆောက်အအုံကို ဆိုသည်။

(လ) **သားသတ်လုပ်ငန်း**ဆိုသည်မှာ အများပြည်သူစားသုံးရန်အတွက်ဖြစ်စေ၊ အခြားနည်းအတွက်ဖြစ်စေ ခြေလေးချောင်းတိရစ္ဆာန်များကို သတ်ဖြတ်သည့်လုပ်ငန်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) စည်ပင်သာယာရေးနှင့်သက်ဆိုင်သည့် အခွန်အရပ်ရပ်အား အပြည့်အဝရရှိစေရန်၊

(ဂ) ရရှိသောအခွန်များနှင့် မြို့ရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများအား တည်ဆဲဥပဒေ၊ စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုစေရန်၊

(ဃ) အများပြည်သူထံမှရရှိသည့် အခွန်၊ အခများသည် အများပြည်သူအတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်စေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ရာ၌ လမ်းညွှန်ကြီးကြပ်မှုပြုနိုင်ရန်အတွက်လည်းကောင်း၊ အစိုးရအဖွဲ့နှင့် ယင်းကော်မတီများအကြား လိုအပ်သည့် လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာ၌ ထိရောက်အောင်မြင်စေရေးအတွက်လည်းကောင်း ပြည်နယ်စည်ပင်သာယာရေး ကော်မတီကို ဖွဲ့စည်းရမည်။

၆။ ပြည်နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် ရွေးချယ်ခန့်ထားသော နည်းလမ်းအရ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် (ကျိုင်းတုံနယ်မြေ) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် (လားရှိုးနယ်မြေ) | ဒုတိယဥက္ကဋ္ဌ |

(ဃ) လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း ကိုယ်စားလှယ်အဖွဲ့ဝင် (၃) ဦး — အဖွဲ့ဝင်

(င) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၃) ဦး — အဖွဲ့ဝင်

(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူး ပြည်နယ်စည်ပင်သာယာရေးဌာန — အတွင်းရေးမှူး

(ဇ) ဒုတိယညွှန်ကြားရေးမှူး (၂) ဦး ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ (ကျိုင်းတုံ/လားရှိုး) — တွဲဖက်အတွင်းရေးမှူး

၇။ အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ဝင်ဦးရေကို အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို ရွေးချယ်ခန့်ထားသော နည်းလမ်းဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် — ဥက္ကဋ္ဌ

(ခ) လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဃ) မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးဌာန — အတွင်းရေးမှူး

(ဇ) သက်ဆိုင်ရာမြို့နယ်ခွဲတာဝန်ခံ သက်ဆိုင်ရာမြို့နယ်ခွဲစည်ပင်သာယာရေးဌာန — တွဲဖက်အတွင်းရေးမှူး

၉။ ဌာနသည် အစိုးရအဖွဲ့သဘောတူညီချက်ဖြင့် မြို့နယ်ကော်မတီ ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင် ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင် အရာရှိ သို့မဟုတ် သင့်လျော်သော နိုင်ငံသားတစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။ သို့ရာတွင် ထိုသို့ တာဝန် ပေးအပ်ရာ၌ အချိန်ကာလအားဖြင့် ၆ လထက် မကျော်လွန်စေရ။

၁၀။ ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက် ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၁၁။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်နှင့်မြို့နယ်ကော်မတီဝင်များ၏ ရပိုင်ခွင့်အား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေပေါ် မူတည်၍ သတ်မှတ်ပေးရမည်။

၁၂။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်နှင့်မြို့နယ်ကော်မတီဝင်များ ရွေးချယ်ခန့်ထားရေး၊ အစားထိုးရွေးချယ်ခန့်ထားရေးနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

၁၃။ ပြည်နယ်ကော်မတီနှင့်မြို့နယ်ကော်မတီ၏ သက်တမ်းသည် ၅ နှစ်သက်တမ်းဖြစ်ပြီး၊ ရှမ်းပြည်နယ် လွှတ်တော်သက်တမ်းအတိုင်း ဖြစ်သည်။

## အခန်း (၄)
## စည်ပင်သာယာရေးဌာနများ ဖွဲ့စည်းခြင်း

၁၄။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အတွင်းရှိ ဒေသများတွင် -

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးဌာနကို ဖွဲ့စည်းနိုင်သည်၊

(ခ) ဤဥပဒေအာဏာမတည်မီကာလက ဖွဲ့စည်းပြီးဖြစ်သော ဝန်ထမ်းများပါဝင်သည့် စည်ပင်သာယာရေးအဖွဲ့များအား ဤဥပဒေအရ ဖွဲ့စည်းသည့် စည်ပင်သာယာရေးဌာနများအဖြစ် မှတ်ယူရမည်။

၁၅။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အတွင်းရှိ ဒေသများတွင် -

(က) မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ကြေညာသောအခါ မြို့အဖြစ် သတ်မှတ်ကြေညာထားသော နယ်နိမိတ်ကိုလည်းကောင်း၊ ယင်းနယ်နိမိတ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများကို ထည့်သွင်း၍လည်းကောင်း၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်သည်။ ထို့အပြင် မြို့အသွင် ဖွံ့ဖြိုးတိုးတက်သောကျေးရွာနယ်နိမိတ်ကိုလည်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ၌ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများအား ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်နိုင်သည်။

## အခန်း (၅)
## လုပ်ငန်းတာဝန်များ

၁၆။ ပြည်နယ်ကော်မတီသည် ပြည်နယ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည် -

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ဥပဒေနှင့်အညီ ဖြစ်စေရန်နှင့် အောင်မြင်တိုးတက်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) အစိုးရအဖွဲ့နှင့် ဌာန၏ အမိန့်ညွှန်ကြားချက်တို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ လိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ထပ်ဆင့်ညွှန်ကြားကြီးကြပ်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများ၏ အောင်မြင်တိုးတက်မှုကို မှတ်တမ်းတင်၍ ဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊

(ဃ) စည်ပင်သာယာရေးဝန်ထမ်းများထဲမှ နိုင်ငံအတွက် အလားအလာရှိသော ထူးချွန်သည့် ဝန်ထမ်းကောင်းများအား အဆင့်မြင့်ရာထူး/တာဝန်များတွင် ထမ်းဆောင်ခွင့်ရရှိနိုင်စေရန် အတွက် အစိုးရအဖွဲ့၊ ဌာနတို့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးခြင်း၊

(င) စည်ပင်သာယာရေးဌာနများ တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်း၊ လိုအပ်ပါကအစိုးရအဖွဲ့သို့ တင်ပြဖြေရှင်းပေးခြင်း၊

(စ) လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီများအား ဖျက်သိမ်းခြင်း၊ ကော်မတီဝင်များအား တာဝန်မှ ရပ်နားစေခြင်းနှင့် ဝန်ထမ်းများအား ဝန်ထမ်းစည်းကမ်းအရ အရေးယူစေခြင်းတို့ကို ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေအရ သတ်မှတ်ထားသော အယူခံကိစ္စရပ်များမှအပ မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၏ လုပ်ဆောင်ချက်၊ ဆုံးဖြတ်ချက်တို့ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် အတည်ပြုခြင်း။

၁၇။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများ၊ စည်းကမ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများပြုရမည် -

(က) မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေရယူသည့် စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဃ) သန့်ရှင်းရေး၊ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဆ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးမီးနှင့် မီးအလှထွန်းခြင်း၊ အချက်ပြမီးများ တပ်ဆင်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် လုံခြုံရေးကင်မရာများ တပ်ဆင်အသုံးပြုခြင်း၊

(ဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကြော်ငြာခြင်းအား ဆောင်ရွက်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) စည်ပင်သာယာရေးဌာနပိုင်ဈေးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ည) ပုဂ္ဂလိကပိုင်ဈေးများ၊ အဆင့်မြင့်အရောင်းဆိုင်ကြီးများ၊ ပွဲရုံလုပ်ငန်းများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဋ) အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ခြင်း ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဌ) ကွင်း၊ နွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဍ) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိက အိမ်ဆိုင်များနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဎ) ပတ်ဝန်းကျင်ထိခိုက်စေနိုင်သောလုပ်ငန်း၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဏ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(တ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို သတ်ဖြတ်ခွင့်ပြုခြင်းနှင့် ကြက်၊ ဘဲ၊ ငါး အပါအဝင် အသားရောင်းချခြင်းကို စည်းကမ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ထ) ကူးတို့လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊

( ဒ ) ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

( ဓ ) လမ်းများ ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှု စည်းကမ်းများ သတ်မှတ်ခြင်း၊ ရပ်ကွက်နှင့်လမ်းများ၏ အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

( န ) စည်ပင်သာယာရေးဌာနပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

( ပ ) ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာများအား ကျွမ်းကျင်မှုဆိုင်ရာလိုင်စင် ထုတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊

( ဖ ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

( ဗ ) ကျူးကျော်အိမ်များ၊ ကျူးကျော်တဲများ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် လိုအပ်ပါက ပြောင်းရွှေ့နေရာချထားခြင်း၊

(ဘ) ပြည်တွင်းခရီးသည်များသာ တည်းခိုသော တည်းခိုခန်းများ၊ ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်များမှအပ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးခြင်း၊

( မ ) သတ်မှတ်ထားသော တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်းနှင့် လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ယ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ အနာကြီးရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံခြင်း၊

( ရ ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ သင်္ဂြိုဟ်စက်များ တည်ဆောက်ခြင်းနှင့် ကြီးကြပ်စီမံခန့်ခွဲခြင်း၊

( ဝ ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်များ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းပြီး သုသာန်မြေနေရာကို အခြားနည်းဖြင့် အသုံးပြုခြင်း၊

(သ) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ တံတား၊ ရေမြောင်း၊ ရေပိုက်လိုင်း၊ မိလ္လာပိုက် စသည်တို့နှင့် မလွတ်ကင်းသော အဆောက်အအုံနှင့် အဆောက်အအုံအစိတ်အပိုင်းကို ဖယ်ရှားစေခြင်း။

၁၈။ မြို့နယ်ကော်မတီသည် ပြည်နယ်ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)
## မြို့နယ်ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၉။ ပြည်နယ်ကော်မတီ၏ခွင့်ပြုချက်ဖြင့် မြို့နယ်ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင် သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ အတွက် သုံးစွဲခြင်း၊

(င) နိုင်ငံကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက် အအုံများမှအပ နိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(စ) စည်ပင်သာယာရေးဌာနပိုင်မြေတွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဆ) စည်ပင်သာယာရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်ကော်မတီဝင် များနှင့် ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်စေရန် ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်းနှင့် လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ခြင်း၊

(ဇ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းနှင့် ဒေသအလိုက်အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဈ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းနယ်နိမိတ်တွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်၊ စားပင်၊ အရိပ်ရပင်များ၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့် လမ်းလယ်အဝိုင်းပတ်များတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များကို မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ စီးပွားရေးဇုန် စသည့် လုပ်ငန်းသဘောသဘာဝတူညီရာများ စုစည်းတည်ရှိနေသည့် နယ်ပယ်ဒေသများကို စီစဉ် ဖော်ထုတ်သတ်မှတ်ခြင်း၊ ကော်မတီကစီမံခန့်ခွဲခြင်း သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက စီမံခန့်ခွဲစေခြင်း၊

(ဋ) ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးရေးနှင့် သန့်ရှင်းရေး စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်း။

၂၀။ မြို့နယ်ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနရန်ပုံငွေဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်ကော်မတီက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၇)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၂၁။ မြို့နယ်ကော်မတီသည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက် ဖြတ်သန်း၊ သွားလာ၊ ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၂၂။ မြို့နယ်ကော်မတီသည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ် ကောက်ခံရန်၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ဂ) ဝန်ဆောင်ခွန်များစည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(င) အမှိုက်နှင့်အညစ်အကြေးခွန်ကို စွန့်ပစ်သည့် အမှိုက်အမျိုးအစားနှင့်ပမာဏအပေါ် မူတည်၍ သိမ်းဆည်းသယ်ဆောင်ခအဖြစ် သတ်မှတ်ကောက်ခံစေရန်။

၂၃။ မြို့နယ်ကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၄။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့နှင့် အခြား အခွန်၊ အခ၊ အကောက်တို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၂၅။ မြို့နယ်ကော်မတီသည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

( ခ ) ခိုင်လုံသော အကြောင်းရှိပါက အခွန်ထမ်း တစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၆။ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံသည် ပြည်နယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

( ခ ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၈)
## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၇။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့် အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကိုရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

( ခ ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

( ဂ ) အများပြည်သူနှင့် သက်ဆိုင်သော လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေထုတ်မြောင်း ပြုလုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းနှင့် ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

( င ) အဆောက်အအုံနှင့် ဝင်းခြံတို့ကို ဆေး၊ ထုံး သို့မဟုတ် ရေနံသုတ်စေခြင်း၊

( စ ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ ပြုပြင်သင့်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ ဝင်းခြံကို မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် ပြင်ဆင်တည်ဆောက်စေခြင်း၊ ဝင်းခြံအတွင်း လိုအပ်သည့် မြေကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ထွက်ပေါ်လာသည့် အမှိုက်သရိုက်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်စေခြင်း။

၂၈။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) (စ) နှင့် (ဆ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၉။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို အန္တရာယ်မရှိစေရန်နှင့် သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် ဝင်းခြံ မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာ ကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် ဝင်းခြံမြေတို့မှ ရေကောင်းစွာထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် ဝင်းခြံမြေတို့တွင် ယင်လုံအိမ်သာ၊ ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ယင်လုံအိမ်သာ၊ ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက်၊ ရေပိုက် သို့မဟုတ် အများနှင့် သက်ဆိုင်သော ရေထုတ်မြောင်းကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက် သို့မဟုတ် ရေထုတ်မြောင်းကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် မြို့နယ်ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၃၀။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လုပ်ငန်းပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့် နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်အိတ်၊ အမှိုက်ပုံးများ၊ အမှိုက်ကျင်းများ၊ အမှိုက်ကန်များ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့် သက်ဆိုင်သော ရေပေးရေး လုပ်ငန်း၊ ပုဂ္ဂလိကရေပေးရေးလုပ်ငန်း၊ ပုဂ္ဂလိကရေသုံးစွဲနေမှုတို့ကို အသုံးပြုခြင်းမှပိတ်ထားစေခြင်း၊

(ဂ) ပြည်တွင်း ခရီးသည်များသာ တည်းခိုသော ဧည့်ရိပ်သာ၊ တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲ၊ အထိမ်းအမှတ်အခမ်းအနားပွဲများအတွက် အသုံးပြုသည့် အဆောက်အအုံနှင့် မြေတို့ကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်စေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေသော လုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊

(စ) စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များအရ လိုက်နာဆောင်ရွက်စေခြင်း။

၃၁။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

၃၂။ မြို့နယ်ကော်မတီသည် ပြောင်းရွှေ့ဖျက်သိမ်းလိုက်သည့် သုသာန်မြေအား စည်ပင်သာယာရေးလုပ်ငန်းများအတွက် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သလို အသုံးပြုနိုင်သည်။

## အခန်း (၉)

## အနေးယာဉ်များစီမံခန့်ခွဲခြင်း

၃၃။ မြို့နယ်ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) အနေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(င) အနေးယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၃၄။ မြို့နယ်ကော်မတီက ထုတ်ပေးသော အနေးယာဉ်လိုင်စင်ရရှိသူသာ အနေးယာဉ်တည်ထောင်လုပ်ကိုင်ခွင့်ရှိပြီး၊ မြို့နယ်ကော်မတီက ထုတ်ပေးသော အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းခွင့်ရှိသည်။

၃၅။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူသည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၃၆။ မြို့နယ်ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်း ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသည့် သယ်ယူပို့ဆောင်ခကို ပေးဆောင်စေခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာရသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတို့၏ ဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၇။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးဌာနများသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲ တာဝန်ခံအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသည့် သယ်ယူပို့ဆောင်ခကို ပေးဆောင်စေခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာရသော တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတို့၏ ဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကိုလျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၈။ မြို့နယ်ကော်မတီသည် အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲတာဝန်ခံအား ကူးတို့လုပ်ငန်း အုပ်ချုပ်သူအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ကူးတို့လုပ်ငန်း အုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေး အတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၉။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

၄၀။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင် သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၄၁။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၄၂။ ပြည်နယ်ကော်မတီသည် ပြည်နယ်နယ်နိမိတ်နှင့်နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် အခြားတိုင်းဒေသကြီး/ပြည်နယ်နယ်နိမိတ်တို့အကြား တည်ရှိသည့် ကူးတို့လုပ်ငန်းတည်ရှိရာ ဒေသနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပြီး ဆုံးဖြတ်နိုင်သည်။

၄၃။ ပြည်နယ်ကော်မတီသည် ပြည်နယ်နှင့်နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော ပြည်ပနိုင်ငံတို့အကြားရှိ ကူးတို့လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက် များနှင့်အညီ သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၄။ ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာကူးတို့လုပ်ငန်း ကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၄၅။ (က) ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ အရ ကူးတို့လုပ်ငန်း ကြီးကြပ်သူ သို့မဟုတ် ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မ ၄၄ အရ ကူးတို့လုပ်ငန်း ကြီးကြပ်သူ သို့မဟုတ် ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ဂ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၁)
## သားသတ်လုပ်ငန်းများကို စီမံခန့်ခွဲခြင်း

၄၆။　မြို့နယ်ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံများတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခြင်းနှင့် ကြက်၊ ဘဲ၊ ငါးတို့ကို စည်းကမ်းချက်များနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၇။　မြို့နယ်ကော်မတီသည် ကျွဲ၊ နွား၊ တိရစ္ဆာန် သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၈။　ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သားသတ်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

၄၉။　ပုဒ်မ ၄၆ အရ ခွင့်ပြုချက်ရရှိသူသည် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းနှင့် ကြက်၊ ဘဲ၊ ငါးတို့၏ အသားများ ရောင်းချခြင်းပြုနိုင်သည်။

## အခန်း (၁၂)
## ကြီးကြပ်ခြင်း

၅၀။　အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၅၄ ပါ အယူခံကိစ္စရပ်များမှအပ လိုအပ်ပါက ပြည်နယ်ကော်မတီနှင့် မြို့နယ်ကော်မတီတို့၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၁။　ပြည်နယ်ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၂။　ပြည်နယ်ကော်မတီသည် အောက်ပါစည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ခ) စည်ပင်သာယာရေးဌာနနှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို ညွှန်ကြားရေးမှူးအား စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို အစိုးရအဖွဲ့ထံတင်ပြစေခြင်း၊

(ဂ) လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီအား ဖျက်သိမ်းခြင်း၊ ကော်မတီဝင်များအား တာဝန်မှ ရပ်စဲခြင်းနှင့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အရေးယူခြင်းတို့ကို ဆောင်ရွက်ခြင်း။

၅၃။　ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးဌာနများက ရေးဆွဲတင်ပြထားသော နှစ်စဉ်အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ အစိုးရအဖွဲ့ထံတင်ပြခြင်း၊

(ခ) အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ သတ်မှတ်ထားသော အယူခံကိစ္စရပ်များမှအပ ဥပဒေနှင့် မညီညွတ်သော မြို့နယ်ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကိုစစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ပြည်နယ်ကော်မတီထံ တင်ပြခြင်း။

## အခန်း (၁၃)

## အယူခံဝင်ခြင်း

၅၄။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) တို့အရ မြို့နယ်ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်ကော်မတီထံ အယူခံဝင်နိုင်သည်။

၅၅။ ပုဒ်မ ၅၄ အရ ပြည်နယ်ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၆။ အယူခံမှုနှင့်စပ်လျဉ်း၍ အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

## အခန်း (၁၄)

## ဘဏ္ဍာရေး

၅၇။ မြို့နယ်ကော်မတီသည် -

(က) မြို့နယ်စည်ပင်သာယာရေးဌာနများက ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကောက်ခံရရှိသော အခွန်၊ အခ၊ အကောက်များအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန် ကြီးကြပ်ရမည်၊

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနများ၏ သတ်မှတ်လျာထားသော အသုံးစရိတ်အား ပြည်နယ်ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ ဥပဒေအရ တည်ဆဲဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းကို ကြီးကြပ်ရမည်။

၅၈။ (က) မြို့နယ်ကော်မတီသည် အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲတာဝန်ခံက တင်ပြလာသော နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ပြည်နယ်ကော်မတီထံ တင်ပြရမည်၊

(ခ) ပြည်နယ်ကော်မတီသည် ညွှန်ကြားရေးမှူးမှတစ်ဆင့် မြို့နယ်ကော်မတီများက တင်ပြသည့် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စုစည်း၍ ဌာန၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းအဖြစ် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၅၉။ မြို့နယ်ကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှင့်စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ပြည်နယ်ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

၆၀။ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာနခွဲများနှင့် မိမိဝင်ငွေဖြင့် ရပ်တည်နိုင်ခြင်းမရှိသော မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးရမည်။

၆၁။ မြို့နယ်ကော်မတီသည် ရရှိသည့် နိုင်ငံခြားငွေကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲနိုင်သည်။

## အခန်း (၁၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၆၂။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးကော်မတီများ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက ပညာရပ်ဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၆၃။ ဌာနသည် အစိုးရအဖွဲ့သဘောတူညီချက်ဖြင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့်ဝန်ထမ်းအဆင့်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့အား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၆၄။ ဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေးဝန်ထမ်းနှင့် အင်ဂျင်နီယာဝန်ထမ်းများအား ပြောင်းရွှေ့ခြင်း၊ လွှဲပြောင်းရယူခြင်း၊ ဌာနကူးပြောင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆၅။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိနိုင်သော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

## အခန်း (၁၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၆။ ညွှန်ကြားရေးမှူး၊ ဌာနခွဲတာဝန်ခံ၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိရမည်။

၆၇။ ညွှန်ကြားရေးမှူး၊ ဌာနခွဲတာဝန်ခံ၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် မိမိတို့ထိန်းသိမ်း ထားရှိသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ယင်းလက်အောက်ရှိ စာရင်းစစ်ရုံးများ၊ စာရင်းစစ်အဖွဲ့များ၏စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၇)
## တားမြစ်ချက်များ

၆၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း မပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရ၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သောလမ်း၊ လမ်းမြေ၊ ဌာနပိုင်မြေ၊ အစိုးရမြေပေါ်တွင် ကျူးကျော်၍ ဝင်းခြံခတ်ခြင်းမပြုရ၊

(ဃ) အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့်လမ်းမြေ၊ အစိုးရမြေ၊ ဌာနပိုင်မြေ၊ ပုဂ္ဂလိကပိုင်မြေနှင့် အဆောက်အဦများပေါ်တွင် စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ စိုက်ထူ၍လည်းကောင်း၊ ချိတ်ဆွဲ၍ လည်းကောင်း ကြော်ငြာခြင်းမပြုရ။

၆၉။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) ကန့်သတ်ထားသော လမ်းနယ်မြေတွင် ယာဉ်များမောင်းနှင်သွားလာခြင်း၊ ထားရှိခြင်းနှင့် တိရစ္ဆာန်များ မောင်းနှင်သွားလာခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်း မပြုရ၊

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာ မြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ၊

(ဃ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ပတ်ဝန်းကျင်ကို ထိခိုက်စေသော အရာဝတ္ထုစသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(င) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(စ) လမ်းမြေကိုတူးဆွခြင်း၊ တူးယူခြင်း၊ ဖယ်ရှားခြင်း၊ မြေဖို့ခြင်း၊ မြေအနေအထားပြောင်းလဲစေခြင်း၊ လမ်းထက်မြင့်သောကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်ခုံပြုလုပ်ခြင်း၊ လမ်းထက်မြင့်သော မြောင်းကျော်တံတား၊ ခုံးကျော်တံတားတည်ဆောက်ခြင်းများ မပြုရ၊

(ဆ) ဝင်နိုင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရ။

၇၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) ဌာနမှထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာလိုင်စင်မရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) ဝင်းခြံခတ်ခြင်းမပြုရ၊

(ဃ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့်ညီညွတ်ခြင်းမရှိဘဲ ရယူသုံးစွဲခြင်းမပြုရ၊

(င) ပုဂ္ဂလိကစီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(စ) အများပြည်သူအတွက် စခန်းချရပ်နားရန်နေရာကိုဖြစ်စေ၊ ယာဉ်ရပ်နားစခန်းကိုဖြစ်စေ၊ လှေဆိပ်၊ လှည်းဆိပ်တို့ကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဆ) အရိပ်ရနှစ်ရှည်ပင်ကြီးများနှင့် သစ်ပင်ပန်းပင်များအား ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ပြောင်းရွှေ့ခြင်း၊ မြက်ခင်းများကို ဖျက်ဆီးခြင်း၊ ပြောင်းရွှေ့ခြင်း မပြုရ။

၇၁။　မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသော စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) လူသေအလောင်းကိုသတ်မှတ်ထားသည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

(ဃ) ဌာနပိုင်သုသာန်တွင် လူသေအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၇၂။　မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) ပြည်တွင်းဧည့်သည်များအတွက် တည်းခိုခန်း၊ ခန်းမများ အခန်းလိုက်ငှားသော အဆောက်အဦများ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) ကိုယ်ပိုင်ကျောင်းများ၏ ဘော်ဒါဆောင်မှအပ ဘော်ဒါဆောင်တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဂ) စားသောက်ဆိုင်လုပ်ငန်းများနှင့် လမ်းဘေးဈေးဆိုင်များ၊ ပုဂ္ဂလိကအိမ်ဆိုင်များ ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) မုန့်နှင့် စားသောက်ဖွယ်ရာများ ထုတ်လုပ်ခြင်းလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၇၃။　မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) ဥပစာတစ်ခုတွင် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) ဥပစာတစ်ခုတွင် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၇၄။　မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၇၅။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ အမိန့်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) ပုဂ္ဂလိကဈေး၊ အဆင့်မြင့်အရောင်းဆိုင်များ တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြား တစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင် ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးဌာနပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၇၆။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန် ဝတ္တရား ဆောင်ရွက်ရန်အတွက် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့် အညီ နေ့အချိန် ဝင်ရောက်မည့် မြို့နယ်ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးဌာန ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်ကော်မတီနှင့် စာချုပ် ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း မပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၇၇။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၈ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (ဃ)၊ (ဆ)၊ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)၊ (ဂ) တွင် ဖော်ပြထားသည့် ပုဒ်မ၊ ပုဒ်မခွဲတို့အရ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းပြဋ္ဌာန်းချက်တို့နှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အမိန့်များကိုဖြစ်စေ ပထမအကြိမ် လိုက်နာရန် ပျက်ကွက်သူ၊ ဖောက်ဖျက်ကျူးလွန်သူသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ခြင်းကို ခံရမည်။

၇၈။ မြို့နယ်ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်ခြင်းခံရသူသည် စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်နိုင်သည်။

၇၉။ ပြစ်မှုကျူးလွန်သူသည် ဤဥပဒေအရ ထုတ်ပေးသောလိုင်စင်ရရှိသူ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက ပုဒ်မ ၇၇ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဒဏ်ကြေးအပြင် အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ချမှတ်ခြင်းကိုလည်း ခံရမည် -

(က) သတိပေးခြင်း၊

(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း။

၈၀။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၈၁။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အရချမှတ်သည့် ဒဏ်ကြေးငွေကိုပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း (၁၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈၂။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ကျပ် ၅၀၀၀၀၀ ထက် မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်၊

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၃။ မည်သူမဆို ပုဒ်မ ၈၂ ပါ ပြဋ္ဌာန်းချက်မှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ် ၄၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၈၄။ (က) ပုဒ်မ ၈၃ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ချမှတ်ရမည်။

(ခ) အကယ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ နည်းဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက် ကျူးလွန်မှုသည် အဆောက်အအုံတစ်စုံတစ်ရာကို ကျူးကျော်ဆောက်လုပ်သည့်ပြစ်မှု သို့မဟုတ် အဆောက်အအုံတစ်စုံတစ်ရာမှ ဖယ်ရှားခြင်း မပြုသည့်ပြစ်မှုဖြစ်ပါက ကျူးကျော်အဆောက် အအုံကို ပြစ်မှုကျူးလွန်သူက ခုနစ်ရက်အတွင်း ကိုယ်တိုင်ဖျက်သိမ်းဖယ်ရှားစေရန် သို့မဟုတ် အဆောက်အအုံတစ်စုံတစ်ရာမှ ပြစ်မှုကျူးလွန်သူက ခုနစ်ရက်အတွင်း ကိုယ်တိုင်ဖယ်ရှား စေရန်နှင့် ယင်းသို့ ပြစ်မှုကျူးလွန်သူက သတ်မှတ်ချိန်အတွင်း ဖျက်သိမ်းဖယ်ရှားခြင်းမပြုပါက မြို့နယ်ကော်မတီအစီအစဉ်ဖြင့် ဖျက်သိမ်းဖယ်ရှားစေရန် အမိန့်ချမှတ်ရမည်။ ထိုသို့ ဖျက်သိမ်း ဖယ်ရှားခြင်းအတွက် ကုန်ကျစရိတ်ကို ပြစ်မှုကျူးလွန်သူက ကျခံစေရမည်။

၈၅။ မည်သူမဆို ပြည်နယ်ကော်မတီ သို့မဟုတ် ဌာနတို့က ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀၀၀၀၀ ထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၆။ ပုဒ်မ ၈၅ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ချမှတ်ရမည်။

၈၇။ ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၈။ မြို့နယ်ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၈၉။ ပြည်နယ်နှင့်မြို့နယ်ကော်မတီဝင်များ သို့မဟုတ် ဌာန၏ ဝန်ထမ်းများသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက် စသည်တို့နှင့်အညီ မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များအား သဘောရိုးဖြင့် ကျင့်သုံးဆောင်ရွက်ခြင်းအတွက် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခံရခြင်း မရှိစေရ။

## အခန်း (၂၀)

## အထွေထွေ

၉၀။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးဌာန နှစ်ဌာန သို့မဟုတ် နှစ်ဌာနထက်ပိုသော ဌာနများနှင့်ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးဌာန နှစ်ဌာန သို့မဟုတ် နှစ်ဌာနထက်ပိုသော ဌာနများသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုခုနှင့်ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၉၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးဌာနက ဆောင်ရွက်သောလုပ်ငန်းများနှင့် ဆက်နွှယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခနှင့် ဒဏ်ကြေးများမှ သင့်လျော်သော အခွန်၊ အခနှင့် ဒဏ်ကြေးအချိုးအစားကို စည်ပင်သာယာရေးဌာနသို့ ခွဲဝေပေးစေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉၂။ ဌာနသည် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးဌာနပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၃။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ နိုင်ငံပိုင် အခြားအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၃၄။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်နယ်ကော်မတီ သို့မဟုတ် ဌာန သို့မဟုတ် မြို့နယ်ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# ရှမ်းပြည်နယ် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ (မူကြမ်း)

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရှမ်းပြည်နယ်အတွင်း အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သဘာဝမြေဩဇာကော်မတီကို ဆိုသည်။

(စ) **သဘာဝမြေဩဇာ**ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့် ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ ရရှိသောပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(ဆ) **စံချိန်စံညွှန်း**ဆိုသည်မှာ သဘာဝမြေဩဇာတွင် ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများ၏ အချိုးအစား၊ အရည်အသွေးနှင့်စပ်လျဉ်း၍ ကော်မတီက စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်။

(ဇ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ သဘာဝမြေဩဇာ ထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း၊ ပြည်ပသို့ တင်ပို့သူက ပြည်ပနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်ပါစံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုလည်းကောင်း ဆိုသည်။

(ည) **အမှတ်တံဆိပ်**ဆိုသည်မှာ သဘာဝမြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်း ပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်။

(ဋ) **သဘာဝမြေဩဇာလုပ်ငန်း**ဆိုသည်မှာ စိုက်ပျိုးသူတစ်ဦးဦးက မိမိကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေဩဇာမှတစ်ပါး သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို ဆိုသည်။

(ဌ) **သိုလှောင်ခြင်း**ဆိုသည်မှာ သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ စုဆောင်းသိမ်းဆည်းထားခြင်းကို ဆိုသည်။

(ဍ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာ ကော်မတီက သတ်မှတ် သော အလေးချိန်၊ ပမာဏထက်ကျော်လွန်၍ သဘာဝမြေဩဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်။

(ဏ) **လိုင်စင်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့် ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်။

(တ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများကို ဆိုသည်။

(ထ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်။

(ခ) သဘာဝမြေဩဇာလုပ်ငန်းများကို စနစ်တကျကွပ်ကဲထိန်းသိမ်းနိုင်စေရန်။

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေဩဇာများကို စိုက်ပျိုးသူများ သုံးစွဲနိုင် စေရန်။

(ဃ) သင့်လျော်သော သဘာဝမြေဩဇာများကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်။

(င) သဘာဝမြေဩဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်။

(စ) သဘာဝမြေဩဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

(ဆ) ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်စေရေးအတွက် သဘာဝသြဂဲနစ်စိုက်ပျိုးရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) သဘာဝမြေသြဇာ၏စံချိန်စံညွှန်းကို သတ်မှတ်ပေးခြင်း။

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူရန်လိုအပ်သည့် သဘာဝမြေသြဇာအလေးချိန်ပမာဏကို သတ်မှတ်ခြင်း။

(ဃ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

(စ) မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်းနှင့် သက်တမ်း တိုးမြှင့်ပေးခြင်း။

(ဆ) မှတ်ပုံတင်လက်မှတ်သက်တမ်းသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ပါစည်းကမ်းချက်များ ရေးဆွဲခြင်း။

(ဇ) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း။

(ဈ) စိုက်ပျိုးသူများက သဘာဝမြေသြဇာကို စနစ်တကျသုံးစွဲကြစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ည) သဘာဝမြေသြဇာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏တာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီအတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင် ပညာရှင်များဖြင့် သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန် များကို သတ်မှတ်ပေးရမည်။

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) ပုဒ်မ (၇) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ၊ မညီ သဘာဝမြေသြဇာဆိုင်ရာ နည်းပညာအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်များကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကျိုးအကြောင်းပြန်ကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) အရည်အသွေးအာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာ ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကိုစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရမည်။ ငြင်းပယ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်မပေးရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၄။ (က) သဘာဝမြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါတွင် စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ သဘာဝမြေသြဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့်ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) အမှတ်တံဆိပ်နှင့် လိုင်စင်အမှတ်၊

(ခ) သဘာဝမြေသြဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊

(ဃ) သဘာဝမြေသြဇာတွင်ပါဝင်သော အပင်အတွက် အာဟာရပါဝင်မှုရာခိုင်နှုန်း၊

(င) သဘာဝမြေသြဇာတွင်ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့်အမျိုးအစား၊

(စ) သုံးစွဲရန်အညွှန်းစာ။

၁၇။ သဘာဝမြေသြဇာသိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော သဘာဝမြေသြဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ ဝန်ကြီးသည် ကော်မတီက ထုတ်ပေးခွင့်ရှိသည့် လိုင်စင်၏သက်တမ်းကို သတ်မှတ်ပေးရမည်။

၁၉။ (က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင် ရရှိသူသည် ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ သဘာဝမြေသြဇာလုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၂၂။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အဖွဲ့အားတာဝန်ပေးအပ်သည့် နယ်မြေအတွင်းရှိ သဘာဝမြေသြဇာလုပ်ငန်းစစ်ဆေးခြင်း။

(ခ) သဘာဝမြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ၊ မညီ စစ်ဆေးရန် သဘာဝမြေသြဇာနမူနာရယူခြင်း။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်အား ကော်မတီသို့ တင်ပြခြင်း။

(ဂ) သဘာဝမြေသြဇာကို ဘေးအန္တရာယ်ဖြစ်စေသော နည်းလမ်းဖြင့် သုံးစွဲခြင်း ပြု/မပြု စစ်ဆေးခြင်း။

(ဃ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက ကော်မတီသို့ တင်ပြခြင်း။

(င) ဝန်ကြီးဌာနကပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခွင့်ပြုထားသော သဘာဝမြေသြဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း။

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာ လိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ခ) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း လိုင်စင်ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ဂ) သဘာဝမြေသြဇာ သိုလှောင်ခြင်းလိုင်စင် ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ ကော်မတီသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၈။ (က) သဘာဝမြေသြဇာဖြန့်ဖြူးရောင်းချခြင်းလိုင်စင်နှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၉။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ရ။

၃၀။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ မူလစံချိန်စံညွှန်းနှင့်ကိုက်ညီခြင်းမရှိသော သဘာဝမြေသြဇာကိုဖြစ်စေ၊ သဘာဝမြေသြဇာအတုကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၃။ မည်သူမျှ သဘာဝမြေသြဇာကို ဘေးအန္တရာယ်ဖြစ်စေသော နည်းလမ်းဖြင့် သုံးစွဲခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၂၉၊ ၃၀၊ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား (၁) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅၀၀၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား (၂) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၁၀၀၀၀၀) ထက်မပိုသော ငွေဒဏ် ဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၃၀၀၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၃၇။ တရားရုံးသည် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရန်အမိန့်ချမှတ်ခဲ့လျှင် ယင်းသက်သေခံပစ္စည်းများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၈။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်နေသူသည် ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း လိုအပ်သော မှတ်ပုံတင် လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၃၉။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခနှင့် ဒဏ်ကြေးငွေတို့ကို သတ်မှတ်ရမည်။

၄၀။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄၁။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများတွင် သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်အစီရင်ခံစာကို ယင်းပြစ်မှုအတွက် သက်သေခံချက်အဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။

၄၃။ ဤဥပဒေ ပုဒ်မ ၃၄၊ ၃၅၊ ၃၆ တို့အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့် ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်သို့ ထိန်းသိမ်း ထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၅။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ရှမ်းပြည်နယ်အတွင်း မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန် အလို့ငှာ ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရှမ်းပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးကို ဆိုသည်။

(င) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ ပြုမှုဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများပျက်စီးခြင်း၊ တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း

ကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့်သော်လည်းကောင်း၊ အများပြည်သူ၏ အသက်အိုးအိမ်ဉစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကို ဆိုသည်။ ယင်းစကားရပ်တွင် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးကော်မတီက သတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည်။

( စ ) **ကော်မတီ**ဆိုသည်မှာ ပြည်နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုဦးစီးကော်မတီကို ဆိုသည်။

(ဆ) **သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုဦးစီးကော်မတီ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း အပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ ထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများကို ဆိုသည်။

( ဇ ) **သဘာဝဘေးအန္တရာယ်လျော့ပါးရေး**ဆိုသည်မှာ ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်သည့်အခါ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ထိရောက်စွာ တုံ့ပြန်နိုင်ရေးတို့အတွက်လည်းကောင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများကို လတ်တလောလျော့ပါးစေရန်နှင့် ရေရှည်လျော့ပါးစေရန် စီမံဆောင်ရွက်မှုများကို ဆိုသည်။

(ဈ) **အရင်းအမြစ်**ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး၊ ကျွဲ၊ နွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ နေရာနှင့်ငွေကြေး အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဆိုသည်။

(ည) **ဘေးသင့်သူများ**ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ဆိုသည်။

( ဋ ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

( ဌ ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို ဆိုသည်။

( ဍ ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူများ၏အသက်အိုးအိမ်၊ စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊

(ခ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်ထားနိုင်ရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်၊

(င) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(စ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုးကျရောက်မည်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊

(ဆ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအား ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဇ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများ နိုးကြားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်။

(ဈ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုအား အသိပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ လိုအပ်လျှင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

## အခန်း (၃)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများအား ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ်၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အားနှင့် ပစ္စည်းအင်အားများကို အရန်သင့်အသုံးပြုနိုင်ရေးအတွက် စုစည်းထားရှိသည့် လုပ်ငန်းအစီ အစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက် နိုင်ရေးအတွက် ကူညီထောက်ပံ့ရေး နယ်မြေများ ခွဲခြားသတ်မှတ်ခြင်း၊ နယ်မြေသတ်မှတ်ချက်အရ ကူညီထောက်ပံ့မည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ လူအင်အားနှင့် ပစ္စည်းအင်အားစုစည်းအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ဘေးသင့်သူများအတွက် လိုအပ်သောအရင်းအမြစ်အား အသုံးပြုခပေးပြီး ယာယီအသုံးပြုရန် ညွှန်ကြားခြင်းနှင့် ဘေးသင့်သူများအား နေရာချထားခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေး အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သော အခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏ အကူအညီများ ရယူ ဆောင်ရွက်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် လုံခြုံရေးဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အင်အားအပြင် လိုအပ်ပါက တပ်မတော်၏ အင်အားကို ရယူဆောင်ရွက်ခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် အရေးပေါ် လိုအပ်သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရေးနှင့် ကူးစက် ရောဂါကျရောက်ခြင်းမရှိစေရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဇ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံး လှုံ့ဆော်ခြင်း၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပရန် ဦးဆောင်လမ်းညွှန်မှု ပေးခြင်း၊

(ဈ) ပြည်တွင်း ပြည်ပမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကြေးများ သုံးစွဲခြင်းကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း များ၏ လုပ်ဆောင်ချက်များကိုလည်းကောင်း၊ စာရင်းဇယားနှင့် မှတ်တမ်းများပြုစုစေခြင်း၊ ထိုသို့ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ စေတနာရှင်များနှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် လမ်းညွှန်ခြင်းနှင့် ယင်းသို့ ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် သဘာဝဘေး အန္တရာယ်လျော့ပါးရေး အစီအမံများပါရှိစေရန် ပြည်နယ်အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဋ) ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဌ) ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်သည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်စေခြင်း၊

(ဍ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ခြင်း၊

(ဎ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဏ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(တ) လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ထ) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းငွေများ ပစ္စည်းများ လက်ခံရယူခြင်း၊ ရန်ပုံငွေရရှိရန် စီစဉ်ဆောင်ရွက်ခြင်း၊ လှူဒါန်းငွေများ ရန်ပုံငွေများကို မီးဘေးနှင့်သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း။

## အခန်း (၅)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၉။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် -

(က) သဘာဝဘေးကျရောက်သည့်ဒေသရှိ ဘေးသင့်သူများလက်ဝယ်သို့ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျ အချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို လက်ခံခြင်း၊

(ဂ) ဘေးသင့်သူများအတွက် လိုအပ်သော အရင်းအမြစ်အား အသုံးပြုခပေးပြီး အသုံးပြုရန် ညွှန်ကြားခြင်းနှင့် ယင်းတို့အား ယာယီနေရာချထားခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင်ဖြစ်စေ၊ ကျရောက်မည့် အခြေအနေတွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် ဒေသတွင်းရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် ညွှန်ကြားခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း၊

( င ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့ပါးရေးအတွက် မည်သည့် အတားအဆီးကိုမဆို ဖျက်ဆီးရန်ဖြစ်စေ၊ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းရန်ဖြစ်စေ၊ အဆောက်အအုံသို့မဟုတ် ပစ္စည်းတစ်ခုခုကို အသုံးပြုရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကျရောက်သည့် သို့မဟုတ် ကျရောက်မည့်ဒေသရှိ ဒေသဆိုင်ရာအဖွဲ့အား ညွှန်ကြားခြင်းနှင့် ထိုသို့ ဆောင်ရွက်ရာတွင် အခြားနယ်မြေဒေသများသို့ သဘာဝဘေးအန္တရာယ်များပြန့်ပွားသွားစေနိုင်ပါက ပြည်နယ်ဦးစီးကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း၊

( စ ) သဘာဝဘေးအန္တရာယ်ကျရောက်မည့် နယ်မြေတွင် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကိစ္စများစီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) ရန်ပုံငွေကို လမ်းညွှန်ချက်ဖြင့် ရေးဆွဲသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊

( ဇ ) ကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ဈ) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်ပညာပေးစည်းရုံးခြင်း ပြုရမည်၊

(ည) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင် ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲရမည်၊

( ဋ ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့်သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်၊

( ဌ ) ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများလိုက်နာခြင်း ရှိ၊ မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းပြုရမည်၊

( ဍ ) မီးသတ်ယာဉ်၊ ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ ဓာတ်ဆီနှင့် ချောဆီ စသည်တို့ကိုအဆင်သင့်အသုံးပြုနိုင်ရန် စနစ်တကျပြင်ဆင်စုဆောင်းထားရှိရမည်၊

( ဎ ) ဈေးများတွင် လျှပ်စစ်မီး၊ ထင်း၊ မီးသွေးနှင့် အခြားမီးသုံးစွဲမှုတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သလို စစ်ဆေးကြပ်မတ်ရမည်၊

(ဏ) မီးသတ်ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများအား ပြည့်စုံစွာ ဆောင်ရွက်ပေးရမည်။

(တ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများဖြင့် စေတနာ့ဝန်ထမ်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖွဲ့စည်းဆောင်ရွက်ရမည်၊

(ထ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်သင်တန်းများ ဖွင့်လှစ်ပို့ချရမည်၊

( ဒ ) မီးငြိမ်းသတ်ရန်အတွက် မီးသတ်အုတ်ရေကန် တည်ဆောက်ခြင်း၊ သဘာဝရေကန်များ ပြုပြင်ခြင်း၊မီးသတ်ပိုက်လိုင်းများနှင့် အမြင့်တင်မီးသတ်ရေစင်များ တည်ဆောက်ရမည်၊

( ဓ ) ပူပြင်းသောရာသီတွင် မီးကင်းများ ချထားရမည်၊

( န ) အမှိုက်များ စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်း တားမြစ်ရန်နှင့် အကြံဉာဏ်ပေးဆောင်ရွက်ရမည်၊

( ပ ) တောမီးများ မဖြစ်ပွားစေရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်၍ သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

( ဖ ) ဓာတုဗေဒပစ္စည်းများ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ မီးပုံးပျံများ၊ မီးနှင့်ပတ်သက်၍အန္တရာယ်ရှိသည်များ အသုံးပြုဆောင်ရွက်ခြင်းများကို တားမြစ်ရန်၊ သီးသန့်နေရာပေး၍အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ ပြည့်စုံစွာထားရှိရေး ထောက်ခံအကြံပေးရမည်၊

(ဗ) လူနေအိမ်များ၊ စီးပွားရေး အဆောက်အအုံများ၊ မြို့ပြအစီအစဉ်နှင့်အညီ မီးသတ်တပ်ဖွဲ့၏ ထောက်ခံချက်ရယူဆောင်ရွက်ရမည်၊

(ဘ) ဌာနဆိုင်ရာရုံးများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်၊ စားသောက်ဆိုင်၊ ဖျော်ဖြေရေး၊ ဘော်ဒါဆောင်၊ သင်တန်းကျောင်း၊ ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းကဲ့သို့ လောင်စာဆီ အသုံးပြုသိုလှောင် ရောင်းဝယ်ဖြန့်ဖြူးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စွန့်ပစ်ပစ္စည်းသုံးနေရာများ၊ ဈေးများ၊ မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အထူးအစီအစဉ် ချမှတ်ထောက်ခံ ဆောင်ရွက် ရမည်၊

(မ) လေယာဉ်ပျံ၊ မီးရထား၊ သင်္ဘော၊ စက်တပ်ယာဉ်အမျိုးမျိုး၊ မော်တော်ယာဉ်အမျိုးမျိုး၊ ကုန်းလမ်း ရေလမ်းသွားယာဉ်အမျိုးမျိုး၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအရေးပေါ် မီးငြိမ်းသတ်ပစ္စည်းများ၊ ခေတ်မီမီးသတ်ဆေးဘူးများ ထားရှိရေး ဆောင်ရွက်ရမည်၊

(ယ) လူနေအိမ်နှင့် အဆောက်အအုံတိုင်းတွင် အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းကိရိယာများဖြစ်သည့် ခေတ်မီမီးသတ်ဆေးဘူးများ၊ အရေးပေါ်ထွက်ပေါက်များ၊ အရေးပေါ်လှေကားများ၊ အရေးပေါ် လမ်းများ ထားရှိရေးဆောင်ရွက်ရမည်၊

(ရ) အများပြည်သူဆိုင်ရာနေရာတွင် ကျင်းပမည့်ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ သဘောထားရယူရန် ညွှန်ကြားရမည်၊

(လ) စိတ်ရောဂါရှိသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိဘ အုပ်ထိန်းသူ စောင့်ရှောက်သူများအား ကြိုတင်အသိပေး ဆောင်ရွက်ရမည်၊

(ဝ) ကလေးများ၊ အသက်အရွယ်ကြီးသူများ၊ ကျန်းမာရေးချို့တဲ့သူများ၊ မီးပေါ့ဆမှုမရှိစေရေး ထိန်းသိမ်း ကာကွယ်ရေးဆောင်ရွက်ရမည်၊

(သ) ရပ်ရွာအတွင်း မီးဘေးစိုးရိမ်ရသော၊ မီးဘေးအန္တရာယ်ရှိသော၊ မီးလောင်လွယ်သောပစ္စည်းများ စုပုံထားရှိခြင်း၊ စည်းကမ်းမရှိ စွန့်ပစ်ခြင်းများ တားမြစ်ရမည်၊

၁၀။ ကော်မတီအဆင့်ဆင့်သည် **မီးဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရာသီဥတုအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်း များအား စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးသတ်ကား၊ ရေကား၊ ရေကန်များ၊ ရေရရှိနိုင်သောနေရာများ လုံလောက်စွာစီစဉ်ထားရှိခြင်း၊

(ဂ) လူထုအား မီးဘေးအသိပညာပေးခြင်းနှင့် မီးတားလမ်းများ သတ်မှတ်စီစဉ်ထားရှိစေခြင်း၊

(ဃ) အဆောက်အဦများ ဆောက်လုပ်ရာတွင် မီးဘေးကာကွယ်ရေး သတ်မှတ်ချက်များအား လိုက်နာ ဆောင်ရွက်စေခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်သည် **မြေပြိုဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ခ) မတ်စောက်သော ဆင်ခြေလျှောအနီးတွင်လည်းကောင်း၊ တောင်စွယ်အနီးတွင် ကပ်လျက် လည်းကောင်း၊ ရေစီးဆင်းရာ လမ်းကြောင်းအနီးတွင်လည်းကောင်း၊ သဘာဝအလျောက် မိုးရေ

ကြောင့် တိုက်စားမှုဖြစ်ပေါ်နေသော လျှိုအနီးတွင်လည်းကောင်း အဆောက်အအုံများကို မဆောက်ရန် တားမြစ်ခြင်း၊

(ဂ) စိုက်ခင်းများဘေးတွင် ရေဆင်းမြောင်းများ ပြုလုပ်စေခြင်း၊

(ဃ) မြေဆီလွှာများကို ထိန်းသိမ်းရန်နှင့် မြေဆီလွှာ တိုက်စားမှုများကို ကာကွယ်ရန်အတွက် သစ်ပင်ကြီးများနှင့် အခြားသစ်ပင်၊ ပန်းမန်များ စိုက်ပျိုးစေခြင်း၊

(င) ဘေးကင်းလုံခြုံစိတ်ချရသော နေရာများတွင်သာ နေအိမ်ဆောက်လုပ် နေထိုင်စေခြင်း၊

(စ) မြေပြို၊ ကမ်းပါးပြိုနိုင်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် ရေထိန်းနံရံများအား ဆောက်လုပ်စေခြင်း။

၁၂။ ကော်မတီအဆင့်ဆင့်သည် **လေပြင်းတိုက်ခတ်ခြင်းဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီ ထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ခ) ဘေးအန္တရာယ်ကင်းလွတ်သည့် နေရာဒေသသို့ အများပြည်သူတို့ အချိန်မီရှောင်တိမ်းနိုင်ရေးနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲနွားတိရစ္ဆာန်များကို ရွှေ့ပြောင်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးခြင်း၊

(ဂ) ကော်မတီအဆင့်ဆင့်သည် လေပြင်းတိုက်ခတ်ခြင်းဘေးနှင့်ပတ်သက်၍ ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းများအား ကြီးကြပ်ဆောင်ရွက်ပေးရမည်။

၁၃။ ကော်မတီအဆင့်ဆင့်သည် **ရေလွှမ်းမိုးမှုဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးခြင်း၊

(ခ) ရေလွှမ်းမိုးနိုင်မည့်နေရာများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) မြစ်ချောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊

(ဃ) ရေစီးကြောင်းပြောင်းလဲစေနိုင်သော မြစ်ချောင်းကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့် ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ဖယ်ရှားစေရန် ဆောင်ရွက်ခြင်း၊

(င) ရေလွှမ်းမိုးနိုင်သည့် နေရာဒေသအတွင်း ရေထွက်ပေါက်များ စနစ်တကျကြိုတင်ဆောင်ရွက်ပေးခြင်း၊

(စ) မြစ်ချောင်းများ ရေစီးကြောင်း ပြောင်းလဲစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ချောင်း၊ ကမ်းပါးများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေလွှမ်းမိုးမှုဖြစ်ပေါ်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ ကြိုတင်ရှာဖွေသတ်မှတ်ပေးထားခြင်းနှင့် ရွှေ့ပြောင်းရေးယာဉ်များ ကြိုတင်စီမံထားရှိခြင်း၊

(ဇ) မြစ်ချောင်း၊ ကမ်းပါးအစွန်များတွင် နေထိုင်ခြင်းများအား တားမြစ်ခြင်း၊ အန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သာ နေထိုင်စေခြင်း။

၁၄။ ကော်မတီအဆင့်ဆင့်သည် **မိုးကြိုးဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မိုးကြိုးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) အဆောက်အအုံများတွင် မိုးကြိုးလွှဲစနစ်များတပ်ဆင်ရေး ဆောင်ရွက်စေခြင်း၊

(ဂ) ပြည်သူလူထုတစ်ဦးချင်းအလိုက် မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပရန် ဦးဆောင်လမ်းညွှန်မှုပေးခြင်း။

၁၅။ ကော်မတီအဆင့်ဆင့်သည် **မြေငလျင်ဘေး**ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မြေငလျင်ဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဘေးဒဏ်ခံနိုင်ရည်ရှိရန် ဆောက်လုပ်စေခြင်း၊

(ဂ) ပြိုကျနိုင်မည့် အဆောက်အအုံများကို စနစ်တကျအားဖြည့်ပြင်ဆင်စေရန် ညွှန်ကြားခြင်း၊

(ဃ) ပြည်သူလူထုတစ်ဦးချင်းအလိုက် မြေငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပရန် ဦးဆောင်လမ်းညွှန်မှုပေးခြင်း။

၁၆။ ကော်မတီအဆင့်ဆင့်သည် အခြားသဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့်အခါ အဆိုပါဘေးအန္တရာယ်နှင့်ပတ်သက်၍ လျော့နည်းသက်သာစေသည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ရမည်။

## အခန်း (၆)
## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ

၁၇။ ပြည်နယ်ဦးစီးကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်းချေးငွေများနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှ ရရှိသည့်တရားဝင် တိုးပွားသည့်ငွေ။

၁၈။ ခရိုင် သို့မဟုတ် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသည် ခရိုင် သို့မဟုတ် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်နယ်ဦးစီးကော်မတီ၏ ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ခရိုင် သို့မဟုတ် မြို့နယ်၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်တွင်းစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

(ဂ) ရန်ပုံငွေမှ ရရှိသည့်တရားဝင် တိုးပွားသည့်ငွေ။

၁၉။ ပြည်နယ် ဦးစီးကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။

၂၀။ ခရိုင် သို့မဟုတ် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များသည် ပြည်နယ်ဦးစီးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲရမည်။

၂၁။ ပြည်နယ်ဦးစီးကော်မတီသည် လိုအပ်ပါက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ခရိုင် သို့မဟုတ် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၂၂။ ပြည်နယ်ဦးစီးကော်မတီသည် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် ခရိုင် သို့မဟုတ် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ပြည်နယ်အစိုးရထံ တင်ပြရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၃။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲ ပေါ့ဆစွာ ဆောင်ရွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်နိုင်သည်ကို သိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တစ်ရပ်ရပ်ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို အောက်ဖော်ပြပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း၊

(ခ) ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် တမင်ပျက်ကွက်ခြင်း၊

၂၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အအုံအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဂ) ဘေးသင့်သူများအား ထောက်ပံ့သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံ သဘာဝဘေးအန္တရာယ်ခံစားရသည်ဟု မဟုတ်မမှန်လိမ်လည်၍ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကိုဖြစ်စေ၊ ထောက်ပံ့ငွေကိုဖြစ်စေ တင်ပြတောင်းခံခြင်း။

၂၉။ မည်သူမဆို သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်အခါတွင်ဖြစ်စေ၊ ကျရောက်တော့မည့်အခိုက်တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်အလို့ငှာလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများကို အဟန့်အတားမဖြစ်စေရန်အလို့ငှာလည်းကောင်း ယင်းနေရာရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် သို့မဟုတ် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ကြားသည်ကို လိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်းမပြုရ။

၃၁။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၃၂။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၃၆။ မည်သူမဆို အခန်း (၅) အပိုဒ် (၉) (၁၀) (၁၁) (၁၂) (၁၃) (၁၄) (၁၅) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)

## အထွေထွေ

၃၇။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၃၈။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၃၉။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိစ္စ တစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၄၁။ ဤဥပဒေ အာဏာမသက်ရောက်မီ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၂။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ခရိုင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၃။ ဤဥပဒေပါ ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် လိုအပ်သော နည်းဥပဒေ များ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ပြည်နယ်ကော်မတီနှင့် သက်ဆိုင်ရာ ဦးစီးဌာနများသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန် နိုင်သည်။

(ဂ) ခရိုင် သို့မဟုတ် မြို့နယ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၅။ ဤဥပဒေအရ စွမ်းစွမ်းတမံဆောင်ရွက်သူများအား နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးများ ရရှိရန် ထောက်ခံတင်ပြရမည်။

၄၆။ ဤဥပဒေအရ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၏ လူမှုရေး စွမ်းရည်မှတ်တမ်းအရ ထိုက်သင့်သောမှတ်တမ်း၊ ဘွဲ့ထူး၊ ဂုဏ်ထူး၊ ဆုလာဘ်များရရှိရန် ထောက်ခံတင်ပြရမည်။

၄၇။ အသက် (၁၆) နှစ်အရွယ်မှစတင်၍ ကျား/မ မရွေး မီးသတ်လုပ်ငန်းများ ဆောင်ရွက်လုပ်အားပေး နိုင်ရန် လူမှုရေးအသိ မှတ်တမ်းထားရှိဆောင်ရွက်ခြင်း။

၄၈။ လူမှုရေးမှတ်တမ်းအရ လိုအပ်သလို ချီးမြှင့်ရန် ဆောင်ရွက်ခြင်း။

# ချင်းပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ် အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် လူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် လူမှုရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ဦးစီးဌာနမှူး**ဆိုသည်မှာ ချင်းပြည်နယ် ရှေးဟောင်းသုတေသနဦးစီးဌာန၏ ဝန်ထမ်း အကြီးအမှူးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ရှေးဟောင်းသုတေသနဦးစီးဌာနကို ဆိုသည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်**ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာ မြောက်မှုအရဖြစ်စေ၊ အနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာကို ဆိုသည်။

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ**ဆိုရာတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက် အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော

သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့်ပန်းချီ၊ သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူသားတို့ ခိုအောင်းနေထိုင်ခဲ့သော လူဖန်တီးသည့်ဂူ၊ ကမ္ဗည်းကျောက်စာ၊ မော်ကွန်း၊ လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံအကြွင်းအကျန်၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်နှင့် ယင်းတို့၏ အကြွင်းအကျန်တို့ကို ဆိုသည်။

(ဋ) **ရှေးဟောင်းနေရာ**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်း မပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်းအဆောက်အအုံ တည်ရှိခဲ့သောနေရာကို သို့မဟုတ် ကုန်းကို ဆိုသည်။

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရိဝုဏ်**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်သော အဝန်းအဝိုင်းနယ်နိမိတ်ကို ဆိုသည်။

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်**ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဎ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်**ဆိုသည်မှာ ရှေးဟောင်းနေရာတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဏ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏စိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်နိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာတည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများအတွင်းတွင် လိုအပ်လျှင် မည်သည့်မြေကိုမဆို သိမ်းယူရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အစိုးရဌာန သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသောမြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၆။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း အဟန့်အတား အနှောင့်အယှက် ဖြစ်စေနိုင်သည်ဟု ကော်မတီ သို့မဟုတ် စစ်ဆေးရေးအဖွဲ့က တင်ပြလာသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းစေနိုင်သည်။

၇။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာ ပြောင်းလဲခြင်း မရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ကော်မတီသို့ စစ်ဆေးရေးအဖွဲ့က တင်ပြလာလျှင် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၈။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကော်မတီအနေဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြလာလျှင် အဆိုပါ စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၉။ ဦးစီးဌာနသည် ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၀။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာမှ သတ်မှတ်သည့် နယ်နိမိတ်အတွင်း မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်း မပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၁။ ဦးစီးဌာနသည် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါကိစ္စများ ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခု၏ ပရိဝုဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရိဝုဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

## အခန်း (၅)
## ကော်မတီဖွဲ့စည်းခြင်း

၁၂။ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ဦးစီးမှူးအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သောကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို အစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၃။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ယင်းပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း။

(ဆ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ်

တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

## အခန်း (၇)
## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၄။ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် -

(၁) အဆောက်အအုံကိုတည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း။

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

၁၅။ (က) ကော်မတီသည် ပုဒ်မ ၁၄ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ကော်မတီသည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၁၄ ပါ ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရခွင့်ပြုသည့်အခါ ကော်မတီသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများအပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံမှအပ အခြားအဆောက်အအုံပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံများမှအပ အခြားအဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၆ အရ လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ကော်မတီသို့ တင်ပြ၍ ဝန်ကြီးဌာနတို့မှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ (က) အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၈)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၁၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် စစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ် များ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ထည်ဝါခံ့ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနမှ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၂၀။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။

၂၁။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင် ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါတစ်ခုခု မပြုလုပ်ရ -

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဍာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်း ရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း။

၂၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနဆိုင်ရာတူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၂၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ပြည်နယ်အစိုးရအဖွဲ့က ဒေသအလိုက်သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၂၅။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ (က)၊ ပုဒ်မ ၂၃ မှ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၁ (ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့်အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည် ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလပုံသဏ္ဌာန်အတိုင်း ပြုလုပ်စေခြင်း၊

(ဃ) ပျက်စီးမှုအတွက် ကာလတန်ဖိုးဖြင့် ပေးလျော်စေခြင်း။

၃၀။ မည်သူမဆို ပုဒ်မ ၂၉ အရ ချမှတ်သည့် အမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ ကျပ်တစ်သိန်း အထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၁။ (က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန်အကြောင်း ပေါ်ပေါက်လျှင် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် လမ်းများ၊ တံတားများ ဥပဒေ (မူကြမ်း)
## (၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် )

၁၃၇၅ ခုနှစ်၊ တော်တလင်းလဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းများ၊ တံတားများ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) အစိုးရအဖွဲ့နောက်၌ တင်ဒါစနစ်ဖြင့် ရွေးချယ်သည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်ကို ဆိုလိုသည်။

(ဃ) **ဝန်ကြီး**ဌာနဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**ဆိုသည်မှာ ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကို ဆိုသည်။

(စ) **လမ်း**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောလမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကို ဆိုသည်။

(ဆ) ပြည်နယ်အင်ဂျင်နီယာမှူးကြီးဆိုသည်မှာ ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးကို ဆိုလိုသည်။

(ဇ) **တံတား**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကို ဆိုသည်။

(ဈ) **ယာဉ်**ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန် ဖြစ်စေ၊ စက်စွမ်းအားဖြင့် လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့်လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်။

(ည) **တိရစ္ဆာန်**ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို ဆိုသည်။

(ဋ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဘီးကွပ်**ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) **အသုံးပြုသူ**ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ သတ်မှတ်သောလမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်။

(ဎ) **အသုံးပြုခြင်း**ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုသည်။

(ဏ) **အသုံးပြုခ**ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သောလမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(တ) **ကြီးကြပ်သူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကြီးကြပ်ရန် အစိုးရအဖွဲ့ကသတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်။

(ထ) **ကောက်ခံသူ**ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လမ်းနှင့်တံတားများဖောက်လုပ်ခြင်းဖြင့် မြို့နယ်တစ်ခုနှင့်တစ်ခု၊ ခရိုင်တစ်ခုနှင့်တစ်ခုအကြား၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံမျှတစွာ ဖွံ့ဖြိုး တိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းနှင့်တံတားများ တိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်၊

(င) လမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လမ်းနှင့်တံတားများ ဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးအဖွဲ့စီမံကိန်းများကို အစိုးရအဖွဲ့ထံ တင်ပြပြီး သဘောတူညီချက် ရယူဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်မည့်လမ်းနှင့် တံတားများကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းနှင့်တံတားများ၏ နယ်နိမိတ်အစိုးရအဖွဲ့ထံ တင်ပြ၍ သတ်မှတ်ကြေညာခြင်း၊

(စ) ပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းများ ဖောက်လုပ်ရန်၊ တိုးချဲ့ရန် လမ်းအထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့်ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့ အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍လုပ်ကိုင်ဆောက်ရွက်ခွင့်ပြုခြင်း၊

(ဈ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့်အဆောက်အဦ ဖယ်ရှားခြင်းများကို အစိုးရအဖွဲ့ထံ တင်ပြ၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) ပြည်နယ်အတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဋ) ပြည်နယ်အတွင်းရှိလမ်းများ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာန၏တင်ပြချက်အရ အစိုးရအဖွဲ့သည် အောက်ပါလုပ်ငန်းများကို သတ်မှတ်နိုင်သည် -

(က) အသုံးပြုခကောက်ခံရမည့် လမ်းနှင့်တံတားကို သတ်မှတ်ခြင်း၊

(ခ) အသုံးပြုခကောက်ခံရန် နှုန်းထားသတ်မှတ်ခြင်း၊

(ဂ) အသုံးပြုခကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်ခြင်း၊

(ဃ) အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(င) ရာသီဥတုနှင့် လမ်းအခြေအနေပေါ်မူတည်၍ ဖြတ်သန်းမောင်းနှင်မည့် ယာဉ်အမျိုးနှင့် အလေးချိန်တို့ကို အချိန်မရွေးပြောင်းလဲသတ်မှတ်ခြင်း။

## အခန်း (၄)

## ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ရေးအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(င) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(စ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) ပြည်နယ်အတွင်းရှိ လမ်းများ၏လမ်းပခုံးသားအကျယ် သတ်မှတ်ခြင်း၊

(ဇ) ပြည်နယ်အတွင်းရှိလမ်းများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) ပြည်နယ်အတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်နှင့်ဘီးအမျိုးအစားကို လည်းကောင်း၊ ယာဉ်နှင့်ဝန်တင်အလေးချိန်ကိုလည်းကောင်း၊ ယာဉ်နှင့်လှည်းတွင် အသုံးပြုသည့် ဘီးကွပ်ကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) ပြည်နယ်အတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ/မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) ပြည်နယ်အတွင်းရှိ လမ်းများပျက်စီးခြင်းမှ ကာကွယ်ရန်လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဃ) ပြည်နယ်အတွင်းရှိ လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်း၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(င) ပြည်နယ်အတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသော ယာဉ်နှင့် ဝန်တင်အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့်တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့် ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၇။ ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း (၅)
## တားမြစ်ချက်များ

၈။ ကြီးကြပ်သူသည် -

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၉။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

၁၀။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရ။

၁၁။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

၁၂။ ပြည်နယ်အတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း၊ တံတားဂိတ်များတွင် မရိုးမဖြောင့်သော သဘောဖြင့် လမ်း-တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့် တန်ပိုတင်ဆောင်လာကာ ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်းတို့ မပြုရ။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၃။ အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူကိုပေးဆောင်ရန်ပျက်ကွက်လျှင် အစိုးရအဖွဲ့၏ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ရပ်စဲခြင်းခံရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်လထက်မပိုသောထောင်ဒဏ် ကျခံစေရမည်။

၁၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည် -

(က) ပြည်နယ်အတွင်းရှိ လမ်းများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းများ၏နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၈။ မည်သူမဆို အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပြည်နယ်အတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန်သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(င) ပြည်နယ်အတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း/တံတားဂိတ်များတွင် မရိုးမဖြောင့်သောသဘောဖြင့် လမ်း/တံတားအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်း၊ တန်ပိုတင်ဆောင်လာခြင်းအား ယာဉ်ငယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း။

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများ ပျက်စီးခြင်းမှကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများတွင် လူည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်းကောင်း ဖြစ်စေမည့်ပစ္စည်းကို တမင်ထားရှိခြင်း၊

(ဃ) ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း။

## အခန်း (၇)

## အထွေထွေ

၂၀။ အစိုးရအဖွဲ့လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ ပြည်နယ်လမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၂၁။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။

၂၂။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ မထုတ်ပြန်မီ The Highways Act, 1907 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ တော်သလင်း ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

## နိဒါန်း

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ဇီဝဘေးအန္တရာယ်များ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်၊ မီးဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ ချင်းပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုဦးစီးကော်မတီကို ဆိုသည်။

(ဆ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသည့် မီးသတ်အဖွဲ့ကို ဆိုသည်။

(ဇ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျ ဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်မည်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊

(ဃ) မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါး စေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်ထားနိုင်ရန်၊

(င) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများနိုးကြားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဆ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများကို ပြည်သူလူထုအား အသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်လျှင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုဦးစီး ကော်မတီကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုဦးစီးကော်မတီသည် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့ထံ တင်ပြ၍ လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုဦးစီးကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့ထံတင်ပြ၍ ခရိုင်နှင့်မြို့နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊

(ခ) အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်သည့်အခါ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) လူမှုရေးလုပ်ငန်းများဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း။

## အခန်း (၅)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၉။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ကော်မတီကချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးဘေးသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ပူးပေါင်းပါဝင် ဆောင်ရွက်မှုရရှိစေရန် အသိပညာပေးစည်းရုံးခြင်း၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင် ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့်သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(င) ထုတ်ပြန်ထားသောညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများကို လိုက်နာခြင်း ရှိ/မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း၊

(စ) မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ မီးသတ်ရေကန်နှင့် ရေရရှိနိုင်သည့် နေရာများကို အဆင့်ဆင့်အသုံးပြုနိုင်ရန် စနစ်တကျပြင်ဆင်စုဆောင်းထားရှိခြင်း၊

(ဆ) ဈေးများ၊ လျှပ်စစ်မီးအသုံးပြုသော စက်ရုံ၊ အလုပ်ရုံများ အပါအဝင် စီးပွားရေးလုပ်ငန်းများတွင် လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သလို စစ်ဆေးကြပ်မတ်ခြင်း၊

(ဇ) တောင်ယာမီးရှို့ခြင်း၊ သစ်တောကြိုးဝိုင်း၊ စိုက်ခင်းများအတွင်း မီးရှို့ခြင်းများကို စစ်ဆေးကြပ်မတ် ဆောင်ရွက်ခြင်း၊

(ဈ) မီးသတ်ဝန်ထမ်းများအတွက် လိုအပ်သော အကာအကွယ်ပစ္စည်းများ ပြည့်စုံစေရန် ဆောင်ရွက် ပေးခြင်း။

၁၀။ ကော်မတီအဆင့်ဆင့်သည် မုန်တိုင်း၊ ရေလွှမ်းမိုးမှုစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက လူ၊ တိရစ္ဆာန်၊ ပစ္စည်းဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည် -

(က) ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ကြေညာခြင်း၊

(ခ) မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူလူထုသို့ အချိန်မီထုတ်ပြန်ပေးခြင်း၊

(ဂ) ဘေးအန္တရာယ်ကျရောက်နိုင်သည့်နေရာများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) မြစ်ချောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း၊

(င) ရေစီးကြောင်းပြောင်းလဲစေနိုင်သော မြစ်ချောင်းကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့်ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန်နှင့် နေထိုင်သူများအား ဖယ်ရှားစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(စ) ရေလွှမ်းမိုးနိုင်သည့်နေရာဒေသအတွင်း ရေထွက်ပေါက်များ စနစ်တကျကြိုတင်ဆောင်ရွက်ပေးခြင်း၊

(ဆ) ဘေးအန္တရာယ်ကျရောက်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ ကြိုတင်နေရာရှာဖွေသတ်မှတ်ပေးခြင်းနှင့် ရွှေ့ပြောင်းမည့်လုပ်ငန်းစဉ်များ ကြိုတင်စီမံထားရှိခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၁။ မည်သူမဆို မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့်အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

၁၃။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် သုံးလအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)

## အထွေထွေ

၁၇။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

၁၈။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၁၉။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## နိဒါန်း

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဌာနဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော စီမံခန့်ခွဲမှု ကော်မတီကို ဆိုသည်။

(စ) **ကော်မတီဝင်**ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်ကို ဆိုသည်။

(ဆ) **ဦးစီးဌာန**ဆိုသည်မှာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

(ဇ) **ပြည်နယ်ဦးစီးဌာနမှူး**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ဆိပ်ကမ်းဆိုသည်မှာ**ကမ်းနားနယ်တွင် ခရီးသည်များဆင်းတက်ရန်နှင့် ကုန်စည်များတင်ချနိုင်ရေး အတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ ဆိပ်ကမ်းများ အက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ဖြစ်စေ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ည) **သင်္ဘောဆိပ်**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်သည့် နေရာကို ဆိုသည်။

(ဋ) **ဆိပ်ခံ**ဆိုသည်မှာ ရေယာဉ်များ ဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်ရန် မြစ်ကမ်းတွင် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဌ) **ဆိပ်ကမ်းနယ်**ဆိုသည်မှာ ကမ်းနားနယ်တွင်ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချရေး အတွက် ရေယာဉ်များဆိုက်ကပ်ရန်အလို့ငှာ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သီးခြား သတ်မှတ်ပေးထားသည့် မြစ်ရေတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန်ရေမြင့်အမှတ်ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိ ရှိသော နယ်နိမိတ်ကို ဆိုသည်။

(ဍ) **ဆိပ်ခံတံတား**ဆိုသည်မှာ ရေယာဉ်များ ဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်ရန် ဆိပ်ကမ်းနှင့်ဆက်စပ်၍ မြစ်တွင်းသို့ တည်ဆောက်ထားသောတံတားကို ဆိုသည်။

(ဎ) **ဖောတံတား**ဆိုသည်မှာ ဆိပ်ခံတွဲကို မြစ်အတွင်းတွင် ကျောက်ချ၍ ကမ်းနှင့်ဆက်စပ်တည်ဆောက် ထားသော ရေယာဉ်များ ဆိုက်ကပ်ပြီး လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင်သည့်တံတားကို ဆိုသည်။

(ဏ) **ရေဆင်းတံတား**ဆိုသည်မှာ လှေသမ္ဗန်များ ဆိုက်ကပ်နိုင်ပြီး လူများ ရေချိုး၊ ရေခပ်ပြုလုပ်နိုင်သည့် တံတားကို ဆိုသည်။

(တ) **ကမ်းပါးနယ်**ဆိုသည်မှာ ရေစစ်မျဉ်းနှင့်ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျော ကမ်းပါးကို ဆိုသည်။

(ထ) **ကမ်းနားနယ်**ဆိုသည်မှာ ကမ်းပါးနယ်နှင့်ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ဤဥပဒေနှင့်အညီ သတ်မှတ်သည့် မြေနယ်နိမိတ်ကို ဆိုသည်။

(ဒ) **ရေယာဉ်**ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(ဓ) **မြစ်ချောင်းနယ်**ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနှစ်ခုအတွင်းရှိ ရေပြင်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်ချောင်းအတွင်းရှိ ရေမြုပ်သောင်၊ ရေပေါ်သောင်နှင့်ကျွန်းများ ပါဝင်သည်။ သို့ရာတွင် ကုန်းနှင့်တစ်ဆက်တည်းရှိသောကျွန်းများ မပါဝင်။

(န) **လွန်းလမ်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်အား လွန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သောလမ်းကို ဆိုသည်။

(ပ) **သင်္ဘောကျင်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်များ ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းပြုလုပ်သည့်အလုပ်ရုံကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်နယ်အတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်၊

(ခ) ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများကို ပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်းကာကွယ်ရန်၊

(ဂ) ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(င) ဆိပ်ကမ်းနယ်မြေအတွင်း ဝင်ထွက်သွားလာနေသော ရေယာဉ်များ စနစ်တကျဆိုက်ကပ်နိုင်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်။

## အခန်း (၃)
## အစိုးရအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်းရှိ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများနှင့်ဆက်စပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အဖြစ် နယ်နိမိတ်သတ်မှတ်ကြေညာခြင်း၊

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များ သတ်မှတ်နိုင်ရေးအတွက် လမ်းညွှန်မှုပေးခြင်း၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် စီမံခန့်ခွဲမှု ကော်မတီကို ဖွဲ့စည်းပေးခြင်း၊

(င) စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(စ) ရေယာဉ်အသင်းများ၊ ကူးတို့လုပ်ငန်းရှင်များ၊ ကျောက်မီးသွေး၊ သစ်၊ ဝါး၊ ကြိမ်လုပ်ငန်း လုပ်ကိုင်လိုသူများက ဆိပ်ကမ်းနယ်မြေအတွင်း လုပ်ငန်းလုပ်ကိုင်ရန် မြေနေရာလျှောက်ထားလာမှုအပေါ် နေရာသတ်မှတ်ပေးခြင်း၊

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားလာသည့်အခါ စိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဇ) ဆိပ်ကမ်းမြို့ကြီးများတွင် ရေကြီးရေလျှံမှုနှင့် ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်စေခြင်း၊

(ဈ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများနှင့်စပ်လျဉ်း၍ ဝန်ကြီး သို့မဟုတ် ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း။

## အခန်း (၄)
## စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်စီကို သတ်မှတ်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် နယ်မြေအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

(ခ) စီမံခန့်ခွဲမှုကော်မတီအား အဖွဲ့ဝင် အနည်းဆုံး (၅) ဦးမှ အများဆုံး (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ကာ တာဝန်ပေးအပ်ရမည်။

(ဃ) ဖွဲ့စည်းထားသောစီမံခန့်ခွဲမှုကော်မတီဝင်များအား အစားထိုးခန့်ထားခြင်းနှင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်နိုင်သည်။

(င) စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်ပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်။

(စ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဆိုင်ရာစီမံခန့်ခွဲမှုကိစ္စရပ်များကို ကြီးကြပ်ရမည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၆။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာနယ်မြေတွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူပြီးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) လုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းများထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေရေးကြေးရေးနှင့်အခွန်အကောက်၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေးစသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူ၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများ ပိုင်ဆိုင်သည့်ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူ၍ လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက် ရယူအကောင်အထည်ဖော်ခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက တစ်ဆင့် ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၇။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကမ်းပါးနယ်နှင့်ဆိပ်ကမ်းနယ်များတွင် လုပ်ငန်းလုပ်ကိုင်လိုသော ပုဂ္ဂိုလ်များနှင့် အသင်းများ ဝန်ကြီး ဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြခွင့်ပြုချက်ရယူပြီး စနစ်တကျမှတ်ပုံတင်၍ လုပ်ငန်းများ လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတွင် လုပ်ငန်းများ လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေးအရေးယူခြင်း၊

(ဂ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်အား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိဌာနများ ရေယာဉ်လိုင်းများနှင့် ဆိပ်ကမ်းများလိုက်နာရန် စည်းကမ်းကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြသဘောတူညီချက် ရယူသတ်မှတ် ပေးခြင်း၊

(င) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကတစ်ဆင့် အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)
## မြေငှားရမ်းခြင်း သို့မဟုတ် မြေအသုံးပြုခွင့်ပေးခြင်း

၈။ အစိုးရအဖွဲ့ကော်မတီမှတစ်ဆင့် ဝန်ကြီးဌာန၏တင်ပြချက်အရ -

(က) သတ်မှတ်မြေ ငှားရမ်းခ သို့မဟုတ် မြေအသုံးပြုခ ပေးသွင်းစေပြီး နိုင်ငံသားရင်းနှီးတည်ဆောက်သူ သို့မဟုတ် နိုင်ငံသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် နိုင်ငံသားရင်းနှီးလုပ်ကိုင်သူအား မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို အနည်းဆုံး (၃) နှစ်အထိ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက ထပ်မံ၍ (၂) နှစ် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးလုပ်ကိုင်သူက အမှန် လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလကို ရင်းနှီးမြှုပ်နှံဆောင်ရွက် လိုသည့် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုနိုင်သည်။

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက သတ်မှတ်ထားသောလုပ်ငန်းဆိုင်ရာ စည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသောလုပ်ငန်း လုပ်ကိုင်ခွင့်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၉။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် သက်ဆိုင်ရာအစိုးရ ဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊

မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်း မပြုရ။

၁၀။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ခံချက် မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တု တူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းမပြုရ။

၁၁။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်မရှိဘဲ လွန်းလမ်း၊ သင်္ဘောကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်း သို့မဟုတ် မြောင်းဖော်၍ သင်္ဘောထိုးခြင်းမပြုရ။

၁၂။ မည်သူမျှ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေယာဉ်ဖြင့် ဝင်တိုက်ခြင်း မပြုရ။

၁၃။ မည်သူမျှ -

(က) မြစ်ချောင်းအတွင်း ရေယာဉ်များ ကျောက်ချရပ်နားခြင်းမပြုရန် တားမြစ်ထားသည့်နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်း မပြုရ၊

( ခ ) သတ်မှတ်ထားသည့် ရေစူးအနက်နှင့် ဝန်တင်ရေမှတ် ကိုက်ညီခြင်းမရှိသော ရေယာဉ်ကို မြစ်ချောင်း အတွင်း ခုတ်မောင်းသွားလာခြင်း မပြုရ။

၁၄။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်ရာသော ဆိပ်ကမ်းကမ်းပါးတစ်နေရာမှ ကမ်းမပြိုအောင် အကာအကွယ်ပေးထားသည့် အရာဝတ္ထုများကို ရွှေ့ပြောင်းသယ်ဆောင်ခြင်းမပြုရ။

၁၅။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲ စေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်းမပြုရ။

၁၆။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဆိပ်ကမ်းနယ်အတွင်း စီးပွားရေးအလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းမပြုရ။

၁၇။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခြင်းမပြုရ။

၁၈။ မည်သူမျှ ဆိပ်ကမ်းနယ်မြေအတွင်းရှိ ဆိပ်ကမ်းတာရိုး၏ကြံ့ခိုင်မှုကို ထိခိုက်စေသော မြေတူးခြင်း၊ မြေသယ်ခြင်း၊ ရေတင်ရေထုတ်ခြင်းမပြုရ။

၁၉။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

၂၀။ မည်သူမျှ အမြန်ရေယာဉ်များ မြို့၊ ရွာ၊ ဆိပ်ကမ်းများအနီး ဖြတ်သန်းမောင်းနှင်ရာတွင် အစုန်တွင် ရေမိုင် (၁၀) မိုင်နှုန်း၊ အဆန်တွင် ရေမိုင် (၈) မိုင်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရ။

## အခန်း (၉)
## ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၅။ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ တို့အရ ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူ၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ရာပျက်စီးဆုံးရှုံးမှုရှိပါက ထိုသူကို သက်ဆိုင်ရာ ပြစ်မှု အတွက် ချမှတ်ထားသည့် ငွေဒဏ်အပြင် အဆိုပါပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လျော်ကြေးအဖြစ် ပေးဆောင်စေရန် ထည့်သွင်းအမိန့်ချမှတ်ရမည်။ ချမှတ်သောလျော်ကြေးငွေကို ပေးဆောင်ခြင်းမပြုပါက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၈၆ အရ ဒဏ်ငွေကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၆။ ဆိပ်ကမ်းနယ်မြေအတွင်း ဥပဒေနှင့် နည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက် ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၇။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၂၈။ ဤဥပဒေရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ ဝန်ကြီးဌာနသည် ယင်းနှင့်သက်ဆိုင်သည့် ဤဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၃၀။ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ ရရန်ရှိသော အခွန်အခများနှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခ၊ ဥပဒေများနှင့်အညီ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၁။ ဤဥပဒေ အာဏာမတည်မီက ဆိပ်ကမ်းနယ်မြေအတွင်း တည်ဆောက်ထားရှိသော လုပ်ငန်း တစ်ခုခုကို ဤဥပဒေအာဏာတည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင် ခွင့်ကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်  ။ )

၁၃၇၅ ခုနှစ်၊  လ  ရက်

( ၂၀၁၃ ခုနှစ်၊  လ  ရက် )

**နိဒါန်း**

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ချင်းပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်။

(စ) **ချင်းပြည်နယ်ဦးစီးမှူး**ဆိုသည်မှာ ချင်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အကြီးအကဲကို ဆိုသည်။

(ဆ) **ဦးစီးမှူး**ဆိုသည်မှာ ခရိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆိုသည်။

(ဇ) **တိရစ္ဆာန်**ဆိုသည်မှာ လူတို့ မွေးမြူထားသော သို့မဟုတ် တစ်နည်းနည်းအသုံးပြုရန် လူတို့ ဖမ်းဆီးထားသော တိရစ္ဆာန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းလည်း ပါဝင်သည်။

(ဈ) **တိရစ္ဆာန်ထွက်ပစ္စည်း**ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့်ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းလည်း ပါဝင်သည်။

(ည) **တိရစ္ဆာန်မွေးမြူရေး**ဆိုသည်မှာ လူတို့ စားသုံးရန်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ ဝါသနာအရဖြစ်စေ၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရန်ဖြစ်စေ သို့မဟုတ် မျိုးပွားရန်နှင့် ဖြန့်ဖြူးရန်ဖြစ်စေ၊ တိရစ္ဆာန်ကို တစ်နည်းနည်းပြုရန် တစ်ပိုင်တစ်နိုင် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **ထိန်းကျောင်းခြင်း**ဆိုသည်မှာ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ် ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း အမျိုးအစားအလိုက် စောင့်ရှောက်မှု နည်းလမ်းများ၊ ကန့်သတ်ချက်များဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆိုသည်။

(ဌ) **စားကျက်မြေ**ဆိုသည်မှာ စိုက်ပျိုးမြေ၊ သစ်တောမြေ၊ သာသနာပိုင်မြေ၊ သုသာန်မြေ စသော မြေမျိုးများမှ လွတ်ကင်း၍ ကျွဲနွားတိရစ္ဆာန်များ လှွတ်ကျောင်း၍ရနိုင်သော မြေလွတ်မြေလပ်၊ မြေရိုင်းများကို ဆိုသည်။

(ဍ) **ကူးစက်ရောဂါ**ဆိုသည်မှာ ဝန်ကြီးဌာနက **ကူးစက်ရောဂါဖြစ်သည်ဟု** ကြေညာထားသော တိရစ္ဆာန် များတွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိရစ္ဆာန်များကို ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျမွေးမြူခြင်းဖြင့် မြန်မာနိုင်ငံ၏ သား၊ ငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တိရစ္ဆာန်များကို ထိန်းကျောင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်၊

(ဃ) တိရစ္ဆာန်မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင် စေရန်၊

(င) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားသည့် အခါ စနစ်တကျထိန်းချုပ်နိုင်ရန်၊

(စ) တိရစ္ဆာန်မှ လူသို့ ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင် ကာကွယ်ရန်၊

(ဆ) မွေးမြူရေးထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် ဇီဝလုံခြုံမှုစံနှုန်းများ သတ်မှတ်၍ ကျင့်သုံး လိုက်နာမွေးမြူစေရန်၊

(ဇ) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း (၃)
## တိရစ္ဆာန်မွေးမြူရေး

၄။ ဦးစီးဌာနသည် တိရစ္ဆာန်မွေးမြူရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်မွေးမြူလိုသူများအား ခေတ်မီနည်းစနစ်များဖြင့် မွေးမြူနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးခြင်း၊

(ခ) ဒေသ ရေ၊ မြေ၊ သဘာဝနှင့် ရာသီဥတုကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်း လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် မွေးမြူမှုစနစ် စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ဃ) စီးပွားရေးအလို့ငှာ မျိုးပွားရန်နှင့် မျိုးဖြန့်ဖြူးရန်အတွက် မွေးမြူထားသော တိရစ္ဆာန်များ၏ ကူးစက် ရောဂါကာကွယ်ထိန်းချုပ်ရေးမှတ်တမ်းများ၊ မျိုးရိုးဗီဇမှတ်တမ်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

(င) တိရစ္ဆာန်တစ်မျိုးချင်းအလိုက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းအား ကောင်းရေ ပမာဏ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(စ) တိရစ္ဆာန်တစ်မျိုးချင်းအလိုက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မျိုးပွားဖြန့်ဖြူးခြင်းအား ကောင်းရေ ပမာဏ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း။

## အခန်း (၄)
## တိရစ္ဆာန်ထိန်းကျောင်းရေး

၅။ ဦးစီးဌာနသည် တိရစ္ဆာန်ထိန်းကျောင်းရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူထုတ်လုပ်မှု အမျိုးအစားနှင့် ပမာဏအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိန်းကျောင်းခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများနှင့် ရောဂါကာကွယ်ခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်ဖြင့် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲနိုင်သည့် အများဆုံးဝန်အလေးချိန်နှင့် အလုပ်ခိုင်းစေရန် အချိန်ကာလ သို့မဟုတ် အလုပ်ချိန်ကာလကို တိရစ္ဆာန်အမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဃ) တစ်ပိုင်တစ်နိုင် "သို့မဟုတ်" စီးပွားဖြစ်မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းအမျိုးအစားအလိုက် ထိန်းသိမ်းစောင့်ရှောက်မှုနည်းလမ်းများ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်း၊

(င) တိရစ္ဆာန်များကို စနစ်တကျထိန်းကျောင်းခြင်းနှင့်စပ်လျဉ်း၍ လိုက်နာသင့်သည့် နည်းလမ်းများကို အများပြည်သူတို့ သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆။ ဤဥပဒေအရ ထုတ်ပြန်သော အမိန့် ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတစ်ဦးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

## အခန်း (၆)
## အယူခံခြင်း

၇။ မြို့နယ်ဦးစီးမှူးက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးမှူးထံ အယူခံနိုင်သည်။ ခရိုင်ဦးစီးမှူးက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ဦးစီးမှူးထံ အယူခံနိုင်သည်။

၈။ ပြည်နယ်ဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၉။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၀။ မည်သူမျှတိရစ္ဆာန်မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် မွေးမြူမှုစနစ်များ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများ၊ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၁။ စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင် မည်သူမျှ တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ -

(က) ရက်စက်ကြမ်းကြုတ်စွာ ခိုင်းစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက်ပို၍ တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) နှိပ်စက်ညှဉ်းပန်းခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း၊

(ဃ) အစာရေစာ မကျွေးဘဲထားခြင်း၊

(င) ရောဂါ သို့မဟုတ် ဒဏ်ရာများ ရရှိနေပါလျက် ကုသစောင့်ရှောက်မှုမပြုဘဲထားခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် အများပြည်သူဆိုင်ရာနေရာသို့ လွှတ်ထားခြင်း၊

(ဆ) စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း။

၁၂။ မည်သူမျှ ဤဥပဒေပါလုပ်ငန်းများ ဆောင်ရွက်သည်ကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၁၅။ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၉)
## အထွေထွေ

၁၆။ တရားရုံးသည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်ဆီးရန် အမိန့်ချမှတ်နိုင်သည်။

၁၇။ ဦးစီးဌာန ဝန်ထမ်းများက ဤဥပဒေပါ ပြစ်မှုများကို အရေးယူရာတွင် သက်ဆိုင်ရာ လိုအပ်၍ အကူအညီတောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုအပ်သောအကူအညီများ ပေးရမည်။

၁၈။ ပြည်နယ်ဦးစီးမှူးသည် ဤဥပဒေအရ မိမိအားပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၉။ ဤဥပဒေအရ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ထိန်းကျောင်းခြင်းစနစ်များကို စစ်ဆေးကြီးကြပ်ရာတွင် -

(က) လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

## ချင်းပြည်နယ် ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ (မူကြမ်း)

**( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် **ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်သည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံအသီးသီးကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဝန်ကြီးက တာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **ဓာတ်မြေဩဇာ**ဆိုသည်မှာ သဘာဝအရ ပြုလုပ်ဖွဲ့စည်းမှုမဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်း ပြုပြင်စီမံထားသည့် မြေဩဇာကို ဆိုသည်။ ယင်းစကားရပ်တွင် တွင်းထွက် သို့မဟုတ် စက်ရုံမှ ထုတ်လုပ်သည့် ဩဂဲနစ်နှင့် အင်ဩဂဲနစ်ဓာတ်မြေဩဇာတို့လည်း ပါဝင်သည်။

(ည) **သဘာဝမြေဩဇာ**ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ ရရှိသော ပစ္စည်း များကိုလည်းကောင်း ဆိုသည်။

(ဋ) **မြေဩဇာ**ဆိုသည်မှာ ပန်းမန်၊ သီးနှံနှင့် အပင်များ ရှင်သန်ကြီးထွားရေးအတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာပြောင်းလဲမှုဖြစ်စေရန် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် အာဟာရဓာတ်ရရှိ စေရန် ထောက်ပံ့ပေးနိုင်သောပစ္စည်း ပါဝင်သည့် ဓာတ်မြေဩဇာ၊ ဇီဝမြေဩဇာနှင့် သဘာဝ မြေဩဇာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးသူတစ်ဦးက မိမိ၏ ကိုယ်ပိုင်စိုက်ပျိုးရေး လုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေဩဇာမပါဝင်။

(ဌ) **စံချိန်စံညွှန်း**ဆိုသည်မှာ မြေဩဇာတွင်ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ် သောပစ္စည်းများ၏ အချိုးအစား၊ အရည်အသွေးတို့နှင့်စပ်လျဉ်း၍ မြေဩဇာကော်မတီက စံအဖြစ် သတ်မှတ်ပေးချက်ကို ဆိုသည်။

(ဍ) **အဆိပ်ရှိပစ္စည်း**ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်ကို အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ပ) **အရည်အသွေးအာမခံချက်**ဆိုသည်မှာ မြေဩဇာထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိကြောင်း အာမခံချက်ကိုဆိုသည်။

(ဏ) **အမှတ်တံဆိပ်**ဆိုသည်မှာ မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသောပုံနှိပ်ထားသည့် အမှတ်အသားကို ဆိုသည်။

(တ) **သဘာဝမြေဩဇာလုပ်ငန်း**ဆိုသည်မှာ စိုက်ပျိုးသူတစ်ဦးဦးက မိမိကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေဩဇာမှတစ်ပါး၊ သဘာဝမြေဩဇာကို စီးပွားရေးလုပ်ငန်းအလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို ဆိုသည်။

(ထ) **သိုလှောင်ခြင်း**ဆိုသည်မှာ မြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ သိုလှောင် ခြင်းကို ဆိုသည်။

(ဒ) **ဖြန့်ဖြူးရောင်းချခြင်း**ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန်အလို့ငှာ မြေဩဇာကော်မတီက သတ်မှတ်သောအလေးချိန်၊ ပမာဏထက်ကျော်လွန်သည့် မြေဩဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ဓ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက် လက်မှတ်ကို ဆိုသည်။

(န) **လိုင်စင်**ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းနှင့် ဓာတ်မြေဩဇာအား ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတော်၏အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲနိုင်ရေးနှင့် သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲရေးလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

(ဃ) သင့်လျော်သော ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊

(င) ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျသုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(စ) မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) သဘာဝမြေသြဇာနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်နယ်အတွင်း ထုတ်လုပ်မည့် သဘာဝမြေသြဇာ၏စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် လိုင်စင်ရယူရန်လိုအပ်သည့် သဘာဝမြေသြဇာအလေးချိန်ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) သဘာဝမြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများကို သုံးစွဲရာတွင်လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့်တိရစ္ဆာန်များကို အန္တရာယ်များမဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊

(ဇ) သဘာဝမြေဩဇာနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) စိုက်ပျိုးသူများက မြေဩဇာစနစ်တကျသုံးစွဲတတ်စေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သဘာဝမြေဩဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် -

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူပညာရှင်များဖြင့် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့ကိုဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏တာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) ပုဒ်မ (၇) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ/မညီ သဘာဝမြေဩဇာဆိုင်ရာနည်းပညာအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) အရည်အသွေး အာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာဦးစီးဌာနမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည် -

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီးသက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရမည်။

၁၂။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပြည်နယ်ဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၄။ (က) မြေဩဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၆။ သဘာဝမြေဩဇာကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် သဘာဝမြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) အမှတ်တံဆိပ်၊

(ခ) သဘာဝမြေဩဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊

(ဃ) သဘာဝမြေဩဇာတွင်ပါဝင်သော အပင်အာဟာရရာခိုင်နှုန်း၊

(င) သဘာဝမြေဩဇာတွင်ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏အမည်နှင့်အချိုးအစား၊

(စ) သုံးစွဲရန်အညွှန်းစာ။

၁၇။ သဘာဝမြေဩဇာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ ဝန်ကြီးသည် ကော်မတီက ထုတ်ပေးခွင့်ရှိသည့် လိုင်စင်များ၏သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ (က) သဘာဝမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း၊ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက် များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) မြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင် လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၂၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် စစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၂။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဖွဲ့အား တာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ ဓာတ်မြေဩဇာ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းနှင့် သဘာဝမြေဩဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

(ခ) အခြားမှထုတ်လုပ်သော ဓာတ်မြေဩဇာကိုဖြစ်စေ၊ ပြည်နယ်အတွင်း ထုတ်လုပ်သော သဘာဝ မြေဩဇာကိုဖြစ်စေ စံချိန်စံညွှန်းနှင့် ညီ/မညီ စစ်ဆေးရန် မြေဩဇာနမူနာကိုရယူခြင်း၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့တင်ပြခြင်း၊

(ဂ) မြေဩဇာကို စားသောက်ကုန်လုပ်ငန်းတွင် ထည့်သွင်းသုံးစွဲခြင်း ဘေးအန္တရာယ် ဖြစ်စေတတ်သော နည်းလမ်းဖြင့်သုံးစွဲခြင်း ပြု မပြုစစ်ဆေးခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကော်မတီသို့ တင်ပြခြင်း၊

(င) ဝန်ကြီးဌာနက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၃။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ခွင့်ပြုထားသော သဘာဝမြေဩဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေသြဇာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၅။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း၊ လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) သဘာဝမြေသြဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) သဘာဝမြေသြဇာသိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၆။ ကော်မတီသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မြေသြဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။

## အခန်း (၉)
## အယူခံဝင်ခြင်း

၂၇။ (က) မြေသြဇာဖြန့်ဖြူးရောင်းချခြင်းလိုင်စင်နှင့်စပ်လျဉ်း၍ ကော်မတီကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံသွင်းနိုင်သည်။

(ခ) ဝန်ကြီးဌာနမှ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် အစိုးရအဖွဲ့သို့ ရက်ပေါင်း (၃၀) အတွင်း အယူခံနိုင်သည်။ အစိုးရအဖွဲ့သည် ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်းပယ်ခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်။ အစိုးရအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၈။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၂၉။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၀။ မည်သူမျှ မြေသြဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မြေသြဇာကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၁။ မည်သူမျှ အဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော သဘာဝမြေသြဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၂။ မည်သူမျှ မြေသြဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

၃၃။ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၄။ မည်သူမျှ သီးနှံစိုက်ခင်းများတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် သတ္တဝါများအပေါ် ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ထားသော စံချိန်စံညွှန်းများထက် ပိုမိုသုံးစွဲခြင်းမပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၅။ မည်သူမဆို ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ တရားရုံးသည် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့လျှင် ယင်းသက်သေခံပစ္စည်းများကို ပြည်နယ်ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၉။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေသြဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်း တိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၁။ ကော်မတီသည် သဘာဝမြေသြဇာကို သုံးစွဲခြင်းနှင့် မြေသြဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင် လက်မှတ် လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေပေးဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၂။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာပြည်နယ်ဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄၃။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော မြေသြဇာနှင့်စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၄။ သဘာဝမြေသြဇာကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာပါက ကော်မတီသည် ဦးစီးဌာနမှူး ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြနိုင်သူကိုသာ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ထုတ်ပေးနိုင်သည်။

၄၅။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများတွင် မြေသြဇာနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်ထောင်စုဓာတ်ခွဲစမ်းသပ်စစ်ဆေး တွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက်အဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။

၄၆။ ဤဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၇။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်းဓာတ်ပုံမှတ်တမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ချင်းပြည်နယ်၊ ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ချင်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ အလုပ်သမားရေးရာများကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ပြည်နယ်အစိုးရက ဤဥပဒေအရ ဖွဲ့စည်းထားသော ကုန်တင်ကုန်ချလုပ်ငန်းများကို စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ ပြည်နယ်အစိုးရ၏ တိုက်ရိုက်စီမံအုပ်ချုပ်မှုနယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရက ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်။

(ဇ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်။

(ည) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်။

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ ချင်းပြည်နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ မြို့တွင်းလုပ်ငန်းများနှင့် ဈေးကြီး စသည့်နေရာများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ကာယအားကို အသုံးပြုပြီး ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်းပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဌ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ ပြည်နယ်က အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများနှင့် ဖွင့်လှစ်ခွင့်ပေးထားသော ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ်ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ပ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၊ မြို့နယ် ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဖ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများ ထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့်ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာ ချောင်ချိရေး ရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ခ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခ အပြည့်အဝ မှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါကော်မတီနှင့်ရုံးများ ကို ဖွဲ့စည်းခွင့်ရှိသည် -

(က) ပြည်နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့်ရုံး၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့်ရုံးများ။

၆။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီရုံးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)
## ကုန်တင်ကုန်ချကော်မတီများ၏လုပ်ငန်းများ

၈။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ လုပ်ထုံး လုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းကမ်းများနှင့်အညီ

လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း။

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်း၊ လုပ်ခဈေးနှုန်းများ အနည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း။

(ဂ) ဤဥပဒေအရထုတ်ပြန်ရမည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများ၏ မူကြမ်းများကို ရေးဆွဲ၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဃ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများက ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း။

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသကုန်ဈေးနှုန်းများနှင့်အညီ လိုက်လျောညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ခများ ရရှိစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း။

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့်အတည်ပြုအမိန့်ထုတ်ပြန်ခြင်း။

(ဆ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူးစသည့် ရာထူးများခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း တို့နှင့်ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပြန်ခြင်း။

(ဇ) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန်တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခြင်းရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း။

(ဈ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား အင်အား လျှော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုမိန့်များ ထုတ်ပေးခြင်း။

(ည) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံတင် ကုန်တင် ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှု များကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း။

(ဋ) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း။

(ဌ) ကုန်တင်ကုန်ချအလုပ်သမားများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်း။

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ဎ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း။

(ဇ) မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန် အတွက် ပြည်နယ်အစိုးရက ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့်အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

(တ) ဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက် နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ (သို့မဟုတ်) ၎င်းက ခန့်အပ်တာဝန်ပေးထားသူများနှင့် အလုပ်သမားမျူးအဆင့်ဆင့်တို့၏ ကိုယ်စားလှယ်အဖွဲ့ဝင်များကို အခြေခံလျက် လုပ်ငန်းခွင် ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း။

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

(ဂ) ဖြစ်သင့်သည့် အနည်းဆုံးမှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံး မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ကရဏာကြေး သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း။

(ဃ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျော ညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန်လိုအပ်လာပါက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချစျေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး ပြည်နယ်ကုန်တင် ကုန်ချကော်မတီသို့ အတည်ပြုနိုင်ရေး တင်ပြခြင်း။

(င) မြို့နယ်ရုံးလက်အောက်ရှိ လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

(စ) ပြည်နယ်ကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၁၀။ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည် ပြည်နယ် ကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် ပြည်နယ်အစိုးရ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိစေရမည်။

၁၁။ ကုန်တင်ကုန်ချအလုပ်သမား (၁၀) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော (သို့မဟုတ်) လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်

လျှောက်လွှာများကို စိစစ်တင်ပြချက်နှင့်အတူ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံနှင့် မြို့တွင်းလုပ်ငန်းများစသည့် အများပြည်သူသွားလာရေးဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းများကို လုပ်ကိုင်နေသူများ။

(ခ) စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ။

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ။

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် ဌာန၊ အဖွဲ့အစည်းများ။

၁၂။ ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းတို့ ပြုနိုင်သည်။

၁၃။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲတစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် ထုတ်ပေးထားသော ခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် သတ်မှတ်ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)
## ကုန်တင်ကုန်ချကော်မတီရုံးများ ဖျက်သိမ်းခြင်း

၁၅။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်းအပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့်အခြေအနေမျိုး ကြုံတွေ့ရပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ တင်ပြခွင့်ပြုချက် တောင်းခံရမည်။

၁၆။ ပြည်နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၅ အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်ပါသည်။

၁၇။ ပုဒ်မ (၁၆) အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

၁၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံနှင့်တကွ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၉။ ပြည်နယ်ကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းမှုအားပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံးလက်အောက်ရှိ မြို့နယ်လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီနှင့် ဌာနခွဲများသည် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည်။

၂၁။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၂။ ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၃။ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကိုအခြေခံ၍ အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းမကျဆင်းစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုတင်ပြဆောင်ရွက်ရမည်။

၂၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့်အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေးအတွက် (၁) နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။ အင်အားသတ်မှတ်ချက် ပြောင်းလဲရန် လိုအပ်လာပါက အကျိုးကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ဆုံးဖြတ်ချက် ရယူကာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက်ရယူရမည်။

၂၅။ ကုန်တင်ကုန်ချလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးအတွက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ တာဝန်ခံ (သို့မဟုတ်) ဦးစီးအရာရှိနှင့် လုပ်ငန်းခွင်တာဝန်ရှိသူအဆင့်ဆင့်မှ နေ့စဉ် အနီးကပ်ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၉)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၆။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် ILO Covention ၁၂၇ အရ Recommendation ၁၂၈ တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်အတိုင်း ဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၁၂၀) ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၃၃. ၆) ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

၂၇။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများ ဆောင်ရွက်ရပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၈။ စက်ပစ္စည်းများ၊ ပေကျုံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ရပါက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၃၀။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့် လျော်ညီစေရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁) နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၁။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင်သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)
## အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်သာယာရေးဆောင်ရွက်ခြင်း

၃၂။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးရှိ ကော်မတီခန့်လခစား/ဝေစုစားဝန်ထမ်းနှင့် အလုပ်သမားများ၏ သက်သာချောင်ချိရေးအကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင် ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှ နုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအကျိုးခံစားခွင့် ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော

အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံးကိရိယာများ စီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သော ဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများထုတ်ပေးခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် အလုပ်သမားများ အားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာ စီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် TV/VIDEO ပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/စာဖတ်ခန်းများ စီစဉ်ထားရှိခြင်းတို့ကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၃၃။ ကုန်တင်ကုန်ချလုပ်ငန်းသဘောသဘာဝအရ အလုပ်ချိန်တိတိကျကျ သတ်မှတ်ရန် မဖြစ်နိုင်သော်လည်း မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော အလုပ်သမားဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၄။ အလုပ်သမား လုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် အလုပ်သမားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၅။ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများ မဖြစ်ပွားစေရေးနှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**မှတ်ချက်**။ အလုပ်ခွင်စည်းကမ်းဖောက်ဖျက်ခြင်းများကို ပြဋ္ဌာန်းသင့်ပြီး ထပ်မံဖောက်ဖျက်ကျူးလွန်သည့် ဆိုးသွမ်းအလုပ်သမားများအား ပြစ်ဒဏ်များချမှတ်နိုင်ရန် ပြဋ္ဌာန်းသင့်သည်။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၃၆။ မည်သည့်အလုပ်ရှင် (သို့မဟုတ်) အလုပ်သမားမဆို ပုဒ်မ (၉)၊ ပုဒ်မ (၁၀) အရ စည်းကမ်းချက်တစ်ခုခုကိုသော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ပါက ကျပ် ( ) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ( ) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်ဖြစ်စေ ချမှတ်ရမည်။

**မှတ်ချက်။ ပုဒ်မ ၃၆ တွင် "ပုဒ်မ (၉)၊ ပုဒ်မ (၁၀) အရ စည်းကမ်းချက်တစ်ခုခုကိုသော်လည်းကောင်း" ပါရှိရာ ပုဒ်မ (၉) မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များဖြစ်ကြောင်းနှင့် ပုဒ်မ (၁၀) မှာ သက်ဆိုင်ရာမြို့နယ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခွင့်ရှိစေရန်**

**ပြဋ္ဌာန်းချက်ဖြစ်ကြောင်း တွေ့ရသဖြင့်၊ တားမြစ်ချက်များ၊ စည်းကမ်းချက်များ မဟုတ်သဖြင့် အဆိုပါ ပုဒ်မ ၃၆ အား ရှင်းလင်းစေရန် ပြန်လည်စိစစ်သင့်ပါသည်။**

## အခန်း (၁၄)

## အထွေထွေ

၃၇။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကို မဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၈။ ယခင် မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် ဤဥပဒေ အရ ဖွဲ့စည်းထားသည့်ကော်မတီများထံ လုပ်ငန်းနှင့်လုပ်ပိုင်ခွင့်အရပ်ရပ်ကို ပြည်နယ်အစိုးရအဖွဲ့၏ တာဝန် ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၉။ ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်အရ ယခင် ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး နိုင်သည်။

၄၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ်အစိုးရအဖွဲ့

# ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ (မူကြမ်း)

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ချင်းပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ**ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဆ) **ပြည်နယ်ဦးစီးဌာနမှူး**ဆိုသည်မှာ ချင်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအကြီးအကဲကို ဆိုသည်။

(ဇ) **ကော်မရှင်**ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်။

(ဈ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ည) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဋ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဌ) **ဝန်ထမ်း**ဆိုသည်မှာ ကော်မတီက ခန့်အပ်ထားသူများကို ဆိုသည်။

(ဍ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကို ဆိုသည်။

(ဎ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ဝင်ထွက်သွားလာပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များနှင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်။

(ဏ) **ယာဉ်ပိုင်ရှင်**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်ယာဉ်၏ ပိုင်ရှင်ကို ဆိုသည်။

(တ) **ယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်၏ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များကို ဆိုသည်။

(ထ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့သည် ကော်မတီကို ကော်မရှင်၏ကြီးကြပ်မှုဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ကော်မတီဝင် အနည်းဆုံး ၅ ဦးမှ ၉ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်။

(ဃ) ကော်မတီသည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များကို မိမိ၏စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် မော်တော်ယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်။

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ယာဉ်အင်အားပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစား ပြောင်းလဲခြင်းတို့ကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်။

(ဂ) မော်တော်ယာဉ်လိုင်း ဂိတ်များ၊ မှတ်တိုင်များ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်။

(ဃ) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်ကို လက်ရှိ မော်တော်ယာဉ်လိုင်းမှ အခြားမော်တော်ယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူကာ ဆောင်ရွက်ရမည်။

(င) ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံဆွေးနွေးရမည်။

(စ) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ရမည်။

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

(ဈ) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။

(ည) အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများ ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း၊

(ဂ) လိုအပ်ပါက ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ မော်တော်ယာဉ်လိုင်းများနှင့် မော်တော်ယာဉ်ဂိတ်များ လိုက်နာရန် စည်းကမ်းသတ်မှတ်ခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဘဏ္ဍာရေး

၆။ ကော်မတီသည် -

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) မိမိ၏ရန်ပုံငွေကို သီးခြား ဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲရမည်။

(ဂ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲနိုင်သည်။

(ဃ) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၇။ ကော်မတီသည် -

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) မိမိ၏ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ် ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၈။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထား နိုင်သည်။

(ဂ) ဝန်ထမ်းများ ခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းထက် ကျော်လွန် သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲ အား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၉။ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်နယ်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် သတ်မှတ်ရမည်။

၁၀။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့် စာရင်းများနှင့်စပ်လျဉ်း၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၂။ အစိုးရအဖွဲ့သည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရား အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ ပုဒ်မ ၁၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံးငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၁၆။ ကော်မတီ၏ သက်တမ်းမှာ (၂) နှစ်ဖြစ်သည်။

၁၇။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၁၈။ ဤဥပဒေသည် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ၊ ၁၉၆၄ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၅ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများ၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၁၉။ ကော်မတီသည် -

(က) ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သူအား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့် ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၂၀။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်နိုင်သည်။

၂၁။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၂။ ပုဒ်မ ၁၃ နှင့် ၁၄ တို့အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၂၃။ ကြီးကြပ်မှုကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၄။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ၊

( ခ ) အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၅။ (က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာန၏ လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၆။ ကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ်

## အမိန့်ကြော်ငြာစာအမှတ်၊ /၂၀၁၃

၁၃၇၅ ခုနှစ်၊ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## နိဒါန်း

ချင်းပြည်နယ်အစိုးရအဖွဲ့သည် ချင်းပြည်နယ် **ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ** ပုဒ်မ ၂၅ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေသည် ချင်းပြည်နယ်အတွင်း **ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး နည်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါရှိသော စကားရပ်များသည် ချင်းပြည်နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရေယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင်ရေယာဉ်ကို အသုံးပြု၍ စီးပွားရေးလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုလိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(င) **ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ အစိုးရ အဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ နိုင်ငံတော်ပိုင်မဟုတ်သည့် ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **မှတ်ပုံတင်ကြေး**ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်အရ တရားဝင်လုပ်ကိုင်ပြေးဆွဲခွင့်ပြုထားသော ရေယာဉ်အသင်းများ၊ ကုမ္ပဏီများနှင့် အဆိုပါရေယာဉ်အသင်းများ၊ ကုမ္ပဏီများတွင် ဝင်ရောက် ပြေးဆွဲရန် လုပ်ငန်းလိုင်စင်ရယူပြီးသောရေယာဉ်များအား ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့် အညီ ကောက်ခံသောငွေကြေးကို ဆိုသည်။

(ဇ) **စည်းကြပ်ခ**ဆိုသည်မှာ ပြည်နယ်အတွင်း နေ့စဉ်ဝင်ထွက်ပြေးဆွဲနေသော ရေယာဉ်များအား စည်းကြပ်စစ်ဆေးခြင်းအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ကောက်ခံသည့် ငွေကြေးကို ဆိုသည်။

(ဈ) **ဒဏ်ကြေး**ဆိုသည်မှာ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များ ရေယာဉ်စည်းကမ်းများ၊ ကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာမှုမရှိခြင်းအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့် အညီ ကောက်ခံသည့်ငွေကြေးကို ဆိုသည်။

## အခန်း (၂)
## ရွေးချယ်ရေးကော်မရှင်ဖွဲ့စည်းခြင်း

၃။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ကြီးကြပ်၍ ကော်မတီကို ဖွဲ့စည်းရမည်။

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၄။ ရွေးချယ်ရေးကော်မရှင်သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ယှဉ်ပြိုင်အရွေးခံမည့်ကော်မတီဝင်လောင်းအား သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်။

(ခ) မည်သည့်ကော်မတီဝင်လောင်းမဆို ဗဟိုဦးစီးစနစ်ဖြင့် တိုက်ရိုက်ခန့်အပ်ခြင်း မပြုရန်။

(ဂ) ခရီးသည်တင်ရေယာဉ်အသင်း၊ ကုန်တင်ရေယာဉ်အသင်းနှင့် စက်မြင်းအား ၂၀ အောက် စက်တပ်ရေယာဉ်အသင်းများသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့က သတ်မှတ်ပေးသည့်အချိုးအစားအတိုင်းကို ဆန္ဒမဲစနစ်ဖြင့်ရွေးချယ်ရန်။

(ဃ) ကော်မတီရွေးချယ်ရေးအစည်းအဝေး မကျင်းပမီ ရက်သတ္တပတ် နှစ်ပတ် ကြိုတင်၍ ဖိတ်ကြားရန်။

(င) နေ့ရက်၊ အချိန်၊ နေရာသတ်မှတ်ပြီး ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်။

(စ) ကော်မတီရွေးချယ်ပွဲကျင်းပရန် တက်ရောက်ခွင့်ရှိသည့် ယာဉ်ပိုင်ရှင်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်း တက်ရောက်မှသာ ရွေးချယ်ပွဲအထမြောက်သည်။ အထမမြောက်ပါက ရွေးချယ်ပွဲ ထပ်မံကျင်းပရန်နှင့် ယင်းရွေးချယ်ပွဲတွင် တက်ရောက်ခွင့်ရှိသည့် ယာဉ်ပိုင်ရှင်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်လျှင် ရွေးချယ်ပွဲအထမြောက်သည်ဟု အတည်ပြုရန်။

(ဆ) ရွေးချယ်ခြင်းခံရသည့် ကော်မတီဝင်အမည်စာရင်းကို ကြေညာရန်။

(ဇ) ရွေးချယ်ခံရသည့် ကော်မတီဝင်အမည်စာရင်းကို အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရန်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၅။ မြို့နယ်အလိုက် ကော်မတီဖွဲ့စည်းမှုကို ကော်မရှင်၏ ကြီးကြပ်မှုဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရသည် -

(က) သက်ဆိုင်ရာ မြို့နယ်အခြေစိုက် ကုန်တင်ရေယာဉ်အသင်းများ၊ ခရီးသည်တင်ရေယာဉ်အသင်းများနှင့် စက်မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်အသင်းများမှ ကိုယ်စားလှယ်တို့ ပါဝင်ဖွဲ့စည်းရမည်။

(ခ) ကော်မတီဝင် အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်။

၆။ မြို့နယ်အလိုက် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကော်မတီဝင်များကို အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသော ရေယာဉ်ပိုင်ရှင်များထဲမှ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည် -

(က) ယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ မြို့နယ်အခြေစိုက်ရေယာဉ်အသင်းဝင်ထဲမှဖြစ်သူ။

(ခ) ကော်မတီရွေးချယ်မည့် မြို့နယ်အတွင်း အခြေစိုက်နေထိုင်သူ။

(ဂ) အသက် ၂၅ နှစ် ပြည့်ပြီးသူ။

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်သူ။

(င) နေ့ညအချိန်အခါမရွေး တာဝန်ထမ်းဆောင်နိုင်သူ။

(စ) အများကြည်ညိုလေးစားခြင်း ခံရသူ။

၇။ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မတီတစ်ရပ်လုံးကို တာဝန်မှ ရပ်စဲ၍ အသစ်ပြန်လည်ဖွဲ့စည်းရေးကို ဆောင်ရွက်ရမည် -

(က) ဥပဒေပုဒ်မ ၄ ပါ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ရေယာဉ်ပိုင်ရှင် ၇၅ ရာခိုင်နှုန်းက ကော်မတီကိုဖျက်သိမ်းပေးရန် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ အကျိုးအကြောင်း ခိုင်လုံစွာ တင်ပြခြင်း။

၈။ ကော်မတီဝင်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ယင်းကော်မတီဝင်အား တာဝန်မှရပ်စဲ၍ အစားထိုးရွေးချယ်စေရမည် -

(က) ဥပဒေပုဒ်မ ၄ ပါ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းမရှိခြင်း။

(ခ) ရေယာဉ်ပိုင်ဆိုင်မှု မရှိခြင်း။

(ဂ) နည်းဥပဒေ ၆ ပါ ကော်မတီဝင်အရည်အချင်းနှင့် ကိုက်ညီမှု မရှိခြင်း။

(ဃ) ကွယ်လွန်ခြင်း။

၉။ ကော်မတီဝင်တစ်ဦးဦးက မိမိဆန္ဒအလျောက် နုတ်ထွက်ရန် တင်ပြလာပါက နုတ်ထွက်ခွင့်ပြုပြီး အစားထိုးရွေးချယ်ရမည်။

၁၀။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ဘဏ္ဍာရေးမှူးရာထူးနေရာ လစ်လပ်ပါက ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် သင့်လျော်သည့် ကော်မတီဝင်တစ်ဦးဦးအား ပူးတွဲတာဝန်ထမ်းဆောင်စေ၍ ရက်သတ္တပတ် နှစ်ပတ်အတွင်း ဥပဒေနှင့်အညီ အစားထိုးရွေးချယ်ရမည်။

## **အခန်း (၅)**
## **ကော်မတီနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များ**

၁၁။ ကော်မတီသည် -

(က) ရေယာဉ်လိုင်းအသစ် ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ရေယာဉ်အင်အားပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစား ပြောင်းလဲခြင်းနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြားဆောင်ရွက်လိုသည့်ကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်ဖြင့် လျှောက်ထားတင်ပြလာပါက ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့်အတူ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) နည်းဥပဒေပုဒ်မခွဲ (က) ပါ ကိစ္စရပ်များနှင့်ပတ်သက်၍ လျှောက်ထားလာသည့်အခါ အောက်ပါစာရွက်စာတမ်းများပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးရမည် -

(၁) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် လျှောက်လွှာ။

(၂) လုပ်ငန်းစီမံချက်တွင် ရေယာဉ်အသင်းအမည်၊ အသင်းဖွဲ့စည်းပုံ၊ ပြေးဆွဲမည့်ခရီးစဉ်ဒေသ၊ နေ့စဉ်ပြေးဆွဲမည့်စီးရေ၊ ရေယာဉ်လိုင်စင် မှတ်ပုံတင်အမှတ်၊ ရေယာဉ်အမည်၊ ရေယာဉ်အရေအတွက်၊ ရပ်နားမည့်ဂိတ်နေရာ၊ ရေယာဉ်စီးခနှုန်းထားများ ဖော်ပြရန်။

(၃) လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။

(ဂ) နည်းဥပဒေခွဲ (က) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်စာရင်းရေးသွင်းရမည်။

(ဃ) ခရီးသည်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခနှုန်းထားများကို အခါအားလျော်စွာ သင့်လျော်သည့်နှုန်းထား သတ်မှတ်ပေးနိုင်ရန် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တွက်ချက်ပုံနှင့်တကွ အဆိုပြုတင်ပြရမည်။

(င) ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေးအတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲ၍ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူထုတ်ပြန်နိုင်သည်။

(စ) ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များကို ရေယာဉ်မထွက်ခွာမီ ရေယာဉ်လိုင်စင်၊ ရေယာဉ်အုပ်စုလက်မှတ်၊ စက်ခန်းအုပ်လက်မှတ် ပြည့်စုံမှု ရှိ မရှိ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမှု ရှိ မရှိ၊ ရေယာဉ်ဝန်တင်မျဉ်း (Load Line) ထက် ပိုမိုတင်ဆောင်ခြင်း ရှိ မရှိ၊ အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်း၊ မီးသတ်ဆေးဘူး၊ ရေပုံးအလွတ်များ ပါရှိမှု ရှိ မရှိ၊ ဝန်တင်မျဉ်းရေးဆွဲထားခြင်း ရှိ မရှိ၊ ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဖြင့် ကြီးကြပ်စစ်ဆေးရမည်။

(ဆ) ခရီးသည်ပို့ဆောင်ရေးဆိပ်ကမ်းများ၊ ကုန်တင်ရေယာဉ်ဆိပ်ကမ်းများတွင် ရေယာဉ်များ စနစ်တကျသတ်မှတ်ချိန်အတိုင်း ဝင်ထွက်ခြင်း၊ ရပ်နားခြင်းများရှိစေရန် ကြီးကြပ်ကွပ်ကဲရမည်။

(ဇ) ခွင့်ပြုထားသည့် ခရီးစဉ်၊ လမ်းကြောင်း၊ သတ်မှတ်ဆိပ်ကမ်းနေရာများတွင် ရပ်နားခြင်းမရှိသည့်ရေယာဉ်များအား သတ်မှတ်ဒဏ်ကြေး ပေးဆောင်စေရမည်။

(ဈ) လုပ်ငန်းလိုင်စင်နှင့် ရေယာဉ်လိုင်စင်သက်သေခံလက်မှတ် ပါ မပါ လိုင်စင်သက်တမ်းလွန် မလွန် စစ်ဆေးပြီး စည်းကမ်းညီညွတ်မှုမရှိပါက သတ်မှတ်ဒဏ်ကြေး ပေးဆောင်စေရမည်။

(ည) မိမိအုပ်ချုပ်မှုအောက်ရှိ ဒေသအခြေပြုသည့်ရေယာဉ်များနှင့် အခြားဒေသမှ လာရောက်ပြေးဆွဲသည့် ရေယာဉ်များ၏ အသင်းဝင် ရေယာဉ်စီးဆင်းရေ၊ ပြေးဆွဲသည့်ခရီးစဉ်၊ နေ့စဉ်ပြေးဆွဲစီးရေ၊ ခေါက်ရေ၊ ခရီးသည်ဦးရေ၊ တင်ဆောင်သည့် ကုန်တင်ချိန်တို့ကို သတ်မှတ်ပုံစံဖြင့်ပြုစုထားရှိပြီး ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ လစဉ် အစီရင်ခံစာတင်ပြရမည်။

(ဋ) ရေယာဉ်ပိုင်ရှင်များအား ယာဉ်အာမခံ၊ ခရီးသွားအာမခံ၊ ကုန်သွယ်ခွန်အပြည့်အဝပေးဆောင်စေရန်နှင့် ၎င်းတို့၏ အကျိုးခံစားခွင့်အာမခံ မြန်ဆန်စွာရရှိရေးအတွက် ကြီးကြပ်ကူညီဆောင်ရွက်ပေးရမည်။

(ဌ) သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက အသင်းဝင်ရေယာဉ်များအား ဒေသအာဏာပိုင်အဖွဲ့က ပေးအပ်သည့်တာဝန်ကို အလှည့်ကျစနစ်ဖြင့် ထမ်းဆောင်စေရမည်။

(ဍ) ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ကမ်းနေရာများ၊ ကြီးကြပ်စစ်ဆေးရေးစခန်းနေရာများဖွင့်လှစ်ရန်အတွက် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကရေယာဉ်အသင်းများ လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက်များ**

၁၂။ ရေယာဉ်အသင်းများသည် -

(က) သမဝါယမ သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင်လျှောက်ထားရမည်။

(ခ) ရေယာဉ်ပိုင်ဆိုင်မှုရှိမှသာ ရေယာဉ်လိုင်းလျှောက်ထားရမည်။

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှ ရေယာဉ်အသင်းတစ်ခုခု၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိရမည်။

(ဃ) အသင်းတစ်ခုတွင် ရေယာဉ်စီးရေ၊ အနည်းဆုံး ငါးစီးရှိရမည်။

(င) အများဆုံး သက်တမ်း သုံးနှစ်ရှိရမည်။ သက်တမ်းကုန်ဆုံးပါက ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကော်မတီတွင် မှတ်တမ်းတင်စာရင်းသွင်းရမည်။

(စ) အသင်းဂိတ်ရုံးများ ထားရှိဆောင်ရွက်စေရမည်။

(ဆ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီသို့ ရောက်ရှိထွက်ခွာသတင်းပို့ပြီး ခရီးသည်ဦးရေစာရင်းနှင့် ကုန်တင်ဆောင်မှုစာရင်းများ ပေးပို့ရမည်။

(ဇ) နိုင်ငံတော်ပိုင် စီမံကိန်းဝင်ပစ္စည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းပိုင်ပစ္စည်းများအား သယ်ဆောင်ရာတွင် အငြင်းပွားမှုမဖြစ်ပေါ်စေရန်အတွက် တရားဝင်စာချုပ်ချုပ်ဆိုပြီးမှသာ ဆောင်ရွက်ရမည်။

## အခန်း (၆)

## ကော်မတီ၏ရငွေနှင့်သုံးငွေများ သတ်မှတ်ခြင်း

**ရငွေများ**

၁၃။ ရငွေများကို အောက်ပါအတိုင်း သတ်မှတ်ရမည် -

(က) ရေယာဉ်အသင်း၊ ဆိပ်ကမ်းများထံမှ သတ်မှတ်ထားသောမှတ်ပုံတင်ကြေးကောက်ခံခြင်း။

(ခ) မိမိဒေသရှိ ရေယာဉ်ဆိပ်ကမ်းအတွင်း ဝင် ထွက်ရပ်နားသော အခြေစိုက်ရေယာဉ်နှင့် အခြားအခြေစိုက်သောရေယာဉ်များကို ယာဉ်ထွက်ခွာသည့်အခါ သတ်မှတ်ထားသောနှုန်းထားဖြင့် စည်းကြပ်ကောက်ခံခြင်း။

(ဂ) ရေယာဉ်စည်းကမ်းနှင့်ကော်မတီ၏စည်းကမ်းများအား လိုက်နာရန်ပျက်ကွက်သော ရေယာဉ်အသင်း၊ ရေယာဉ်များအား စည်းကြပ်ရာတွင် ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဃ) ကော်မတီ၏ရင်းနှီးမြှုပ်နှံမှုများမှ အမြတ်ငွေရရှိခြင်း။

(င) ငွေကြေးကောက်ခံမှုကိစ္စရပ်များကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(စ) ကော်မတီ၏ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းခွဲများ ဆောင်ရွက်ရန် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သို့ တင်ပြခြင်းများ ဆောင်ရွက်ရမည်။

၁၄။ ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ငွေကြေးများကို ကောက်ခံရမည်။

**သုံးငွေများသတ်မှတ်ခြင်း**

၁၅။ ကော်မတီသည် လစဉ်ဝင်ငွေအရပ်ရပ်ကို အောက်ပါရာခိုင်နှုန်းအတိုင်း ခွဲဝေသုံးစွဲရမည် -

(က) ဝန်ထမ်းလစာငွေ - ၃၀%

(ခ) ရေယာဉ်အသင်းများအား နှစ်စဉ်ဆုကြေးချီးမြှင့်ရန် စုဆောင်းခြင်း - ၅%

(ဂ) ကော်မတီဝင်များအား ဆုကြေးချီးမြှင့်ခြင်း - ၁၀%

(ဃ) ရင်းနှီး၊ မြှုပ်နှံ၊ စုဆောင်းခြင်း - ၁၀%

(င) ရေယာဉ်ဝန်ထမ်းများအတွက် ဆုချီးမြှင့်ခြင်း - ၅%

(စ) လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကိစ္စရပ်များတွင် လှူဒါန်းခြင်းနှင့်ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများတွင်သုံးစွဲခြင်း - ၂၀%

(ဆ) ရုံးလုပ်ငန်း - ၁၀%

(ဇ) အထွေထွေသုံးစွဲခြင်း - ၁၀%

၁၆။ ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ငွေစာရင်းခေါင်းစဉ် ပြောင်းလဲသုံးစွဲရမည်။

၁၇။ ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းခွဲများ ဆောင်ရွက်ရမည်။

## အခန်း (၇)
## အဆောက်အဦနှင့်ပစ္စည်းများ ထိန်းသိမ်းခြင်း

၁၈။ ကော်မတီသည် -

(က) ယာဉ်၊ စက်၊ အဆောက်အဦ ပစ္စည်းများကို လယ်ဂျာစာရင်းဖြင့် စနစ်တကျပြုစုထားရမည်။

(ခ) ယာဉ်၊ စက်၊ အဆောက်အဦများကို အလုံးစုံအာမခံနှင့် မီးအာမခံထားရှိရမည်။

(ဂ) နှစ်စဉ် မြေပေါ်ပစ္စည်းလက်ကျန်စာရင်းကို အဖွဲ့ဖြင့် စစ်ဆေးကောက်ခံရန်နှင့် ပျောက်ဆုံးပျက်စီး ပစ္စည်းများကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြပယ်ဖျက်ရမည်။

(ဃ) ပစ္စည်းဝယ်ယူမှုရှိတိုင်း အဖွဲ့ဖြင့် ဝယ်ယူခြင်း၊ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် လယ်ဂျာသွင်းခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၈)
## ဘဏ္ဍာရေး

၁၉။ ကော်မတီသည် -

(က) ဘဏ္ဍာငွေနှင့် ပုံသေပိုင်ပစ္စည်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်စာရင်းစစ်အဖွဲ့၏ အတည်ပြုစစ်ဆေးပြီးမှသာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ၏ ဘဏ္ဍာငွေနှင့် ပုံသေပိုင်ပစ္စည်းများအဖြစ် လွှဲပြောင်းလက်ခံရယူရမည်။

(ခ) ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ရေးဆွဲ၍ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူ ဆောင်ရွက်ရမည်။

(ဂ) ကော်မတီပိုင်ငွေကို မြန်မာ့စီးပွားရေးဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့၏ အမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ရမည်။

(ဃ) ငွေကြေးသုံးစွဲခြင်းကို ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ပြီးမှ သုံးစွဲရမည်။

(င) ရေယာဉ်ပိုင်ရှင်များပါဝင်သည့် အစည်းအဝေးများကို ခြောက်လတစ်ကြိမ် ခေါ်ယူကျင်းပရမည်ဖြစ်ပြီး ငွေစာရင်းရှင်းတမ်းများကို အစည်းအဝေးတွင် မှတ်တမ်းတင်ရမည်။

(စ) အရေးပေါ်သုံးစွဲရန်လိုအပ်ပါက ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးခွင့်ပြုချက်ဖြင့်ထုတ်ယူပြီး အနီးဆုံးအစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

(ဆ) ငွေကြေးထုတ်ယူသုံးစွဲရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး သုံးဦးအနက် နှစ်ဦး၏လက်မှတ်ဖြင့် ထုတ်ယူသုံးစွဲရမည်။

(ဇ) ကျပ်သိန်းနှစ်ဆယ်နှင့်အထက် ရင်းနှီးမြှုပ်နှံခြင်းအတွက် သုံးစွဲမှုများကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သုံးစွဲရမည်။

(ဈ) ငွေပေးငွေယူကိစ္စရပ်များတွင် တတ်နိုင်သရွေ့ ချက်လက်မှတ်ဖြင့် အသုံးပြုရမည်။

(ည) ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည့်အခါ ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီမှ အဖွဲ့ဝင်အဖြစ် လိုက်ပါဆောင်ရွက်ရမည်။

၂၀။ ကော်မတီသည် အောက်ပါကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်း သတ်မှတ်ထုတ်ပြန်နိုင်သည်။

(က) ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း။

(ခ) ဘဏ်စာရင်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း။

(ဂ) ဘဏ္ဍာရေးလုပ်ပိုင်ခွင့်သတ်မှတ်ခြင်း။

(ဃ) ငွေများ လက်ခံထိန်းသိမ်းခြင်း။

(င) အသုံးစရိတ်များကို သုံးစွဲခြင်း။

(စ) ငွေစာရင်းထိန်းသိမ်းခြင်း။

(ဆ) ပစ္စည်းဝယ်ယူ၊ လက်ခံထိန်းသိမ်းခြင်း။

(ဇ) အထွေထွေ။

၂၁။ ကော်မတီဝင်များနှင့် ဝန်ထမ်းများ၏ထောက်ပံ့ကြေးနှင့်လစာနှုန်းများကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့တင်ပြပြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိမှသာ သုံးစွဲရမည်။

၂၂။ အဆိုပါထောက်ပံ့ကြေးနှင့် လစာနှုန်းထားသည် နိုင်ငံတော်ဝန်ထမ်းများ၏လစာနှုန်းထား ပြောင်းလဲမှုများရှိပါက ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သုံးစွဲရမည်။

## အခန်း (၉)
## ဝန်ထမ်းဖွဲ့စည်းခြင်း

၂၃။ ကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းကဏ္ဍအလိုက် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲများဖြင့် ဖွဲ့စည်းရမည်။ လိုအပ်သည့်ဝန်ထမ်းအင်အားကို ကျစ်လျစ်စွာဖွဲ့စည်းပြီး ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခန့်ထားနိုင်သည်။

၂၄။ ကော်မတီသည် သုံးဦးထက်မနည်းသောအဖွဲ့ဖြင့် ဝန်ထမ်းများ ရွေးချယ်ခန့်ထားရမည်။

၂၅။ ကော်မတီအောက်တွင် ဝန်ထမ်းအဆင့်အလိုက် ခန့်ထားရမည့် ရာထူးအမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | **အဆင့်** | **ရာထူးအမည်** |
|---|---|---|
| (က) | အဆင့် (၁) | ဥက္ကဋ္ဌ (ငှာနမှူး) |
| (ခ) | အဆင့် (၂) | ဒု-ဦးစီးမှူး၊ ကြီးကြပ်ရေးမှူး |
| (ဂ) | အဆင့် (၃) | အကြီးတန်းစာရေး၊<br>လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>ဒု-ကြီးကြပ်ရေးမှူး |
| (ဃ) | အဆင့် (၄) | အငယ်တန်းစာရေး၊<br>ဒု-လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>လ/ထ ကြီးကြပ်ရေးမှူး |
| (င) | အဆင့် (၅) | ယာဉ်မောင်း |
| (စ) | အဆင့် (၆) | ရုံးအကူ၊ စာပို့ |

၂၆။ ကော်မတီသည် ဝန်ထမ်းများကို အစမ်းခန့်ကာလ သုံးလအတွင်း အကျင့်စာရိတ္တ၊ တာဝန်ကျေပွန်မှု၊ အလုပ်အကိုင်ကျွမ်းကျင်မှုတို့နှင့်စပ်လျဉ်း၍ ကျေနပ်ဖွယ်ရာရှိပါက အတည်ပြုခန့်ထားနိုင်သည်။ အစမ်းခန့်ကာလအတွင်း ကျေနပ်ဖွယ်ရာမရှိပါက ဝန်ထမ်းကို ရာထူးမှ ရပ်စဲနိုင်သည်။

၂၇။ ကော်မတီသည် အောက်ဖော်ပြပါ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြ၍ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲရမည် -

(က) ဝန်ထမ်း စတင်ခန့်ထားခြင်း။

(ခ) ရာထူးပြောင်းရွှေ့ခန့်ထားခြင်း။

(ဂ) ရာထူးတိုးမြှင့်ခန့်ထားခြင်း။

(ဃ) နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း။

(င) သာမန်အလုပ်ချိန်သတ်မှတ်ခြင်းနှင့် အချိန်ပိုဆောင်ရွက်စေခြင်း။

(စ) အခကြေးငွေပေးခြင်းနှင့်အခြားရပိုင်ခွင့်များ။

(ဆ) ခွင့်ခံစားခြင်း။

(ဇ) ဝန်ထမ်းများ ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့်စည်းကမ်းများ၊

(ဈ) ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူခြင်း။

## အခန်း (၁၀)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၂၈။ ကော်မတီပိုင် မတည်ပစ္စည်းနှင့် ငွေစာရင်းများကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

၂၉။ ရုံးအကြီးအကဲ (ဌာနမှူး) သည် -

(က) ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့်စာရင်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှု ခံယူရမည်။

**အခန်း (၁၁)**

**အထွေထွေ**

၃၀။ ကော်မတီသည် ချင်းပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးဆောင်ရွက်လျက်ရှိသည့် ခရီးသည်တင်ရေယာဉ်၊ ကုန်တင်ရေယာဉ်နှင့် စက်မြင်းကောင်ရေ ၂၀ အောက် စက်တပ်ရေယာဉ်များကို စည်းကမ်းထိန်းသိမ်းရန်အတွက် ရေယာဉ်များတွင် သတ်မှတ်ထားသောအမှတ်အသားတံဆိပ်များ တပ်ဆင်ထုတ်ပေးခွင့်ပြုရန် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

# ချင်းပြည်နယ်
# အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ (မူကြမ်း)

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ရက် )

**နိဒါန်း**

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ချင်းပြည်နယ်အတွင်း အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော ချင်းပြည်နယ်တစ်ဝန်းလုံးတွင် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့်လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရ**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးကို ဆိုသည်။

(စ) **ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ**ဆိုသည်မှာ ချင်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ရေအားသုံးစက်မှုဖြစ်စေ၊ လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဇ) **အသေးစားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အောက်ရှိ လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ဈ) **အလတ်စားလျှပ်စစ်ဓာတ်အား**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်မှ ၅၀ မဂ္ဂါဝပ်အထိ ဓာတ်အားကို ဆိုသည်။

(ည) **လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ပိုင်ခွင့်**ဆိုသည်မှာ အလတ်စားနှင့်အသေးစား လျှပ်စစ် ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို အများပြည်သူ သုံးစွဲနိုင်ရန်ဖြစ်စေ၊ ပုဂ္ဂလိကပိုင် သုံးစွဲနိုင်ရန်ဖြစ်စေ၊ စီးပွားရေးအရ ဓာတ်အားဖြန့်ဖြူးရောင်းချရန်ဖြစ်စေ၊ အခြားကိစ္စရပ်များတွင် သုံးစွဲရန်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်ရေးအတွက် စူးစမ်းရှာဖွေခြင်းကို ဆိုသည်။

(ဌ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ ရေအားသုံးစက်မှုဖြစ်စေ၊ လေအားသုံးစက်မှုဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှုဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံးစက်မှုဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ်ဓာတ်အားကို စနစ်တကျထုတ်လုပ်ခြင်းကို ဆိုသည်။

(ဍ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ ရောက်ရှိစေရန် ဓာတ်အားလိုင်းများ သွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျ ပို့လွှတ်ခြင်းကို ဆိုသည်။

(ဎ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စစ်တို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူထံ စနစ်တကျ ဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဏ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ် ဗို့အားနှင့်လျှပ်စစ်တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကို ဆိုသည်။

(တ) **လျှပ်စစ်ဓာတ်အားစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြုခြင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်။

(ထ) **လျှပ်စစ် စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ် စစ်ဆေးရေးလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ဝန်ကြီးက ဖွဲ့စည်းပေးထားသော အဖွဲ့ကို ဆိုသည်။

(ဒ) **လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူ**ဆိုသည်မှာ ၅၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓာတ်အားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများထံ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့်အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(န) **လျှပ်စစ်ကျွမ်းကျင်လုပ်သား**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အတွင်း လူနေမှုအဆင့်အတန်း မြင့်မားစေရန်နှင့် လျှပ်စစ်စွမ်းအား ပိုမိုတိုးတက် ထုတ်လုပ်သုံးစွဲမှုရရှိစေရန်။

(ခ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်။

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်။

(ဃ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်။

(င) အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ

၅။ အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၆။ အစိုးရသည် အောက်ပါလျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည် -

(က) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိကလုပ်ငန်းများ။

(ခ) အခြားသီးခြားအဖွဲ့အစည်းများ။

၇။ အစိုးရသည် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ) ပါ လုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

၈။ အစိုးရသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည် -

(က) လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

## အခန်း (၄)
## လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားကိုသာ ထုတ်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားတိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်။ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်။

(ဃ) ရေအားလျှပ်စစ်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက်ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းကို ထိခိုက်မှုမရှိစေရ။

(င) စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် မရှိစေရ။

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ရမည်။

(ဆ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သော မြေနေရာရရှိရေး အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူရမည်။

(ဇ) အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

(ဈ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်းသုံးစွဲပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များ အတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်။

(ည) လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်။

(ဋ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့် ရက်အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့်ရှိသည်။

၁၀။ လျှပ်စစ်အန္တရာယ် ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ ပြုလုပ် ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ်စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်း မရှိစေရ။

(ခ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်းရိုက်ရာတွင် အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အားကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မရှိစေရ။

(ဂ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရ။

၁၁။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာရရှိအောင် ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရှိသူသည် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားရမည်။

## အခန်း (၅)
## လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှပ်စစ် စစ်ဆေးရေးအဖွဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ -

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့်နေရာများ၊ အများပြည်သူနှင့်သက်ဆိုင်ရာနေရာ များကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဂ) လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျ တောင်းခံခြင်း။

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့် ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူ နေထိုင်ရာနေရာ၌ ဓာတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့်နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း။

(စ) လျှပ်စစ်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း။

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဇ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း။

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာ စစ်ဆေးခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၃။ လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် မိမိအားအပ်နှင်းထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၄။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူအသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံအလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၅။ လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန်ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့်ပတ်သက်၍ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာများကိုစစ်ဆေး၍ မည်သူ့တွင် တာဝန်ရှိသည်ကို အဆုံးအဖြတ်ပေးရမည်။

၁၆။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့် ပစ္စည်းကိရိယာများ မှန်ကန်မှုရှိ မရှိ စသည့် ကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၁၇။ ပုဒ်မ ၁၆ အရ လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## အခွန်အခပေးဆောင်ခြင်း

၁၈။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူသည် နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားမတည်ငွေဖြင့် လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အစိုးရက သတ်မှတ်

ထားသည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားပမာဏအလိုက် ကျသင့်သည့် အခွန်အခကို ပေးဆောင်ရမည်။

၁၉။ အစိုးရအဖွဲ့သည် ပြည်နယ်အကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၇)
## အဆောက်အဦနှင့်ပစ္စည်းများ ထိန်းသိမ်းခြင်း

၂၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း။

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့် ပြုခြင်း။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်အဖြစ် ဆိုင်းငံ့ခြင်း။

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၁။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဖြန့်းတီးခြင်း၊ တရားမဝင်ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၂။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် (၃) သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)
## လျော်ကြေးသတ်မှတ်ခြင်း

၂၃။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ မစွမ်းမသန်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး။

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော လျော်ကြေး။

၂၄။ မည်သူမဆို ပုဒ်မ ၂၃ အရ ထိခိုက်နစ်နာလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီးဆုံးရှုံးသော ပစ္စည်းအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

## အခန်း (၁၀)

## အထွေထွေ

၂၅။ လျှပ်စစ်ဓာတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျှင် နစ်နာမှု လျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်။

၂၆။ ဤဥပဒေပုဒ်မ ၂၁ အရ တရားစွဲဆိုသော ပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၇။ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ကို ထုတ်ပေးနိုင်သည်။

၂၈။ ပြည်နယ်အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ ၎င်းဆောင်ရွက်နေသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်းပေါ်ပေါက်ခဲ့လျှင် အစိုးရအဖွဲ့သည် ကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ ဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်သင့်ပါသည်။

# ချင်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ (မူကြမ်း)

# ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်     ။ )

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း   ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ       ရက် )

## နိဒါန်း

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေသည် **ချင်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချင်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်။

(င) **ယစ်မျိုးခွန်**ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အရက်ပြန်ပါသည့်အရက်များ သို့မဟုတ် ယစ်မူးစေတတ်သော အရာများနှင့်စပ်လျဉ်းပြီး စီမံခန့်ခွဲသည့် သို့မဟုတ် အမိန့်ချမှတ်သည့် အခွန်၊ အကောက်၊ အခ၊ လျော်ကြေး၊ ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းတစ်စုံတစ်ရာမှ ရရှိသည့် သို့မဟုတ် ရထိုက်သည့်အခွန်ကို ဆိုသည်။ သို့သော် ထိုစကားရပ်တွင် သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့် ငွေဒဏ်မပါဝင်။

(စ) **ယစ်မျိုးသက်ဝင်ပစ္စည်း (Excisablearticle)** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အရက်ပြန်ပါသည့် ပြည်တွင်းချက်အရက်များနှင့် နိုင်ငံခြားအရက်များ အပါအဝင် ယစ်မူးစေတတ်သောအရာများပါ တစ်စုံတစ်ရာကို ဆိုသည်။

(ဆ) **ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable goods)** ဆိုသည်မှာ ပေးဆောင်ရသည့် ယစ်မျိုးခွန်နှင့် စပ်လျဉ်းပြီး ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့် အရက်ပြန်ပါ ချက်အရက်များ၊ နိုင်ငံခြားအရက်များ၊ ဘီယာများ၊ သောက်ပျော်သည့်အရက်၊ မူလသတ္တိပျက်ပြီးအရက် စသည်ဖြင့် သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်။

(ဇ) **အရက် (Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် (Alcoholic Liquor) ၂ ရာခိုင်နှုန်းထက်ပို၍ ပါဝင်သောအရည်များကို ခေါ်သည်။ ၎င်းတို့တွင် ထန်းရည်နှင့် ဤဥပဒေအရ အရက် (Alcoholic Liquor) ဖြစ်ကြောင်း မြန်မာနိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသော အရာများလည်း ပါဝင်သည်။

(ဈ) **ဘီယာ (Ale.Stout.Porter)** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း (Ale.Stout.Porter) နှင့် မုယောစပါးကို ကစော်ဖောက်၍ ပြုလုပ်လေ့ရှိသော အရက်ပြန်ပါဝင်သည့် အခြားအရက်များ အပါအဝင် မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာများကို ဆိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်အရက် တစ်စုံတစ်ရာကိုမဆို ဆိုသည်။

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ ဓနိအုန်း၊ ပေစသည့် အပင်အမျိုးမျိုးမှထွက်သော အရည်ကို ဆိုသည်။

(ဌ) **တည်အရက် (Fermenter Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုသည်။ (လျှော်စာရည်၊ ခေါင်ရည် စသည်များ)

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန်မသင့်အောင် ပြုပြင်ပြီးသည်ကို ဆိုသည်။

(ဏ) **ချက်လုပ်ခြင်း**ဆိုသည်မှာ စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ၊ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကို ထွက်ရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်။

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation) ။

(၃) အရက်ပြန်ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole Sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အခြင်၊ အတွယ်၊ အတိုင်းရောင်းချခြင်းကို ဆိုသည်။

(ထ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားသည့် အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်း မရှိစေရန်။

(ခ) သေရည်သေရက်ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု ရောင်းချမှု မရှိစေရန်။ ဥပဒေနှင့်အညီ စည်းကမ်းတကျ ရောင်းချရန်။

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာမဟုတ်ဘဲ တရားမဝင် ချက်လုပ်သည့်အရက်များ ဝယ်ယူသောက်သုံးခြင်းကြောင့် အရက်ကြောင့်ဖြစ်ပွားသော ရောဂါများ လျော့နည်းစေရန်နှင့် သေရည်သေရက် ရောင်းချခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူစေရန်။

(ဃ) ပြည်နယ်အတွင်း ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ တိုးတက်ရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ ပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရသည် ဘဏ္ဍာရေးနှစ်အလိုက် ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားများကို တစ်နှစ်တစ်ကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေးငွေကျပ် ၅၀၀,၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေပေးသွင်းရမည်။

၆။ လိုင်စင်ရရှိသူသည် လိုင်စင် ငွေကျပ် ၅၀၀,၀၀၀ အထက်မှ ငွေကျပ် ၃,၀၀၀,၀၀၀ အထိဖြစ်ပါက လိုင်စင်ချထားသည့်အချိန်တွင် ကျသင့်ငွေ၏တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ် နှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၃,၀၀၀,၀၀၀ အထက်ဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်းပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုးခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၁၀။ ယစ်မျိုးဥပဒေနှင့်ပတ်သက်၍ တားမြစ်ချက်နှင့်ပြစ်ဒဏ်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

(က) ယစ်မျိုးခွန်လိုင်စင်ကြေးပေးသွင်း၍ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ထုတ်ပြန်သတ်မှတ်ထားသော လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန်တာဝန်ရှိသည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက လိုင်စင်ကို ပြန်လည်သိမ်းယူခွင့်ရှိသည်။

(ဂ) ယစ်မျိုးခွန် ပေးသွင်းထားသော အမျိုးအစားမဟုတ်သည့် ယစ်မျိုးပစ္စည်းများကို ရောင်းချပါက ၁၉၅၄ ခုနှစ်၊ ချင်းဝိဒေသတိုင်း ယစ်မျိုးနည်းဥပဒေများတွင် ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံရမည်ဖြစ်ပြီး ယင်းဥပဒေပါ ပြစ်ဒဏ်များကို ကျခံစေရမည်။

## အခန်း (၅)
## အထွေထွေ

၁၁။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန်ငွေကြေးအားလုံးကို ပေးဆောင်ရန်ပျက်ကွက်လျှင် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၃။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေ အမှတ်    ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## နိဒါန်း

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေသည် **ချင်းပြည်နယ်အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ချင်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များ ဂုဏ်ထူးရပစ္စည်းများ ချီးမြှင့်ရေးဆိုင်ရာ ပဏာမစိစစ်ရွေးချယ်ရေးကော်မတီကို ဆိုသည်။

(င) **ဂုဏ်ထူးဆောင်လက်မှတ်**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်။

(စ) **ဂုဏ်ထူးဆောင်ဆုပစ္စည်း**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း (၂)
## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၃။ အစိုးရအဖွဲ့သည် ချင်းပြည်နယ် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ရေးဆိုင်ရာ ပဏာမစိစစ်ရွေးချယ်ရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းမည်။

၄။ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ချီးမြှင့်ရမည် -

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) ချင်းပြည်နယ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချင်းပြည်နယ် အစိုးရအဖွဲ့နှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ။

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ။

(စ) စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များ။

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ။

(ဈ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ထူးချွန်သူများ ထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

## အခန်း (၃)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၅။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၁) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၂) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၃) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် ချင်းပြည်နယ်ဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ချင်းပြည်နယ်ဥပဒေချုပ်က ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် ချင်းပြည်နယ်စာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) ချင်းပြည်နယ်စာရင်းစစ်ချုပ်က ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၅) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူးတို့က တပ်မမှူး/ပြည်နယ်မှူးထံ ထောက်ခံတင်ပြရန်။

( ခ ) တပ်မမှူး/တိုင်းမှူးက ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၀။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၆) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ချင်းပြည်နယ်အုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

( ခ ) ချင်းပြည်နယ်အုပ်ချုပ်ရေးမှူးက ကော်မတီမှတစ်ဆင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း (၄)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၁။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့သည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် -

(က) နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

( ခ ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေးခံရခြင်း၊

( ဂ ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်း ပေါ်ပေါက်သဖြင့် ရာထူးမှထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသော ပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းခံလိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြသည်နှင့်အညီ ချင်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် ပတ်သက်၍ မမှန်မကန်တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

( င ) နိုင်ငံတော်နှင့် ချင်းပြည်နယ်၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

( စ ) ချင်းပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်းအချက်တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၅)

## အထွေထွေ

၁၂။ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

**နောက်ဆက်တွဲ ပုံစံ (၁)**

**ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------
(ခ) အဘအမည် ----------------------------------------
(ဂ) အသက် ----------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------
(င) အဆင့်/တာဝန် ----------------------------------------
(စ) လုပ်ငန်းဌာန ----------------------------------------
(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ သက်ဆိုင်ရာ ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------
ရပ်ကွက်/ကျေးရွာအုပ်စု ----------------------------

ရက်စွဲ၊ ----------------------

၄။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ ----------------------

၅။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ -----------------------

၆။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိ အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ -----------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

------------------------------ ဝန်ကြီးဌာန

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၂)**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------

(ခ) အဘအမည် ----------------------------------------

(ဂ) အသက် ----------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------

(င) အဆင့်/တာဝန် ----------------------------------------

(စ) လုပ်ငန်းဌာန ----------------------------------------

(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ ----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ ----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------

ဌာန ------------------------------

ရက်စွဲ၊ ------------------------

၆။ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ၊ ------------------------

နောက်ဆက်တွဲ ပုံစံ (၃)

**ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------
(ခ) အဘအမည် ----------------------------------------
(ဂ) အသက် ----------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------
(င) အဆင့်/တာဝန် ----------------------------------------
(စ) လုပ်ငန်းဌာန ----------------------------------------
(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ ----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------
ဌာန ----------------------------

ရက်စွဲ၊ ----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက် ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး -----------------------------

ဌာန -----------------------------

ရက်စွဲ၊ -----------------------

၆။ ပြည်နယ်ဥပဒေချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ပြည်နယ်ဥပဒေချုပ်

ရက်စွဲ၊ -----------------------

နောက်ဆက်တွဲ ပုံစံ (၄)

**ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ**
**ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------
(ခ) အဘအမည် ----------------------------------------
(ဂ) အသက် ----------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------
(င) အဆင့်/တာဝန် ----------------------------------------
(စ) လုပ်ငန်းဌာန ----------------------------------------
(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ မြို့နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------
ဌာန ------------------------------

ရက်စွဲ၊ -----------------------

၄။ ခရိုင်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------
ဌာန ------------------------------

ရက်စွဲ၊ -----------------------

၅။ ပြည်နယ်အဆင့် ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------
ဌာန ------------------------------

ရက်စွဲ၊ ------------------------

၆။ ပြည်နယ်စာရင်းစစ်ချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ပြည်နယ်စာရင်းစစ်ချုပ်

**နောက်ဆက်တွဲ ပုံစံ (၅)**

**တပ်မတော်သားများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် -----------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း -----------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် -----------------------------------------
(ခ) အဆင့် -----------------------------------------
(ဂ) အမည် -----------------------------------------
(ဃ) အသက် -----------------------------------------
(င) အမှုထမ်းသက် -----------------------------------------
(စ) တပ်ဖွဲ့ -----------------------------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

တပ်စုမှူး/တပ်ခွဲမှူး

ရက်စွဲ၊ -----------------------

၄။ တပ်ရင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

တပ်ရင်းမှူး

ရက်စွဲ၊ -----------------------

၅။ တပ်မမှူး/တိုင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ၊ -----------------------

**နောက်ဆက်တွဲ ပုံစံ (၆)**

**အခြားပုဂ္ဂိုလ်များအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**
**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့်ဂုဏ်ထူးဆောင်လက်မှတ် ------------------------------------------
သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------
(ခ) အဘအမည် ------------------------------------------
(ဂ) အသက် ------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------
(င) အဆင့်/တာဝန် ------------------------------------------
(စ) လုပ်ငန်းဌာန ------------------------------------------
(ဆ) နေရပ်လိပ်စာ ------------------------------------------

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
----------------- ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ၊ -----------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

မြို့နယ်အုပ်ချုပ်ရေးမှူး
----------------- မြို့နယ်

ရက်စွဲ၊ -----------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ခရိုင်အုပ်ချုပ်ရေးမှူး
------------------ ခရိုင်

ရက်စွဲ၊ ------------------------

၆။ ပြည်နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

ပြည်နယ်အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ ------------------------

# ချင်းပြည်နယ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ (မူကြမ်း)
# ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ချင်းပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သစ်တောနယ်မြေ**ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းသတ်မှတ်ကြေညာထားသည့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကို ဆိုသည်။

(ခ) **အစိုးရစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေအရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခြင်း၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်။

(ဂ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

(ဃ) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာခွင့်ပြုချက်အရ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော ထင်းစိုက်ခင်းကို ဆိုသည်။

(င) **ကျေးရွာပိုင်ထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးထိန်းသိမ်းပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် သက်ဆိုင်ရာခွင့်ပြုချက်အရ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်။

(စ) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ဆ) **ပြည်နယ်အစိုးရ**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောဦးစီးဌာနကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ချင်းပြည်နယ် သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဌ) **သစ်တောအရာရှိ**ဆိုသည်မှာ ချင်းပြည်နယ်၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဍ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီကို ဆိုသည်။

(ဎ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော အစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကာကွယ်တောများတွင် ထင်းစိုက်ခင်းများ သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ချင်းပြည်နယ်၏ စီးပွားဖွံ့ဖြိုးမှုကို တစ်စိတ်တစ်ပိုင်းမှ အထောက်အကူပြုစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူပြုစေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားများ ခံစားနိုင်စေရန်၊

(ခ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာတိုးမြှင့်အသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမှ ကာကွယ်ရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိစေရန်။

## အခန်း (၃)
## ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်စိုက်ခင်းတည်ထောင်ခြင်း

၄။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်စိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဥပဒေပါ အခြေခံမူများအရ သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ပုဒ်မ-၄ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ချက်နှင့် သဘောထားမှတ်ချက်ပေးရန် သက်ဆိုင်ရာကော်မတီသို့ တောင်းခံရမည်။

၆။ ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်တို့ကို ရရှိလျှင်-

(က) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ပြည်နယ်ဝန်ကြီးထံ တင်ပြရမည်။

(ခ) ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသော နယ်မြေဒေသသည် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေတွင် ဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ ပြည်နယ်ဝန်ကြီးထံသို့ တင်ပြရမည်။

၇။ ပြည်နယ်ဝန်ကြီးသည် -

(က) ညွှန်ကြားရေးမှူးက ပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ တင်ပြချက်အပေါ် သစ်တောနယ်မြေအတွင်းတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ဆောက်ခွင့်ကို ခွင့်ပြုသည့် အမိန့်ချမှတ်ရမည်။

(ခ) ညွှန်ကြားရေးမှူးက ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်အပေါ် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေတွင် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ကို မိမိ၏ သဘောထားမှတ်ချက်ဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၈။ ချင်းပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၇၊ ပုဒ်ခွဲ (ခ) အရ ပြည်နယ်ဝန်ကြီးက တင်ပြသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့် အမိန့်ချမှတ်ရမည်။

၉။ ညွှန်ကြားရေးမှူးသည် ပြည်နယ်ဝန်ကြီးထံမှ အစိုးရခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့် အမိန့် ချမှတ်ရမည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ပြည်နယ်ဝန်ကြီးသည် -

(က) ပြည်နယ်အတွင်းရှိ သင့်လျော်သည့် ခရိုင် သို့မဟုတ် မြို့နယ်များတွင် ထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) အဖွဲ့ဝင် (၇) ဦးမှ (၉) ဦးအထိပါဝင်သော ခရိုင် သို့မဟုတ် မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေး ကော်မတီများကို အောက်ပါပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

(၁) မြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊

(၂) မြို့နယ် သို့မဟုတ် ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊

(၃) မြို့နယ် သို့မဟုတ် ခရိုင်သစ်တောဦးစီးမှူး၊

(၄) မြို့နယ် သို့မဟုတ် ခရိုင်မန်နေဂျာ၊ စိုက်ပျိုးရေးဦးစီးဌာန၊

(၅) မြို့မိမြို့ဖကိုယ်စားလှယ်များ၊ ကျေးရွာဒေသခံ တိုင်းရင်းသားကိုယ်စားလှယ် (၃) ဦး သို့မဟုတ် (၅) ဦး။

(ဂ) အပိုင်း (ခ) တွင် ဖော်ပြသည့် ကြီးကြပ်ရေးကော်မတီဝင်ပုဂ္ဂိုလ်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကို သတ်မှတ်ပေးရမည်။

၁၁။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၁၂။ ကော်မတီလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးမှ စိစစ်ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်လွှာ များကို စိစစ်၍ ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်တွင် စည်းကမ်းဖောက်ဖျက်မှုများကို စစ်ဆေး၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းများမှ ထုတ်ယူသုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးရေးတို့ကို စည်းကမ်းတကျ ဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများကို တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သော အကြံပြုချက်များကို ညွှန်ကြားရေးမှူး၊ ဝန်ကြီးတို့ထံ တင်ပြခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းများ အသုံးပြုသူများစာရင်း ပြောင်းလဲမှုရှိပါက စိစစ်၍ အတည်ပြုပေးခြင်း။

## အခန်း (၅)
## သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ထင်းစိုက်ခင်းအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများ အသိပေးခြင်း၊ ညွှန်ပြပေးခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများ၏ အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်း တည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်းရောင်းချမှု၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးကြီးကြပ်ခြင်း၊

(ဆ) ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို **"အသုံးပြုသူများအဖွဲ့"** ၏ အဖွဲ့ဝင်များ သိရှိလိုက်နာစေရန် ကြီးကြပ်ခြင်း။

**မှတ်ချက်။** ဤတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေပါ ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်လည်း လျော်ညီမှုရှိရမည်။

## အခန်း (၆)
## ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်သူ၏ လုပ်ငန်းတာဝန်များ

၁၄။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၅။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်သူသည် စိုက်ပျိုးထိန်းသိမ်း သုံးစွဲရန် ကော်မတီ၏ခွင့်ပြုချက်ဖြင့် **"အသုံးပြုသူများအဖွဲ့"** ကို ဖွဲ့စည်းရမည်။

၁၆။ **"အသုံးပြုသူများအဖွဲ့"** သည် သက်ဆိုင်ရာကော်မတီ၏ ကြီးကြပ်မှုကို ခံယူ၍ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၇။ **"အသုံးပြုသူများအဖွဲ့"** သည် ဝန်ကြီးဌာနက ထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၈။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်လိုသူသည် ပြည်နယ်ဝန်ကြီး သို့မဟုတ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ရရှိမှသာ လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

၁၉။ ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်သူနှင့် အသုံးပြုသူများအဖွဲ့သည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ မှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်ရေးဆွဲတင်ပြရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်းမပြုရန်၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်။

## အခန်း (၇)
## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၂၁။ မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သို့မဟုတ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည် -

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်ခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း၊

(ဃ) အခြားသင့်လျော်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်။

၂၂။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိ/မရှိ၊ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာမှုရှိ/မရှိ စစ်ဆေးရမည်။

၂၃။ သစ်တောအရာရှိသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်းကို သတ်မှတ်ပေးသည့် အခွန်အခပေး ဆောင်ရွက်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကားသူအား ကျပ်တစ်သောင်းထက်မပိုသော ဒဏ်ကြေးငွေနှင့် သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး ဆက်လက်ရောင်းချခွင့်ပြုနိုင်သည်။

## အခန်း (၈)
## အယူခံခြင်း

၂၄။ (က) ဤဥပဒေအရ ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်။

(ခ) ကော်မတီ သို့မဟုတ် သစ်တောအရာရှိက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၅။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၆။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံးမြေကို တူးဆွခြင်းနှင့်မီးပေါ့ဆစွာ အသုံးပြုခြင်းများ မပြုရ။

၂၇။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုရ။

၂၈။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၉။ မည်သူမဆို ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် (၁၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် (၁၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် (၁၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် (၁) နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် (၁၀၀၀၀၀) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာ များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ရမည်။

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၆။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ခ) ဤဥပဒေ၏ အခန်း (၁၀) ပါ ပြစ်ဒဏ်များအရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသူတို့ကို နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်ရန် သစ်တော ဦးစီးဌာနသို့ ထုတ်ပေးနိုင်သည်။

## အခန်း (၁၁)
## အထွေထွေ

၃၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၈။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများ အရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၃၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရား များကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၀။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ် သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိတို့အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်း မရှိစေရ။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# ချင်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ (မူကြမ်း)

## ( ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်      / ၂၀၁၃ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ နှင့် ဇယား (၂) စဉ် (၃) (စ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန**ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(စ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သို့မဟုတ် မြို့နယ်ခွဲဦးစီးဌာနမှူးကို ဆိုသည်၊

(ဆ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊

(ဇ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ ငါးသားဖောက်ခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသယံဇာတနှင့် ဂေဟဗေဒစနစ်များ ထိန်းသိမ်းခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်၊

(စျ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်၊

(ည) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်၊

(ဋ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့်ငါးဖမ်းရေယာဉ်ကို အထောက်အကူ ပြုသည့် ယာဉ်များလည်း ပါဝင်သည်၊

(ဌ) **ယာဉ်**ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရာတွင် အသုံးပြုသော စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ ဖြစ်စေ ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်၊

(ဍ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ပြည်နယ်၏ နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီ ရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စား ခိုအောင်း ပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ် တွင် အငှား ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ရေလှောင်တမံများရှိ ရေပြင်များ၊ အစိုးရဌာနတစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များလည်း ပါဝင်သည်၊

(ပ) **အငှားဂရန်အင်း**ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန် ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုသော ရေပြင်ကို ဆိုသည်၊

(ဏ) **သီးသန့်အင်း**ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်၊

(တ) **ဘေးမဲ့အင်း** ဆိုသည်မှာ ငါးမျိုးပြုန်းတီးမှုမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ရေချိုငါးလုပ်ငန်း ရေပြင်အတွင်း နယ်နိမိတ်သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အမြဲတမ်း ပိတ်ပင်တားမြစ် ထားသောရေပြင် သို့မဟုတ် မည်သူမျှ ငါးမဖမ်းဆီးရန် သတ်မှတ်ထားသောရေပြင်ကို ဆိုသည်၊

(ထ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဦးစီးဌာနက အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းဟု သတ်မှတ်ထားသောနေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(ဒ) **အငှားဂရန်**ဆိုသည်မှာ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်၊

(ဓ) **လိုင်စင်**ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်၊

(န) **တင်ဒါလိုင်စင်**ဆိုသည်မှာ ဦးစီးဌာနက လိုင်စင်ချထားရာတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကို ဆိုသည်၊

(ပ) **ပြန်အမ်းငွေ**ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ပြည်နယ်အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို

ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြား ခိုင်လုံသောအကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခ အနက် လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကို ဆိုသည်၊

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်၊

(ဗ) **ရေလုပ်သား**ဆိုသည်မှာ ငါးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်သူကို ဆိုသည်၊

(ဘ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်မှရရှိသော ငါး၊ သက်ရှိ ရေသတ္တဝါများ၊ ယင်းတို့မှ ပြုပြင်ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်းများ၊ ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ အပင်များ၊ သက်မဲ့ ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ကဏန်း၊ ခရု၊ ယောက်သွား၊ ပက်ကျိ၊ မျှော့၊ လိပ်နှင့် ဥများ၊ ခရုခွံ၊ ပုစွန်ခွံ၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(မ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများအား မူလအခြေအနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲ ခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး၊ ထုတ်လုပ် ဆောင်ရွက်သည့် အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ် စသည်တို့ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးကြေမှုန့် ပြုလုပ်ခြင်း၊ ငါးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်း များလည်း ပါဝင်သည်၊

(ယ) **ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံ**ဆိုသည်မှာ ပြုပြင်မွမ်းမံခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို လုပ်ဆောင်သော အလုပ်ရုံ၊ စက်ရုံကို ဆိုသည်၊

(ရ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ငါးလုပ်ငန်းများ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယံဇာတများ လျော့နည်းပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ငါးနေငါးထိုင်တောများနှင့် ၎င်းတို့၏ ဂေဟစနစ်များပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) ပြည်နယ်အတွက် ရသင့်ရထိုက်သောအခွန်အခများ ရရှိစေရန်၊

(င) တရားမဝင် ငါးလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ကာကွယ်တားဆီးရန်၊

(စ) ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(ဆ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်စေရန်၊

(ဇ) ငါးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန်၊

(ဈ) ငါးလုပ်ငန်းကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်ရန်။

## အခန်း (၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ သီးသန့်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ဦးစီးဌာနတွင် လျှောက်ထားလုပ်ကိုင်ရမည်။

၆။ အငှားဂရန်အင်း၊ သီးသန့်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခွန်ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခြင်းနှင့် ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပြည်နယ်ဦးစီးဌာနမှူးထံတွင် လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ ပြည်နယ်ဦးစီးမှူးသည် အောက်ပါကိစ္စရပ်များအတွက် သက်ဆိုင်ရာဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အငှားဂရန်နှင့်လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၉။ အငှားဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြား ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စကို သက်ဆိုင်ရာခရိုင်ဦးစီးမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းပြုလုပ်၍ ပြည်နယ်ဦးစီးမှူးထံ တင်ပြရမည်။

၁၀။ ပြည်နယ်ဦးစီးမှူးသည် အငှားဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့တွင် ဝန်ကြီး၏အတည်ပြုချက် ရယူရမည်။

၁၁။ ပြည်နယ်ဦးစီးမှူးသည် ပုဒ်မ ၁၀ အရ အတည်ပြုချက် ရယူပြီးမှသာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၁၂။ မြို့နယ်ဦးစီးမှူးသည် ငါးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများတွင် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ ပါဝင်လုပ်ကိုင်လိုသူက ရေလုပ်သားမှတ်ပုံတင်လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ရေလုပ်သားမှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

၁၃။ မြို့နယ်ဦးစီးမှူးသည် အငှားဂရန်နှင့်တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုသတ်မှတ်ထားသော ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်းလျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

၁၄။ မြို့နယ်ဦးစီးမှူးသည် ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်လိုသောယာဉ်များက လျှောက်ထားလာလျှင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

## အခန်း (၄)
## အခွန်အခများ ပေးဆောင်ခြင်း

၁၅။ အငှားဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါခွန်နှင့်လိုင်စင်ခွန်တို့ကိုလည်းကောင်း လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၆။ နှစ်ရှည်အငှားဂရန်အင်း သို့မဟုတ် သီးသန့်အင်းအခွန်များကို ဦးစီးဌာနသို့ သတ်မှတ်ထားသည့် နေ့ရက်အတွင်း ပေးဆောင်ရမည်။ အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အခွန်ငွေများအပြင် သတ်မှတ်ထားသည့်ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၇။ အငှားဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်ကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၈။ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ပါအခွန်အခများကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီးပေးဆောင်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ခွန်၊

(ခ) ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ခွန်၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ်အခွန်၊

(ဃ) ရေထွက်ပစ္စည်း သယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်ကတ်အခွန်။

၁၉။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့်အခြားကျသင့် ငွေများကို ပေးဆောင်ရမည်။

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် အခြား အခွန်အခများကို -

(က) နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်ဖြစ်ပါက ကျသင့်သောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

## အခန်း (၅)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်းပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါ အားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် မြို့နယ်ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့်ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်၊

(င) ဦးစီးဌာနကသတ်မှတ်သည့် စည်းကမ်းများနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်။

၂၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) အငှားဂရန်နှင့် တင်ဒါလိုင်စင်အတွက် ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။

## အခန်း (၆)

## ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၂၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဌာန၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း၊

၂၄။ ဝန်ကြီးသည် သီးသန့်အင်းလုပ်ကိုင်ခွင့်ကို ပြည်နယ်ဦးစီးမှူး၏တင်ပြချက်အရ ခွင့်ပြုနိုင်သည်။

၂၅။ ဝန်ကြီးသည် အောက်ပါကိစ္စများအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည် -

(က) နှစ်ရှည်အငှားဂရန် ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၂၆။ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်နိုင်သည်။

၂၇။ ဝန်ကြီးသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၂၈။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၄၄ ပါ အယူခံခြင်းကိစ္စများကို ဆောင်ရွက်ပေးနိုင်သည်။

၂၉။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စများကို ပြည်နယ်ဦးစီးဌာနမှူး၏တင်ပြချက်အရ ဆောင်ရွက်ပေးနိုင်သည်။

၃၀။ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းများလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အငှားဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊

(ဂ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကောက်ခံခြင်း၊ သုံးစွဲခြင်းကို ဆောင်ရွက်ပေးခြင်း၊

## အခန်း (၇)

## ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၁။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန် မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခနှုန်းထားများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဂ) အင်းဂရန်အသစ်များသတ်မှတ်ခြင်းကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြ၍ ပြည်ထောင်စုစာရင်းဝင် အငှားဂရန်အင်းအဖြစ် အတည်ပြုခြင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(ဆ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစားကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဇ) လုံလောက်သောအကြောင်းရှိလျှင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အငှားဂရန်အင်းတစ်ခုခုကို လေလံဆွဲဝယ်ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အငှားဂရန်ချထားရန် ညွှန်ကြားခြင်း၊

(ဈ) ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးဌာနမှူးများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) အင်းအိုင်ပြန်တမ်းမိတ္တူများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း။

၃၂။ ပြည်နယ်ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် အပါအဝင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်များကို ထုတ်ပေးခြင်း၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် စီမံဆောင်ရွက်ခြင်း။

၃၃။ ပြည်နယ်ဦးစီးမှူးသည် ငါးလုပ်ငန်း ရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဝန်ကြီး၏သဘောတူညီချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်းပြုနိုင်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်စေပြီး ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ပြည်နယ်ဘဏ္ဍာငွေအဖြစ် ဘဏ်သို့ပေးသွင်းစေခြင်း။

၃၅။ ပြည်နယ်ဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

၃၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူအား အောက်ပါကိစ္စရပ်များ စစ်ဆေးတွေ့ရှိပါက အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အငှားဂရန်နှင့်လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းအပါအဝင် အခြား လုံလောက်သော အကြောင်းပြချက်ရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၈)
## ပြန်အမ်းငွေလျှောက်ထားခြင်း

၃၇။ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) ပြည်နယ်အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၈။ ပုဒ်မ ၃၇ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်၍ ပြည်နယ်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

၃၉။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေထုတ်ပေးရန်အတွက် ဝန်ကြီးထံသို့ တင်ပြဆောင်ရွက်ရမည်။

၄၀။ ဝန်ကြီး၏ဆုံးဖြတ်ချက်အရ ပြည်နယ်ဦးစီးဌာနမှူးက ပြန်အမ်းငွေထုတ်ပေးရန် အမိန့်ချမှတ်ရမည်။

## အခန်း (၉)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၄၁။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် -

(က) ခွင့်ပြုကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးက စစ်ဆေး တွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၀)
## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၄၂။ ဦးစီးဌာနမှူးသည် အောက်ပါ စစ်ဆေးခြင်းနှင့်အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ခံရသော ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြား ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် အငှား ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်း မပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ငါးဖမ်း ရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသောသက်သေခံပစ္စည်း များကို သိမ်းဆည်းခြင်း၊

(င) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲ ရောင်းချပြီး၊ ရောင်းရငွေကို ပြည်နယ်ဘဏ္ဍာငွေအဖြစ် ဘဏ်သို့ပေးသွင်းခြင်း။

(စ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် တရားစွဲဆိုရန် စီစဉ် ဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## အယူခံခြင်း

၄၃။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ခရိုင်ဦးစီး ဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(င) ဤဥပဒေအရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(စ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဆ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၄၄။ မည်သူမျှ ဤဥပဒေအရထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင်၊ ရေလုပ်သားမှတ်ပုံတင်ကတ် သို့မဟုတ် ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့် မှတ်ပုံတင်ကတ် မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၄၆။ ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်၊ အငှားဂရန်၊ ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်ကတ်များကို ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခြင်း မပြုရ။

၄၇။ မည်သူမျှ ပုဒ်မ (၄၇) အရ လွှဲပြောင်းပေးသောလိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်ကတ်များကို လက်ခံရယူ၍ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၈။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ ဒဏ်ကြေးနှင့် လိုင်စင်ခွန်တို့ကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၉။ မည်သူမျှ အငှားဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် ဘေးမဲ့အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ်များ၊ တဲများ ဆောက်လုပ်နေထိုင်ခြင်း။

၅၀။ ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ စွန့်ပစ်ခြင်း၊ အစားထိုးခြင်း၊ ပြောင်းလဲခြင်း၊

၅၁။ မည်သူမျှ ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

၅၂။ မည်သူမျှ တာဝန်ဝတ္တရားများဆောင်ရွက်နေသော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း မပြုရ။

၅၃။ မည်သူမျှ ဦးစီးဌာနမှူးက ငါးလုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာ၊ အခြားပစ္စည်းနှင့်ငွေ စသည်များကို ကွယ်ဝှက်ခြင်း သို့မဟုတ် ဦးစီးဌာနမှူး၏ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်ခြင်း မပြုရ။

၅၄။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြား မည်သည့်အပိတ်အဆို့ အတားအဆီးတစ်စုံတစ်ရာကိုမျှ စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၅။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများအား အနှောင့်အယှက်ဖြစ်စေရန်၊ ရေထုညစ်ညမ်းစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်စေရန် သက်ရှိသက်မဲ့သတ္တဝါကိုဖြစ်စေ၊ အရာဝတ္ထုပစ္စည်းတစ်ခုခုကိုဖြစ်စေ ရေထဲသို့ စွန့်ပစ်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်တွင်ဖန်တီးခြင်း မပြုလုပ်ရ။

၅၆။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၅၇။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏အရည်အသွေးကို ထိခိုက်စေပြီး၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ဓာတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်း၊

(ဂ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကို ထိခိုက်စေမည့် ရေ သို့မဟုတ် သတ္တု သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသောရေထွက်ပစ္စည်း။

၅၈။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း သို့မဟုတ် ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး သို့မဟုတ် ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊ မွေးမြူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်း၊

(င) လိုင်စင်အတုဖြင့် ငါးဖမ်းခြင်း။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၅၉။ မည်သူမဆို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်ကတ် သို့မဟုတ် ရေထွက်ပစ္စည်းသယ်ယူပို့ဆောင်ခွင့်မှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် အပါအဝင် ငါးလုပ်ငန်းလိုင်စင်များမရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၄၇ ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်ငွေနှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဂရန် သို့မဟုတ် တင်ဒါလိုင်စင်လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်း ခံရမည်။

၆၆။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)

## အထွေထွေ

၆၇။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သောပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသောငါးများ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့ စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြား စာရွက်စာတမ်း၊ ဓာတ်ပုံအထောက်အထားများဖြင့်သော်လည်းကောင်း တရားရုံးသို့ တင်ပြရမည်။

၆၈။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးလျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ဦးစီးဌာနမှူး၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၇၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သောကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၂။ ရေချိုငါးလုပ်ငန်းရေပြင်များနှင့်စပ်လျဉ်း၍ အငှားဂရန်နှင့်လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဦးစီးဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၇၃။ ဦးစီးဌာနသည် အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ရေချိုငါးလုပ်ငန်းရေပြင်တို့၏ နယ်နိမိတ်ပြမြေပုံများကို ခေတ်နှင့်လျော်ညီစွာ ရေးဆွဲပြုစုနိုင်ရန် သက်ဆိုင်ရာအစိုးရ၊ ဌာနများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၇၄။ ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့်ဒဏ်ကြေးငွေများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံ ရမည်။

၇၅။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်ဦးစီးဌာနမှူးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**[ ယခင်အပတ် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေမှအဆက် ]**

၁၉။ (ဇ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့် တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း။

(ဈ) မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ သွားလာနေထိုင်ရေးအတွက် အများပြည်သူ အသုံးပြုသော အဆောက်အအုံများ၊ လမ်းများနှင့်နေရာများကို ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လိုအပ် သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

(ည) အများပြည်သူသုံး ကိုယ်ပိုင်လမ်းများကို စည်းကမ်းချက်များ သတ်မှတ်၍ ဖောက်လုပ်ခွင့်ပြုခြင်း၊ ပြုပြင်ထိန်းသိမ်းစေခြင်းနှင့် ထိုလမ်းများ အဆင့်မီပါက အများပြည်သူဆိုင်ရာလမ်းအဖြစ် သတ်မှတ် ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။

(ဋ) အများပြည်သူဆိုင်ရာလမ်းများ မျက်နှာပြင်ညှိခြင်း၊ လမ်းများတွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လမ်းဘေး ဝဲ/ယာတွင် လိုအပ်သော အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း။

(ဌ) ရပ်ကွက်၊ လမ်းအမည်များ သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ်များ သတ်မှတ်ခြင်း။

(ဍ) အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများတွင် အတားအဆီးများ၊ မလွတ်မကင်း အန္တရာယ် ရှိသောအရာများနှင့် အဆောက်အအုံများမှ စွန်းထွက်သောအရာများကို ဖယ်ရှားစေခြင်းနှင့် ဖယ်ရှားခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။

(ဎ) အများပြည်သူဆိုင်ရာလမ်းများ ပြုပြင်ရန်အတွက်သော်လည်းကောင်း၊ အများပြည်သူအကျိုးနှင့် အရေးကြီးသောကိစ္စများ အသုံးပြုရန်အတွက်သော်လည်းကောင်း လမ်းကိုအချိန်ကာလကန့်သတ်၍ ပိတ်ထားမည့်အကြောင်း ကြိုတင်ကြေညာပြီး ခေတ္တပိတ်ထားခြင်း။

(ဏ) အများပြည်သူဆိုင်ရာလမ်းများ၊ အဆောက်အအုံများ၊ ဈေးများနှင့် လိုအပ်သောနေရာများတွင် လျှပ်စစ်မီး သို့မဟုတ် ဆိုလာမီးထွန်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အများပြည်သူသုံး ပုဂ္ဂလိကပိုင်လမ်းများတွင် လိုအပ်သော လျှပ်စစ်မီး သို့မဟုတ် ဆိုလာမီးထွန်းပေးစေခြင်း။

(တ) မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင်ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့် သပ်ရပ်သောဆေးရောင်များ သုတ်စေခြင်း၊ ဝင်းခြံ မခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့်ဝင်းခြံကို ပြုပြင်စေခြင်း။

(ထ) ပုဒ်မခွဲ (တ) အရ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးရန် ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံ တောင်းဆိုခြင်း။

## အခန်း (၇)
## ဈေးများစီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း

၂၀။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ဈေးများ၊ ဆိုင်များ၊ စားသောက်ဆိုင်များနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကော်မတီပိုင် အဆင့်မြင့်ဈေးများ တည်ဆောက်ခြင်း၊ အန္တရာယ်ရှိသော ဈေးဟောင်းများအား မူလဈေးသူဈေးသားများ နစ်နာမှုမရှိစေဘဲ ဖျက်သိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(ခ) ကိုယ်ပိုင်ဈေးများ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းနှင့် ကြီးကြပ်ခြင်း။

(ဂ) ကော်မတီပိုင်ဆိုင်ခန်းများကို စည်းကမ်းချက်များ သတ်မှတ်၍ အငှားချထားခြင်း၊ အငှားချထားခြင်းကို ရပ်စဲပြီး ပြန်လည်ရယူခြင်း။

(ဃ) လမ်းဘေးဈေးဆိုင်များ၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ ကုန်တိုက်၊ နံရံကပ်ဆိုင်၊ လှေကားခွင်တွင် ရောင်းချသည့်ဆိုင်၊ နေ့ဈေး၊ ညဈေးများ၊ လမ်းဘေးတွင် ကုန်စည်ခင်းကျင်းရောင်းချခြင်း၊ ခင်းကျင်းပြသခြင်း၊ ယာဉ်ဖြင့် လှည့်လည်ရောင်းချခြင်း၊ လက်ပွေ့ရောင်းချသူ၊ ခေါင်းရွက်ဗျပ်ထိုးရောင်းချသူ၊ အခြားနည်းအမျိုးမျိုးဖြင့် ရောင်းဝယ်ဖောက်ကားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စည်းကမ်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(င) ကျူးကျော်ဈေးများကို ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ စီမံခန့်ခွဲခြင်း။

၂၁။ ကော်မတီသည် ဆိုင်ခန်းအငှားချထားခြင်းခံရသူက မိမိအား အငှားချထားသောဆိုင်ခန်းကို တစ်ဆင့်ရောင်းချခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မူလဆိုင်ခန်းအငှားချထားခြင်းခံရသူ ကွယ်လွန်သဖြင့် မိသားစုဝင်များအား လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေး

၂၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်းရေးနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်အရည်အသွေးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) မြို့တော်သန့်ရှင်းသပ်ရပ်ရေး၊ သာယာရေး၊ လှပရေး၊ စိမ်းလန်းရေးနှင့်စိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း။

(ဂ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ထိုသို့ ဆောင်ရွက်ရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကို ပေးဆောင်စေရန် တောင်းဆိုခြင်း။

(ဃ) အများပြည်သူနှင့်သက်ဆိုင်သော ရေမြောင်းငယ်များတွင် စွန့်ပစ်ရေများ၊ အညစ်အကြေးရေများအား မြောင်းမကြီးမှတစ်ဆင့် ကောင်းမွန်စွာစီးဆင်းစေရန် ရေမြောင်းများကို ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းစေရန် ဆေးကြောရှင်းလင်းခြင်း။

(င) အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများနှင့် စက်ဆုပ်ဖွယ်အရာများကို သိမ်းဆည်းသယ်ယူစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြန်လည်ပြုပြင်သန့်စင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အဆိုပါ လုပ်ငန်းများအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း။

(စ) အမှိုက်များနှင့် နံစော်နေသောအရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သောအမှိုက်ပုံးများကို လုံလောက်စွာထားရှိစေခြင်း။

(ဆ) တည်းခိုခန်း၊ ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံတို့ကို ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း။

(ဇ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံများနှင့် ဖြေဖျော်ရေးခန်းမများကို ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် ညီညွတ်စေရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း။

(ဈ) အများပြည်သူဆိုင်ရာလမ်းများနှင့် နေရာများတွင် အများပြည်သူသုံး ရေဆွဲအိမ်သာများ ဆောက်လုပ်ထားရှိခြင်း၊ ထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဆိုပါ လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူပြီး စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း။

(ည) ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်အမှိုက်များနှင့် အီလက်ထရောနစ်စွန့်ပစ်အမှိုက်များကို စီမံခန့်ခွဲမှု ဆောင်ရွက်ခြင်း။

(ဋ) စွန့်ပစ်တိရစ္ဆာန်အသေများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ခြင်း။

(ဌ) မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နောက်ဖေးလမ်းကြားများ၌ အမှိုက်များ လုံးဝမစွန့်ပစ်စေရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးကို စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၉)

## ပြည်သူ့ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၃။ ကော်မတီသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) ကူးစက်ရောဂါများ ကျရောက်စေတတ်သည့် ကြွက်၊ ခြင်၊ ယင်နှင့် အခြားပိုးမွှားတိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

(ဂ) စားသုံးရန် မသင့်လျော်သောအစားအသောက်များနှင့် အရည်အသွေးညံ့ဖျင်းအောင် ရောစပ်ထားသော အစားအသောက်နှင့် ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန် ခင်းကျင်းခြင်းကို တားမြစ်ခြင်း၊ စားသောက်ကုန်များတွင် ခွင့်မပြု ဓာတုဆိုးဆေးများပါဝင်မှု ရှိ၊ မရှိနှင့် အရည်အသွေးစစ်ဆေးခြင်းကို ကော်မတီရှိ ဓာတ်ခွဲခန်းတွင် စစ်ဆေးဆောင်ရွက်စေခြင်း၊ ကြီးကြပ်ခြင်း။

(ဃ) အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

(င) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ မုန့်ဖိုများနှင့် စားသောက်ဆိုင်များ အပါအဝင် စက်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် အိမ်တွင်းမှုလုပ်ငန်း စသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း။

၂၄။ ကော်မတီသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ခွင့်၊ နေရာရွှေ့ပြောင်းခွင့်၊ လုပ်ငန်းခွင်နေရာအတိုင်းအတာ တိုးချဲ့ခွင့်၊ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းများ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း။

(ခ) အန္တရာယ်ရှိစေနိုင်သောပစ္စည်းများ၊ မီးလောင်လွယ်သောပစ္စည်းများ၊ လောင်စာများ စသည်တို့ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ စည်းမျဉ်းများ သတ်မှတ်ခြင်း။

(ဂ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

(ဃ) လုပ်ငန်းခွင်သုံးပစ္စည်းများ၊ ဇီဝပစ္စည်းများနှင့် ဓာတုပစ္စည်းများကို အချိန်ကြာမြင့်စွာကိုင်တွယ်ထိတွေ့အသုံးပြုမှုကြောင့် ကျန်းမာရေးအန္တရာယ်ထိခိုက်နိုင်သည့် လုပ်ငန်းများအား ကန့်သတ်ခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်း။

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်စေခြင်း။

## အခန်း (၁၀)

## ရေပေးရေးလုပ်ငန်းများနှင့်မိလ္လာသန့်စင်ရေးလုပ်ငန်းများ

၂၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ရေပေးရေးလုပ်ငန်းများနှင့် မိလ္လာသန့်စင်ရေးလုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် -

(က) အများပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရေပေးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း။

(ခ) ရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေအရင်းအမြစ်အသစ်များ ရှာဖွေသတ်မှတ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရေကန်များ၊ ရေလှောင်ကန်များ၊ စက်ရေတွင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။

(ဂ) ရေလွှဲရေပို့ပိုက်မကြီးများ၊ ရေပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်ခြင်း၊ ရေတွန်းစက်၊ ရေပို့စက်များ တပ်ဆင်အသုံးပြုခြင်း၊ ယင်းတို့ကို ပြုပြင်ထိန်းသိမ်းခြင်း။

(ဃ) ရေပိုက်လိုင်းများမှ သောက်သုံးရေကို ခွင့်ပြုချက်ဖြင့် နေအိမ်၊ အဆောက်အအုံအတွင်းသို့ ရေသွယ်ပိုက်ဖြင့် ဆက်သွယ်အသုံးပြုခွင့်ပေးခြင်း၊ သုံးစွဲခွင့်ပြုခြင်း။

(င) ရေပေးသွင်းရန် စီမံထားရှိသော ရေကန်များနှင့် ရေလှောင်ကန်များတွင် ရေချိုးခြင်း၊ လျှော်ဖွပ်ခြင်း၊ ရေဆေးကြောခြင်း သို့မဟုတ် ရေကို တစ်နည်းနည်းဖြင့် ညစ်ညမ်းစေခြင်းမပြုလုပ်ရန် တားမြစ်ခြင်း။

(စ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို ပိတ်ပင်တားမြစ်ခြင်း။

(ဆ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း။

(ဇ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း။

(ဈ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း။

(ည) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် သက်ဆိုင်ရာမြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း။

(ဋ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် တန်ဖိုးငွေကို မိလ္လာပိုက်၊ ရေပိုက် ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

(ဌ) သောက်သုံးရေနှင့် စွန့်ပစ်မိလ္လာအရည်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီ စီမံဆောင်ရွက်ခြင်း။

(ဍ) ရေပေးဝေရေးလုပ်ငန်းနှင့် မိလ္လာသန့်စင်ရေးလုပ်ငန်းများအတွက် လိုအပ်သောမြေနေရာများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပိုက်လိုင်းဆက်သွယ်တပ်ဆင်ရေးပစ္စည်းကိရိယာများ ဝယ်ယူခြင်း၊ ငှားရမ်းသုံးစွဲခြင်း သို့မဟုတ် ယင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေများအား ဤဥပဒေ အခန်း (၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်း။

(ပ) ရေပေးသွင်းရန် စီမံထားရှိသော ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပေးသွင်းရေးဆိုင်ရာ အဆောက်အအုံများ၊ ရေပိုက်လိုင်းများနှင့် မိလ္လာကန်များ၊ မိလ္လာကန်ငယ်များ၊ မိလ္လာပိုက်လိုင်းများအား ဝင်ရောက်စစ်ဆေးခြင်း။

(ဏ) ရေအရင်းအမြစ်ရရှိရေးနှင့် ရေပေးသွင်းရေးလုပ်ငန်းများ၊ မိလ္လာသန့်စင်ရေးလုပ်ငန်းများအတွက် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းသဘောတူပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း။

(တ) ရေပေးသွင်းရန် စီမံထားရှိသောရေကန်များ၊ ရေလှောင်ကန်များ၊ ရေပေးသွင်းရေးဆိုင်ရာ အဆောက်အအုံများ၊ ရေပိုက်လိုင်းများနှင့် မိလ္လာကန်များ၊ မိလ္လာကန်ငယ်များ၊ မိလ္လာပြွန်၊ မိလ္လာပိုက်လိုင်းများအား ထိခိုက်စေသော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော အဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ် ပစ္စည်းများထားရှိခြင်းကို တားမြစ်ခြင်း။

(ထ) ရေပေးဝေရေးလုပ်ငန်း၊ မိလ္လာသန့်စင်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အဆောက်အအုံ၊ ပိုက်လိုင်းနှင့် ဆက်စပ်ဧရိယာအဝန်းအဝိုင်း သတ်မှတ်ဧရိယာအတွင်း ယာယီဖြစ်စေ၊ အမြဲတမ်းနေထိုင်ရန်ဖြစ်စေ ကျူးကျော်ဝင်ရောက်နေထိုင်မှုမရှိရေးအတွက် ကြပ်မတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

## အခန်း (၁၁)

## တိရစ္ဆာန်များမွေးမြူခြင်း၊ ရောင်းချခြင်း၊ အသားထုတ်လုပ်၊ ပြုပြင်ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်များ သတ်ဖြတ်ခြင်း၊ သားငါးများရောင်းချခြင်းနှင့် ပြည်သူ့ကျန်းမာရေးအား အန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များ သုတ်သင်ရှင်းလင်းခြင်းကို စီမံခန့်ခွဲခြင်း

၂၆။ ကော်မတီသည် -

(က) အများပြည်သူ စားသုံးရန် မွေးမြူထားသော တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များ ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် တိရစ္ဆာန်များမှ လူများသို့ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက်

ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သီးခြားအစီအစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ခြင်း။

(ခ) ကျွဲ၊ နွားတိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်း၊ သိုလှောင်ရောင်းချခြင်း၊ ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(ဂ) ကျွဲ၊ နွားတိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များကို ထိန်းကျောင်းခြင်း၊ သယ်ဆောင်ခြင်း၊ စီးနင်းခြင်း တို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းအရေးယူခြင်း။

(ဃ) အများပြည်သူ စားသုံးရန်အလို့ငှာ သင့်လျော်သည့်နေရာတွင် အသားထုတ်လုပ်ခြင်းနှင့် အသား ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်း။

(င) ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲတို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ ပုဒ်မခွဲ (ဃ) အရ တည်ထောင်ထားသည့် အသားထုတ်လုပ်ရုံများတွင် စည်းကမ်းများနှင့်အညီ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း၊ သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ သားငါးများ ရောင်းချရန်ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းချခြင်းကို စစ်ဆေးအရေးယူဆောင်ရွက်ခြင်း။

(စ) ရောဂါစွဲကပ်သည့်တိရစ္ဆာန်များကို သင့်လျော်သည့်နည်းလမ်းဖြင့် ဖယ်ရှားရှင်းလင်းခြင်းနှင့် ၎င်းတိရစ္ဆာန်များအား စားသုံးရန်နှင့် ရောင်းချရန်အလို့ငှာ သတ်ဖြတ်ခြင်း၊ စားသုံးရန်မသင့်သော သားငါးများ ရောင်းချခြင်း၊ ရောင်းချရန် ခင်းကျင်းခြင်းကို တားမြစ်ခြင်း။

(ဆ) ပြည်သူ့ကျန်းမာရေးကို အန္တရာယ် ဖြစ်စေသည့် ခွေးလေခွေးလွင့်၊ မြေကြွက်၊ ကျီးနှင့် ရောဂါပိုး သယ်ဆောင်တတ်သည့် အခြားတိရစ္ဆာန်များကို သင့်လျော်သည့်နည်းလမ်းဖြင့် အခါအားလျော်စွာ သုတ်သင်ရှင်းလင်းခြင်း။

၂၇။ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ထုတ်ပေးသည့် ကျွဲ၊ နွားတိရစ္ဆာန်များ သတ်ဖြတ်ခွင့်အမိန့်ရရှိသူကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ရမည်။

၂၈။ ကော်မတီသည် ကျွဲ၊ နွားများ အသားထုတ်လုပ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားများ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) ပါ သို့မဟုတ် ပုဒ်မ ၂၇ ပါ ခွင့်ပြုချက် ရရှိသူသာလျှင် ကျွဲ၊ နွားများကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်းကိုလည်းကောင်း၊ အခြားတိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းကိုလည်းကောင်း ပြုနိုင်သည်။

## အခန်း (၁၂)
## အခွန်အခစည်းကြပ်ကောက်ခံခြင်း

၃၀။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အောက်ဖော်ပြပါ အခွန်အခ အမျိုးအစားနှင့် နှုန်းထားများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည် -

(က) မြေခွန်၊ မြေခနှင့် ပစ္စည်းခွန်များ။

(ခ) ရေခွန်၊ ရေဖိုး၊ ရေခ၊ မိလ္လာအခွန်၊ မိလ္လာအခ၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံး အိမ်သာခွန် စသည့် သန့်ရှင်းရေးအခွန်အခများ၊ မီးခွန်နှင့် အထွေထွေခွန်များ။

(ဂ) ဈေးခွန်၊ ဆိုင်ခွန်၊ ဆိုင်ခ၊ ဈေးခနှင့် ဈေးကောက်များ။

(ဃ) ကူးတို့ခွန်နှင့် ပွဲရုံခွန်များ။

(င) မြို့တော်နယ်နိမိတ်အတွင်း မောင်းနှင်သွားလာသောယာဉ်များ၊ ရပ်နားသောယာဉ်များ၊ မြို့တော်နယ်နိမိတ်ပြင်ပမှ ဝင်ရောက်ရပ်နားသောယာဉ်များအပေါ် ကောက်ခံသည့် ရပ်နားခ၊ ဘီးခွန်၊ ညအိပ်ခွန်၊ မြို့ဝင်ကြေး၊ ယာဉ်တန်ပိုကြေး၊ ဘီးကောက်အခ၊ လမ်းအသုံးပြုခနှင့် ယာဉ်ရပ်နားခများ။

(စ) မွေးမြူရေးနှင့်လူစီးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်။

(ဆ) လုပ်ငန်းလိုင်စင်ခ၊ အနေးယာဉ်မှတ်ပုံတင်ကြေး၊ အနေးယာဉ်မောင်းလိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ပါမစ်ခများ။

(ဇ) ဝန်ဆောင်ခများ။

(ဈ) စီမံခန့်ခွဲရေးပြစ်ဒဏ်အဖြစ် ချမှတ်သောဒဏ်ကြေးများ။

(ည) ဤဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုသတ်မှတ်သည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၃၁။ ကော်မတီသည် -

(က) မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းအောင်မြင်ရေး၊ စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အလို့ငှာ အခွန်အခများ စည်းကြပ်ကောက်ခံရမည်။

(ခ) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် မြေနှင့်အဆောက်အအုံ၏ နှစ်စဉ်တန်ဖိုးအပေါ် နည်းဥပဒေတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့်အတိုင်း အခွန်အခ စည်းကြပ်ကောက်ခံရမည်။

(ဂ) မြေနှင့်အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှုကိရိယာများတပ်ဆင်ထားပါက ယင်းတို့ကို နှစ်စဉ်တန်ဖိုးသတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

(ဃ) ဝန်ဆောင်ခများ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန် စည်းကြပ်ကောက်ခံရမည်။

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က မြို့တော်နယ်နိမိတ်အတွင်း နှစ်စဉ်ရရှိသော အရပ်ရပ်ဝင်ငွေစုစုပေါင်း၏ ၅ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ပစ္စည်းခွန်အဖြစ် စည်းကြပ်ရမည်။

(စ) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေနှင့် အဆောက်အအုံအပေါ်တွင် အခွန်အခစည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး စည်းကြပ်ကောက်ခံရမည်။

၃၂။ ကော်မတီသည် အောက်ပါတို့မှ စည်းကြပ်ထိုက်သော အခွန်အခများကို နိုင်ငံခြားငွေနှင့် စံနှုန်းထားသော မြန်မာကျပ်ငွေဖြင့် ကောက်ခံရယူနိုင်သည် -

(က) နိုင်ငံခြားငွေဖြင့် ငှားရမ်းခယူ၍ အငှားချထားသော လူနေအိမ်၊ အခန်း၊ ဘော်ဒါဆောင်နှင့်အခြားအဆောက်အအုံများ။

(ခ) နိုင်ငံခြားငွေဖြင့် အခကြေးငွေရယူသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ။

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ။

၃၃။ အခွန်အခကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အခွန်အခကြွေးကျန်များကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံနိုင်သည်။

၃၄။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူအကျိုးအတွက် အသုံးပြုသော သို့မဟုတ် ဘာသာရေးအတွက် အသုံးပြုသောမြေနှင့် အဆောက်အအုံများပေါ်တွင်ဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ရပ်အတွက်

ဖြစ်စေ အခွန်အခစည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အခွန်အခ လျှော့ပေါ့၍ စည်းကြပ်ခြင်းပြုနိုင်သည်။

(ခ) မြို့တော်နယ်နိမိတ်အတွင်း တရားရုံး၏အမိန့်အရ လူမွဲစာရင်း ခံယူထားသူများအပေါ်တွင် စည်းကြပ်အခွန်အခများကို ၎င်းတို့တင်ပြမှုအပေါ် စိစစ်၍ လျှော့ပေးခြင်း သို့မဟုတ် ခေတ္တ ပယ်ဖျက်ခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၁၃)
## ဘဏ္ဍာရေးနှင့်ရန်ပုံငွေထိန်းသိမ်းခြင်း

၃၅။ ကော်မတီသည် -

(က) ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး မိမိရန်ပုံငွေဖြင့် ရပ်တည် ရမည်။ လိုအပ်ပါက ဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့်အတိုင်း အစိုးရအဖွဲ့ထံမှ အထောက်အပံ့၊ ချေးငွေ ရယူနိုင်သည်။ မိမိ၏ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

(ခ) ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဥပဒေအရ စည်းကြပ်ကောက်ခံရရှိသည့် အခွန်၊ အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးနှင့် တရားရုံး ငွေဒဏ်များ။

(၂) စည်ပင်သာယာရေးလုပ်ငန်းမှရရှိသည့် ငှားရမ်းခ၊ ဝန်ဆောင်ခ၊ ပစ္စည်းများရောင်းရငွေနှင့် အခြားနည်းလမ်းဖြင့်ရရှိသည့်ငွေများ။

(၃) ကော်မတီပိုင်လမ်းများပေါ်တွင် ပြေးဆွဲနေသော ယာဉ်များပေါ်မှ စည်းကြပ်ကောက်ခံ ရရှိသည့်ဝင်ငွေများ။

(၄) လုပ်ငန်းလိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်ပေးသည့်အခ၊ မှတ်ပုံတင်ခနှင့်လုပ်ငန်း ဆိုင်ရာအခွန်အခများ။

(၅) မတည်ပစ္စည်းများ ရောင်းချရငွေနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည် ရရှိခြင်းများ။

(၆) အစိုးရအဖွဲ့က ထောက်ပံ့ငွေများ။

(၇) ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သောလုပ်ငန်းများမှ ရရှိသောဝင်ငွေများနှင့် အကျိုး အမြတ်များ။

(၈) ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်ပြည်တွင်း အခွန်များဦးစီးဌာနအသီးသီးက ပေးသွင်းသည့် ဝင်ငွေခွန်ဝေစုများ။

(၉) ကော်မတီနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းသည့် စာချုပ် စာတမ်းများချုပ်ဆိုရာတွင် တိုးမြှင့်ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောရာခိုင်နှုန်းအရ သက်ဆိုင်ရာဌာနက လွှဲပြောင်းပေးသောငွေများ။

(၁၀) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နှစ်စဉ်ရရှိသော အရပ်ရပ်ဝင်ငွေစုစုပေါင်း၏ သတ်မှတ် ထားသောရာခိုင်နှုန်းအရ လွှဲပြောင်းပေးသောငွေများ။

(၁၁) ပြည်တွင်းပြည်ပမှ လှူဒါန်းထောက်ပံ့ငွေများနှင့်ပစ္စည်းများ။

(၁၂) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်နိုင်ငံခြားငွေများ။

(ဂ) နှစ်စဉ်အရအသုံးမှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုငွေပေါ်ပေါက်ရန် ရှိပါက အစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်းကို ပြုနိုင်သည်။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိ၏တာဝန်ဖြင့် ဒီဘင်ချာ ငွေချေးစာချုပ်များနှင့် အစိုးရအာမခံငွေချေးစာချုပ်များ ထုတ်ဝေနိုင်သည်။

၃၆။ ကော်မတီသည် -

(က) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြီး အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ အတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့်အညီသာ ကောက်ခံသုံးစွဲနိုင်ခွင့်ရှိသည်။

(ဂ) မြို့တော်နယ်နိမိတ်ပြင်ပရှိ လုပ်ငန်းကိစ္စတစ်ခုခုအတွက် အများပြည်သူအကျိုးငှာ အမှန်တကယ် သုံးစွဲရန် လိုအပ်သည့်ကိစ္စများတွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေအစီအစဉ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်၍ ဆောင်ရွက်ရမည်။ ကော်မတီ၏ရငွေများအားလုံးကို ထိုဘဏ်စာရင်းသို့ ပေးသွင်းပြီး အသုံးစရိတ်များကိုလည်း နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုချက်အတိုင်း သုံးစွဲရမည်။

(င) ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး ထိုဘဏ်စာရင်းသို့ ပေးသွင်းရမည်။ နှစ်စဉ်ရရှိသော နိုင်ငံခြားသုံးငွေများကို ကျပ်ငွေဖြင့်လဲလှယ်၍ ကော်မတီရန်ပုံငွေသို့ ပေးသွင်းရမည်။

(စ) အထူးစီမံကိန်းကြီးများ ဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် မိမိရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်စွမ်းမရှိသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ထောက်ပံ့ငွေကို တောင်းခံပေးရန်အတွက် အစိုးရအဖွဲ့ထံ တင်ပြခွင့်ရှိသည်။

၃၇။ ကော်မတီသည် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေအတွင်းမှ ဆောင်ရွက်မည့် အင်ဂျင်နီယာလုပ်ငန်းများနှင့် ဌာနအသီးသီးမှ ဆောင်ရွက်သောလုပ်ငန်းများကို ငွေကြေး၊ ပစ္စည်း၊ လုပ်အား လေလွင့်မှုမရှိစေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကော်မတီ၏ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် အောက်ပါအတိုင်း ဆောင်ရွက်ခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည် -

(က) အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းနှင့် လုပ်ခဒေသဆိုင်ရာ ဈေးနှုန်းများကို အခါအားလျော်စွာ စိစစ်သတ်မှတ်ခြင်းနှင့် ခန့်မှန်းခြေစာရင်းပြုစုထားရှိခြင်း။

(ခ) အင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်မှုများကို အစ၊ အလယ်၊ အဆုံးစစ်ဆေး၍ လုပ်ငန်းပြီးစီးမှု တန်ဖိုးများ သတ်မှတ်ခြင်း။

(ဂ) ဌာန၊ ရုံးများ၏လုပ်ငန်းဆောင်ရွက်မှုများမှာ လုပ်ထုံးလုပ်နည်းနှင့်ကွဲလွဲခြင်း၊ ပစ္စည်းနှင့်လုပ်အားခများ၊ ဝင်ငွေများလျော့နည်းမှုနှင့် အလွဲသုံးစားမှုများ ရှိ၊ မရှိ ပုံမှန်စစ်ဆေးခြင်း။

(ဃ) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့တွင်ရှိသည့် ကော်မတီ၏ပိုင်သပိုင်ပစ္စည်းများစာရင်းနှင့် ပစ္စည်းလက်ကျန်၊ ငွေသားလက်ကျန်များကို စစ်ဆေးခြင်း။

၃၈။ ဌာနကြီးမှူးနှင့် သက်ဆိုင်ရာဌာနမှူးတို့သည် -

(က) ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက သတ်မှတ်ထားသော ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းညွှန်ကြားချက်နှင့်အညီ ရန်ပုံငွေများကို ပြုစုထိန်းသိမ်းထားရှိရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းဇယားများ၊ ဘဏ္ဍာရေးဆိုင်ရာနှစ်ချုပ် စာရင်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးခြင်းကို ခံယူရမည်။

၃၉။ ကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုရေးဆွဲထားသည့် ဘဏ္ဍာရေးဆိုင်ရာနှစ်ချုပ်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီးသည့်အခါ နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၄၀။ ကော်မတီသည် -

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

( ခ ) ဝန်ထမ်းအဖွဲ့တွင် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ဖွဲ့စည်းပုံတွင် ထည့်သွင်းနိုင်သည် -

(၁) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်သော ဝန်ထမ်းများ။

(၂) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သောဝန်ထမ်းများ။

(၃) လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေးရဲတပ်ဖွဲ့ဝင်များနှင့် အခြားဝန်ထမ်းများ။

၄၁။ ကော်မတီသည် -

(က) အစိုးရအဖွဲ့ အတည်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းသောဝန်ထမ်းအဖွဲ့အတွက် လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

( ခ ) ဝန်ထမ်းများ ခန့်ထားရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး လွှဲပြောင်းရယူ၍ ခန့်ထားနိုင်သည်။

( ဂ ) ခန့်အပ်ထားသော ဝန်ထမ်းများအား စည်းကမ်းထိန်းသိမ်းရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဌာနကြီးမှူးကို လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေရမည်။

၄၂။ ကော်မတီသည် -

(က) ဝန်ထမ်းများခန့်ထားရာတွင် လစာနှင့်စရိတ်ကို နှစ်စဉ်ရရှိသောဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ သုံးစွဲခြင်းမပြုရ။

( ခ ) ဝန်ထမ်းများအား လစာ၊ စရိတ်၊ ကရုဏာကြေးနှင့် ပင်စင်ခံစားခွင့်ပြုနိုင်သည်။

## အခန်း (၁၅)
## စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၄၃။ ကော်မတီက တာဝန်ပေးအပ်သည့် စည်ပင်သာယာရေးအရာရှိကဖြစ်စေ၊ နှစ်ဦးထက်ပိုသော စည်ပင်သာယာရေးအမှုထမ်းကဖြစ်စေ -

(က) မြို့တော်နယ်နိမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန် သို့မဟုတ် မြေတိုင်းတာရန်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံသို့ ကြိုတင်

အကြောင်းကြားပြီး နေ့အချိန် (နေထွက်ချိန်နှင့်နေဝင်ချိန်အကြား) မည်သည့်လုပ်ငန်းခွင်၊ အဆောက်အအုံ သို့မဟုတ် နေရာအတွင်းသို့မဆို ဝင်ရောက်ပြီး လုပ်ငန်းတာဝန်များ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ခွင့်ပြုမိန့်ထုတ်ပေးထားသည့် လုပ်ငန်းတစ်ရပ်ရပ်၊ မြေ၊ အဆောက်အအုံ၊ နေရာတစ်ခုခုအတွင်း သို့မဟုတ် ကော်မတီသို့ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိရန် လျှောက်ထားသောလုပ်ငန်းတစ်ရပ်ရပ်၊ မြေ၊ အဆောက်အအုံ၊ နေရာတစ်ခုခုအတွင်းသို့ ခွင့်ပြုထုတ်ပေးထားသည့် သတ်မှတ်ချက်၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင်ပြည်သူများ စိတ်ပြေငြိမ်မှု ရှိ၊ မရှိ၊ ခွင့်ပြုထုတ်ပေးရန် သင့်လျော်မှု ရှိ၊ မရှိတို့ကို စိစစ်ရန်အလို့ငှာ မည်သည့်အချိန်၌မဆို ဝင်ရောက်စစ်ဆေးကြည့်ရှုပိုင်ခွင့်၊ အခြားလိုအပ်သည်များ ညွှန်ကြားသတ်မှတ်ခွင့်ရှိသည်။ ယင်းအပြင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကွဲ၊ နွား၊ တိရစ္ဆာန် တစ်စုံတစ်ရာကို သတ်ဖြတ်နေကြောင်း သို့မဟုတ် သတ်ဖြတ်ပြီးကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် သင့်လျော်သော ရပ်ကွက်၊ ကျေးရွာလူကြီးနှစ်ဦးနှင့်အတူ ဝင်ရောက်စစ်ဆေးခွင့်ရှိသည့်အပြင် တရားမဝင်သတ်ဖြတ်ထားသည့် မည်သည့် ကွဲ၊ နွား၊ တိရစ္ဆာန် အသေကောင်၊ ၎င်းတို့၏အစိတ်အပိုင်းများနှင့် သတ်ဖြတ်ရန်အလို့ငှာ စုစည်းထားရှိသော မည်သည့် တိရစ္ဆာန်အရှင်ကိုမဆို သိမ်းယူ၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခွင့်ရှိသည်။

(ဂ) ဤဥပဒေအရ အရေးယူမည့်ကိစ္စများတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၁၆)

## အများပြည်သူအကျိုးငှာ ကော်မတီက စီမံခန့်ခွဲခွင့်ရှိသည့် မြေနှင့်အဆောက်အအုံများအပေါ် ကျူးကျော်မှုများအား ဖယ်ရှားရှင်းလင်းခြင်း

၄၄။ ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့်ပစ္စည်းများကို ကျူးကျော်၊ ဆောက်လုပ်၊ စုပုံထားရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီက ဖွဲ့စည်းပေးသော ဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် ထိုသို့ ကျူးကျော်၊ ဆောက်လုပ်၊ နေထိုင်၊ စုပုံထားရှိသူတို့ထံသို့ အကြောင်းကြားစာရရှိသည့်ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း ဖယ်ရှားရှင်းလင်းပေးရန် အမိန့်ထုတ်ဆင့်ရမည်။

၄၅။ ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့က ကျူးကျော်သူနှင့်တကွ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့်ပစ္စည်းများကို ဖယ်ရှား၍ ကျူးကျော်သည့် မြေနေရာကို ပြန်လည်လက်ရောက်ရယူနိုင်သည်။ ထိုသို့ ဖယ်ရှားရှင်းလင်းရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ တောင်းခံနိုင်သည်။

၄၆။ ဂရန်မြေနှင့် ပါမစ်မြေများမှအပ ကော်မတီပိုင်မြေ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ မြေနှင့်အဆောက်အအုံ၊ ဆိုင်ခန်းကို အငှားချထားခြင်းခံရသူတို့သည် အငှားချထားသည့်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် အငှားချထားခြင်းကို ရပ်စဲ၍ သတ်မှတ်ကာလအတွင်း ဖယ်ရှားရန် အကြောင်းကြားရမည်။ လိုက်နာခြင်းမရှိလျှင် ဤဥပဒေပုဒ်မ ၄၄၊ ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်အတိုင်း ကော်မတီမှ ဆောင်ရွက်နိုင်သည်။

၄၇။ ကော်မတီသည် ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာကိုမဆို ကျူးကျော်သူဟုသတ်မှတ်ပြီး ဤဥပဒေပုဒ်မ ၄၄၊ ပုဒ်မ ၄၅ ပါအတိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၁၇)
## မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် တည်ဆောက်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကြပ်မတ်ခြင်း

၄၈။ ခွင့်ပြုချက်မရှိဘဲ ဖြစ်စေ၊ ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားရန်၊ ပြန်လည်ပြုပြင်စေရန်၊ ဖြိုဖျက်ရန်၊ ဖျက်သိမ်းဖယ်ရှားရန် ညွှန်ကြားခြင်း၊ လိုက်နာရန်ပျက်ကွက်ပါက ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း၊ သတိပေးတားမြစ်ချက် ဆိုင်းဘုတ်အနီတပ်ဆင်ခြင်း၊ ကော်မတီ၏အစီအစဉ်ဖြင့် ချိပ်ပိတ်ခြင်း၊ ဖြိုဖျက်ခြင်း၊ ဖယ်ရှားခြင်းနှင့် ထိုသို့ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ်ကို တောင်းခံခြင်း။

၄၉။ အများပြည်သူဆိုင်ရာ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းဖြစ်စေ ဖြိုဖျက်စေရန် သို့မဟုတ် ဖယ်ရှားရန် ညွှန်ကြားခြင်း။

၅၀။ အများပြည်သူဆိုင်ရာ လမ်း၊ တံတား၊ ရေမြောင်း၊ မြေအောက်ဥမင်လိုဏ်ခေါင်း၊ မိုးပျံတံတားများ၊ မိုးပျံအမြန်လမ်းမများ၊ ရေပိုက်လိုင်း၊ မီးလိုင်း၊ ဆက်သွယ်ရေးလိုင်းနှင့် မိလ္လာပိုက်တို့ တည်ဆောက်ပြုပြင်ပြင်ဆင်မွမ်းမံခြင်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖျက်သိမ်းရန် သို့မဟုတ် ဖယ်ရှားရန် ညွှန်ကြားခြင်း။

၅၁။ နေထိုင်အသုံးပြုရန် မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ သတ်မှတ်ကာလအတွင်း ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ပါက ဘေးအန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ခြင်း၊ ယင်းအဆောက်အအုံမှ နေထိုင်အသုံးပြုသူများကို ဖယ်ရှားရန် ညွှန်ကြားခြင်း၊ အဆောက်အအုံအား ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်း။

၅၂။ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူနှင့် ပူးပေါင်းပါဝင်အားပေးကူညီသူတို့က လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီက ဖွဲ့စည်းထားပေးသည့် ဖျက်သိမ်းဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် လိုက်နာရန်ပျက်ကွက်သူထံ အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း ဖျက်သိမ်းရှင်းလင်းဖယ်ရှားရန် အမိန့်ထုတ်ဆင့်ရမည်။ ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် ဖျက်သိမ်းရှင်းလင်းရေးအဖွဲ့က နေထိုင်အသုံးပြုသူနှင့်တကွ အဆောက်အအုံနှင့်ပစ္စည်းများကို ဖျက်သိမ်းဖယ်ရှားနိုင်သည်။ ထိုသို့ ဖျက်သိမ်းဖယ်ရှားရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ တောင်းခံနိုင်သည်။

## အခန်း (၁၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၃။ သက်ဆိုင်ရာဌာနမှူးသည် ဤဥပဒေအရ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသူကဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူကဖြစ်စေ၊ ကော်မတီ၏ခွင့်ပြုမိန့်တစ်ရပ်ရပ်ကို ရရှိထားသူကဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

(ခ) လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း။

(ဂ) လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၅၄။ ကော်မတီသည် ပုဒ်မ ၅၃ (က) ပါ ဒဏ်ကြေးငွေအား သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ဆောင်ရွက်နိုင်သည်။

၅၅။ ကော်မတီက မြို့တော်သန့်ရှင်း၊ သာယာ၊ လှပရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းရပ်များ ဆောင်ရွက်ရန် အလို့ငှာ ထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိလျှင် ထိုသူကို စီမံခန့်ခွဲရေးဒဏ်ကြေး ချမှတ်အရေးယူနိုင်သည်။

၅၆။ ကော်မတီသည် ပုဒ်မ ၅၅ ပါ ဒဏ်ကြေးငွေအား သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၁၉)

## တားမြစ်ချက်များ

၅၇။ **ကျန်းမာရေးဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ ဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးထားသော ထိန်းချုပ်အစားအသောက်မှ အပ အခြားအစားအသောက် ထုတ်လုပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အစားအသောက်မှအပ အခြားအစားအသောက်ရောင်းချခြင်းလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော အစားအသောက်အမျိုးအစားကို ဓာတ်ခွဲအရာရှိက လူတို့စားသုံးရန်သင့်လျော်ကြောင်း ထုတ်ပေးထားသော လက်မှတ်မရရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(ဂ) မည်သူမျှ ကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့် အစားအသောက်များ အလေးချိန်တိုးပွားစေရန် နည်းလမ်းမျိုးစုံဖြင့် ပြုပြင်ဆောင်ရွက်ထားသည့် အစားအသောက်များကို ရောင်းချခြင်း၊ ရောင်းချရန် ခင်းကျင်းခြင်းမပြုရ။

(ဃ) မည်သူမျှ အများပြည်သူတို့အား ကျန်းမာရေးကို ထိခိုက်စေမည့်၊ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဖြစ်စေရန်အကြောင်းရှိသည့် လုပ်ငန်းတစ်ခုခုကို မိမိနေအိမ်၊ မိမိအဆောက်အအုံ သို့မဟုတ် မိမိပိုင်နက်အတွင်း လုပ်ကိုင်ခြင်းမပြုရ။

(င) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူတို့အား ကျန်းမာရေးကို ထိခိုက်စေမည့်၊ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ဖြစ်စေရန် အကြောင်းရှိသည်ဟု ကော်မတီက သတ်မှတ်ထားသောပစ္စည်းများကို မိမိနေအိမ်၊ မိမိအဆောက်အအုံ သို့မဟုတ် မိမိပိုင်နက်အတွင်း သိုလှောင်ထားခြင်းမပြုရ။

(စ) အစားအသောက် ထုတ်လုပ်ခြင်း သို့မဟုတ် အစားအသောက်ရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ -

(၁) တစ်နေရာမှ တစ်နေရာသို့ လုပ်ငန်းရွှေ့ပြောင်းခြင်း။

(၂) လုပ်ငန်းကို တစ်နှစ်ထက်မနည်းသော ကာလကြာအောင် ပိတ်ထားပြီးမှ အသစ်ပြန်လည် ဖွင့်လှစ်ခြင်း။

(၃) လုပ်ငန်းကို မူလအတိုင်းအတာထက် တိုးချဲ့လုပ်ဆောင်ခြင်း။

(ဆ) မည်သူမျှ ကူးစက်ရောဂါဖြစ်ပွားစေနိုင်သဖြင့် ကော်မတီက ပိတ်ပင်ထားသော အစားအသောက်ကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းမပြုရ။

(ဓ) မည်သူမျှ ကူးစက်ရောဂါဖြစ်ပွားသူကို အစားအသောက်ထုတ်လုပ်သော၊ သိုလှောင်သော သို့မဟုတ် ရောင်းချသောနေရာသို့ ဝင်ရောက်စေခြင်း၊ အလုပ်လုပ်ကိုင်စေခြင်းမပြုရ။

(န) မည်သူမျှ ကော်မတီက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိဘဲ အများပြည်သူသုံး ရေကူးကန်၊ ရေချိုးခန်း၊ အိမ်သာနှင့်တည်းခိုခန်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၅၈။ **ရေပေးရေးနှင့်သန့်ရှင်းမှုလုပ်ငန်းများဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ တရားမဝင်ရေဆက်သွယ်ခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ -

(၁) ကော်မတီပိုင် ရေပိုက်ကို ဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ်အတွင်းသို့ ရေကို ဆက်သွယ်ရယူခြင်း။

(၂) ကော်မတီက ခွင့်ပြုထားသောရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း။

(၃) ကော်မတီက ခွင့်ပြုထားသောရေသွယ်ပိုက်မှ ရေကိုပိုမိုရရှိရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင်အသုံးပြု၍ဖြစ်စေ ရေကို ရယူသုံးစွဲခြင်း။

(၄) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မူလတပ်ဆင်ထားသော ရေနှင့်သန့်ရှင်းမှုဆိုင်ရာပစ္စည်း အမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့ကို ဖြည့်စွက်ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တိုးချဲ့တပ်ဆင်ခြင်း။

(ဂ) မည်သူမျှ ကော်မတီက တပ်ဆင်ထားသော ရေမီတာကို တရားမဝင်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသော ရေမီတာကို အသုံးမပြုဘဲ ရေဆက်သွယ်ခြင်းမပြုရ။

(ဃ) မည်သူမျှ ကော်မတီက တပ်ဆင်ထားသော ရေမီတာကို ပျက်စီးစေခြင်း၊ နှောင့်နှေးစေခြင်း၊ လွယ်ကူစွာဖတ်မရအောင် ပြုလုပ်ခြင်းမပြုရ။

(င) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ -

(၁) ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကို ညစ်ညမ်းစေခြင်း၊

(၂) ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကို ဖြုန်းတီးခြင်း သို့မဟုတ် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အိမ်ဥပစာပြင်ပသို့တစ်ဆင့် ဖြန့်ဝေပေးခြင်း သို့မဟုတ် ရောင်းစားခြင်း။

(၃) ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းပိုင်မြေ သို့မဟုတ် ၎င်း၏အစိတ်အပိုင်း အပေါ်တွင် ပစ္စည်းများစုပုံခြင်း၊ မြေကိုတူးဆွခြင်း၊ မြေဖို့ခြင်း သို့မဟုတ် မြေတွင်မြှုပ်နှံခြင်း။

(၄) ကော်မတီပိုင် ရေလှောင်ကန်အတွင်းသို့ တိရစ္ဆာန်ကို ဝင်ရောက်စေခြင်း သို့မဟုတ် ရေလှောင်ကန်မှ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေဆေးကြောခြင်း သို့မဟုတ် ရေချိုးပေးခြင်း။

(၅) ကော်မတီပိုင်ရေလှောင်ကန်အတွင်းသို့ ရေညစ်ညမ်းမှုကို ဖြစ်စေသော သို့မဟုတ် ရေ၏ အရည်အသွေးကို ကျဆင်းစေသော မည်သည့်ပစ္စည်းကိုမဆို ပစ်ချခြင်း သို့မဟုတ် မျှောချခြင်း။

(၆) ကော်မတီပိုင် ရေလှောင်ကန်၏သတ်မှတ်နယ်နိမိတ်အတွင်း သစ်တောများကို ထိခိုက်ပျက်စီးစေနိုင်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း။

(စ) မည်သူမျှ ကော်မတီ၏ရေပေးရေးလုပ်ငန်းအတွက် ထိန်းသိမ်းထားရှိသော ရေကန်၊ ရေလှောင်ကန်၏ ကန်ပေါင် သို့မဟုတ် ဝင်းခြံနယ်မြေ၊ ပိုက်လိုင်းနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်

မရှိဘဲ တောခုတ်ခြင်း၊ စိုက်ခင်းများနှင့် ဥယျာဉ်များပြုလုပ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ဆိုင်ခန်းများ တည်ဆောက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ကန်ပေါင်များ၊ ဝင်းခြံများ၊ ရေပိုက်များနှင့် ဆက်စပ်ပစ္စည်းများကို ရွှေ့ပြောင်းပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီပိုင် ရေပိုက်များတွင် တပ်ဆင်ထားရှိသော ရေတံခါးကို ကော်မတီ၏ခွင့်ပြုချက် မရှိဘဲ ဖွင့်ခြင်း၊ ပိတ်ခြင်း၊ အတိုးအလျှော့ပြုလုပ်ခြင်း၊ အသစ်တပ်ဆင်ခြင်း၊ ရှိပြီးရေတံခါးအား ဖြုတ်သိမ်းခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းခြင်းမပြုရ။

(ဇ) မည်သူမျှ မြို့တော်နယ်နိမိတ်ပြင်ပမှ ဆက်သွယ်သည့် ရေပို့ပိုက်မကြီး သို့မဟုတ် မြို့တွင်း ပင်မ ရေပိုက်များပေါ်တွင် လမ်း၊ မီးရထားသံလမ်း၊ တံတား သို့မဟုတ် အဆောက်အအုံကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းမပြုရ။

(ဈ) မည်သူမျှ ကော်မတီပိုင် ရေကန်၊ ရေလှောင်ကန်များအတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လှေလှော်ခြင်း၊ ရေကူးခြင်း၊ ငါးဖမ်းခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းမပြုရ။ ရေလှောင်ကန်မှ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေချိုးခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ ယာဉ်များ ရေဆေးခြင်းနှင့် အခြားကိစ္စရပ်များအတွက် ရေကို ရယူခြင်း၊ အသုံးပြုခြင်းမပြုရ။

(ည) မည်သူမျှ မိမိနေထိုင်သော ခြံ၊ မြေ၊ အဆောက်အအုံ၊ အထပ်မြင့်များရှိ မိလ္လာပိုက်၊ ရေဆိုးပိုက်များ အတွင်းမှ အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ငြိုငြင်စေမှုကိုဖြစ်စေသောအရာ၊ အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်သောအရာကို မြစ်ချောင်းများ၊ ရေမြောင်းများအတွင်းသို့ စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရ။

(ဋ) မည်သူမျှ မိမိ၏အဆောက်အအုံ အဝန်းအဝိုင်းမှထွက်ရှိသော အညစ်အကြေး သို့မဟုတ် ရေဆိုးကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်မိလ္လာပြွန်စနစ်သို့ ဆက်သွယ်စွန့်ပစ်ခြင်းမပြုရ။

၁၉။ **ဈေးများဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ စည်ပင်သာယာဈေးအတွင်း စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ။

(ခ) မည်သူမျှ စည်ပင်သာယာဈေးဧရိယာအတွင်း မှတ်ပုံတင်ခွင့်ပြုထားသော ဈေးသည်မှအပ ခွင့်ပြုချက် မရရှိဘဲ ဈေးရောင်းချခြင်း၊ တည်ခင်းခြင်း၊ ပြသခြင်း၊ ကြော်ငြာခြင်းမပြုရ။

(ဂ) မည်သူမျှ မမှန်ကန်သည့်အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ သို့မဟုတ် ထိုအလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာများကို စစ်ဆေးရန် တောင်းဆိုသည်ကို ပျက်ကွက်ခြင်းမရှိစေရ။

(ဃ) မည်သူမျှ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်း ယာယီ သို့မဟုတ် အမြဲတမ်းအဆောက်အအုံကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ။

(င) မည်သူမျှ လူတို့စားသုံးရန်မသင့်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ စသည့် အစား အသောက်များ၊ သက်ဆိုင်ရာဌာနများမှ တားမြစ်ထားသည့် ဆေးဝါး၊ အစားအသောက်၊ လူသုံးကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် အခါအားလျော်စွာ အမိန့်ထုတ်ပြန်၍ တားမြစ်ထားသည့်ပစ္စည်း များကို စည်ပင်သာယာဈေးနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ တည်ခင်းခြင်း၊ သိုလှောင်ခြင်း မပြုရ။

(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း ကော်မတီက သတ်မှတ် ထားသောနေရာမှအပ အခြားနေရာများတွင် မော်တော်ယာဉ်နှင့် အနှေးယာဉ်များကို ယူဆောင်ခြင်း၊ မောင်းနှင်စီးနင်းခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်းတွင် မီးဖိုခြင်း၊ အမှိုက်မီးရှို့ခြင်း၊ ချက်ပြုတ်ကြော်လှော်ခြင်း မပြုလုပ်ရ။

(ဇ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း လျှပ်စစ်ဓာတ်အားနှင့် ရေဆက်သွယ်အသုံးမပြုရ။

(ဈ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားထက် ပိုမိုသုံးစွဲခြင်းမပြုရ။

(ည) မည်သူမျှ စည်ပင်သာယာဈေးအတွင်း အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ။

(ဋ) မည်သူမျှ စည်ပင်သာယာဈေးအတွင်း ကော်မတီက သတ်မှတ်ပေးထားသော နေရာတွင်မှအပ အခြားနေရာတွင် အစားအစာအလို့ငှာ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အမွေးနုတ်ခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်အတွက် ပြင်ဆင်ခြင်းမပြုရ။

(ဌ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း အလှူငွေနှင့် အခြားရန်ပုံငွေများ ကောက်ခံခြင်း၊ ဖျော်ဖြေပွဲများ ပြုလုပ်ခြင်း၊ မျက်လှည့်ပြခြင်း၊ ဟောပြောခြင်း၊ တရားပွဲများ၊ နတ်ပွဲများ၊ အခြားပွဲများ ကျင်းပခြင်းမပြုရ။

(ဍ) စည်ပင်သာယာဈေးအတွင်း ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသော ဈေးသူဈေးသားကိုယ်စားလှယ်များ ပါဝင်သည့် ဈေးသာယာရေးအဖွဲ့များသည် ခွင့်ပြုချက်မရှိဘဲ အဖွဲ့အား ပြင်ဆင်၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ အလှူငွေကောက်ခံခြင်း၊ ဈေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ။

၆၀။ **ပန်းဥယျာဉ်နှင့်အားကစားကွင်းများဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအပိုင်း၊ တြိဂံမြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် လမ်းလယ်ပန်းခုံ၊ စိုက်ပျိုးထားသည့် မြက်ခင်း၊ အပင် သို့မဟုတ် တပ်ဆင်ထားသည့်ပစ္စည်းများကို ယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းမပြုရ။

(ခ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအပိုင်း၊ မြေကွက်လပ်၊ မြေနေရာ၊ တြိဂံမြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ အားကစားကွင်းနေရာ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးမြေနေရာ၊ မြေယာရှုခင်းနေရာများတွင် ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကျူးကျော်ခင်းကျင်းခြင်း၊ လူဝင်ရောက်နေထိုင်ခြင်း၊ ကစားခုန်စားပြုလုပ်ခြင်း၊ ဈေးရောင်းချခြင်း မပြုရ။

(ဂ) မည်သူမျှ ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် ရှုခင်းနေရာအတွင်းရှိ ရေကန်၊ ရေကန်ပေါင် သို့မဟုတ် ရေလျှောင်ကန်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

(ဃ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ စိုက်ပျိုးထားသောသစ်ပင်များကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ခုတ်ထွင်ခြင်း၊ ချိုးဖဲ့ခြင်း၊ ချိုင်ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရ။

(င) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် ပန်းဥယျာဉ်များ၊ ရှုခင်းနေရာများနှင့် ကွက်လပ်မြေနေရာများတွင် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အားကစားကွင်းပြုလုပ်ခြင်း သို့မဟုတ် ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း မပြုရ။

(စ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်သည့်ကိစ္စမှအပ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ပျော်ရွှင်ဖွယ်အားကစားကွင်းများ၊ ကျန်းမာရေး

လေ့ကျင့်ခန်းအားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းများ၊ ရေကူးကန်များနှင့် အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သည့် မီးရှို့ခြင်း၊ သစ်ပင်များ ခုတ်ထွင်ခြင်း၊ ရေနေသတ္တဝါများ၊ တိရစ္ဆာန်များ ဖမ်းဆီးခြင်းမပြုရ။

(ဇ) ပန်းခြံများအတွင်းရှိ ရေကန်အတွင်းသို့ စီးပွားရေးလုပ်ငန်းများမှ ရေဆိုးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သန့်စင်ခြင်းမပြုဘဲ စွန့်ပစ်ခြင်းမပြုရ။

(ဈ) ဘီးတပ်လက်တွန်းလှည်း သို့မဟုတ် မသန်စွမ်းသူများ အသုံးပြုသည့် ယာဉ်ကိရိယာများမှအပ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော ပန်းခြံ၊ ပန်းဥယျာဉ်များအတွင်း အများပြည်သူ အပန်းဖြေလမ်းလျှောက်ရန်အတွက်သာ သတ်မှတ်ထားသောလမ်းအတွင်း စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်များ ဝင်ရောက်မောင်းနှင်ခြင်း၊ စကိတ်စီးခြင်းမပြုရ။

## ၆၁။ အဆောက်အအုံဆိုင်ရာတားမြစ်ချက်များ

(က) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊ အားပေးကူညီခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီက အဆောက်အအုံဆောက်လုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းမပြုရ။

(ဂ) မည်သူမျှ ကော်မတီက အဆောက်အအုံဆောက်လုပ်ခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားသော၊ အပြီးသတ်ပယ်ဖျက်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း မပြုရ။

(ဃ) မည်သူမျှ ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

(င) မည်သူမျှ ဆောက်လုပ်ပြီးသော အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုတွင်ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ အသုံးပြုခြင်း မပြုရ။

(စ) မည်သူမျှ ကော်မတီက သတ်မှတ်သော မြို့နယ် သို့မဟုတ် လမ်းရှိလူနေထိုင်ရန်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံတွင် ကော်မတီက ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ဆ) မည်သူမျှ ပစ္စည်းသိုလှောင်ရန်အတွက် ဆောက်လုပ်ထားသည့် အဆောက်အအုံတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ နေထိုင်ခြင်းမပြုရ။

(ဇ) မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ဆောက်လုပ်ရေး လုပ်ငန်းများတွင် ကန်ထရိုက်တာ၊ ဗိသုကာအင်ဂျင်နီယာ၊ အဆောက်အအုံအင်ဂျင်နီယာ သို့မဟုတ် အင်ဂျင်နီယာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

(ဈ) မည်သူမျှ ကော်မတီက လူနေထိုင်ခြင်းမပြုရန် တားမြစ်ချက်သင်္ကေတအမှတ်အသား ရေးမှတ်ထားသည့် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသအတွင်း ဝင်ရောက်နေထိုင်ခြင်းမပြုရ။

(ည) မည်သူမျှ ကော်မတီက ဖြိုဖျက်ထားသည့် အန္တရာယ်ရှိ အဆောက်အအုံရှိရာမြေကွက်အတွင်း ဝင်ရောက်နေထိုင်ခြင်းမပြုရ။

(ဠ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓာတ်ဆီဆိုင်၊ ဓာတ်ဆီပန့်၊ မီလ္လာကန်၊ လူကူးခုံးကျော်တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြားအဆောက်အအုံကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ။

(ဋ) မည်သူမျှ ကော်မတီက ခွင့်ပြုထားသည့် အတိုင်းအတာထက်ပို၍ ကော်မတီပိုင်လမ်းပေါ်တွင် ဆောက်လုပ်ရေးပစ္စည်းများကို စုပုံထားခြင်းမပြုရ။

(ဍ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်းမပြုရ။

(ဎ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မူလရှိသောမြေအမြင့်ကို နှိမ့်ခြင်း၊ နိမ့်သွားစေခြင်း၊ မူလနိမ့်သည့်မြေ၊ မူလချိုင့်ဝှမ်း သို့မဟုတ် မူလရေအိုင်၊ ရေကန်ကို မြေဖို့ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း မပြုရ။

## ၆၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဆိုင်ရာတားမြစ်ချက်များ

(က) မည်သူမျှ ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက်အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံ၊ ဆေးခန်းစွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်အမှိုက်များ၊ အီလက်ထရောနစ် စွန့်ပစ်အမှိုက်များနှင့် စက်ဆုပ်ဖွယ်အရာများကို ကော်မတီက သီးသန့်သတ်မှတ်ထားသည့်နေရာမှအပ သာမန်အမှိုက်စွန့်ပစ်ရန် စီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်နှင့် အမှိုက်ပုံရန် သတ်မှတ်ထားသည့်နေရာတွင်လည်းကောင်း၊ အခြားနေရာတွင်လည်းကောင်း စွန့်ပစ်ခြင်းမပြုရ။

(ခ) မည်သူမျှ အဆောက်အအုံမြေညီထပ်နှင့် အထပ်အလွှာအဆင့်ဆင့်မှ အမှိုက် သို့မဟုတ် စက်ဆုပ်ဖွယ်အရာကို ရေမြောင်းအတွင်းသို့ဖြစ်စေ၊ အများပြည်သူနှင့် သက်ဆိုင်သောလမ်းပေါ်သို့ဖြစ်စေ၊ ခြံဝင်းအတွင်းသို့ဖြစ်စေ၊ လွှဲချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်စေခြင်းမပြုရ။

(ဂ) မည်သူမျှ ပန်းဥယျာဉ်၊ ပန်းခြံ၊ အားကစားကွင်း၊ ကွက်လပ်မြေများအတွင်းသို့ဖြစ်စေ၊ ရေမြောင်းအတွင်းသို့ဖြစ်စေ၊ အများပြည်သူနှင့်သက်ဆိုင်သော လမ်းပေါ်သို့ဖြစ်စေ၊ နောက်ဖေးလမ်းကြားသို့ဖြစ်စေ အမှိုက် သို့မဟုတ် စက်ဆုပ်ဖွယ်အရာကို လွှဲချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်စေခြင်းမပြုရ။

(ဃ) မည်သူမျှ အမှိုက်ပုံး၊ အမှိုက်ကန် သို့မဟုတ် အမှိုက်ပုံရန်သတ်မှတ်ထားသောနေရာတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တူးခြင်း၊ ဆွခြင်း သို့မဟုတ် ပြန့်ကျဲစေခြင်းမပြုရ။

(င) မည်သူမျှ အမှိုက်ပုံနေရာတွင် စုပုံပြီးသောအမှိုက်ကို မြေဆွေးအဖြစ် ပြောင်းလဲအသုံးပြုရန်ဖြစ်စေ၊ အခြားနည်းအသုံးပြုရန်ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုရ။

(စ) မည်သူမျှ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်မှ စွန့်ပစ်သော ရေဆိုးများကို ကော်မတီက သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်စေရန် ဆောင်ရွက်ထားခြင်းမရှိဘဲ ရေမြောင်းများနှင့် မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်ခြင်း၊ စီးဆင်းစေခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ သုသာန်တွင် မြေမြှုပ်ထားသော သို့မဟုတ် ဂူသွင်းထားသော အလောင်းကို တူးဖော်ခြင်းသော်လည်းကောင်း၊ အအေးတိုက်အတွင်း ထားရှိသော အလောင်းကို ပြန်လည်ယူဆောင်ခြင်းသော်လည်းကောင်း မပြုရ။

(ဇ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ ဂူကို ဖောက်ထွင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းရွှေ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းမပြုရ။

(ဈ) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ -

(၁) သုသာန်မှအပ အခြားနေရာတစ်ခုခုတွင် အလောင်းကို သင်္ဂြိုဟ်ခြင်း၊ အအေးခန်းဖြင့် ထားသိုခြင်း မပြုရ။

(၂) မိမိပိုင်အဆောက်အအုံကို အအေးတိုက်၊ အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုဟ်စက်အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ။

(ည) မည်သူမျှ ကော်မတီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းအမျိုးမျိုးပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ဋ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း အလောင်းသယ်ယာဉ်များနှင့် အသုဘယာဉ်များကို ကော်မတီက သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် ထားရှိခြင်းမပြုရ။

(ဌ) မည်သူမျှ မည်သည့်စွန့်ပစ်အမှိုက်အမျိုးအစားကိုမဆို ကော်မတီက သတ်မှတ်ထားသောနေရာမှ အပ မိမိပိုင်ခြံဝင်း၊ လုပ်ငန်းခွင်၊ အခြားပြင်ပမည်သည့်တစ်နေရာရာတွင်မဆို မီးရှို့ခြင်းမပြုရ။

(ဍ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်အမှိုက်များကို သိမ်းဆည်းခြင်း၊ ထိုသို့ သိမ်းဆည်း အမှိုက်များကို ကော်မတီက သတ်မှတ်ထားသော အမှိုက်စွန့်ပစ်ရန်နေရာနှင့် အခြားနေရာများသို့ သယ်ယူစွန့်ပစ်ခြင်းမပြုရ။

(ဎ) မည်သူမျှ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်မှ လေထုညစ်ညမ်းမှုဖြစ်စေနိုင်သော စွန့်ပစ်အခိုးအငွေ့များကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်စေရန် ဆောင်ရွက်ထားခြင်းမရှိဘဲ လေထုအတွင်းသို့ စွန့်ပစ်ခြင်း၊ စွန့်ထုတ်ခြင်းမပြုရ။

## ၆၃။ လမ်းနှင့်တံတားဆိုင်ရာတားမြစ်ချက်များ

(က) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း သို့မဟုတ် တံတားကို ပိတ်ဆို့ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီပိုင်လမ်းနှင့် သတ်မှတ်သည့်လမ်းများပေါ်တွင် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(၁) ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်ကို မောင်းနှင်ခြင်း၊ ဆွဲငင်ခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း သို့မဟုတ် ထိန်းကျောင်းခြင်း။

(၂) သဲ၊ မြေကြီး၊ နွံ၊ ကျောက်စရစ်၊ ကျောက်ခဲ၊ အုတ်၊ အုတ်ကျိုး၊ အုတ်ပွဲ၊ သစ်တိုသစ်စ၊ လွှစာမှုန့်၊ ကောက်ရိုး၊ တိရစ္ဆာန်ချေး၊ ညစ်ညမ်းသည့်အရည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်အရည် သို့မဟုတ် ပစ္စည်း စသည်တို့ကို စွန့်ပစ်ခြင်း သို့မဟုတ် ဖိတ်စင်စေခြင်း။

(၃) ကော်မတီက ခွင့်ပြုချက်မရှိဘဲ ကုန်ပစ္စည်းများကို ရောင်းချရန်ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံရန် နေလှန်းခြင်း။

(ဂ) မည်သူမျှ ကော်မတီပိုင်လမ်းများပေါ်တွင် အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ -

(၁) ကျင်ကြီးစွန့်ခြင်း၊ ကျင်ငယ်စွန့်ခြင်း သို့မဟုတ် ရေချိုးခြင်း။

(၂) ယာဉ်တစ်မျိုးမျိုးကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း။

(၃) ကစားခြင်း၊ စွန်လွှတ်ခြင်း။

(ဃ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီက သတ်မှတ်သည့် လမ်းတွင် မောင်းနှင်ခွင့် မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ၊ ခွင့်ပြုသည့် ဝန်ချိန်ထက်ပိုသော မော်တော်ယာဉ်ကို ဖြစ်စေ မောင်းနှင်ခြင်းမပြုရ။

( င ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်းအပေါ် အုပ်မိုး၍ဖြစ်စေ၊ အစွန်းထွက်၍ဖြစ်စေ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ စုပုံထားခြင်း မပြုရ။

( စ ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စင်္ကြံများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ၊ အဆောက်အအုံများ ချထားခြင်း၊ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံနေလှန်းခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လမ်းအောက်ကဖြစ်စေ၊ လမ်းအပေါ်ကဖြစ်စေ လူကူးလမ်း ဖောက်လုပ်ခြင်းမပြုရ။

( ဇ ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ။

( ဈ ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီကတပ်ဆင်ထားသော လမ်းအမည်နှင့် လမ်းအမှတ်များကို ဖျက်ဆီးခြင်း၊ ရွှေ့ပြောင်းတပ်ဆင်ခြင်း သို့မဟုတ် အခြားအမည်ကို ပြောင်းလဲ ရေးသား၍ တပ်ဆင်ခြင်းမပြုရ။

(ည) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မူလသဘာဝ မြစ်ချောင်း၊ မြစ်ထွက်ပေါက်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ ကော်မတီပိုင်ရေမြောင်းကိုဖြစ်စေ၊ မြေအောက်ရေမြောင်းကို ဖြစ်စေ၊ သဘာဝအလျောက်ရှိပြီးသား ရေစီးကြောင်းရေမြောင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့် ပိတ်ဆို့ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲစေခြင်း၊ ရေစီးရေလာကို အနှောင့်အယှက်ဖြစ်စေခြင်း၊ မြေဖို့ခြင်း သို့မဟုတ် လွှဲပြောင်းစီးဆင်းစေခြင်းမပြုရ။

( ဋ ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းအသစ် ဖွင့်လှစ်တည်ထောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းမပြုရ။

( ဌ ) အများပြည်သူသုံး လမ်းဘေးရေမြောင်းငယ်၊ ရေမြောင်းကြီး၊ မြစ်၊ မြစ်ထွက်ပေါက်၊ ချောင်းများ အတွင်းသို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စွန့်ပစ်ခြင်း၊ ထားရှိခြင်းမပြုရ။

( ဍ ) အများပြည်သူဆိုင်ရာလမ်းနယ်နိမိတ်များပေါ်တွင် အကြောင်းမဲ့ ယာဉ်များ ကြာမြင့်စွာရပ်တန့်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရ။

( ဎ ) အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် ယာဉ်များ သွားလာခြင်း၊ ရပ်နားခြင်းတို့အတွက် အနှောင့် အယှက်ဖြစ်စေနိုင်သည့် အတားအဆီးများ ချထားခြင်းမပြုရ။

(ဏ) အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် ညစ်ညမ်းအောင်မပြုရ။

(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို မိမိပိုင်ဧရိယာ အတွင်းမှအပ သုံးစွဲခြင်းမပြုရ။

(ထ) အထပ်မြင့်များတွင် မိမိပိုင်ဧရိယာအတွင်းမှ ထွက်ရှိလာသော ရေဆိုးများကို အများပြည်သူဆိုင်ရာ ရေမြောင်းများ၊ မြစ်ချောင်းများအတွင်းသို့ ခွင့်ပြုချက်မဲ့ စွန့်ထုတ်၊ ဖောက်လုပ်၊ စီးဆင်းစေခြင်း မပြုရ။

( ဒ ) မိမိပိုင်ဧရိယာအတွင်း ဝင်ထွက်သွားလာရန် ယာဉ်ဝင်ထွက်နေရာများကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ခွင့်ပြုသတ်မှတ်သည့်ပုံစံမှကွဲလွဲ၍ ဆောင်ရွက်ခြင်းမပြုရ။

( ဓ ) ခွင့်ပြုချက်မရှိဘဲ အများပြည်သူပိုင်လမ်း၊ စင်္ကြံများ တူးဖော်ခြင်းမပြုလုပ်ရ။

( န ) မည်သူမျှ လက်ရှိမြေပြင်အနေအထားကို ခွင့်ပြုမဲ့တူးဆွခြင်း၊ မြေဖို့ခြင်း၊ ပြုပြင်ခြင်းတို့ကို မပြုလုပ်ရ။

၆၄။ **ယာဉ်၊ ကူးတို့၊ ပွဲရုံနှင့်ပုဂ္ဂလိကငွေချေးလုပ်ငန်းများ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ တားမြစ်ချက်များ**

(က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခြင်း၊ မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ်စောင့်ရှောက်ခ ကောက်ခံခြင်း မပြုရ။

(ခ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသည့် နေရာနှင့်လမ်းမှအပ စည်ပင်သာယာပိုင်လမ်းများနှင့် မြေများပေါ်တွင် ၃ တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များကို ညအိပ်ရပ်နားခြင်း သို့မဟုတ် ဝင်ရောက်ခြင်းမပြုရ။

(ဂ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် မိမိ လက်ဝယ်ရှိမြေကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ပိုင်ခွင့် ပေး၍သော်လည်းကောင်း ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင် ကွင်းအဖြစ် မပြုလုပ်ရ။

(ဃ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် အဆောက် အအုံကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ပိုင်ခွင့်ပေး၍သော် လည်းကောင်း ခရီးသည်များတင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာအဖြစ် မပြုလုပ်ရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံတို့တွင် အငှားယာဉ်ရပ်နားရန်နေရာအဖြစ်လည်းကောင်း၊ ခရီးသည်များ တင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန် နေရာအဖြစ်လည်းကောင်း၊ မော်တော် ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာအဖြစ်လည်းကောင်း မပြုလုပ်ရ။

(စ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော အငှားယာဉ်မှတ်ပုံတင် လက်မှတ်နှင့် အငှားယာဉ်မောင်းလိုင်စင်များမရှိဘဲ လမ်းပေါ်တွင် အငှားယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်းမပြုလုပ်ရ။

(ဆ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသည့် နယ်မြေများ၊ လမ်းများနှင့် အချိန်တို့တွင် အငှားယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်းမပြုလုပ်ရ။

(ဇ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော ပုဂ္ဂလိကငွေချေးလုပ်ငန်း လိုင်စင်မရှိဘဲ ပုဂ္ဂလိကငွေချေးလုပ်ငန်းမပြုလုပ်ရ။

(ဈ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော ကူးတို့လုပ်ငန်းလိုင်စင်မရှိဘဲ ကူးတို့လုပ်ငန်း မပြုလုပ်ရ။

(ည) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ခရီးသည်တင်ယာဉ်ရပ်နားစခန်းများတွင် ကုန်တင် ယာဉ်များ၊ နောက်တွဲယာဉ်များနှင့် အခြားကန့်သတ်ထားသည့်ယာဉ်များ ဝင်ရောက်ရပ်နားခြင်း မပြုရ။

(ဋ) မည်သူမျှ ကော်မတီက သတ်မှတ်ထားသည့် ယာဉ်ရပ်ရန်နေရာမှအပ အခြားမည်သည့်နေရာ တွင်မှ ယာဉ်ရပ်ခြင်းမပြုရ။

၆၅။ **တိရစ္ဆာန်များမွေးမြူခြင်း၊ ရောင်းချခြင်း၊ အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်း၊ တိရစ္ဆာန်များ သတ်ဖြတ်ခြင်း၊ သားငါးများရောင်းချခြင်းဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(၁) ကော်မတီက ထုတ်ပေးသည့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ သားငါးများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းမပြုရ။

(၂) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်ဥပစာ အပါအဝင် မည်သည့်နေရာတွင်မဆို သားငါးများကို ရောင်းချခြင်းမပြုရ။

(၃) ရောဂါစွဲကပ်နေသည့် မည်သည့်တိရစ္ဆာန်ကိုမဆို စားသုံးရန်နှင့်ရောင်းချရန်အလို့ငှာ သတ်ဖြတ်ခြင်း၊ စားသုံးရန်မသင့်သောသားငါးများ ရောင်းချခြင်းမပြုရ။

(၄) ကော်မတီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ မှတ်ပုံတင်ရန် လိုအပ်သည်ဟု သတ်မှတ်ထားသော အိမ်မွေးတိရစ္ဆာန်များကို မွေးမြူခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းမပြုရ။

(၅) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူအား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကော်မတီက အခါအားလျော်စွာ သတ်မှတ်သော အခြားတိရစ္ဆာန်ကို မွေးမြူခြင်းမပြုရ။

(ခ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် နယ်မြေဒေသတွင် ကျွဲ၊ နွားတိရစ္ဆာန်များကိုဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မှအပ ကော်မတီက သတ်မှတ်သည့် အခြားတိရစ္ဆာန်တစ်မျိုးမျိုးကိုဖြစ်စေ မွေးမြူခြင်း၊ ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်းမပြုရ။

(ဂ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း -

(၁) သက်ဆိုင်ရာအာဏာပိုင်က ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် သတ်ဖြတ်ခွင့်အမိန့် ထုတ်ပေးသည့်ကိစ္စမှအပ ကော်မတီက ထုတ်ပေးသည့် သားသတ်ခွင့်လိုင်စင်မရှိဘဲ ကျွဲ၊ နွားတိရစ္ဆာန် အပါအဝင် တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမပြုရ။

(၂) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျွဲနွားပွဲဈေးများ၊ အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်း မပြုရ။

(ဃ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် သားသတ်ရုံနှင့် ကော်မတီက ခွင့်ပြုသည့် သားသတ်ရုံများ၊ သတ်မှတ်နေရာများ၊ ဈေးများမှအပ အခြားနေရာ တစ်ခုခုတွင် ကျွဲ၊ နွားတိရစ္ဆာန် အပါအဝင် ကြက်၊ ဘဲ၊ ငှက်၊ ငုံး တစ်မျိုးမျိုးကို သိုလှောင်ခြင်း၊ အရှင်ရောင်းချခြင်း၊ သတ်ဖြတ်ခြင်းမပြုရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်သည့် သား၊ ငါးများကို သတ်မှတ်သည့် သား၊ ငါးတင်ယာဉ်မှအပ အခြားယာဉ်တစ်မျိုးမျိုးကို အသုံးပြုသယ်ဆောင်ခြင်းသော်လည်းကောင်း၊ သား၊ ငါးတင်ယာဉ်ဖြင့် ကော်မတီက သတ်မှတ်မထားသည့်လမ်းကြောင်းမှ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုရ။

၆၆။ **စီမံခန့်ခွဲရေးဆိုင်ရာတားမြစ်ချက်များ**

(က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် အခြားမည်သည့် ခွင့်ပြုမိန့်၊ မှတ်ပုံတင်လက်မှတ်၊ လိုင်စင်တစ်မျိုးမျိုးရှိစေကာမူ ကော်မတီက ထုတ်ပေးသော လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း၊ ဘော်ဒါဆောင်လုပ်ငန်းကို ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်ခြင်း မပြုရ။

(ဂ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

(ဃ) မည်သူမျှ ကော်မတီက ထုတ်ပေးထားသောယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို ပတ်ဝန်းကျင်မှ ထောက်ခံမှုများရှိစေကာမူ အနာဂတ်တွင် ကော်မတီရည်မှန်းချက်ဖြစ်သော နိုင်ငံတကာမြို့တော်အဆင့်အတန်းနှင့် ညီညွတ်မှုမရှိ၍ မသင့်လျော်ဟု မှတ်ယူတားမြစ်ခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

(ဇ) မည်သူမဆို မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို ပတ်ဝန်းကျင်မှ ကန့်ကွက်မှုများ ရှိစေကာမူ ယင်းလုပ်ငန်းသည် နိုင်ငံတကာမြို့တော်အဆင့်အတန်းနှင့် ညီညွတ်မှုရှိ၍ သင့်လျော်သည်ဟု ကော်မတီက မှတ်ယူပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာတားမြစ်ချက်**

၆၇။ မည်သူမျှ ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများကို စုပုံခြင်း၊ အဆောက်အအုံများ၊ နေအိမ်များနှင့် တဲများကို ကျူးကျော်ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်းမပြုရ။

## အခန်း (၂၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၈။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ ပုဒ်မ ၆၈ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါဥပဒေပြဋ္ဌာန်းချက်ကို ဆက်လက်ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်လေးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ ပုဒ်မ ၇၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ်ခြောက်လအထိဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ဤဥပဒေနှင့်အညီ ကော်မတီက ထုတ်ပြန်သည့်အမိန့်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ ပုဒ်မ ၇၂ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ်သုံးလအထိဖြစ်စေ ချမှတ်ရမည်။

၇၄။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်ရာတွင် -

(က) ချမှတ်သည့်ငွေဒဏ်ကို ကော်မတီ၏ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။

(ခ) ပြစ်မှုကျူးလွန်သူက ကော်မတီပိုင်ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေပါက ပျက်စီးဆုံးရှုံးမှုကြောင့် နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ဒဏ်ကြေးငွေအဖြစ် ထည့်သွင်းချမှတ်ရမည်။ ထိုဒဏ်ကြေးငွေကို ကော်မတီ၏ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးသွင်းရမည်။

## အခန်း (၂၁)

## အထွေထွေ

၇၅။ ကော်မတီဝင်များ၊ ခရိုင်စည်ပင်သာယာရေးကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများ ရွေးချယ်တင်မြှောက်ရန် ရွေးကောက်တင်မြှောက်ပုံနည်းစနစ်များကို နည်းဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိရမည်။

၇၆။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၇၇။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများကို မိမိသဘောအလျောက် ဆောင်ရွက်ခွင့်ရှိသည်။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မူဝါဒသဘောပါရှိသော လုပ်ငန်းများကိုလည်းကောင်း၊ မြို့တော်နယ်နိမိတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အထူးစီမံကိန်းများနှင့် နှစ်ရှည်ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ သတ်မှတ်ထားသော ရန်ပုံငွေပမာဏထက်ကျော်လွန်မည့် စည်ပင်သာယာရေးလုပ်ငန်းများနှင့် ချေးငွေရယူမှုများကိုလည်းကောင်း အစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်။

၇၈။ ဤဥပဒေအရ ပြစ်မှုများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သင့်လျော်သည့်နေရာများ၌ တရားရုံးများနှင့် ဥပဒေရုံးများကို ထူထောင်ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်းကောင်း တင်ပြဆောင်ရွက်ရမည်။

၇၉။ ဤဥပဒေအရ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် ပြင်ပပုဂ္ဂိုလ်များအား လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ပြည်သူ့ဝန်ထမ်းကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးနိုင်သည်။

၈၀။ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ဤဥပဒေအရ စည်ပင်သာယာရေးလုပ်ငန်းများအလို့ငှာ ခန့်အပ်ထားသည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အရာထမ်း၊ အမှုထမ်းများအပေါ် တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲခြင်းမပြုရ။

၈၁။ ကော်မတီက ခန့်အပ်တာဝန်ပေးထားသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးသူ၏စစ်ဆေးချက်အစီရင်ခံစာကို ဤဥပဒေအရ စွဲဆိုသည့်အမှုများအတွက် ကျွမ်းကျင်သူ၏စစ်ဆေးချက်ကဲ့သို့ သက်သေခံအဖြစ် လက်ခံနိုင်သည်။

၈၂။ အများပြည်သူများသည် မြို့တော်နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်း၊ စိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုထိန်းသိမ်းရန် တာဝန်ရှိသည့်အလျောက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၈၃။ ဤဥပဒေမတိုင်မီ ထုတ်ပြန်ခဲ့သည့် စည်ပင်သာယာရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်၊ သဘောထားများနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၈၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ကော်မတီသည် သက်ဆိုင်ရာဌာနမှူးနှင့် စည်ပင်သာယာရေးအရာရှိတစ်ဦးဦးကို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၈၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ပညာရေးဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမြတ်စိုးအား ပြည်ထောင်စုလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

### ပြည်သူ့လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ အရာထမ်း (၁၃) ဦးအား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးလှမင်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၂။ | ဦးတင့်လွင်သိမ်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၃။ | ဦးထွန်းထွန်းလင်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၄။ | ဦးထွန်းအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်စန်းစန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၆။ | ဦးအောင်မင်းသိန်း | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၇။ | ဦးအေးလွင် | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၈။ | ဒေါ်ကြူကြူ | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၉။ | ဒေါ်ဆွေဆွေမြင့် (၁) | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၁၀။ | ဦးခင်မောင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၁၁။ | ဒေါ်အေးအေးခိုင် (၁) | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၁၂။ | ဦးဇော်ဦး | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |
| ၁၃။ | ဒေါ်ခင်မာရီ | လက်ထောက်ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူး |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် )

### ညွှန်ကြားရေးမှူးချုပ်တာဝန် လွှဲပြောင်းထမ်းဆောင်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ထိ တောင်ကိုရီးယားနိုင်ငံသို့ ရွေးကောက်ပွဲဆိုင်ရာအစည်းအဝေးများ လေ့လာရေးခရီးသွားရောက်မည်ဖြစ်ပါသဖြင့် ခရီးသွားရောက်နေစဉ် ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး၊ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးဇေယျာဇော်ထံသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

၂။ ခရီးမှပြန်လာသောအခါ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းအား မူလတာဝန်များကို ပြန်လည် ထမ်းဆောင်စေလိုက်သည်။

မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန**

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁/၂၀၁၂)**

| | | |
|---|---|---|
| ဦးကျော်မင်းထွေးပါ လုပ်သား (၉) ဦး<br>ADK အထည်ချုပ်စက်ရုံ | } | **လျှောက်ထားသူ** |

နှင့်

| | | |
|---|---|---|
| ဦးမိုးစိမ့်<br>ADK အထည်ချုပ်စက်ရုံ<br>အမှတ် (၂၇၂/၂၇၃)၊ ညောင်ရမ်းလမ်း<br>ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ် | } | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ညောင်ရမ်းလမ်း၊ အမှတ် (၂၇၂/၂၇၃) ADK အထည်ချုပ်စက်ရုံမှ ဦးကျော်မင်းထွေးပါလုပ်သား (၉) ဦးက တစ်ဖက်၊ ယင်းလုပ်ငန်းပိုင်ရှင် ဦးမိုးစိမ့်က တစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၄/၂၀၁၂) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် မင်္ဂလာဒုံမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဖျန်ဖြေပေးရာတွင် ပြေငြိမ်းမှု မရရှိသဖြင့် ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲအပ်ခဲ့သည့် အငြင်းပွားမှုဖြစ်သည်။ တောင်းဆိုသည့်အချက်များမှာ အလုပ်ရှင်ဘက်မှ အကြောင်းမဲ့ အလုပ်ထုတ်ပစ်ခြင်းကို အရေးယူပေးရန်နှင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် တောင်းဆိုခြင်းဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက် (၂) ချက် ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူများမှ အောက်ပါကောက်ချက် (၂) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်ရှင်ဘက်မှ ဘက်လိုက်၍ ကောက်ချက်ယူခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်ရှင်ဘက်မှ ဘက်လိုက်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။

၅။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်ရှင်ဘက်မှ ဘက်လိုက်၍ ကောက်ချက်ယူခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) လုပ်ငန်းပိုင်ရှင်၏ တင်ပြချက်များကို သုံးသပ်ရာတွင် အလုပ်သမားဝန်ကြီးဌာန၏ သတ်မှတ်ထားသော စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်နှင့် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်များကို အလေးအနက်ထား၍ လိုက်နာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

(ခ) လုပ်ငန်းခွင်တွင် အလုပ်သမားရေးရာကိစ္စများအား တက်တက်ကြွကြွ လုပ်ကိုင်နေသူများကို ကြိုတင်ဖယ်ရှားချင်သည့် သဘောဖြင့် မှတ်တမ်းမှတ်ရာမထားဘဲ Board of Director အဖွဲ့ဝင် (၂) ဦး တည်းဖြင့်သာ အလုပ်သမား (၉) ဦးအား အလုပ်မှ စာဖြင့် ထုတ်ပယ်ရန် ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဂ) စက်ရုံပိုင်ရှင်ဘက်မှ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် ပထမအလုပ်သမားအဖွဲ့အစည်းဖြစ်သည့် ADK အထည်ချုပ်စက်ရုံအခြေခံ အလုပ်သမားအဖွဲ့အစည်း ၇၆/၂၀၁၂ ဖွဲ့စည်းမှုကို မည်သို့မျှ ကန့်ကွက်ဟန့်တားမှု မရှိခြင်းကြောင့် ဦးကျော်မင်းထွေးပါ (၉) ဦး၏ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် ကြိုးစားမှုကြောင့် အလုပ်ထုတ်ခြင်းမဟုတ်ကြောင်း စက်ရုံပိုင်ရှင်မှ တင်ပြချက်သည် အပြည့်အဝ မှန်ကန်သည်ဟု ယူဆ၍မရကြောင်း သုံးသပ်ရရှိပါသည်။

(ဃ) ဦးကျော်မင်းထွေးပါ လုပ်သား (၉) ဦးက အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် လုပ်ဆောင်မှုသည် အလုပ်ရှင်အနေဖြင့် ၎င်း၏ လုပ်ငန်းခွင်အေးချမ်းသာယာရေး ထိခိုက်လာမည်ကို စိုးရိမ်သည့် သဘော သုံးသပ်တွေ့ရှိရပါသည်။

(င) ၎င်းတို့ (၉) ဦးအနက် ဦးကျော်မင်းထွေးနှင့် ဦးမျိုးသော် တို့သည် လုပ်ငန်းခွင်စည်းကမ်းများကို ချိုးဖောက်ခဲ့သဖြင့် ဦးကျော်မင်းထွေးသည် နောက်ဆုံးအကြိမ် သတိပေးခြင်းအပါအဝင် ကတိခံဝန်ချက် (၄) ကြိမ် လက်မှတ်ထိုးထားသူဖြစ်၍လည်းကောင်း၊ ဦးမျိုးသော်မှ ကတိခံဝန်ချက် (၁) ကြိမ် လက်မှတ်ထိုးထားသူဖြစ်၍လည်းကောင်း ၎င်းတို့ဦးဆောင်လျှင် အလုပ်ရှင်ဘက်မှ လုပ်ငန်းခွင်အေးချမ်းသာယာရေး ထိခိုက်လာမည်ကို စိုးရိမ်သည့်သဘော တွေ့ရှိရပါသည်။

(စ) အထက်ပါအချက်များအရ ဦးကျော်မင်းထွေးပါ လုပ်သား (၉) ဦးကို အလုပ်မှ ထုတ်ပစ်သည်ဟု သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၁) ကို ပယ်ဖျက်၍ ဦးကျော်မင်းထွေးပါ လုပ်သား (၉) ဦးအား အလုပ်မှ ထုတ်ပစ်ခြင်းသည် အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းရန် ဆောင်ရွက်ခြင်းကြောင့်မဟုတ်ဘဲ လုပ်ငန်းခွင် အေးချမ်းသာယာရေးကို ထိခိုက်ပြီး ကုန်ထုတ်လုပ်မှု ကျဆင်းမည်ကို စိုးရိမ်သဖြင့် လုပ်ငန်းခွင်စည်းကမ်းဖောက်ဖျက်

သည်ဟု အကြောင်းပြ၍ အလုပ်ရှင်သည် အလုပ်မှ ထုတ်ပစ်သည်ဟု ပြင်ဆင် ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်ရှင်ဘက်မှ ဘက်လိုက်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။**

(က) ဦးကျော်မင်းထွေးနှင့် ဦးမျိုးသော်တို့သည် ယခင်လုပ်ငန်းခွင်တွင် အချိန်ပိုမဆင်းရန်၊ စက်ရုံဖယ်ရီမစီးရန်၊ လုပ်ထုံးလုပ်နည်းနှင့်မညီသော ဟန့်တားမှုများ ရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) မချမ်းငြိမ်းကျော်၊ မသဲစုအေးဘို၊ ကိုနိုင်ထွန်းလင်း၊ မခင်သန္တာဝင်း၊ မဇင်မာစိုး၊ ကိုကျော်ကျော်လင်းနှင့် မနှင်းယုလှိုင်တို့သည် ယခင်က လုပ်ငန်းခွင်စည်းကမ်းများ ဖောက်ဖျက်ကျူးလွန်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) ဦးကျော်မင်းထွေးနှင့် ဦးမျိုးသော်တို့အား အလုပ်မှထုတ်ပစ်ခြင်း အတွက် အလုပ်ထုတ်နစ်နာကြေးပေးရန် သင့်လျော်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

(ဃ) မချမ်းငြိမ်းကျော်၊ မသဲစုအေးဘို၊ ကိုနိုင်ထွန်းလင်း၊ မခင်သန္တာဝင်း၊ မဇင်မာစိုး၊ ကိုကျော်ကျော်လင်းနှင့် မနှင်းယုလှိုင်တို့အား အလုပ်မှ ထုတ်ပစ်ခြင်းသည် ပထမဆုံးအကြိမ် အပြစ်ပေးမှုသည် ကြီးလေးသောပြစ်ဒဏ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၂) ကို ပယ်ဖျက်၍ အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

(က) ဦးကျော်မင်းထွေးနှင့် ဦးမျိုးသော်တို့အား အလုပ်မှ ထုတ်ပစ်ခြင်း အတွက် ၎င်းတို့(၂)ဦးအား အလုပ်ထုတ် နစ်နာကြေးကို အလုပ်ရှင်မှ အချိန်ပိုမပါ နောက်ဆုံးထုတ်လစာဖြင့် အောက်ဖော်ပြပါ နှုန်းထားများအတိုင်း ပေးရန် ဆုံးဖြတ်လိုက်သည်-

(၁) လုပ်သက် (၃) လမပြည့်သူများအား နို့တစ်ကြေး (၁) လစာ ခံစားခွင့်ပြုရန်၊

(၂) လုပ်သက် (၃) လမှ (၁) နှစ်အထိရှိသူများအား နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၁) လစာ စုစုပေါင်း (၂) လစာခံစားခွင့်ပြုရန်၊

(၃) လုပ်သက် (၁) နှစ်မှ (၂) နှစ်အထိရှိသူများအား နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၂) လစာ စုစုပေါင်း (၃) လစာခံစားခွင့်ပြုရန်၊

(၄) လုပ်သက်(၂) နှစ်မှ အထက်ရှိသူများအား နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၃) လစာ စုစုပေါင်း (၄) လစာ ခံစားခွင့်ပြုရန် ဖြစ်သည်။

(ခ) မချမ်းငြိမ်းကျော်၊ မသဲစုအေးဘို၊ ကိုနိုင်ထွန်းလင်း၊ မခင်သန္တာဝင်း၊ မဇင်မာစိုး၊ ကိုကျော်ကျော်လင်းနှင့် မနှင်းယုလှိုင်တို့အား အလုပ်ရှင်မှ

အလုပ်သမားများ၏ မူလရာထူးပြန်လည်ခန့်အပ်စေရန် ဆုံးဖြတ်လိုက်သည်။

(ဂ) မချမ်းငြိမ်းကျော်၊ မသဲစုအေးဘို၊ ကိုနိုင်ထွန်းလင်း၊ မခင်သန္တာဝင်း၊ မဇင်မာစိုး၊ ကိုကျော်ကျော်လင်းနှင့် မနှင်းယုလှိုင်တို့အား ကြားကာလ နစ်နာကြေးအဖြစ် အချိန်ပိုမပါ နောက်ဆုံးထုတ်လစာငွေဖြင့် အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထိ အတွက် လစာငွေတွက်ချက်ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၆။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| ဦးထွန်းအေး | ဦးစိုးညွန့် | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၀)

## ခုံသမာဓိကောင်စီ
## ခုံအဖွဲ့၏ဆုံးဖြတ်ချက်
## {နည်းဥပဒေ ၂၃(စ)}

### ၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၂/၂၀၁၂)

လုပ်ငန်းပိုင်ရှင်
ရွှေချိန်းသစ်အချောထည်စက်ရုံ
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ } **လျှောက်ထားသူ**

နှင့်

မောင်မျိုးမင်းလတ်ပါ (၁၀)ဦး
အလုပ်သမား၊ ရွှေချိန်းသစ်အချောထည်စက်ရုံ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

### ဆုံးဖြတ်ချက်

၁။ မန္တလေးမြို့၊ ရွှေချိန်းသစ်အချောထည်စက်ရုံ၊ အလုပ်သမား (၁၀) ဦးကတစ်ဖက်၊ ယင်းလုပ်ငန်းပိုင်ရှင်က တစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိ အဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၂/၂၀၁၂) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် လုပ်ငန်းခွင် အခြေအနေတို့နှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းတာဝန်ရပ်စဲခံထားရသည့် အလုပ်သမား (၁၀) ဦးတို့အတွက် အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပေးရန်အတွက်လည်းကောင်း စသော တောင်းဆိုချက်များကို တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များပေါ်တွင် အဆိုပါ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၂) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူတို့မှ ကောက်ချက်အမှတ် (၂) ဖြစ်သည့် “၂၀-၆-၂၀၁၂ ရက်နေ့မှစ၍ လုပ်ငန်းတာဝန်ရပ်စဲခြင်းခံထားရသော အလုပ်သမား (၁၀) ဦးအား အလုပ်ပြန်လည်ခန့်အပ်ရန်၊ အလုပ်သမား (၁၀) ဦးစလုံးအား အလုပ်ပြန်လည်မခန့်ပါက အလုပ်သမား (၁၀) ဦးစလုံးအတွက် အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပေးရန် တောင်းဆိုခြင်း” အပေါ်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

၅။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** မောင်မျိုးမင်းလတ်ပါ အလုပ်သမား (၁၀) ဦးတို့အတွက် အလုပ်ထုတ် နစ်နာကြေး ပေးရန်ကိစ္စ။

**သုံးသပ်ချက်အမှတ် (၁)။**

(က) ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့သည် ၁၃-၈-၂၀၁၂ ရက်နေ့ (၁၀း၀၀) နာရီတွင် အငြင်းပွားမှုတွင် ပါဝင်သည့် နှစ်ဦးနှစ်ဖက် ကိုယ်စားလှယ်များကို ကြားနာစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ စစ်ဆေးကြားနာမှုများမှာ (၁၂း၀၀) နာရီအချိန်တွင် ပြီးဆုံးသွားပါသည်။

(ခ) ၎င်းနောက် ခုံအဖွဲ့ဝင်များသည် အဆိုပါအငြင်းပွားမှုနှင့် စပ်လျဉ်းပြီး ၂၀-၆-၂၀၁၂ ရက်နေ့မှ ၃-၇-၂၀၁၂ ရက်နေ့အထိ လုပ်ဆောင်ခဲ့သည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၂/၂၀၁၂) နှင့် စပ်လျဉ်းသည့် ကြားနာစစ်ဆေးမှု မှတ်တမ်းများတွင် ပါဝင်သည့် အလုပ်သမားများ၏ တောင်းဆိုလွှာ၊ အလုပ်ရှင်၏ ချေပလွှာ၊ သက်သေခံစာရွက်စာတမ်းများ၊ အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက် အစစ်ဆေးခံချက် အစရှိသည်တို့အပြင် ၁၃-၈-၂၀၁၂ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ခုံအဖွဲ့၏ ကြားနာစစ်ဆေးမှုမှတ်တမ်းများအပေါ်တွင်လည်း အသေးစိတ် လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

(ဂ) ထိုသို့ အသေးစိတ် စဉ်းစားလေ့လာမှုပြုရာ၌ အလုပ်ရှင်က အလုပ်သမားများကို အလုပ်မှ ထုတ်ပယ်ခြင်းမှာ အကြောင်းမဲ့ အလုပ်ထုတ်ခြင်းမဟုတ်ဘဲ၊ မကြာခဏ ခွင့်မဲ့ပျက်ကွက်ခြင်း၊ လူကြီးများ၏ ညွှန်ကြားချက်များကို မလိုက်နာသဖြင့် သတိပေး ဝန်ခံချက်များ မကြာခဏ ရေးထိုးရခြင်း စသည့် အကြောင်းများကြောင့် အလုပ်ထုတ်ရခြင်းဖြစ်ကြောင်း တင်ပြထားသည်ကို တွေ့ရှိ

ရပေသည်။ ထိုသို့ သတိပေးခြင်းခံရသူနှစ်ဦးရှိရာ တစ်ဦးမှာ ကိုဖြိုးဝေအောင်ဖြစ်ပြီး ၎င်းအပေါ် ၆-၁၀-၂၀၁၂ ရက်စွဲပါ နောက်ဆုံးအကြိမ် သတိပေးချက်နှင့် အခြားတစ်ဦးမှာ ကိုပြည့်ဖြိုးကျော် ဖြစ်ပြီး ၎င်းအပေါ် ၂၆-၃-၂၀၁၂ ရက်စွဲပါ နောက်ဆုံးအကြိမ် သတိပေးချက်တို့ပင် ဖြစ်သည်။ ထို့အပြင် အလုပ်တာဝန်ရပ်စဲပြီး အလုပ်ထုတ်ခံရသည့် အလုပ်သမား (၁၀) ဦးနှင့် ပတ်သက်၍ ခွင့်မဲ့ပျက်ကွက်ကြောင်း အလုပ်ရှင်၏ တင်ပြချက်ကို တွေ့ရှိရသော်လည်း ထိုသို့ ခွင့်မဲ့ပျက်ကွက်မှုနှင့် စပ်လျဉ်း၍ ၂၀-၆-၂၀၁၂ ရက် မတိုင်မီအထိ အလုပ်သမားများအပေါ် တစ်စုံတစ်ရာ သတိပေး အရေးယူခဲ့သည့် အထောက်အထား မတွေ့ရှိရပေ။

(ဃ) ထိုသို့သော အခြေအနေရှိနေခိုက် ရွှေချိန်းသစ်အချောထည်စက်ရုံမှ အလုပ်သမားများ၏ လက်မှတ်များဖြင့် ၂၀-၆-၂၀၁၂ ရက်စွဲပါစာဖြင့် ဦးမျိုးမင်းလတ် (စက်ပြင်ခေါင်းဆောင်) ၏ လက်မှတ်ရေးထိုးထားသည့် အလုပ်သမားဥပဒေပါ အခွင့်အရေးနှင့် ပတ်သက်သည့် တိုင်ကြားစာကို ဥက္ကဋ္ဌ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးသို့ လိပ်မူပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ တိုင်ကြားစာပေးပို့ခဲ့သည့် နေ့ရက်၌ပင် ကိုမျိုးမင်းလတ်အပါအဝင် အလုပ်သမား (၁၀) ဦးကို အလုပ်မှ ရပ်စဲခဲ့ခြင်း ဖြစ်ပေသည်။

(င) အထက်ပါအခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ရာတွင် အလုပ်ရှင်ဖြစ်သူသည် ထိုဦးမျိုးမင်းလတ်အပါအဝင် အလုပ်သမား (၁၀) ဦးကို အလုပ်ထုတ်ခြင်းမှာ အခြားအကြောင်းခြင်းရာများကြောင့်ထက် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့သည့် အကြောင်းကြောင့်ဟူ၍ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်တွင် ဖော်ပြထားသည့်အတိုင်း မှတ်ယူရမည်ပင် ဖြစ်ပေသည်။

(စ) ထို့ကြောင့် ၂၃-၇-၂၀၁၂ ရက်နေ့တွင် ချမှတ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ အမှုအမှတ် (၂/၂၀၁၂)၏ ကောက်ချက်အမှတ် (၂) ပါ ဆုံးဖြတ်ချက်အပေါ် တစ်စုံတစ်ရာ ပြင်ဆင်ရန်မလိုကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ထို့ကြောင့် ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်အမှတ် (၂) ပါ ဇယားအတိုင်း အလုပ်သမားများအတွက် အလုပ်ထုတ်နစ်နာကြေးကို အလုပ်ရှင်က ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၆။ တောင်းဆိုသူအလုပ်သမားများအား ပေးရန်ရှိသောနစ်နာကြေးငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| ထွန်းအေး | အေးငွေ | ရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၃/၂၀၁၂)**

| | |
|---|---|
| ဒေါ်တင်ရှင်း(ပိုင်ရှင်)၊ စိုင်းမြင့်ထွန်းအောင် အထည်ချုပ်စက်ရုံ၊ အမှတ် (၃၉/၄၀)၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ် | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ၁။ မကေဇာလင်း (Line စာရေး)<br>၂။ မသန်းသန်းဌေး (Leader)<br>၃။ မအေးမြိုင် (QC)<br>စိုင်းမြင့်ထွန်းအောင် အထည်ချုပ်စက်ရုံ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မင်းသိဒ္ဓိကျော်စွာလမ်း၊ အမှတ် (၃၉/၄၀) ရှိ စိုင်းမြင့်ထွန်းအောင် အထည်ချုပ်စက်ရုံပိုင်ရှင် ဒေါ်တင်ရှင်းနှင့် ၎င်းစက်ရုံမှ လုပ်သားများ ဖြစ်ကြသည့် မကေဇာလင်း (Line ၆ စာရေး)၊ မသန်းသန်းဌေး (Leader) နှင့် မအေးမြိုင် (QC) တို့ ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဝါဏိဇ္ဇပဋိပက္ခမှု အယူခံကော်မတီ၏ (၁/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဒေါ်တင်ရှင်း (ပိုင်ရှင်) စိုင်းမြင့်ထွန်းအောင် အထည်ချုပ်စက်ရုံဘက်မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် ခုံသမာဓိကောင်စီ ၏ အမှုအမှတ် (၃/၂၀၁၂) အား စစ်ဆေးရန်အတွက် အမှုတွဲများကို အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန (နေပြည်တော်) ၏ ၀၂၀၄/၁/အလဆ(အမှု) ၂၀၁၂ (၆၅၇) ရက်စွဲ ၁၅-၈-၂၀၁၂ ဖြင့် ပေးပို့ ခဲ့ရာ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၂) ဖြင့် ဖွဲ့စည်းပေးခဲ့သည့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ (အစိုးရခန့်) ဦးလှတင် အဖွဲ့ဝင်၊ (အလုပ်ရှင်ကိုယ်စားလှယ်)ဦးစိုးမြင့်အောင်၊ အဖွဲ့ဝင် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော အဖွဲ့က ပေးပို့ခဲ့သော အမှုတွဲများ တင်ပြချက်များ၊ လျှောက်လဲချက်များပေါ်မှ အချက်အလက် များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါအတိုင်း ကောက်ချက် (၃) ရပ် ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** တောင်းဆိုသူ မကေဇာလင်း (Line ၆ စာရေး) သည် ၁၀-၅-၂၀၁၁ ရက်နေ့မှ ၂၂-၁၀-၂၀၁၁ ရက်နေ့အထိ လုပ်သက် (၅ လ ၁၂ ရက်) တာဝန်ထမ်းဆောင်ခဲ့ခြင်း ဟုတ်/မဟုတ်။ မသန်းသန်းဌေး (Leader) သည် ၇-၅-၂၀၁၁ မှ ၂၂-၁၀-၂၀၁၁ အထိ လုပ်သက် (၅ လ ၁၅ ရက်)

တာဝန်ထမ်းဆောင်ခဲ့ခြင်း ဟုတ်/မဟုတ်။ မအေးမြိုင် (QC) သည် ၁-၆-၂၀၁၁ မှ ၂၂-၁၀-၂၀၁၁ ရက်နေ့အထိ လုပ်သက် (၄လ ၂၁ ရက်) တာဝန်ထမ်းဆောင်ခဲ့ခြင်း ဟုတ်/မဟုတ်။

**သုံးသပ်ချက်အမှတ် (၁)။** မြို့နယ်ဝါဏိဇ္ဇပဋိပက္ခမှုကော်မတီတွင်လည်းကောင်း၊ တိုင်းအယူခံကော်မတီတွင်လည်းကောင်း ဤကောက်ချက်အပေါ် အလုပ်ရှင် အလုပ်သမားနှစ်ဖက်စလုံးမှ အငြင်းပွားမှုမရှိကြောင်း တွေ့ရှိရသဖြင့် မူလဆုံးဖြတ်ချက်အပေါ်တွင် တစ်စုံတစ်ရာပြင်ဆင်ရန် မလိုကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ဤခုံအဖွဲ့မှ မကေဇာလင်း (Line ၆ စာရေး) သည် လုပ်သက် (၅ လ ၁၂ ရက်)၊ မသန်းသန်းဌေး (Leader) (၅ လ ၁၅ ရက်) နှင့် မအေးမြိုင် (QC) သည် လုပ်သက် (၄ လ ၂၁ ရက်) ရှိသော အလုပ်သမားများ ဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** တောင်းဆိုသူ မကေဇာလင်း (Line ၆ စာရေး)၊ မသန်းသန်းဌေး (Leader) နှင့် မအေးမြိုင် (QC) တို့အား အပြစ်ကြောင့် အလုပ်ရပ်စဲခြင်း ဟုတ်/မဟုတ်။

**သုံးသပ်ချက်အမှတ် (၂)။** ဝါဏိဇ္ဇပဋိပက္ခမှုအယူခံကော်မတီ၏ အယူခံအမှုအမှတ် (၁/၂၀၁၂) ၏ ကောက်ချက်အမှတ် (၂) အပေါ် သုံးသပ်ဖော်ပြထားမှုများမှာ တစ်စုံတစ်ရာ ပြင်ဆင်ရန် လိုအပ်မှုမရှိသဖြင့် ယင်းကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုရန် ဤခုံအဖွဲ့မှ သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** တောင်းဆိုသူ မကေဇာလင်း (Line ၆ စာရေး)၊ မသန်းသန်းဌေး (Leader) နှင့် မအေးမြိုင် (QC) တို့အား အပြစ်မရှိဘဲ အလုပ်မှ ရပ်စဲခံရခြင်းဖြစ်သည်ဟု ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၃)။** တောင်းဆိုသူ မကေဇာလင်းပါ(၃) ဦးတို့အား အလုပ်ရပ်စဲမှု နစ်နာကြေး ရပိုင်ခွင့် ရှိ/မရှိ။

**သုံးသပ်ချက်အမှတ် (၃)။** တောင်းဆိုသူ မကေဇာလင်း (Line ၆ စာရေး)၊ မသန်းသန်းဌေး (Leader) နှင့် မအေးမြိုင် (QC) တို့ (၃) ဦးအား လုံလောက်သောအပြစ်မရှိဘဲ အလုပ်မှရပ်စဲခြင်းခံရကြောင်းပေါ်လွင်သဖြင့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးများ ပေးသင့်သည်ဟု သုံးသပ်ပါသည်။ ဝါဏိဇ္ဇပဋိပက္ခအယူခံကော်မတီမှ နောက်ဆုံးထုတ်လစာ တွက်ချက်ရာတွင် ဝင်ငွေခွန် (၄၅၀/-) နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေး (၃၇၅/-) စုစုပေါင်း (၈၂၅/-) တို့ကို နုတ်ယူခြင်းမရှိဘဲ တွက်ချက်ခဲ့ကြောင်း၊ အလုပ်ရှင်မှ ဖော်ပြထားသဖြင့် ဤခုံအဖွဲ့မှ အလုပ်ရှင် တင်ပြသည့်အတိုင်း လက်ခံ၍ ဝါဏိဇ္ဇပဋိပက္ခမှု အယူခံကော်မတီ၏ တွက်ချက်မှုကို ပြင်ဆင်တွက်ချက်ပေးရန် သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** တောင်းဆိုသူ မကေဇာလင်း (Line ၆ စာရေး) အား နောက်ဆုံးထုတ်လစာဖြစ်သော ၂၀၁၁ ခုနှစ် စက်တင်ဘာလ၏ အချိန်ပိုလုပ်ခ၊ အချိန်ပိုဆုကြေး၊ ဝင်ငွေခွန်နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေးများမပါ၊ (၅၉၀၇၅/-)

ကို အခြေခံ၍ နို့တစ်ကြေးတစ်လစာနှင့် နစ်နာကြေးတစ်လစာ စုစုပေါင်း နှစ်လအတွက် (၁၁၈၁၅ဝိ/-) (ကျပ် တစ်သိန်းတစ်သောင်း ရှစ်ထောင့်တစ်ရာ့ငါးဆယ်တိတိ)ကို အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် လည်းကောင်း၊ တောင်းဆိုသူ မသန်းသန်းဌေး (Leader) နောက်ဆုံး ထုတ်လစာဖြစ်သော (၂၀၁၁) ခုနှစ်၊ စက်တင်ဘာလ၏ အချိန်ပိုလုပ်ခ၊ အချိန်ပိုဆုကြေး၊ ဝင်ငွေခွန်နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေးများ မပါ၊ (၁၂၁၄၇၅/-) ကို အခြေခံ၍ နိုတစ်ကြေးတစ်လစာနှင့် နစ်နာကြေး တစ်လစာစုစုပေါင်း နှစ်လအတွက် (၂၄၂၉၅ဝိ/-) (ကျပ် နှစ်သိန်း လေးသောင်းနှစ်ထောင့်ကိုးရာ့ငါးဆယ်တိတိ) ကို အလုပ်ရပ်စဲမှု နစ်နာကြေးအဖြစ်လည်းကောင်း၊ တောင်းဆိုသူ မအေးမြိုင် (QC) အား နောက်ဆုံးထုတ်လစာဖြစ်သော ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ၏ အချိန်ပိုလုပ်ခ၊ အချိန်ပိုဆုကြေး၊ ဝင်ငွေခွန်နှင့် လူမှုဖူလုံရေးထည့်ဝင်ကြေး များမပါ၊ (၆၈၄၇၅/-) ကို အခြေခံ၍ နို့တစ်ကြေး တစ်လစာနှင့် နစ်နာကြေးတစ်လစာ စုစုပေါင်းနှစ်လအတွက် (၁၃၆၉၅ဝိ/-) (ကျပ်တစ်သိန်းသုံးသောင်းခြောက်ထောင်ကိုးရာငါးဆယ်တိတိ) ကို အလုပ်ရပ်စဲမှု နစ်နာကြေးအဖြစ်လည်းကောင်း အလုပ်ရှင်မှ ပေးလျော် စေရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| လှတင် | ခင်မောင်ရီ | စိုးမြင့်အောင် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၄/၂၀၁၂)**

ဒေါ်နုနုဝင်း
Great အအေးခန်းစက်ရုံအမှတ် (၄၆၊ ၄၇)
ကင်းဝန်မင်းကြီးလမ်း၊ စက်မှုဇုန်(၄)
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး } **လျှောက်ထားသူ**

နှင့်

ဦးအောင်နိုင်ထွန်း
မှတ်ပုံတင်အမှတ် [၁၂/မရက(နိုင်)၁၂၁၅၉၃]
အမှတ် (၂၇၃)၊ အောင်သစ္စာလမ်း(၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ကင်းဝန်မင်းကြီးလမ်း၊ အမှတ် (၄၆/၄၇) ဒေါ်နုနုဝင်းပိုင်ဆိုင်သော Great အအေးခန်းစက်ရုံမှ အလုပ်သမား ဦးအောင်နိုင်ထွန်းသည် ၎င်း၏ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ရောက်ခြင်းကြောင့်လည်းကောင်း၊ ညီဖြစ်သူ မောင်မောင်ထွေး၏ နာရေးကိစ္စအတွက် ခွင့်မဲ့ (၃) ရက်ပျက်ကွက်ခြင်းကြောင့်လည်းကောင်း စက်ရုံမှ အလုပ်ထုတ်ပယ်ခံခဲ့ရသည့်အတွက် ညှိနှိုင်းဖြေရှင်းပေးရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၃-၇-၂၀၁၂ တွင် တင်ပြခဲ့ပါသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဇူလိုင် ၅ ရက်မှ ၉ ရက်အထိ အရေးယူဆောင်ရွက်ပေးခဲ့သော်လည်း ညှိနှိုင်းဖြေရှင်း၍မရသဖြင့် ခုံသမာဓိအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် အမှုတွဲပူးတွဲလျက် အစီရင်ခံတင်ပြခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ တင်ပြလွှဲအပ်ခဲ့သည့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၄၆/၄၇)၊ ကင်းဝန်မင်းကြီးလမ်း၊ စက်မှုဇုန် (၄)၊ Great အအေးခန်းစက်ရုံပိုင်ရှင် ဒေါ်နုနုဝင်းနှင့် အလုပ်သမား ဦးအောင်နိုင်ထွန်းတို့ ဖြစ်ပွားသော အငြင်းပွားမှုအား စုံညီရုံးထိုင်၍ ကြားနာစစ်ဆေးခဲ့ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာနှင့် ချေပလွှာစစ်ဆေးခံချက်များအပေါ် အခြေခံ၍ Great အအေးခန်းစက်ရုံတွင် လုပ်ကိုင်ခဲ့သူ ဦးအောင်နိုင်ထွန်းအား အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းအတွက် နစ်နာကြေးကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုရန် တောင်းဆိုခြင်းဖြစ်ကြောင်း ကောက်ချက်ချခဲ့ပါသည်။

၄။ ဖော်ပြပါ ကောက်ချက်နှင့်ပတ်သက်၍ ဦးအောင်နိုင်ထွန်းသည် အလုပ်ဝင်ရောက်ရာတွင် မိမိမှတ်ပုံတင် ပျောက်ဆုံးနေ၍ ညီအရင်းဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်လျှောက်ထား ဝင်ရောက်ခဲ့ကြောင်း၊ စက်ရုံအနေဖြင့် မှတ်ပုံတင် မှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးရန်လိုကြောင်း၊ (၅) နှစ်ကျော် လုပ်အားစိုက်ထုတ်မှုရှိခဲ့ကြောင်း၊ စည်းကမ်းဖောက်ဖျက်မှုများ မရှိကြောင်းနှင့် နာရေးကိစ္စတွင် ခွင့်တိုင်သော်လည်း ခွင့်မဲ့ဟုသတ်မှတ်ခံရပြီး ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ရောက် ခဲ့သဖြင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရကြောင်း သုံးသပ်ပြီး တစ်ဆက်တည်းမှာပင် ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့ မှုကြောင့် အလုပ်ရှင်မှ အကြောင်းရှာ ထုတ်ပယ်ခဲ့ကြောင်း သုံးသပ်ခဲ့ပါသည်။

၅။ ဦးအောင်နိုင်ထွန်း၏ တောင်းဆိုတင်ပြချက်နှင့်ပတ်သက်၍ ဦးအောင်နိုင်ထွန်းသည် အခြားသူ၏ မှတ်ပုံတင်ကို အသုံးပြု၍ မိမိလုပ်အားကို လုပ်ငန်းခွင်တွင် (၅) နှစ်ကျော် ဆောင်ရွက်ခဲ့သူဖြစ်သော်လည်း အကြောင်းရှာ၍ အလုပ်မှ ထုတ်ပယ်ခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ နို့တစ်ကြေး (၁) လနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ)၊ (၄) လစာ၊ စုစုပေါင်း (၅) လစာခံစားခွင့်ပြုရန် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ခဲ့ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၇/၂၀၁၂) ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ခြင်း အပေါ် တောင်းဆို ခြင်းခံရသူဘက်မှ ကျေနပ်မှုမရှိသဖြင့် ဒေါ်နုနုဝင်း (ပိုင်ရှင်) ၏ ကိုယ်စား ဒေါ်မြင့်မြင့်စိုး (စီမံကြီးကြပ်သူ) Great အအေးခန်းစက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားလာသည့် အတွက် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) မှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၂) ဖြင့် ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၄/၂၀၁၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးသန်းအောင် | အဖွဲ့ဝင် |
| ၃။ | ဦးရဲနိုင်ဝင်း | အဖွဲ့ဝင် |

၇။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ (၁၅း၀၀) နာရီတွင် ဒေါ်မြင့်မြင့်စိုး (စီမံကြီးကြပ်သူ) Great အအေးခန်းစက်ရုံ၏ တင်ပြချက်နှင့် အမှုတွဲများကို ခုံအဖွဲ့သို့ ပေးအပ်ခဲ့ပါသည်။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲကို လက်ခံရရှိပြီးနောက် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီးတွင် စုံညီရုံးထိုင်၍ အမှုတွဲနှင့်ပတ်သက်သော မြို့နယ်ဖျန်ဖြေရေးအဖွဲ့ တင်ပြချက်၊ ဆုံးဖြတ်ချက်၊ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်နှင့် Great အအေးခန်းစက်ရုံ (၄၆/၄၇) ပိုင်ရှင် ဒေါ်နုနုဝင်းကိုယ်စားလျှောက်ထားတင်ပြသူ ဒေါ်မြင့်မြင့်စိုး (စီမံကြီးကြပ်သူ) ၏ တင်ပြချက်တို့ကို လေ့လာစိစစ်သုံးသပ်ကြပါသည်။

၈။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၁၇-၉-၂၀၁၂ ရက်နေ့ (၁၃း၀၀) တွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) တွင် တစ်ဖန်စုံညီစုဝေးရုံးထိုင်၍ (ခုံသမာဓိကောင်စီ) ၏ အမှုအမှတ် (၄/၂၀၁၂) အား စစ်ဆေးဆုံးဖြတ်နိုင်ရန် အမှုတွဲနှင့်ပတ်သက်သော သက်သေခံချက်များ၊ ထွက်ချက်များ၊ မြို့နယ်/တိုင်းရုံးအဆင့်ဆင့်၏ တင်ပြချက်များနှင့် ဒေါ်နုနုဝင်း၏ ကိုယ်စား ဒေါ်မြင့်မြင့်စိုး၏ တင်ပြချက်တို့ကို လေ့လာသုံးသပ် စစ်ဆေးမှု ပြုလုပ်ကြပါသည်။

၉။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၇/၂၀၁၂) အမှုနှင့် ပတ်သက်သော ကောက်ချက်၊ သုံးသပ်ချက် ဆုံးဖြတ်ချက်တို့ကို ပြန်လည်စိစစ်လေ့လာပြီးနောက် ပိုင်ရှင် ဒေါ်နုနုဝင်းကိုယ်စား ဒေါ်မြင့်မြင့်စိုး (စီမံကြီးကြပ်သူ) ၏ တင်ပြချက်ကို ဖတ်ရှုလေ့လာ၍ အောက်ပါကောက်ချက် (၃) ချက်ကို ရေးဆွဲပြီး သုံးသပ်ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်၌ စက်ရုံအနေဖြင့် မှတ်ပုံတင် မှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးရန် သုံးသပ်ခဲ့သည်မှာ မှားယွင်းနေကြောင်းနှင့် အလုပ်သမားဘက်သို့ မျက်နှာသာပေးသုံးသပ်သည်မှာလည်း မှားယွင်းနေသည့်အတွက် ပြန်လည်ပြင်ဆင်သုံးသပ်ပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ပစ္စည်းလုံခြုံရေး၊ ဝန်ထမ်းအလုပ်သမားများ၏ လုံခြုံရေးဆောင်ရွက်ရာတွင် မှတ်တမ်းမှတ်ရာ စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ကြောင်း သုံးသပ်သည်။

အုပ်ချုပ်မှုတာဝန်ရှိသူများအနေဖြင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းအပြင် အလုပ်လျှောက်ထားသူ ဝန်ထမ်းအလုပ်သမားများ၏ မှတ်တမ်းမှတ်ရာ၊ မှတ်ပုံတင်များကို စစ်ဆေးရန်လိုအပ်သည်ဟု သုံးသပ်သည်။ ဦးအောင်နိုင်ထွန်း မှတ်ပုံတင် ကိစ္စစစ်ဆေးရန်နှင့် ပတ်သက်၍ စက်ရုံ၏ တာဝန်မကင်းနိုင်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** စက်ရုံ၊ အလုပ်ရုံများ၏ လုံခြုံရေးစီမံချက်အပြည့်အဝရှိစေရန်နှင့် နောက်အလားတူဖြစ်စဉ်မျိုးမရှိစေရန်အတွက်လည်းကောင်း၊ ဦးအောင်နိုင်ထွန်း ဖြစ်စဉ်မှာလည်း ကြီးကြပ်သူများအနေဖြင့် တာဝန်မကင်း၍ မှတ်ပုံတင် မှန်/မမှန် တိုက်ဆိုင်စစ်ဆေးရန်လိုကြောင်း သုံးသပ်ခဲ့ခြင်းမှာ မှန်ကန်ကြောင်း၊ တစ်ဖက်သတ် မျက်နှာသာပေးဆုံးဖြတ်ခဲ့ခြင်းမဟုတ်ကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** ဦးအောင်နိုင်ထွန်းအား အလုပ်မှထုတ်ပယ်ခြင်းနှင့် ပတ်သက်၍ သုံးသပ်ရာတွင် ၁-၆-၂၀၁၂ မှ ၁၅-၆-၂၀၁၂ ထိ အလုပ်သမားများ ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့သဖြင့် ထုတ်ပယ်ကြောင်း၊ သုံးသပ်ချက် မှန်ကန်မှုမရှိ မှားယွင်းနေကြောင်း၊ ကျန်ဆန္ဒထုတ်ဖော်သူအားလုံးကို ထုတ်ပယ်ခြင်း မရှိကြောင်း စက်ရုံ၏ ဂုဏ်သိက္ခာထိခိုက်စေသဖြင့် မှားယွင်းသည့် သုံးသပ်ချက်ကို ပြင်ဆင်ပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။** အလုပ်သမား ဦးအောင်နိုင်ထွန်း အလုပ်မှထုတ်ပယ်ခံခဲ့ရခြင်း၏ အဓိက ခိုင်လုံသော အကြောင်းမှာ ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် ဝင်ရောက်လုပ်ကိုင်နေစဉ် ဖြစ်စဉ်အမှန် ပေါ်ပေါက်လာသည့်အတွက် အလုပ်ရှင်မှ အချက်အလက် ခိုင်လုံမှုဖြင့် ထုတ်ပယ်ခဲ့ခြင်းဟု သုံးသပ်သည်။

ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ရာတွင် ကျန်ဆန္ဒဖော်ထုတ်သူအားလုံးကို ထုတ်ပယ်မှု မပြုခဲ့ဟူသော တင်ပြချက်ပါအကြောင်းအချက် အခြေအနေများကိုလည်း အလေးအနက်ထားသုံးသပ်ခဲ့ပါသည်။

ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ရောက်ခဲ့မှုကြောင့် အလုပ်မှထုတ်ပယ်ခံခဲ့ရခြင်းတွင် ထုတ်ပယ်လိုက်သည့် အကြောင်းချက်များကို အလုပ်ရှင်အနေဖြင့် စဉ်းစားဆုံးဖြတ်ရာ၌ (၃) ရက်ခွင့်မဲ့ပျက်ကွက်ခဲ့ခြင်းနှင့် ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ပတ်သက်ခဲ့ခြင်းများကိုလည်း ထည့်သွင်းစဉ်းစားမည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ကျန်ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သူများကို ထုတ်ပယ်ခြင်းမရှိဘဲ ဦးအောင်နိုင်ထွန်းအား ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်သဖြင့် ထုတ်ပယ်ခဲ့သည်ဟူသော သုံးသပ်ချက်ကြောင့် စက်ရုံ ဂုဏ်သိက္ခာထိခိုက်ပါသည် ဆိုသည့်အချက်ကို အလေးထား သုံးသပ်ခဲ့ပြီး ၎င်းအချက်မှာ ခိုင်လုံသည့် အထောက်အထားဖော်ထုတ်ရန်မှာ သုံးသပ်ချက်သာရှိပါသည်။ ၎င်းအချက်မှာ အခြေခံအချက်မဟုတ်သော်လည်း အလုပ်မှ ထုတ်ပယ်ရန် အတွက် စက်ရုံမှ စဉ်းစားဆုံးဖြတ်ခဲ့သည့် အချက်တစ်ချက်ပင် ဖြစ်နိုင်၍ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်ကို ပြင်ဆင်ရန်မလိုကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၃)။** ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ရောက်ခဲ့သော လုပ်အားစိုက်ထုတ်မှုများကို လျှောက်ထားခံရသူ အောင်နိုင်ထွန်းအား ခံစားခွင့်ပြုခြင်းမှာ မှားယွင်းနေသဖြင့် သင့်မြတ်သလို ပြန်လည်ပြင်ဆင်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။** ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်ဝင်ခဲ့ရာတွင် လုပ်သက် (၅) နှစ်ကျော်တိုင်အောင် ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် လုပ်အားစိုက်ထုတ်လုပ်ကိုင်မှုရှိကြောင်း သုံးသပ်သည်။

ညီဖြစ်သူ မောင်မောင်ထွေး ကွယ်လွန်ချိန်တွင် နာရေးကိစ္စ ဆောင်ရွက်ရန် ခွင့် (၃) ရက်တိုင်ခဲ့သော်လည်း ပျက်ကွက်သည်ဟု သတ်မှတ်ခံခဲ့ရ၍ ခွင့်ခံစားခွင့် ဆုံးရှုံးသည်ဟု သုံးသပ်သည်။

၁-၆-၂၀၁၂ မှ ၁၅-၆-၂၀၁၂ ရက်နေ့အထိ ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့မှုကြောင့် အလုပ်ရှင်မှ အလုပ်မှ ထုတ်ပယ်ခဲ့ခြင်း မဟုတ်ကြောင်း တင်ပြချက်ရှိသော်လည်း အလုပ်ထုတ်ခံခဲ့ရာတွင် ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့သည့်အတွက်ဟု သုံးသပ်ရသော်လည်း ၎င်းမှာ အဓိကအချက် တစ်ချက်မဟုတ်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** အယူခံသူမှတင်ပြသော မှတ်ပုံတင်အက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေမှ မမှန်သက်သေခံမှု ပုဒ်မများမှာ သက်ဆိုင်ရာ ဌာန၊ သက်ဆိုင်ရာ တရားသူကြီးများကသာ အရေးယူတရားစွဲဆိုနိုင်သည့် ဥပဒေပုဒ်မများ ဖြစ်သည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် နည်းဥပဒေများအရ ခုံသမာဓိအဖွဲ့ကသော်လည်းကောင်း၊ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့ကသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သော ကိစ္စရပ်မဟုတ်ပါ။ တစ်စုံတစ်ဦးသည် အလုပ်သမားဖြစ်/မဖြစ်၊ အလုပ်ရှင် ဖြစ်/မဖြစ်ကို အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ (၂) (က) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များအရသာ သုံးသပ်ဆုံးဖြတ်ရမည် ဖြစ်ပါသည်။ မှတ်ပုံတင်လိမ်လည်တင်ပြ၍ အလုပ်ရရှိခဲ့သည်မှာ မလိုလားအပ်သော ကိစ္စဖြစ်သည်မှန်သော်လည်း ယခုကဲ့သို့ အလုပ်ထုတ်နစ်နာကြေးပေးသင့်/မပေးသင့်ကိစ္စတွင် သုံးသပ်ရာ၌ မှတ်ပုံတင်သည် အရည်အချင်းပြ စာရွက်စာတမ်း (Qualification Certificate) မျိုးနှင့် တူညီသည်မဟုတ်၊ နိုင်ငံသားမဟုတ်သူတစ်ဦးက နိုင်ငံသားလက်မှတ်ပြ၍ အလုပ်ကို ရယူခဲ့ခြင်းမျိုးမဟုတ်၊ တစ်နည်းအားဖြင့် ဘွဲ့ရကိုသာ

ခန့်ထားရမည့် လုပ်ငန်းတာဝန်ကို ရယူရန် ဘွဲ့လက်မှတ် အတုပြသ၍ အလုပ်ရယူခဲ့ခြင်း၊ အကျိုးဆက်အားဖြင့် လုပ်ငန်းခွင် ထိခိုက်နစ်နာခြင်း ဖြစ်နိုင်သည့် အခြေအနေမျိုးမဟုတ်။ ထို့ကြောင့် အလုပ်ရှင်တွင် ဦးအောင်နိုင်ထွန်း၏ မှားယွင်းအလုပ်ရယူခဲ့ခြင်းကြောင့် အလုပ်ရှင်၊ အလုပ်သမား စည်းနှောင်မှု မထိခိုက်ခဲ့ဟု ဆုံးဖြတ်သည်။ အလုပ်ခန့်စာချုပ်တွင်လည်းကောင်း၊ အလုပ်ခွင် စည်းကမ်းတို့တွင်လည်းကောင်း မှတ်ပုံတင်လိမ်လည်တင်ပြ၍ ခန့်အပ်ခဲ့မိပါက အလုပ်ထုတ်ပယ်ရန် စည်းကမ်းသတ်မှတ်ချက် တိကျစွာဖော်ပြထားခြင်းမရှိခဲ့ကြောင်း တွေ့ရှိရသည်။

တစ်ဖက်တွင်လည်း နောက်နောင် အလုပ်ခန့်ထားမှုများကို ပိုမိုစည်းကမ်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းကြရန်လိုကြောင်း ခုံအဖွဲ့က လမ်းညွှန်မှု ပြုလိုပေသည်။ ဒေါ်နုနုဝင်းကိုယ်စား ဒေါ်မြင့်မြင့်စိုး၏ သုံးသပ်ချက်နှင့် ဆုံးဖြတ်ချက်ကို ပြင်ဆင်ပေးရန် လျှောက်ထားချက်နှင့် ပတ်သက်၍ အထက်ပါ သုံးသပ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။ အောင်နိုင်ထွန်းသည် ညီဖြစ်သူ မောင်မောင်ထွေး၏ မှတ်ပုံတင်ဖြင့် အလုပ်လုပ်ခဲ့၍ အလုပ်မှ ထုတ်ပယ်ခံခဲ့ရရာတွင် ၎င်းမှာ (၅) နှစ်ကျော်လုပ်ငန်းခွင်စည်းကမ်းများနှင့်အညီ လုပ်ကိုင်သူဖြစ်၍ ဥပဒေနှင့်အညီ နို့တစ်ကြေး (၁) လနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) (၄) လစာ၊ စုစုပေါင်း (၅) လစာကို ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးမောင်မောင်အုန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၅/၂၀၁၂)**

| | |
|---|---|
| ဦးကျော်သူ(ပိုင်ရှင်)<br>The Myth Apperal Myanmar Garment<br>အထည်ချုပ်စက်ရုံ၊ အမှတ် (၁၂၀)၊ ရွှေဘိုလမ်း၊<br>စက်မှုဇုန် (၇) လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| မနွယ်နွယ်ဦး (All Super)<br>မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်)၁၄၁၄၆၈]<br>အမှတ် (၄၇၃)၊ မင်းဘူးလမ်း၊ (၉) ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မင်းဘူးလမ်း၊ (၉) ရပ်ကွက်၊ အမှတ် (၄၇၃)၊ ဒေါ်နွယ်နွယ်ဦး (All Super) ကတစ်ဖက်၊ ယင်းလုပ်ငန်းပိုင်ရှင်က တစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၆/၂၀၁၂) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် စက်ရုံမှအလုပ်ထုတ်ပယ်ခဲ့ခြင်းအတွက် နစ်နာကြေးကို ဥပဒေနှင့်အညီ ခံစားခွင့်ပြုရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက်တစ်ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက်တစ်ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးချက်မှတ်တမ်းအရ ဒေါ်နွယ်နွယ်ဦးအနေဖြင့် အဆိုပါစက်ရုံတွင် အဆိုပါရာထူးတွင် ပြန်လည်ထမ်းဆောင်လိုမှုမရှိဘဲ အလုပ်ထုတ်နစ်နာကြေးသာ ခံစားခွင့်ယူလိုကြောင်း တင်ပြထားသည်။

**သုံးသပ်ချက်အမှတ် (၁)။** ဒေါ်နွယ်နွယ်ဦး၏ ဆန္ဒအရ နုတ်ထွက်ခွင့်ပြုပြီး ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၁) အရ အလုပ်ထုတ်နစ်နာကြေး ထုတ်ပေးရန် တွက်ချက်ရာတွင် နို့တစ်ကြေးတစ်လစာနှင့် နောက်ဆုံးထုတ် လစာ (အချိန်ပိုမပါ) (၂) လစာ၊ စုစုပေါင်း (၃) လစာ ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ဦးကျော်သူ၏ လျှောက်ထားချက်ကို လက်ခံ၍ အလုပ်ထုတ်နစ်နာကြေး ပမာဏအား ပြင်ဆင်ပေးရန် ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှုတွဲတွင် နို့တစ်ကြေးတစ်လစာနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) (၂) လစာ၊ စုစုပေါင်း (၃) လစာပေးရန်ဟု ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

**သုံးသပ်ချက်အမှတ် (၂)။** ဒေါ်နွယ်နွယ်ဦး၏လုပ်သက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးချက်မှတ်တမ်းအရ ၁၈-၁၀-၂၀၁၁ တွင် Super ရာထူးဖြင့် အလုပ်ဝင်ရောက်ပြီး ၈-၁-၂၀၁၂ တွင် All Super ရာထူးတိုး၍ အလုပ်ထုတ်ခံရသည့် ၂၃-၅-၂၀၁၂ ရက်နေ့အထိ လုပ်သက် (၇) လ နှင့် (၅) ရက်သာရှိသည်။ လုပ်သက် တစ်နှစ်မပြည့်၍ အလုပ်ထုတ် နစ်နာကြေးတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားထားသည့် AN OVERVIEW OF LABOUR SERVICES AND ASPECTS OF LABOUR LAWS ENFORCEMENT IN THE UNION OF MYANMAR စာအုပ်နောက်ဆက်တွဲ အခန်း (၅) အပိုဒ် (၄)၊ အပိုဒ်ခွဲ (B) တွင် "If the period of employment exceeds three months but less than one year, the worker is entitled to two months pay (i.e- notice pay for one month plus termination of service pay for one month)" အရ နို့တစ်ကြေး (၁) လစာနှင့် နစ်နာကြေး (၁) လ၊ စုစုပေါင်း (၂) လစာသာ ခံစားခွင့်ရှိကြောင်း တွေ့ရသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ဒေါ်နွယ်နွယ်ဦး (All Super) အား စက်ရုံအုပ်ချုပ်မှု အဖွဲ့အနေဖြင့် နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၁) လစာ၊ စုစုပေါင်း (၂) လစာ ထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၅။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအောင်စံတင် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့

## {နည်းဥပဒေ ၂၃(စ)}

## ၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၆/၂၀၁၂)

| | |
|---|---|
| ဦးကြူးစိန် (ခ) ဦးမြတ်ဆွေ(ပိုင်ရှင်)<br>ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံ<br>အမှတ် (၁၃၇/ခ)၊ မက္ခရာမင်းသားကြီးလမ်း၊<br>ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| မခင်သူဇာတင်(အလုပ်သမား)<br>မှတ်ပုံတင်အမှတ် [၉/တသန(နိုင်)၀၅၁၇၁၀]<br>အမှတ် (၁၀၈၁)၊ သုခလမ်း၊ (၂၄) ရပ်ကွက်၊<br>ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၁၃၇/ခ)၊ မက္ခရာမင်းသားကြီးလမ်း ရှိ၊ ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံမှ စက်ချုပ်လုပ်သား မခင်သူဇာတင်က တစ်ဖက်၊ ယင်းစက်ရုံပိုင်ရှင်က တစ်ဖက် နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှု အမှတ် (၁၂/၂၀၁၂) အဖြစ် ကြားနာစစ်ဆေးခဲ့ပြီး၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ အဆိုပါ "ခုံသမာဓိအဖွဲ့" ၏ ဆုံးဖြတ်ချက်တွင် တစ်ခုတည်းသော ကောက်ချက်အဖြစ် အောက်ပါ အတိုင်း ဖော်ပြပါရှိပါသည်-

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမခင်သူဇာတင်သည် ၎င်း၏ မူလရာထူးသို့ ပြန်လည်ခန့်အပ်ပေးပါရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုခြင်း ဖြစ်ပါသည်။

၃။ အထက်ပါကောက်ချက်အပေါ် ဆုံးဖြတ်ပေးခဲ့သည့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပိုင်ရှင်ဖြစ်သူက ကျေနပ်မှုမရှိသည့်အတွက် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြလျှောက်ထားခဲ့ခြင်း ဖြစ်သည်။

၄။ ဤအငြင်းပွားမှုသည် ပိုင်ရှင်ဖြစ်သူက မိမိစက်ရုံမှ အလုပ်သမားမခင်သူဇာတင်ကို အလုပ်မှ ထုတ်ပယ်ခဲ့သည်မှအစပြု၍ ဖြစ်ပွားခဲ့သည့် အငြင်းပွားမှုတစ်ရပ်ဖြစ်ရာ၊ နှစ်ဦးနှစ်ဖက်ကို သက်ဆိုင်ရာမှ ညှိနှိုင်းဖျန်ဖြေပေးခဲ့သည်မှ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးသည်အထိ စစ်ဆေးတွေ့ရှိချက်များ နှစ်ဖက်ဆိုင်ရာ ပုဂ္ဂိုလ်

များ၏ ထွက်ဆိုချက်များကို ဤခုံအဖွဲ့က အသေးစိတ် စိစစ်လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့သည့်အပြင် လိုအပ်သည့် အချက်အလက်များ တိကျရှင်းလင်းမှုရှိစေရန် ဖြည့်စွက်စစ်ဆေးလုပ်ဆောင်ခဲ့သည်။

၅။ သို့ဖြစ်ရာ ဤခုံအဖွဲ့သည် အငြင်းပွားမှုနှင့်ပတ်သက်၍ အလုပ်ရှင်၏ လျှောက်ထားချက်များ၊ အလုပ်သမားဘက်မှ ရှင်းလင်းချေပချက်များ၊ သက်သေအချို့၏ ထွက်ဆိုချက်များအပေါ် အခြေပြု၍ အောက်ပါ ကောက်ချက်ကို ရေးဆွဲပြီး ထိုကောက်ချက်အပေါ် အဆုံးအဖြတ်ပေးနိုင်ရန် လိုအပ်သည့် လေ့လာသုံးသပ်မှုများကို လုပ်ဆောင်ခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်မှ ထုတ်ပယ်ခံရသည့် မခင်သူဇာတင်အား အလုပ်ရှင်က အလုပ်ထုတ်နစ်နာကြေးပေးစေရန်

(သို့မဟုတ်)

အလုပ်မှထုတ်ပယ်ခံရသည့် မခင်သူဇာတင်အား အလုပ်ရှင်က ကြားကာလနစ်နာကြေးပေး၍ မူလရာထူးတွင် ပြန်လည်ခန့်ထားစေရန်

## လေ့လာတွေ့ရှိချက်များ

၆။ ဤခုံအဖွဲ့သည် မခင်သူဇာတင် အလုပ်မှရုတ်တရက်ထုတ်ပယ်ခံရသည့် ကိစ္စမှစတင်ခဲ့သည့် အငြင်းပွားမှုတစ်ရပ်နှင့်စပ်လျဉ်း၍ ၂၄-၄-၂၀၁၂ ရက်နေ့တွင် အစပြုခဲ့သည့် အဆင့်ဆင့် ဖြေရှင်းလုပ်ဆောင်မှုများမှ ရရှိထားသည့် အချက်အလက်များနှင့် ဤခုံအဖွဲ့က နှစ်ဖက်သက်ဆိုင်သူများကို ခေါ်ယူစစ်မေးရာမှ ရရှိသည့် အချက်အလက်များပေါ်တွင် ထဲထဲဝင်ဝင် ပြန်လည်စိစစ်လေ့လာခဲ့သည်။

၇။ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုကို ဖျန်ဖြေညှိနှိုင်းစဉ် ၂၄-၄-၂၀၁၂ ရက်နေ့တွင် အလုပ်ရှင် ဦးမြတ်ဆွေ၏ ထွက်ဆိုချက်အရ မခင်သူဇာတင်ကို အလုပ်စတင် ခန့်အပ်ခဲ့သည့်နေ့သည် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုအချိန်က မခင်သူဇာတင်၏ (၁) လ လုပ်ခမှာ ကျပ် (၄၂၀၀၀/- ) ရရှိခဲ့သည်ဟုဆိုသည်။ ထို့နောက် မခင်သူဇာတင်နေရပ်သို့ ပြန်ရာတွင် ခွင့်ပြုထားသည့်ရက်ထက် ခွင့်ပိုယူခဲ့ခြင်းကြောင့် အလုပ်မှ ခေတ္တပြတ်တောက်သွားရာမှတစ်ဖန် ၂၀-၄-၂၀၁၀ တွင် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ရာ တစ်လလုပ်ခ ကျပ် (၄၂၀၀၀/-) ဖြစ်သည်။ ထို့နောက် ၂၀၁၁ ခုနှစ်၊ ၄ လပိုင်းတွင် တစ်လလုပ်ခ ကျပ် (၈၅၀၀၀/-) သို့ တိုးတက်ရရှိခဲ့သည်။ ထိုလုပ်သက်ကာလအတွင်း မူလလစာ၏ နှစ်ဆကျော်ခန့်မျှ ရရှိလာသူဖြစ်၍ ထိုအချိန်ကာလအထိ (အလုပ်ရှင်/စီမံခန့်ခွဲသူ) အပိုင်းက မခင်သူဇာတင်အပေါ် အမြင်ကောင်းစွာ ကြည်လင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

၈။ သို့ရာတွင် ထိုသို့ လစာတိုးမြှင့်ရရှိပြီး များမကြာမီ ၇-၄-၂၀၁၂ ရက်နေ့တွင် အလုပ်ရှင်က မခင်သူဇာတင်အား ရုတ်တရက် အလုပ်မှထုတ်ပယ်ခဲ့သည်။ ထိုသို့ ရုတ်ခြည်းအလုပ်မှ ထုတ်ပယ်ခဲ့သည့်အကြောင်းနှင့် စပ်လျဉ်း၍ (အလုပ်ရှင်/စီမံခန့်ခွဲသူ) နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက်တို့၏ ထွက်ဆိုပြောကြားချက်များမှာ မတူညီကွဲပြားမှုများ ရှိနေသည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

### (က) အလုပ်ရှင်၏ထွက်ဆိုချက်

မခင်သူဇာတင်သည် ကြီးကြပ်သူ (Super)များ၊ လိုင်းခေါင်းဆောင် (Line Leader) နှင့် မန်နေဂျာတို့၏ ပြောဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသည့်အတွက်ဖြစ်ကြောင်း၊ ၂၄-၄-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်က ထွက်ဆိုပြောကြားခဲ့သည်။ ခုံသမာဓိအဖွဲ့၏ စစ်ဆေးချက်မှတ်တမ်းပါ အလုပ်ရှင်၏ထွက်ဆိုချက်တွင် မခင်သူဇာတင်သည် ၂၀၁၀ ပြည့်နှစ်၊ အလုပ်ဝင်စဉ်ကာလ အလုပ်ကြိုးစားခဲ့ပြီး အထက်အကြီးအကဲ (Super) များ (Line Leader) နှင့် မန်နေဂျာတို့၏ ဆိုဆုံးမမှု၊ သတိပေးမှု၊ အပြစ်ပေးအရေးယူခံရမှု မရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင်မှ ၎င်း၏ နေထိုင်လုပ်ကိုင်မှု ပုံစံပြောင်းလဲခဲ့ပြီး လုပ်ငန်းချိန်အတွင်း ရေအိမ်သို့ အကြိမ်ကြိမ်သွားခြင်း၊

ဖိနပ်မစီးရန် သတ်မှတ်ထားသော်လည်း နာခံမှုမရှိခြင်း၊ လုပ်ငန်းခွင်အတွင်း အခြားအလုပ်သမားများအား လိုက်လံစကားပြောဆိုနေခြင်း၊ အလုပ်ခွင်မှ အမြဲတမ်း (၁၀) မိနစ်စော၍ ထွက်သွားခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

ထိုသို့ လုပ်ဆောင်မှုများအတွက် မခင်သူဇာတင်ကို စာဖြင့် သတိပေးခြင်း၊ မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း အဆင့်ဆင့် တာဝန်ရှိသူများက နှုတ်ဖြင့် သတိပေးပြောဆိုမှုများ ရှိခဲ့ကြောင်း၊ သို့ရာတွင် လိုက်နာခြင်းမရှိသည့်အတွက် အခြားသော အလုပ်သမားများကပါ သူမ၏ အပြုအမူကို အတုယူလုပ်ဆောင်မှုများ ရှိလာကြောင်း၊ ထို့ကြောင့် အလုပ်ရှင်က သူမအား ကြိုက်နှစ်သက်ခြင်းမရှိတော့၍ အလုပ်မှ ထုတ်ပယ်ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေသည်။

ဤခုံအဖွဲ့သို့ တင်ပြသည့် အလုပ်ရှင်၏ ၁၀-၉-၂၀၁၂ ရက်စွဲပါ လျှောက်လဲချက် စာမျက်နှာ (၄)၊ အပိုဒ် (၁၀) တွင်-

(၁) အလုပ်ခွင်စည်းကမ်းကို မလိုက်နာ တာဝန်ရှိသူကိုလည်း မလေးစား၊ **“လုပ်ငန်းပြင်ပ ပယောဂ”** များ ပူးကပ်၍ မိမိစိတ်တိုင်းကျ စည်းကမ်းမဲ့စွာ နေထိုင်ပြုမူသူ “ထိုသို့သောသူနှင့် ဘယ်လိုဆက်လက် လုပ်ကိုင်သွားရမလဲ” ဟူ၍လည်းကောင်း၊

(၂) လုပ်ငန်းခွင်တစ်ခုလုံး၏ ငြိမ်းချမ်းမှုကို အနှောင့်အယှက်ဖြစ်စေသည့် လုပ်သားတစ်ဦးကို မည်သည့်နည်းနှင့်မျှ ဆက်လက်ခန့်ထားရန် မဖြစ်နိုင်ပါ။ သို့ပါ၍ မခင်သူဇာတင်အား အလုပ်ပြန်ခန့်စေသည့် အမိန့်မှတစ်ပါး အလုပ်ထုတ်နစ်နာကြေး တစ်စုံတစ်ရာပေးသော ဆုံးဖြတ်ချက်မျိုးသာ ချမှတ်ပေးပါရန် ရုံးတော်သို့ လျှောက်ထားပါသည်ဟူ၍ လည်းကောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။

## (ခ) အလုပ်သမား၏ထွက်ဆိုချက်

အလုပ်သမားမခင်သူဇာတင်က “သူမအား အလုပ်သမားအဖွဲ့အစည်းထူထောင်ရန် ကြိုးပမ်းနေသည့်အတွက် အလုပ်ရှင်က အလုပ်ထုတ်ခဲ့ခြင်းဖြစ်ပါသည်” ဟူ၍ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အလုပ်သမားဦးစီးအရာရှိထံ လိပ်မူတိုင်ကြားသည့် ၉-၄-၂၀၁၂ ရက်စွဲပါစာတွင်လည်းကောင်း၊ သူမ၏ ကိုယ်တိုင်ထွက်ဆိုပြောကြားချက်များတွင်လည်းကောင်း လေ့လာတွေ့ရှိရသည်။

၎င်းအပြင် သူမတွင် အပြစ်တစ်စုံတစ်ရာမရှိဘဲ အလုပ်ထုတ်ခံရခြင်းဖြစ်၍ အလုပ်သာ ပြန်လည်ရရှိလိုကြောင်း၊ အလုပ်ထုတ်နစ်နာကြေး ရယူလိုခြင်းမရှိကြောင်း၊ ၂၄-၄-၂၀၁၂ ရက်နေ့တွင် အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ တင်ပြခဲ့သည့် ၃၀-၇-၂၀၁၂ ရက်စွဲပါ သူမ၏ တောင်းဆိုလွှာတွင် “တိုင်းအဆင့်တွင် အလုပ်ရှင်က (၅) လစာပေးမည်ဟု ကမ်းလှမ်းခဲ့ပါသည်။ သို့သော်ကျွန်မသည် အလုပ်ပြန်ရရေးကိုသာ တောင်းဆိုခဲ့သဖြင့် ဤခုံသမာဓိရုံးသို့ ရောက်လာခဲ့ခြင်းဖြစ်ပါသည်” ဟူ၍ တင်ပြထားချက်ကို တွေ့ရှိရသည်။

၉။ ၂၁-၉-၂၀၁၂ ရက်နေ့တွင် ပြုလုပ်သည့် ဤခုံအဖွဲ့၏ စစ်ဆေးမှုတွင် အလုပ်ရှင်ဘက်မှ ခေါ်ယူလာသည့် သက်သေများက ထွက်ဆိုခဲ့ကြရာတွင် မခင်သူဇာတင်သည် လုပ်ဖော်ကိုင်ဖက်များနှင့်အဆင်ပြေအောင် ဆက်ဆံနိုင်မှု အားနည်းသည့်အတွက် သူမအလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လာမည်ဆိုပါက လုပ်ငန်းခွင်အေးချမ်းသာယာမှုအပေါ် အနှောင့်အယှက်ဖြစ်စေမည်ကို စိုးရိမ်သူများ စက်ရုံတွင်ရှိနေပါကြောင်း တင်ပြပြောကြားခဲ့မှုများကိုလည်း တွေ့ရှိရသည်။

၁၀။ ဤခုံအဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်ဘက်မှ တင်ပြချက်တစ်ရပ်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ထိုတင်ပြချက်မှာ ယခင်အခါက စက်ရုံတွင် အလုပ်သမားများကို စာရွက်စာတမ်းများဖြင့်မဟုတ်ဘဲ နှုတ်ဖြင့်သာ

မိသားစုပုံစံမျိုးဖြင့် ဆက်ဆံအုပ်ချုပ်ခဲ့ကြောင်း၊ သို့ရာတွင် ယခုများမကြာသေးမီကမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် (Employment Contract E.C) ကို စတင်ကျင့်သုံးနေပြီဖြစ်ပါကြောင်း တင်ပြသွားခဲ့သည်။

၁၁။ ထိုသို့စက်ရုံတွင်း၌ ပြောင်းလဲကျင့်သုံးပြီး ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုကို စနစ်တကျ လုပ်ဆောင်နေသည့် အခြေအနေကို မခင်သူဇာတင် သိရှိပုံရပေသည်။ ဤခုံအဖွဲ့ရှေ့မှောက်တွင် ၂၁-၉-၂၀၁၂ ရက်နေ့တွင် ထွက်ဆိုသွားခဲ့ရာ၌ "အကယ်၍ ကျွန်မသည် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိခဲ့ပါလျှင် စက်ရုံတွင် ယခုလက်ရှိကျင့်သုံးနေပြီဖြစ်သည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် (E.C) အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လုပ်ငန်းခွင် အလုပ်ချိန်အတွင်း မိမိအလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပါ၍ လုပ်ငန်းခွင်အတွက် အနှောင့်အယှက်ဖြစ်စေရန် အကြောင်းမရှိနိုင်ပါ" ဟူ၍ တင်ပြသွားခဲ့သည်။

**သုံးသပ်ချက်**

၁၂။ အလုပ်ရှင်က မခင်သူဇာတင်အား စည်းကမ်းမလိုက်နာဟုဆိုသည့် အကြောင်းပြချက်များဖြင့် အလုပ်မှ ထုတ်ပယ်ခဲ့ရာတွင် အလုပ်ရှင်သည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။ သတိပေးသည်ဟုဆိုရာ၌လည်း စာဖြင့် သတိပေးခြင်း သို့မဟုတ် တရားဝင် မှတ်တမ်းမှတ်ရာထားရှိခြင်းလည်း မရှိပေ။ နှုတ်ဖြင့် သတိပေးခဲ့သည်ဟုဆိုရာ၌ပင် ထင်ရှားအောင် ပြသနိုင်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ အလုပ်မှ ထုတ်ပယ်ခဲ့ရာတွင် ကြိုတင်နို့တစ်ပေးခြင်းမရှိ၊ ရုတ်တရက် နှုတ်ဖြင့်ပြောဆိုကာ အလွယ်တကူ ထုတ်ပယ်ခဲ့ပေသည်။

၁၃။ အလုပ်ရှင်မှ အထောက်အထားတစ်ခုအဖြစ် တင်ပြထားသည့် မခင်သူဇာတင်က လက်မှတ်ရေးထိုးခဲ့ခြင်း မပြုဟုဆိုသည့် "ဝန်ခံကတိပြုချက်" တွင် ပါရှိသည့် ရက်စွဲမှာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (-) ဖြစ်နေရာ၊ အလုပ်သမားဖြစ်သူအား အလုပ်မှ ထုတ်ပယ်ခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဧပြီလ နောက်ပိုင်းကာလဖြစ်နေသည့်အပြင် ၁၀-၉-၂၀၁၂ ရက်စွဲပါ အလုပ်ရှင်က တင်ပြသည့် လျှောက်လဲချက်တွင် ပူးတွဲတင်ပြထားသည့် ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံ "အခြေခံအလုပ်သမားအဖွဲ့" မှတ်ပုံတင်ပြီးကြောင်း "အတည်ပြုတင်ပြချက်" တွင် ပါရှိသည့် ရက်စွဲမှာလည်း ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (-) ဖြစ်နေသည်ကို တွေ့ရှိသည့်အတွက် ထူးခြားနေပေသည်။ ထို့အပြင် ထို "ဝန်ခံကတိပြုချက်" စာကို မခင်သူဇာတင်အား ပြသရာတွင် သူမ ထိုစာကို မမြင်ဘူးပါကြောင်း ထွက်ဆိုသွားခဲ့သည်။

၁၄။ ရှေ့ပိုင်းတွင် ဖော်ပြထားသည့် လေ့လာတွေ့ရှိချက်များအရ လုပ်သက်နှစ်အနည်းငယ်အတွင်း မူလအလုပ်ခန့်စဉ်ရရှိသည့် လုပ်ခလစာထက် ၂ ဆကျော်ခန့်မျှ တိုးတက်ရရှိအောင် လုပ်ကိုင်နိုင်ခဲ့သူ အလုပ်သမားတစ်ဦးကို ရုတ်တရက် အလုပ်မှ ထုတ်ပယ်ရလောက်အောင် အလုပ်ရှင်ဘက်မှ သဘောထားသိသာစွာ ပြောင်းလဲသွားသည့် အနေအထားကို ဤခုံအဖွဲ့က ကောင်းစွာ သတိပြုမိပေသည်။

၁၅။ စက်ရုံလုပ်ငန်းခွင်၌ အလယ်အလတ်စီမံခန့်ခွဲသူ အမျိုးသမီးများ၏ ခပ်ကြမ်းကြမ်း ပြောဆိုဆက်ဆံလေ့ရှိသည့် ဓလေ့စရိုက်ကြောင့် မခင်သူဇာတင်ကလည်း "ရောင်းသူဝယ်သူအသံတူ" ဟူသည့် စကားအတိုင်း တုံ့ပြန်မှုအချို့ရှိခဲ့၍ ကြိမ်ဖန်များသော် အာဃာတပွားလာရာမှ အလုပ်ရှင်/စီမံခန့်ခွဲသူတို့ကိုပါ ကူးစက်၍ အမြင်စောင်းလာကြခြင်းဖြစ်ပေသည်။ ထို့အပြင် မခင်သူဇာတင်သည် အလုပ်ရှင်က (ပြင်ပ ပယောဂ) ဟု ဖော်ညွှန်းသည့် သူမ၏ နိုင်ငံရေး ယုံကြည်ချက်အရ စက်ရုံပြင်ပ၌ ဆက်သွယ်လုပ်ဆောင်မှုအချို့ရှိသည့်ကိစ္စကြောင့် အလုပ်ရှင် စီမံခန့်ခွဲရေးအပိုင်းက သူမအပေါ် သဘောထား ရုတ်ခြည်းပြောင်းလဲသွားခဲ့ခြင်း ဖြစ်နိုင်သည်ဟု သုံးသပ်ရပေသည်။

၁၆။ ခြုံငုံသုံးသပ်ပါက အလုပ်ရှင်ဘက်မှ ပြောကြားသကဲ့သို့ မခင်သူဇာတင်အပိုင်းမှ စည်းကမ်းပိုင်းနှင့် စပ်လျဉ်း၍ ချို့ယွင်းအားနည်းချက်အချို့လည်း ရှိနိုင်ပေသည်။ သို့ရာတွင် ထိုချို့ယွင်းအားနည်းချက်

ဆိုသည်တို့မှာ သူမအား အလုပ်မှ ရုတ်ခြည်းထုတ်ပယ်ရလောက်သည့် ကြီးလေးသည့် စည်းကမ်းဖောက်ဖျက်ကျူးလွန်မှုမျိုးမဟုတ်ပေ။ ထို့ကြောင့် အလုပ်သမားအား အလုပ်မှ ထုတ်ပယ်ရသည့် အကြောင်းပြချက်များသည် လုံလောက်သည့် ခိုင်လုံမှုမရှိကြောင်း သုံးသပ်ရပေသည်။

၁၇။ ဤခုံအဖွဲ့ရှေ့မှောက်၌ အလုပ်ရှင်ဘက်မှ ထွက်ဆိုချက်တစ်ရပ်တွင် များမကြာသေးမီက ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံသည် ဝန်ထမ်း/အလုပ်သမားစီမံခန့်ခွဲရာ၌ မခင်သူဇာတင်ကို အလုပ်မှ ထုတ်ပယ်စဉ်အချိန်ကကဲ့သို့မဟုတ်ဘဲ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (Employment Contract) ကို စတင်ကျင့်သုံးလုပ်ဆောင်နေပြီဖြစ်ကြောင်း တင်ပြသွားခဲ့သည်။ သို့ဖြစ်ရာ အလုပ်ရှင်နှင့် စက်ရုံဝန်ထမ်း/အလုပ်သမားတို့သည် စည်းကမ်းနည်းလမ်းကျနစွာ လုပ်ငန်းခွင်အတွင်း နေထိုင်လုပ်ကိုင်ရန် တာဝန်ကိုယ်စီ ရှိကြမည်ဖြစ်သည်။ အကယ်၍ မခင်သူဇာတင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်မည်ဆိုပါကလည်း အလားတူတာဝန်ရှိမည်သာဖြစ်ပေရာ ဖောက်ဖျက်ကျူးလွန်မှု တစ်စုံတစ်ရာရှိလာပါက စီမံခန့်ခွဲရေးအပိုင်းက စည်းကမ်း၊ နည်းလမ်းများနှင့်အညီ အရေးယူလုပ်ဆောင်နိုင်မည်သာ ဖြစ်ပေသည်။

## ဖြည့်စွက်သုံးသပ်ချက်နှင့်ဆုံးဖြတ်ချက်

၁၈။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်မှာ ဥပဒေရှုထောင့်အရ မှန်ကန်မျှတမှုရှိသည်သာ ဖြစ်ပေသည်။ သို့ရာတွင် အလုပ်ရှင်ဘက်မှ မကျေနပ်ဘဲ တစ်ဖက်သတ်မျက်နှာသာပေး ဆုံးဖြတ်ခြင်းဖြစ်သည်ဟုဆိုကာ ခုံသမာဓိကောင်စီသို့ ဆက်လက် တင်ပြလျှောက်ထားခဲ့ခြင်း ဖြစ်သည်။

၁၉။ ဤခုံအဖွဲ့သည် အငြင်းပွားလျက်ရှိသည့် နှစ်ဖက်ပုဂ္ဂိုလ်တို့ကို ခေါ်ယူစစ်ဆေးရာမှ ထပ်မံတွေ့ရှိရသည့် အချက်အလက်များကိုပါ ခြုံငုံသုံးသပ်ပြီး ဥပဒေရေးရာရှုထောင့် (Point of Law) အရလည်းကောင်း၊ တရားမျှတမှု (Justice) ရှုထောင့်အရလည်းကောင်း၊ နှစ်ဖက်အငြင်းပွားသူများ၏ သာမှုနာမှု (Equity) ကို ချိန်ဆ၍လည်းကောင်း၊ စိတ်ကောင်းစေတနာကို အရင်းခံသည့် ဆင်ခြင်တုံတရား (In good conscience) ဖြင့်လည်းကောင်း အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ် (၁)။** မခင်သူဇာတင်ကို မူလရာထူးတာဝန်တွင် နောက်ဆုံးထုတ်လစာဖြင့် ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်ခံရသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့ရက်အထိ ကြားကာလအတွက် နောက်ဆုံးထုတ်လစာ၏ ထက်ဝက်နှုန်းဖြင့် တွက်ချက်ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၂၀။ အထက်ပါ ဆုံးဖြတ်ချက်အမှတ် (၁) ကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| ဦးငွေအောင် | ဦးအေးငွေ | ဦးစိုးမြင့်အောင် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၇/၂၀၁၂)**

ဦးမျိုးမြင့်အောင် (နန်းဆွဲလုပ်သား)
မှတ်ပုံတင်အမှတ် [၁၂/မဘန(ယ)၀၂၇၆၃၁]
ရာရှင်းသံရည်ကျိုစက်ရုံမြောင်းတကာစက်မှုဇုန်၊
မှော်ဘီမြို့နယ်
} **နစ်နာ၍တောင်းဆိုသူ**

နှင့်

ဦးကျော်ဝင်း(ပိုင်ရှင်)
ရာရှင်းသံရည်ကျိုစက်ရုံ
မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်
} **တောင်းဆိုခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ ရာရှင်းသံရည်ကျိုစက်ရုံ (ပိုင်ရှင်) ဦးကျော်ဝင်း နှင့် အလုပ်သမားဦးမျိုးမြင့်အောင်တို့ဖြစ်ပွားသော အငြင်းပွားမှုအား ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၈/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးကျော်ဝင်း (ပိုင်ရှင်) ရာရှင်းသံရည်ကျိုစက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် (ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၇/၂၀၁၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရီ အဖွဲ့ဝင်အဖြစ် ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးဇော်ဝင်းထွန်းတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) ၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၂) ဖြင့် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ဤခုံအဖွဲ့သို့ ပေးပို့ခဲ့သော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များအပေါ်မှ အချက် အလက်များအပေါ် လေ့လာစိစစ်သုံးသပ်၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** နစ်နာ၍တောင်းဆိုသူ ဦးမျိုးမြင့်အောင်မှ မတရားအလုပ်ထုတ်ခံရ၍ မူလအလုပ်တွင် ပြန်လည်ခန့်ထားပေးရန်နှင့် ပြန်လည်ခန့်ထားခြင်းမပြု ပါက၊ အလုပ်ထုတ်နစ်နာကြေးကို ခံစားခွင့်ပြုရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** ရာရှင်းသံရည်ကျိုစက်ရုံမှ ဖိုမင်တရုတ်လူမျိုးက သံနန်းဆွဲလုပ်သား ဦးမျိုးမြင့်အောင်အား အလုပ်လုပ်နေစဉ် သံစများပါသော ချော်ခဲဖြင့် ပစ်ပေါက်ခြင်းကြောင့် ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းခွင်မှ ထွက်ခွာခဲ့သည့်

အတွက် ဤအငြင်းပွားမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှုဖွင့် တရားစွဲကြခြင်း၊ အလုပ်သမားအားစက်ရုံအတွင်း ဝင်ခွင့်မပြုခြင်း၊ လခနည်းသော ထုပ်ပိုးရေးဌာနသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ မူလနေရာသို့ ပြောင်းရွှေ့လိုပါက "တမင်ရည်ရွယ်၍ လုပ်ငန်းခွင်ပစ္စည်းများ မပျက်စီးစေရန်" ခံဝန်ကတိပေးခိုင်းခြင်း၊ ပြဿနာဖြစ်ပွားခဲ့သော အလုပ်သမားတစ်ဦးအနေဖြင့် အရေးကြီးလုပ်ငန်းခွင်နေရာတွင် စိတ်ချယုံကြည်စွာ တာဝန်မပေးအပ်လိုကြောင်း စသည်ဖြင့် ပြောကြားပြီး ၎င်းအနေဖြင့် ဥပဒေနှင့်အညီ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ကြောင်း တင်ပြချက်များကို သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။**　အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ အခန်း (၆) "ဆုံးဖြတ်ချက်" နည်းဥပဒေပုဒ်မ (၂၅) (ဂ) အလုပ်သမားများ ရရန်ရှိသည့် လုပ်ခလစာအပါအဝင် ငွေကြေးခံစားခွင့်များ ရရှိခံစားနိုင်စေရန်ဟူသော ဥပဒေအရ ခုံသမာဓိအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက် အမှတ် (၁) ကို အတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။　တောင်းဆိုသူအားပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| ဦးထွန်းအေး | ဦးခင်မောင်ရီ | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

## ခုံသမာဓိကောင်စီ
## ခုံအဖွဲ့၏ ရှင်းလင်းချက်
## {နည်းဥပဒေ ၂၇}

### ၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၇/၂၀၁၂)
### ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်-၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်။

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

### နည်းဥပဒေပုဒ်မ ၂၅ (ဂ) ပါ အလုပ်သမားများရရန်ရှိသည့် လုပ်ခအပါအဝင် ငွေကြေး ခံစားခွင့်များ ရရှိနိုင်စေရန်ဆိုသောအချက်ကို ဥပဒေအကြောင်းအရ-ရှင်းလင်းချက်

**၁၉၃၆ ခုနှစ်၊ လုပ်ခပေးရေးအက်ဥပဒေ (ပုဒ်မ ၂၊ ပုဒ်မခွဲ ၆)**

၁။　**"လုပ်ခ"** ဆိုသည်မှာ အလုပ်အကိုင်ပဋိညာဉ်အရ ဖော်ပြထားသည့် (သို့မဟုတ်) မှတ်ယူရမည့် စည်းကမ်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းကြောင့် ပေးရန်တာဝန်ရှိသည့် ငွေသားဖြင့် ဖော်ပြ

နိုင်သည့် အခကြေးငွေ အားလုံးပင်ဖြစ်သည်။ သီးခြားသတ်မှတ်ချက်များဖြစ်သည့် အလုပ်တက်ရက်မှန်ကန်ခြင်း၊ လုပ်ကိုင်ဆောင်ရွက်မှုကောင်းမွန်ခြင်း (သို့မဟုတ်) စာရိတ္တနှင့် အမူအကျင့်ကောင်းမွန်ခြင်းတို့ကြောင့် ပေးသည့်ငွေကြေး စသည်တို့လည်း ပါဝင်သည်။ တစ်နည်းအားဖြင့် အလုပ်လုပ်ကိုင်သူတစ်ဦးသည် မိမိ လုပ်ကိုင်ရသည့် အလုပ်အတွက်ဖြစ်စေ (သို့မဟုတ်) အလုပ်ပြီးစီးမှုအရဖြစ်စေ ရရှိသည့် အခကြေးငွေကို ဆိုလိုသည်။ ထိုအထဲတွင် လုပ်အားဆု (Bonous) (သို့မဟုတ်) အခြားထပ်ပေါင်း ထည့်ပေးသည့် အခကြေးငွေ များသာမက၊ အလုပ်ရပ်စဲသည်ကိုအကြောင်းပြု၍ ပေးသည့် အခကြေးငွေလည်း ပါဝင်သည်။

၂။ **သို့ရာတွင် အောက်ပါတို့ပါဝင်ခြင်းမရှိပေ-**

(က) နေအိမ်အတွက်ပေးရသည့် အဖိုးအခ၊ ရေခ၊ မီးခနှင့် ကျန်းမာရေးစောင့်ရှောက်ခ (သို့မဟုတ်) အိမ်ပြုပြင်မွမ်းမံဆောက်လုပ်ခ (သို့မဟုတ်) နိုင်ငံတော်သမ္မတက သီးခြားအမိန့်ထုတ်ပြန်၍ ထည့်သွင်းခြင်းမပြုရန် ပြဋ္ဌာန်းထားသည့် ဝန်ဆောင်မှု တစ်ရပ်ရပ်၊

(ခ) အလုပ်ရှင်က ထည့်ဝင်ပေးသည့် ပင်စင်ရန်ပုံငွေ (သို့မဟုတ်) အိုနာစာရန်ပုံငွေ၊

(ဂ) ခရီးစရိတ် (သို့မဟုတ်) ခရီးသွားလာမှုအတွက် သက်သာအောင် လျှော့ပေါ့ပေးသည့်တန်ဖိုး၊

(ဃ) လုပ်ငန်းသဘာဝအရ အထူးကုန်ကျရသည့် စရိတ်အတွက်ပေးသည့်ငွေ၊

(င) အလုပ်မှ နုတ်ထွက်သည့်အခါ ပေးသည့်လုပ်သက်ဆု။

၃။ ဤဥပဒေအရ အလုပ်ရှင်မှအလုပ်သမားအား နို့တစ်ကြေးတစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး နှစ်လစာ စုစုပေါင်း (၃) လစာပေးရန် ဆုံးဖြတ်ခဲ့မှုတွင် အလုပ်သမားသည် ၁၉၃၆ ခုနှစ် လုပ်ခပေးရေး အက်ဥပဒေ (ပုဒ်မ ၂၊ ပုဒ်မခွဲ ၆) တွင် ပါရှိသော **"လုပ်ခ"** ဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်း အပြည့်အဝခံစားခွင့်ရှိသဖြင့် အလုပ်ရှင်ပေးလျော်ရမည့်ငွေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြလိုက်သည်။

| | အလုပ်သမားတောင်းဆိုငွေ | ဥပဒေအရခွင့်မပြုသည့်ငွေ | ဥပဒေအရခံစားခွင့်ပြုသည့်ငွေ |
|---|---|---|---|
| (၁) အခြေခံလစာ | -၁၅၀၀၀ိ/- | - | ၁၅၀၀၀ိ/- |
| (၂) စားစရိတ် | -၃၀၀၀၀ိ/- | - | ၃၀၀၀၀ိ/- |
| (၃) ကျန်းမာရေးစရိတ် | -၃၀၀၀၀ိ/- | ၃၀၀၀၀ိ/- | - |
| (၄) အာမခံကြေး | -၃၀၀၀၀ိ/- | ၃၀၀၀၀ိ/- | - |
| (၅) အပိုထောက်ပံ့ကြေး | -၃၀၀၀၀ိ/- | - | ၃၀၀၀၀ိ/- |
| (၆) ခရီးစရိတ် | -၁၅၀၀၀ိ/- | ၁၅၀၀၀ိ/- | - |
| (၇) အထူးထောက်ပံ့ကြေး | -၁၀၀၀၀ိ/- | - | ၁၀၀၀၀ိ/- |
| (၈) အချိန်ပို | -၁၀၀၀၀ိ/- | ၁၀၀၀၀ိ/- | - |
| (၉) ဆုငွေ | -၁၀၀၀၀ိ/- | - | ၁၀၀၀၀ိ/- |
| | -၁၈၀၀၀၀ိ/- | ၈၅၀၀၀ိ/- | ၉၅၀၀၀ိ/- |

၄။ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေများ ပုဒ်မ (၂၇) စာကြောင်းရေ (၄) **"အဆိုပါရှင်းလင်းချက်သည် ဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ ဆုံးဖြတ်ချက်တွင် ပူးတွဲ ထားရှိရမည်"** ဟူသော နည်းဥပဒေ၏ ညွှန်ကြားချက်နှင့်အညီ မူလဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက် ဆောင်ရွက်ရမည်။

၅။ အဆိုပါနည်းဥပဒေ ပုဒ်မ (၂၈) အရ ဤရှင်းလင်းချက်ကို ခုံသမာဓိကောင်စီက သင့်လျော်သော နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| ဦးထွန်းအေး | ဦးခင်မောင်ရီ | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

## ခုံသမာဓိကောင်စီအငြင်းပွားမှုအမှတ် (၇/၂၀၁၂) နှင့်ပတ်သက်၍ ခုံအဖွဲ့၏ သုံးသပ်ချက်

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

၁။　ဤအမှုစတင်ဖြစ်ပွားရသည့် အခြေခံမှာ မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်ရှိ ဦးကျော်ဝင်း ပိုင်ဆိုင်သည့် ရာရှင်းသံရည်ကျိုစက်ရုံတွင် အလုပ်လုပ်ကြသော သံရည်ကျိုကျွမ်းကျင်ကြီးကြပ်သူ တရုတ် (လူမျိုး) က သံနန်းဆွဲ (လုပ်သား) မျိုးမြင့်အောင်ကို အလုပ်လုပ်နေစဉ် သံစပါသော ချော်ခဲဖြင့် ပစ်ပေါက်ခဲ့ရာမှ ပဋိပက္ခမှု စတင်ခဲ့ခြင်းဖြစ်ပါသည်။

၂။　**အလုပ်ရှင်ဘက်ကစွပ်စွဲချက်။**　။ အခင်းဖြစ်ပြီးလျှင်ပြီးခြင်း၊ သံနန်းဆွဲလုပ်သား မျိုးမြင့်အောင်သည် ခွင့်ပြုချက်မရဘဲ လုပ်ငန်းခွင်မှအပြင်သို့ ထွက်သွားသည်မှာ နာရီဝက်ခန့်ကြာကြောင်း၊ ၎င်းထွက်သွားစဉ် စက်အတွင်းရှိ မော်တာဘောတစ်လုံးကွဲသွား၍ ကျပ်တစ်သိန်းဖိုးခန့်ဆုံးရှုံးရကြောင်း၊ ၎င်းသည် လုပ်ငန်းကျွမ်းကျင်မှုမရှိကြောင်း၊ အလုပ်သမားများအတွက် အသက်အန္တရာယ်ရှိကြောင်း၊ ၎င်းအားစက်ရုံမှူးမှ ခေါ်ယူ၍ “တရုတ်ကမင်းစက်ထဲကို အအေးချောင်းထိုးထည့်နေသည်ကိုမြင်၍ အော်ပြောသည်ကို မင်းမကြား၍ဖြစ်တာဖြစ်မှာပေါ့၊ မင်းဒီလောက်မှ ဆူပူကြိမ်းမောင်းတာကို မခံနိုင်ရင် အလုပ်ကထွက်” ဟုပြောရာ “မျိုးမြင့်အောင်က ကျုပ်ကလည်း အဆင်သင့်ပဲ” ဟု ပြောပြီးထွက်သွားကြောင်း၊ စီမံသူများက ပိုင်ရှင်ကိုတောင်းပန်ခိုင်းရာ ၎င်းက ငြင်းဆိုကြောင်း၊ ပိုင်ရှင်က မျိုးမြင့်အောင်သည် လုပ်ငန်းမကျွမ်းကျင်သူဖြစ်၍ လုပ်သားအများအတွက် အန္တရာယ်ရှိမည့်နေရာကိုမပေးလိုကြောင်း၊ ၁၀-၉-၂၀၁၂ ရက်နေ့တွင် မှော်ဘီအထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ပြုလုပ်သည့် ညှိနှိုင်းပွဲတွင်လည်း ပိုင်ရှင်က မျိုးမြင့်အောင်အား “မင်းကို မူလသံနန်းဆွဲနေရာပြန်ပေးမည်၊ မင်း အလုပ်သမားများ၏ အသက်အန္တရာယ်နှင့် သံရည်ကျိုစက်မပျက်စီးအောင် အာမခံသည့် ခံဝန်ကတိ ချုပ်ဆိုခိုင်းသည်ကိုလည်း ငြင်းပယ်သည်” ဟု ပိုင်ရှင်ဘက်က အယူခံလျှောက်ထားရာတွင် ဖော်ပြထားပါသည်။

**(မှတ်ချက်)**။　။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၃၁-၈-၂၀၁၂ ရက်နေ့တွင် ဆုံးဖြတ်ချက်ချပြီး နောက်ပိုင်း ၁၀-၉-၂၀၁၂ နေ့တွင်မှ ထွေအုပ်ရုံးတွင် ညှိနှိုင်းပွဲလုပ်ကြောင်း စိစစ်တွေ့ရှိပါသည်။

၃။　**အလုပ်သမားဘက်မှ စွပ်စွဲချက်**။　။ မျိုးမြင့်အောင်က တရုတ်ကြီးကြပ်သူနှင့် ပြဿနာဖြစ်ပွားပြီးနောက် စက်ရုံပြင်ပသို့ ထွက်သွားကြောင်း၊ နာရီဝက်ခန့်အကြာတွင် စက်ရုံသို့ပြန်လာရာ စက်ရုံတံခါးပိတ်ထားပြီး၊ ဝင်ခွင့်မပြုတော့ကြောင်း၊ ထမင်းစားရုံတွင် ၎င်း၏နာမည်ကိုဖျက်ထားကြောင်း၊ စက်တွင်းသို့ အအေးချောင်းထိုးသည်မှာ မဟုတ်ကြောင်း၊ ထိုး၍မရကြောင်း၊ စက်ရပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းမှာ စက်ရုံမှတ်ပုံတင်မကျသေးသော အခြေခံအလုပ်သမားအစည်းအရုံးတွင် အမှုဆောင်ဖြစ်ပြီး စက်ရုံတွင် ညှိနှိုင်းရေးအဖွဲ့တွင်ပါသဖြင့် အပြိုးထားခြင်းဖြစ်ကြောင်း၊ အမှုဆောင်တစ်ဦးအား အလုပ်ဖြုတ်ခြင်းမှာ အလုပ်သမားအဖွဲ့အစည်းဥပဒေဖြင့် အရေးယူပေးရန် တင်ပြလိုကြောင်း၊ ပိုင်ရှင်မှ ခံဝန်ချက်အမျိုးမျိုးထိုးခိုင်းခြင်းကို ငြင်းဆန်ခြင်းမှာ ၎င်း၏ဘဝကို နာလန်မထူနိုင်အောင် ထောင်ချောက်ဆင်ခြင်းဖြစ်၍ ငြင်းဆန်ရခြင်းဖြစ်ပါကြောင်း၊ နေရာပြောင်းရွှေ့ခြင်းမှာလည်း လစာထက်ဝက်ကွာခြား၍ လက်မခံနိုင်ခြင်းဖြစ်ကြောင်း၊ ၎င်း၏ လုပ်သက်မှာ နှစ်နှစ်ကျော်ပြီဖြစ်၍ နစ်နာကြေးမပေးလို၍ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။　ယင်းပဋိပက္ခမှုအား လေ့လာသုံးသပ်စဉ် တွေ့ရှိရသည့်အချက်မှာ နှစ်ဦးနှစ်ဖက်စလုံးက အပြန်အလှန်အမှုဖွင့်၍ တရားစွဲဆိုခြင်းဖြစ်သည်။

၅။　မျိုးမြင့်အောင်၏တောင်းဆိုချက်များမှာ ၎င်းအား မူလနေရာတွင် မူလအသွင်အပြင်အတိုင်းပြန်လည်ခန့်ထားပေးရန်၊ မူလနေရာတွင် မူလအသွင်အပြင်အတိုင်း မခန့်ထားနိုင်လျှင် အလုပ်ထုတ်နစ်နာကြေး တောင်းခံပေးရန်တို့ ဖြစ်ပါသည်။

၆။ အထက်တွင်ဖော်ပြခဲ့သည့် အချက်များကို အခြေခံ၍ ပြန်လည်သုံးသပ်ရလျှင် မျိုးမြင့်အောင်သည် မီးဖိုအတွင်းသို့ အအေးချောင်းများထိုးထည့်ကြောင်း တွေ့ရှိမှုအမှန်ဖြစ်လျှင် တရုတ်လူမျိုးကြီးကြပ်သူသည် သက်သေသက္ကာယဖြင့် စစ်ဆေးဖော်ထုတ်ခြင်း၊ စီမံခန့်ခွဲရေးသို့ သတင်းပို့ခြင်း၊ စက်ရုံစီမံနှင့် စက်ရုံတွင်း ဖွဲ့စည်းထားသော ညှိနှိုင်းရေးအဖွဲ့နှင့် ပူးပေါင်း၍ လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ် အကိုင်နှင့်သာတူညီမျှ ဖြစ်ရေးဟူသော သဘောတရားရေးပေါ် အခြေခံ၍ အဆုံးအဖြတ်ပြုရန် သင့်သော ကိစ္စဖြစ်ပါသည်။

၇။ ယခုမှုအခြေခံမတည်ငြိမ်သေးသောအချိန်တွင် တရုတ်လူမျိုးကြီးကြပ်သူက အလုပ်သမားအား သံစပါ သော ချော်ခဲဖြင့် ပစ်ပေါက်သတိပေးခြင်း၊ အလုပ်သမားကခွင့်ပြုချက်မရယူဘဲ စက်ရုံအတွင်းမှ ပြင်ပသို့ နာရီဝက်ခန့်ထွက်သွားခြင်း၊ စက်ရုံက အလုပ်သမားအား ခွင့်ပြုချက်မရဘဲပြင်ပသို့ထွက်သွား၍ မော်တာ ဘောကွဲရသည်ဟုစွပ်စွဲခြင်း၊ အလုပ်သမားက တရုတ်လူမျိုးအား ထိခိုက်နာကျင်စေမှုဖြင့် တရားစွဲပြီး စက်ရုံစီမံက အလုပ်သမားအား စက်များကို ပျက်စီးအောင် ဖျက်ဆီးမှုဖြင့် တရားစွဲခြင်း စသည်တို့ကိုကြည့်လျှင် နှစ်ဖက်စလုံးမှ ဒေါသဖြင့် ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။

၈။ ဤသို့သော သဘောတရားများဖြစ်သည့် “လူမှုရေးတရားမျှတမှု သင့်လျော်ကောင်းမွန်သည့် အလုပ် အကိုင်နှင့် သာတူညီမျှမှုဖြစ်ရေး” ဟူသော သဘောတရားကို အခြေခံ၍ အောက်ပါဆုံးဖြတ်ချက်ကို ချမှတ်သင့်သည်ဟု သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်**။ ။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေအခန်း (၆) နည်းဥပဒေ ပုဒ်မ (၂၅) (ဂ) အလုပ်သမားများရရန်ရှိသည့် လုပ်ခလစာအပါအဝင် ငွေကြေးခံစားခွင့်များ ရရှိခံစားနိုင်စေရန်ဟူသော ဥပဒေအရ ဦးမျိုးမြင့်အောင်အား နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၂) လစာ၊ စုစုပေါင်း (၃) လစာကို အလုပ်ရှင်မှပေးလျော်ရန် ဆုံးဖြတ်လိုက်သည်။

| ဦးခင်မောင်ရီ | ဦးထွန်းအေး | ဦးဇော်ဝင်းထွန်း |
|---|---|---|
| ဥက္ကဋ္ဌ | အဖွဲ့ဝင် | အဖွဲ့ဝင် |

ပုံစံ (၁၁)

## ခုံသမာဓိကောင်စီ

### ခုံအဖွဲ့

### {နည်းဥပဒေ ၂၃(စ)}

## ၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၈/၂၀၁၂)

မအိဝေဖြိုး (ပါ) အလုပ်သမား (၉၂) ဦး
မြစ်ဝါအဆင့်မြင့်သစ်အချောထည်ပရိဘောဂစက်ရုံ
အလုပ်သမားများ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ } **လျှောက်ထားသူများ**

နှင့်

ဦးအောင်နိုင် (အလုပ်ရှင်)
မြစ်ဝါအဆင့်မြင့်သစ်အချောထည်ပရိဘောဂစက်ရုံ
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

## ဆုံးဖြတ်ချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် (ပပ-၂၂) စု-ရပ်ကွက်၊ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြား၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ မြစ်ဝါအဆင့်မြင့် သစ်အချောထည်စက်ရုံမှ စတိုစာရေး မအိဝေဖြိုးပါ အလုပ်သမား (၉၂) ဦးတို့က တစ်ဖက်၊ ယင်းစက်ရုံ အလုပ်ရှင်/မန်နေးဂျင်းဒါရိုက်တာက တစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၃/၂၀၁၂) အဖြစ် ကြားနာစစ်ဆေးခဲ့ပြီး၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ မန္တလေးတိုင်း၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင် တစ်ခုတည်းသော ကောက်ချက်အဖြစ် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်-

**ကောက်ချက်အမှတ် (၁)။** ၅-၉-၂၀၁၂ ရက်နေ့တွင် အလုပ်မှ ထုတ်ပယ်ခြင်းခံရသော မအိဝေဖြိုး (ပါ) အလုပ်သမား (၉၂) ဦးအား မူလအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အလုပ်ထုတ်ခြင်းစတင်သည့်ကာလမှ ပြန်လည်အလုပ်ခန့်ထားသည့်ကြားကာလအတွင်း ဥပဒေအတိုင်း နစ်နာကြေးပေးရန်။

၃။ အထက်ပါ ကောက်ချက်နှင့်စပ်လျဉ်းသည့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်သမားများဘက်မှ ကျေနပ်မှုမရှိဟုဆိုကာ ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြ လျှောက်ထားခြင်းဖြစ်သည်။ ထို့အတူ အလုပ်ရှင် ဦးအောင်နိုင်ကလည်း မန်နေးဂျင်းဒါရိုက်တာအနေဖြင့်၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားချက်တစ်ရပ်လည်းရှိနေပေသည်။

၄။ သို့ဖြစ်ရာ၊ ဤခုံအဖွဲ့သည် အဆိုပါအငြင်းပွားမှုအမှတ် (၈/၂၀၁၂) နှင့် စပ်လျဉ်းပြီး မူလတောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တင်ပြလျှောက်ထားချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်အမှတ် (၁) ကို ရေးဆွဲချမှတ်လိုက်သည်-

**ကောက်ချက်အမှတ် (၁)။** အလုပ်မှထုတ်ပယ်ခြင်းခံရသည်ဟုဆိုသည့် မအိဝေဖြိုး (ပါ) အလုပ်သမား (၉၂) ဦးအနက်မှ ပြန်လည်ခန့်ထားရန် ကျန်ရှိသည့် အလုပ်သမား (၇၂) ဦးတို့အား အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ပြန်လည် ခန့်ထားခြင်း မပြုပါက ၎င်းတို့အတွက် အလုပ်ထုတ်နစ်နာကြေးပေးရန်ကိစ္စ။

**ရှင်းလင်းဖော်ပြချက်**

၅။ မြစ်ဝါအဆင့်မြင့်သစ်အချောထည် ပရိဘောဂစက်ရုံ အဆောက်အဦအချို့ မီးလောင်ကျွမ်းပျက်စီးမှုကြောင့် ထိုအဆောက်အဦတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမား (၉၂) ဦးတို့၏ အလုပ်အကိုင် အခြေအနေ မရေမရာဖြစ်နေကြရသည်ကို အကြောင်းပြု၍ ဤအငြင်းပွားမှုပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ ညှိနှိုင်းဖျန်ဖြေသည့်အဆင့်မှ ခုံသမာဓိအဖွဲ့က စစ်ဆေးဆုံးဖြတ်သည့်အချိန်အထိ အလုပ်သမားများကို ပြန်လည်ခန့်ထားခြင်းမပြုနိုင်ကြောင်း အလုပ်ရှင်ဘက်မှ အခိုင်အမာပြောကြားမှုများရှိခဲ့သည်။ ထိုအချက်ကြောင့်သာလျှင် အလုပ်သမားများက အလုပ်ထုတ်နစ်နာကြေးကို ဦးတည်တောင်းဆိုလာကြရသည်ဟု ဆိုနိုင်ပေသည်။ ၁၇-၁၀-၂၀၁၂ ရက်စွဲပါ ခုံသမာဓိကောင်စီသို့ အလုပ်သမားများဘက်မှ တင်ပြသည့် တောင်းဆိုလွှာတွင် အလုပ်သမားများက ၎င်းတို့ကို **"မူလအတိုင်း အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် အလုပ်ရပ်ဆိုင်းခံရသည့်နေ့မှ ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးပေးရန်"** ဟူ၍ ဖော်ပြထားပေရာ၊ အလုပ်သမားများအနေဖြင့် ထိုက်သင့်သည့် နစ်နာကြေးရယူ၍ အလုပ်ပြန်လည် လုပ်ကိုင်လိုသည့် ဆန္ဒရှိကြသည်ဟု ဆိုရပေမည်။ ၁-၁၁-၂၀၁၂ ရက်နေ့တွင် ခုံအဖွဲ့၏ ရှေ့မှောက်၌ ထိုသဘောထားအတိုင်း အတိအလင်းထွက်ဆိုခဲ့ကြပေသည်။

၆။ ၁၅-၁၀-၂၀၁၂ ရက်စွဲပါ အလုပ်ရှင် ဦးအောင်နိုင် (မန်နေးဂျင်းဒါရိုက်တာတာဝန်) က "ခုံသမာဓိကောင်စီ" သို့ တင်ပြသည့် လျှောက်ထားလွှာတွင် ဖော်ပြပါ အလုပ်သမား (၉၂) ဦးအနက်မှ ပထမအသုတ်အဖြစ် (၂၀) ဦးသည် နစ်နာကြေးတစ်စုံတစ်ရာ တောင်းဆိုခြင်းမပြုဘဲ အလုပ်ပြန်လည်ဝင်ရောက်နေကြပြီဖြစ်ကြောင်း၊ အဆောက်အဦကိုလည်း အမြန်ပြီးစီးအောင် ဆောက်လုပ်လျက်ရှိပြီး၊ ပြီးစီးမှုအခြေအနေအရ ဒုတိယအကြိမ်နှင့် တတိယအကြိမ်ဟူ၍ (၂) ကြိမ်ခွဲခြား၍ အလုပ်သမားများကို ပြန်လည်ခန့်ထားပေးပါမည်ဟု အခိုင်အမာဖော်ပြထားပေသည်။ အမှုစစ်ဆေးသည့် ၁-၁၁-၂၀၁၂ ရက်နေ့တွင်လည်း ခုံအဖွဲ့ရှေ့မှောက်တွင် အလုပ်သမားများကို ပြန်လည်အလုပ်ခန့်ထားပေးမည်ဖြစ်ကြောင်း၊ ၁၅-၁၁-၂၀၁၂ ရက်နေ့တွင် ဒုတိယအသုတ် ခန့်ထားမည့် နောက်ဆက်တွဲအမည်စာရင်းပါ အလုပ်သမား (၄၃) ဦးအနက်မှ အလုပ်ပြန်ဆင်းမည့်သူကို လက်ခံပြီး၊ အလုပ်ပြန်မဆင်းလိုသူများကို ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်တွင် ပါရှိသည့် နစ်နာကြေးဇယားအတိုင်း ပေးမည်ဖြစ်ကြောင်း၊ ၁၆-၁၁-၂၀၁၂ ရက်နေ့တွင်၊ တတိယအသုတ်အဖြစ် ခန့်ထားမည့် နောက်ဆက်တွဲအမည်စာရင်းပါ အလုပ်သမား (၂၉) ဦးအနက်မှ အလုပ်ပြန်မဆင်းလိုသူ အလုပ်သမားများရှိပါက ထိုနေ့တွင် အလုပ်ထုတ်နစ်နာကြေးကို အထက်ပါနစ်နာကြေးဇယားအတိုင်း ပေးမည်ဖြစ်ပြီး၊ အကယ်၍ အားလုံးအလုပ်ပြန်ဝင်လိုသည့်ဆန္ဒရှိပါက ၂၅-၁၁-၂၀၁၂ ရက်နေ့တွင် အလုပ်ပြန်လည် ခန့်ထားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပေသည်။

၇။ အလုပ်သမားများကို ပြန်လည်ခန့်ထားရာတွင် စက်ရုံအဆောက်အဦ မီးသင့်လောင်ခြင်းကြောင့် အဆောက်အဦကို ပုံစံပြောင်းဆောက်လုပ်ခဲ့သည်ဖြစ်ရာ အလုပ်သမားအချို့ကို နေရာချထားပေးရာ၌

မူလနေရာအတိုင်းမဟုတ်ဘဲ စီမံခန့်ခွဲရေးသဘောအရ ထိုက်သင့်သလို အပြောင်းအလဲအနည်းငယ်ရှိနိုင်ကြောင်း၊ အလုပ်ရှင်ဦးအောင်နိုင်က တင်ပြခဲ့သည့်အပေါ် တမင်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းမျိုး မဖြစ်စေရန် ဤခုံအဖွဲ့က မှတ်ချက်ပြုခဲ့သည်။

**ဆုံးဖြတ်ချက်**

၈။ ဤခုံအဖွဲ့သည် အလုပ်သမားများ လုပ်သက်မပျက် နောက်ဆုံးထုတ်လစာဖြင့် အလုပ်ပြန်လည်ရရှိရေးကို ဦးစားပေးလိုသည်ဖြစ်ရာ ထိုအချက်ကို ရှေးရှုလျက် နှစ်ဖက်မျှတမှုရှိစေရန် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ယခင်ဆုံးဖြတ်ချက်သာဓကများကို ကိုးကားပြီး အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်မှ ခေတ္တရပ်စဲခြင်းခံရသည့် အလုပ်သမား (၉၂) ဦးအနက်မှ ပြန်လည်ခန့်ထားရန်ကျန်ရှိသည့် အလုပ်သမား (၇၂) ဦးတို့ကို အထက်အပိုဒ် (၆) ပါအတိုင်း (၂) ကြိမ်ခွဲ၍ နောက်ဆုံးထုတ်လစာဖြင့် လုပ်သက်တစ်ဆက်တည်းပြန်လည်ခန့်ထားရန်နှင့် အလုပ်စတင်ရပ်ဆိုင်းသည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိ ကြားကာလအတွက် နစ်နာကြေးကို နောက်ဆုံးထုတ်လစာ၏ ထက်ဝက်နှုန်းဖြင့် ခံစားခွင့်ပေးရမည်။ အကယ်၍ အထက်အပိုဒ် (၆) ပါ သတ်မှတ်ကာလအတိုင်း အလုပ်ပြန်လည်ခန့်ထားခြင်းမပြုခဲ့ပါက မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ခဲ့သည့် အလုပ်ထုတ်နစ်နာကြေးဇယားအတိုင်း အလုပ်သမားများကို ပေးအပ်ရမည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ အထက်ပါ ဆုံးဖြတ်ချက်အမှတ် (၁) နှင့် စပ်လျဉ်းပြီး အလုပ်ရှင်က ရက်ပေါင်း (၃၀) အတွင်း မပျက်မကွက် လိုက်နာအကောင်အထည်ဖော်ရမည်။

| | | |
|---|---|---|
| ဦးရဲနိုင်ဝင်း | ဦးအေးငွေ | ဦးထွန်းအေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**နောက်ဆက်တွဲ**

| ဒုတိယအကြိမ်အလုပ်ဆက်လက်ခန့်ထားလိုသည့်စာရင်း | | | |
|---|---|---|---|
| ၁။ | မဝေ | ၃၂။ | မောင်ဌေးလွင် |
| ၂။ | မတင်မာဝေ | ၃၃။ | မောင်ချစ်ကို |
| ၃။ | မချိုချိုစန်း | ၃၄။ | မောင်ရဲကို |
| ၄။ | မနွယ်နွယ်သန်း | ၃၅။ | မောင်ဇော်ရဲအောင် |
| ၅။ | မသီသီအောင် | ၃၆။ | မောင်ကျော်လင်းသူ |
| ၆။ | မလှိုင်လှိုင်ဝင်း | ၃၇။ | မောင်ဝေယံထွန်း |
| ၇။ | မသီဂီစန္ဒာ | ၃၈။ | မောင်ကျော်ကျော်(၂) |
| ၈။ | မဟေသီမောင် | ၃၉။ | မောင်ဇော်မျိုးအောင် |
| ၉။ | မခိုင်ဇင်ဝင်း | ၄၀။ | မောင်မျိုးဇော်နိုင် |
| ၁၀။ | မမာလာဝင်း | ၄၁။ | မောင်သန်းဝင်းအောင် |
| ၁၁။ | မစုလှိုင် | ၄၂။ | မောင်ဌေးကျော်လွင် |
| ၁၂။ | မသီသီခိုင် | ၄၃။ | မောင်သိန်းသန်းဦး |
| ၁၃။ | မစုမြတ်လှိုင် | | |
| ၁၄။ | မငြိမ်းသူ | | |
| ၁၅။ | မသီတာကျော် | | |
| ၁၆။ | မစန္ဒာမြင့် | | |
| ၁၇။ | မခိုင်မာဆွေ | | |
| ၁၈။ | မငြိမ်းငြိမ်းအိ | | |
| ၁၉။ | မကြည်ကြည်ခိုင် | | |
| ၂၀။ | မဆွေ | | |
| ၂၁။ | မဇာနည်အောင် | | |
| ၂၂။ | မငြိမ်းငြိမ်းသူ | | |
| ၂၃။ | မောင်မျိုးထက်ဇင် | | |
| ၂၄။ | မောင်အောင်ဇော်လင်း | | |
| ၂၅။ | မမိုးမိုးဦး | | |
| ၂၆။ | မစုကြည် | | |
| ၂၇။ | မယဉ်ယဉ်မြင့် | | |
| ၂၈ | မခင်မာအေး | | |
| ၂၉။ | မဝါဝါမိုး | | |
| ၃၀။ | မသီမိုးမြင့် | | |
| ၃၁။ | မကျော့ကေခိုင် | | |

နောက်ဆက်တွဲ

## တတိယအကြိမ် အလုပ်ဆက်လက်ခန့်မည့် အလုပ်သမားများစာရင်း

| စဉ် | အမည် |
|---|---|
| ၁။ | မအိဝေဖြိုး |
| ၂။ | မအေး |
| ၃။ | မအိမွန် (၂) |
| ၄။ | မအိဖြူခိုင် |
| ၅။ | မနုနုယဉ် |
| ၆။ | မဖြူဖြူသန်း |
| ၇။ | မမာလာလင်း |
| ၈။ | မနွယ်နီပြုံး |
| ၉။ | မသီတာဦး |
| ၁၀။ | မအိအိသင်း |
| ၁၁။ | မမြတ်မြတ်ဆွေ |
| ၁၂။ | မအေးသင်း |
| ၁၃။ | မရင်ရင်အေး |
| ၁၄။ | မောင်ကျော်ကျော် |
| ၁၅။ | မဖြူဖြူဝင်း |
| ၁၆။ | မစံပယ်လင်း |
| ၁၇။ | မအေးအေးသက် |
| ၁၈။ | မောင်သန်းမိုးဆွေ |
| ၁၉။ | မောင်ဖြိုးကိုကို |
| ၂၀။ | မောင်ဝင်းတော် |
| ၂၁။ | မောင်မိုးဝေ |
| ၂၂။ | မသဲသဲစိုး |
| ၂၃။ | မောင်အောင်နိုင်ဝင်း |
| ၂၄။ | မောင်မျိုးနိုင်သက် |
| ၂၅။ | မောင်အောင်မင်းဆွေ |
| ၂၆။ | မောင်နိုင်လင်း |
| ၂၇။ | ဟိန်းမင်း |
| ၂၈။ | ဥက္ကာပိုင် |
| ၂၉။ | ထွန်းကျော် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၉/၂၀၁၂)**

ဦးမိုးမြင့် (ပိုင်ရှင်)
Myint & Associates Co., Ltd
၆၂၃၊ ပြည်လမ်း၊ ၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
} **လျှောက်ထားသူ**

နှင့်

ဦးမြင့်အုန်း (Project Engineer) (M&E)
Myint & Associates Co., Ltd
၁၂/သလန (နိုင်) ဝ၆၅၆၃၅
၁၇-၆လွှာ (A)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းဈေး
ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
} **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၂ ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၆၂၃)၊ ဦးမိုးမြင့် (ပိုင်ရှင်)၊ Myint & Associates Co.,Ltd ကတစ်ဖက်၊ အလုပ်သမား ဦးမြင့်အုန်း (Project Engineer) (M&E) ကတစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၄/၂၀၁၂) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် စမ်းသပ်ကာလအတွင်း အလုပ်မှရုတ်ခြည်းရပ်စဲခံရ၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများ ထိခိုက်ပြီး အလုပ်လက်မဲ့ဖြစ်ရပါ၍ နစ်နာကြေးငွေ ကျပ်သိန်းငါးဆယ်တိတိကို ရရှိလိုကြောင်း စသော တောင်းဆိုချက်များ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များအပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** စမ်းသပ်ကာလအတွင်း အလုပ်မှ ရုတ်ခြည်းရပ်စဲခံရ၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများထိခိုက်ပြီး အလုပ်လက်မဲ့ဖြစ်ရပါ၍

နစ်နာကြေးငွေ ကျပ်သိန်းငါးဆယ်တိတိကို ရရှိလိုကြောင်း တောင်းဆိုခြင်းဖြစ်သည်။

၅။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** နှစ်ဖက်ထွက်ဆိုချက်များအရ-

(က) ကုမ္ပဏီမှ ဦးမြင့်အုန်းအား အလုပ်စတင်ခန့်အပ်စဉ်တွင် တိုက်ရိုက်ခန့်အပ်မှု/အစမ်းခန့်အပ်မှုဟု ရှင်းလင်းပြတ်သားစွာ ဖော်ပြခြင်းမရှိ၊ အလုပ်ခန့်အပ်သော အစည်းအဝေးဆုံးဖြတ်ချက်၊ ခန့်အပ်သည့်အမိန့်မရှိကြောင်း တွေ့ရှိရသည်။

(ခ) ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းစာစောင်ကို ဖတ်ရှုရန် H.R မန်နေဂျာမှ ဦးမြင့်အုန်းအား ပေးထားသော်လည်း လက်မှတ်မထိုးဟု ထွက်ဆိုသည်။ ဦးမြင့်အုန်းမှ ပေးအပ်ခြင်းမရှိဟုထွက်ဆိုသည်။

(ဂ) ဦးမြင့်အုန်းအား ထုတ်ပယ်ချိန်တွင် အုပ်ချုပ်မှုအရာရှိ ဦးစိုးလွင်မှ ခေါ်ယူတွေ့ဆုံ၍ ထုတ်ပယ်ကြောင်း ပြောဆိုသည်မှလွဲ၍ ထုတ်ပယ်သင့်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်၊ ထုတ်ပယ်ကြောင်းအမိန့်၊ လုပ်ငန်းစွန့်ခွာမှုအတွက် ပေးရန်/ရရန်၊ ပစ္စည်း၊ ငွေကြေးဆိုင်ရာရှင်းလင်းချက်များ မရှိသည်ကို တွေ့ရသည်။

(ဃ) ဦးမြင့်အုန်းသည် ၎င်းကုမ္ပဏီ၏ လုပ်ငန်းကို လက်ခံပြီးနောက် မူလဝင်ငွေရသည့်လုပ်ငန်းကို စွန့်ခွာခဲ့ကြောင်း တွေ့ရသည်။

**သုံးသပ်ချက်အမှတ် (၁)။** ကောက်ချက်အရ -

(က) အလုပ်ခန့်အပ်စဉ်တွင် နှစ်ဖက်သဘောတူစာချုပ် မချုပ်ဆိုခြင်း၊ အလုပ်ထုတ်ပယ်ချိန်တွင် ပေးရန်/ရရန်ကိစ္စများ ကင်းရှင်းကြောင်း၊ ထုတ်ပယ်ခြင်းအမိန့် မရှိခြင်းတို့မှာ ကုမ္ပဏီ၏ အုပ်ချုပ်မှုဆိုင်ရာအားနည်းချက်ဖြစ်သည်။ ကုမ္ပဏီတွင် တာဝန်ရှိသည်၊ အားနည်းချက်ရှိသည်ဟု ယူဆသည်။

(ခ) အလုပ်ထုတ်ပယ်ချိန်တွင် လုပ်ငန်းခွင်အားနည်းချက်များ အသိပေး၍ ချေပရှင်းလင်းခွင့်မရရှိသည်မှာလည်း အလုပ်သမားဘက်မှ နစ်နာမှုရှိသည်။

(ဂ) ထုတ်ပေးပြီးသော လစာမှာလည်း ထုတ်ပယ်မှုအတွက် ရှင်းလင်းပြီး ပေးအပ်သော အလုပ်ထုတ်နစ်နာကြေးဟု ယူဆဖွယ်ရာမရှိပါ။

(ဃ) နစ်နာကြေးအဖြစ် လုပ်ခ (၁) လစာ ထပ်မံပေးသင့်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** တောင်းဆိုသူ ဦးမြင့်အုန်းအား အလုပ်ရှင်မှ အလုပ်ထုတ်နစ်နာကြေး (၁) လစာ၊ ငွေကျပ် (၁၀) သိန်း (ကျပ်တစ်ဆယ်သိန်း) ထပ်မံပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၆။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| ဦးဌေးအောင် | ဦးအောင်စံတင် | ဦးညာဏ |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၀/၂၀၁၂)**

ဒေါ်ချောစုလှိုင်(ပါ) (၁၀၁၈) ဦး
GREAT FOREVER (တော်ဝင်မြန်မာ) ဇာထိုးပန်းထိုး
စက်ရုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } **နစ်နာ၍တောင်းဆိုသူ**

နှင့်

ဒေါ်လီကွေ့ကျုံ (အလုပ်ရှင်)
GREAT FOREVER (တော်ဝင်မြန်မာ) ဇာထိုးပန်းထိုး
စက်ရုံ၊ အမှတ် (၄၁/က)၊ ကနောင်မင်းသားကြီးလမ်း၊
စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး } **တောင်းဆိုခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၉-၁၀-၂၀၁၂ ရက်နေ့က ဆုံးဖြတ်ချက်ချခဲ့သော တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ပဋိပက္ခမှုကို ဆုံးဖြတ်ချက်အမှတ် (၁) ဖြင့် "ပန်းထိုးကြေးရာခိုင်နှုန်း သတ်မှတ်ခြင်းအား မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ပြန်လည်ညှိနှိုင်းရန် ဆုံးဖြတ်သည်" ဟူသော ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာများသို့ ပေးပို့ခဲ့ပါသည်။

၂။ ယင်းကိစ္စကို မြို့နယ်က နှစ်ဖက်သော ပုဂ္ဂိုလ်များအား ခေါ်ယူပြီး၊ အယူခံဝင်မဝင်မေးမြန်းရာမှ အလုပ်ရှင်ဘက်က အယူခံတက်လာမှုအပေါ် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၁-၁၁-၂၀၁၂ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၂) ဖြင့် ခုံအဖွဲ့ကို ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးသန်းမောင် နှင့် ဒေါ်စန်းစန်းဦးတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။

၃။ ဤခုံအဖွဲ့သို့ ပေးပို့ခဲ့သော အမှုတွဲများ၊ တင်ပြချက်များအပြင် နှစ်ဖက်သော အငြင်းပွားသူများ၏ အပြီးသတ်လျှောက်လဲချက်များကို ကြားနာပြီး၊ လေ့လာစိစစ်သုံးသပ်၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။**

(က) ပန်းထိုးကြေးကို စက်ရုံမှ ယခင်ကျင့်သုံးနေသည့်စည်းကမ်းအတိုင်း နှုန်းဖြင့် ရှင်းလင်းထုတ်ပေးရန်၊

(ခ) ယခင်ကဇာပန်းထိုးခ (လက်ထိုး) ပေါ်တွင် ထပ်ဆောင်းပေးခဲ့သော ရာခိုင်နှုန်း (စာချုပ်အမှတ်-၂/၂၀၁၂ တွင် မပါရှိ) ကို ၈၀ရာခိုင်နှုန်း မပေးနိုင်ပါက ၇၀ရာခိုင်နှုန်း ပေးရန်၊

**သုံးသပ်ချက်အမှတ် (၁)။**

(က) ဤကိစ္စကို သုံးသပ်ရလျှင် အနည်းငယ် နောက်ကြောင်းပြန်ဖော်ပြမှ ပြည့်စုံပါမည်။ လွန်ခဲ့သော ၆/၂၀၁၂ လက လှိုင်သာယာအပါအဝင် စက်ရုံအများစု၌ လုပ်ခလစာ တိုးတောင်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။ ယခုစက်ရုံတွင်လည်း ၂၆-၅-၂၀၁၂ ရက်နေ့မှစ၍ ဆန္ဒပြပြီး ညှိနှိုင်းမရသဖြင့် ၅-၆-၂၀၁၂ ရက်နေ့၌ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဦးကိုကိုကြီး၊ ဦးအောင်သူ၊ ဒေါ်သက်သက်အောင်တို့အဖွဲ့နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့မှ တွေ့ဆုံညှိနှိုင်း ပေးမှုအရ ပြေလည်မှုရရှိ၍ လုပ်ခလစာတိုးမြှင့်တွက်ချက်ပေးရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ စာချုပ်ကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်၌ နည်းဥပဒေ ၁၁(ဃ)၊ ၁၆(စ)၊ ၂၃(ဆ) အရ နှစ်ဦးသဘောတူ စာချုပ်ကို အမှုအမှတ် (၂/၂၀၁၂) ဖြင့် စာချုပ်ချုပ်ဆိုကြပြီး ဖြစ်ပါသည်။

အဆိုပါစာချုပ်ကို တောင်းဆိုခြင်းခံရသူဘက်မှ မန်နေဂျာ ဒေါ်စီစီမေ အသက် (၂၉)နှစ် (ဘ) ဦးခင်ကျော်၊ မှတ်ပုံတင်အမှတ်-၁၄/ကလန(နိုင်)၀၀၀၂၁၅၊ လိပ်စာ ၄၁(ခ)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာနှင့် တောင်းဆိုသူ(များ) ဘက်မှ မဝင်းဝင်းအေး (၂၇) နှစ်၊ (ဘ) ဦးညွန့်မောင်၊ မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၀၆၂၂၇၃၊ ခန္တယော်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ မချောစုလှိုင်(ဘ)ဦးစိုး အပါအဝင် အခြား (၈) ဦးတို့က လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

ဖျန်ဖြေရေးအဖွဲ့ဝင်များမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ဖြစ်ပြီး အသိသက်သေများမှာ ဦးဇော်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (အ. လ. ည)၊ တိုင်းဦးစီးမှူး ဦးစိုးဝင်း (အ. လ. ည) တိုင်းဦးစီးမှူး ဦးကျော်ရီဦး (အ. လ. ရ) တို့နှင့် အလုပ်သမား

အရေးဆောင်ရွက်သူ ဦးဇော်ရမ်း၊ ၁၂/ဗမန(နိုင်)၀၅၈၈၂၉ တို့ ဖြစ်ကြပါသည်။

စာချုပ်၏ စာမျက်နှာ (၃) Operator (ကျွမ်းကျင်) ခေါင်းစဉ်နှင့် ကျွမ်းကျင်အဆင့်အထက်ရှိသူများ ခေါင်းစဉ်အောက်ရှိ အပိုဒ် (၅) တွင် ကောက်ချက် (၁) (က) ပါ စာသားပါရှိသည်ကို လေ့လာသုံးသပ်တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** (က) ၅-၆-၂၀၁၂ ရက်စွဲပါ အမှုအမှတ် (၂/၂၀၁၂) စာချုပ် စာမျက်နှာ (၃)၊ စာပိုဒ် (၅) တွင် ဖော်ပြထားသည့်အတိုင်း "ပန်းထိုးကြေးကို စက်ရုံမှ ယခင်ကျင့်သုံးနေသည့် စည်းကမ်းအတိုင်း နှုန်းဖြင့် ရှင်းလင်းထုတ်ပေးရန်" ဟူသော စာချုပ်ပါအချက်ကို ၎င်းတို့၏ လုပ်ငန်းခွင်အခြေအနေနှင့်စပ်ဟပ်၍ လိုက်လျောညီထွေစွာ စက်ရုံပိုင်းမှ အလုပ်သမားများကို နစ်နာမှုမရှိအောင် ဆောင်ရွက်ခြင်း ရှိမရှိ သက်ဆိုင်ရာဌာန တာဝန်ခံအရာရှိက စက်ရုံတွင်းရှိ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့တို့နှင့် ပေါင်းစပ်၍ အခါအားလျော်စွာ စစ်ဆေးကြည့်ရှုကြပ်မတ်ပြီး၊ စာချုပ်ပါစည်းကမ်းအတိုင်း မလိုက်နာကြောင်း စစ်ဆေးတွေ့ရှိပါက နှစ်ဦးသဘောတူ စာချုပ်အား ချိုးဖောက်မှုဖြင့် အရေးယူရန် ဆုံးဖြတ်လိုက်သည်။

**သုံးသပ်ချက်အမှတ် (၁)။** (ခ) ဤကောက်ချက်နှင့်ပတ်သက်၍ စာချုပ်တွင် ထည့်သွင်းရေးသား ထားခြင်းမရှိကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသည်။

ဤသုံးသပ်ချက်ကို ဥပဒေကြောင်းသက်သက်ဖြင့်သာ ကြည့်ပါက ငြင်းပယ်ခံရဖို့ အကြောင်းရှိပေသည်။ သို့သော် "ဝါဏိဇ္ဇပဋိပက္ခမှု" များသည် လူမှုရေးကိစ္စဖြစ်သောကြောင့် ကျင့်ထုံးဆိုင်ရာဥပဒေများ အတိုင်း အတိအကျလိုက်နာရန်မရှိသော်လည်း တရားမျှတစွာ ဆောင်ရွက်ရေးမှာ အရေးပါလှပေသည်။ သို့မှသာ လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှ ဖြစ်ရေး သဘောတရားပေါ် အခြေခံကာ ဘက်လိုက်မှုမရှိသော လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ယခင်ကတည်းက ခံစားလာရသော အခွင့်အရေးတစ်ရပ်ကို မည်သူမျှ လက်လွှတ်ခံလိမ့်မည်မဟုတ်ပေ။ တစ်ဖက်တွင်လည်း အကြောင်းကြောင်းကြောင့် အကြိမ်ကြိမ်တိုးပေးခဲ့ရသော စိတ်ရင်းစေတနာကိုလည်း အသိအမှတ်ပြုကောင်းပေသည်။ သို့အတွက် နှစ်ဖက်မျှတစွာ အကျိုးရှိစေခြင်းငှာ အောက်ပါအတိုင်း တွက်ချက်၍ အဆုံးအဖြတ်ပေးလိုက်ခြင်းက နှစ်ဦးနှစ်ဖက်ခံသာစံသာရှိသော ရလဒ်ကောင်းတစ်ခုထွက်ပေါ်၍ ငြိမ်းချမ်းသောလုပ်ငန်းခွင်တစ်ရပ် ရရှိဖွယ်ရာ ရှိကြောင်း သုံးသပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာနမှုသဘောနှင့် ရှေးအတောသီကာလကပင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သာဓကများအရ အလုပ်သမားများ၏

အခွင့်အရေးကို တိုးမြှင့်ခံစားခွင့်ပြုရန် ဆောင်ရွက်ရာတွင် တိုးမြှင့်ခံစားခွင့်ပြုသည့် အခွင့်အရေးသည် မူလရရှိနေသော အခွင့်အရေးထက် လျော့နည်းနေပါက၊ များရာကို ခံစားခွင့်ပြုရမည်ဟု ဆိုထားပေသည်။ ယခုမူ တစ်ဖက်တွင် လုပ်ခလစာများ တိုးမြှင့်ပေးရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး၊ အခြားတစ်ဖက်တွင် မူလခံစားခွင့်ပြုထားသော ရာခိုင်နှုန်းဆောင်းငွေကို အလျဉ်းပယ်ဖျက်ပစ်ခြင်းမှာ အထက်ပါမူနှင့် ဆန့်ကျင်ရာကျပါသည်။ လုပ်ခများ ပြိုင်တူတိုးတက်သွားသဖြင့် ကုန်ကျစရိတ်အချိုးအစားများလာ၍ လုပ်ခနှုန်းများ ချိန်ညှိရသည်ဆိုခြင်းကို နားလည်လက်ခံသော်လည်း တရားလွန် မဖြစ်သင့်ကြောင်း သုံးသပ်ပါသည်။

ထို့ကြောင့် ပန်းထိုးကြေးပေါ်တွင် ပေးသောရာခိုင်နှုန်းမှာ ဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသော စာချုပ် (၂/၂၀၁၂) ၌ အလုပ်သမားများဘက်က ထည့်သွင်းချုပ်ဆိုရန် လစ်ဟင်းခဲ့ခြင်းကို ထောက်ရှု၍၊ ဤဆုံးဖြတ်ချက်ကို စက်ရုံမှ တင်ပြလာသည့် ဇယားပါ လစာပေးမှုအခြေအနေပေါ်တွင် သုံးသပ်ချိန်ဆပြီး အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချလိုက်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** (ခ) ဇာထိုးပန်းထိုးခပေါ်တွင် ထပ်ဆောင်းပေးခဲ့သည့် ရာခိုင်နှုန်းကြေးကို အောက်ပါအတိုင်း တွက်ချက်ပေးစေလိုက်သည်။

- ပန်းထိုးကြေး ၅၀၀၀ိ/- မှ ၁၅၀၀၀ိ/- ထိ ရရှိသူအား (၂၅ ရာခိုင်နှုန်း)
- ပန်းထိုးကြေး ၁၅၀၀၀ိ/-မှ ၂၀၀၀၀ိ/- ထိရရှိသူအား (၄၅ ရာခိုင်နှုန်း)
- ပန်းထိုးကြေး ၂၀၀၀၀ိ/-မှအထက်ရရှိသူအား (၆၅ ရာခိုင်နှုန်း)

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုခြင်းခံရသူ (အလုပ်ရှင်) က အထက်တွင် ချမှတ်ထားသော ဆုံးဖြတ်ချက်များကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ဆောင်ရွက်ပေးရမည်။

| ဦးသန်းမောင် | ဦးခင်မောင်ရီ | ဒေါ်စန်းစန်းဦး |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၁/၂၀၁၂)**

ဦးကိုကိုထွေး(ပိုင်ရှင်)နှင့်
ဦးညွှန့်သိန်း(ဒါရိုက်တာ)တာဝန်ခံ၊ SCG-၀၀၅၉၁၄
တော်ဝင်မိသားစုသစ်အချောထည်စက်ရုံလုပ်ငန်း
ဝါးတရာသစ်အခြေခံစက်မှုနယ်မြေ၊ ရွှေပြည်သာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး } **လျှောက်ထားသူ**

နှင့်

ဦးမောင်မောင်တာပါ(၇)ဦး
ဦးထက်ကိုကိုပါနေ့စားအလုပ်သမားများ
တော်ဝင်မိသားစုသစ်အချောထည်စက်ရုံလုပ်ငန်း
ဝါးတရာသစ်အခြေခံစက်မှုနယ်မြေ၊ ရွှေပြည်သာမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး } **လျှောက်ထားခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာသစ်အခြေခံစက်မှုနယ်မြေ၊ တော်ဝင်မိသားစုသစ်အချောထည်စက်ရုံပိုင်ရှင် ဦးကိုကိုထွေးနှင့် စက်ရုံတာဝန်ခံ တော်ဝင်မိသားစုကုမ္ပဏီ၏ ဒါရိုက်တာ ဦးညွှန့်သိန်းနှင့် အလုပ်သမား ဦးမောင်မောင်တာပါ (၇) ဦး၊ ဦးထက်ကိုကိုပါ အလုပ်သမားများ (နေ့စားအလုပ်သမားများ) ဖြစ်ပွားသော အငြင်းပွားမှုအား ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အား တင်ပြလွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်များအား အငြင်းပွားမှုနှင့်ပတ်သက်သော နှစ်ဖက်သက်သေများကို စစ်ဆေး၍ ကောက်ချက်ချသုံးသပ်ပြီး ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၀/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုနယ်မြေရှိ တော်ဝင်မိသားစုသစ်အချောထည်စက်ရုံတာဝန်ခံ တော်ဝင်မိသားစုကုမ္ပဏီ၏ ဒါရိုက်တာ ဦးညွှန့်သိန်းက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားလာပါသည်။

၃။ ထို့အတူ အလုပ်သမားကိုယ်စားလှယ်တို့မှလည်း ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၃) နှင့် ပတ်သက်၍ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီမှ ဆုံးဖြတ်ပေးပါရန် တင်ပြလျှောက်ထားခဲ့ကြပါသည်။

၄။ တော်ဝင်မိသားစုသစ်အချောထည်စက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားချက်နှင့်ပတ်သက်၍ ခုံသမာဓိကောင်စီအမှုအမှတ် (၁၁/၂၀၁၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| (၂) | ဦးဌေးအောင် | အဖွဲ့ဝင် |
| (၃) | ဦးစိုးမြင့်အောင် | အဖွဲ့ဝင် |

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင်များသည် နိုဝင်ဘာလ ၁၉ ရက်နေ့မှစတင်ရုံးထိုင်၍ ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၁၁/၂၀၁၂) ကို ကြားနာစစ်ဆေးခဲ့ပါသည်။ ခုံအဖွဲ့သည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်များ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ အငြင်းပွားမှုနှင့်ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်းများနှင့် သက်သေခံချက်များကို လေ့လာသုံးသပ်ကြပါသည်။ တစ်ဆက်တည်းပင် ဝါးတရာသစ်အချောထည်စက်ရုံလုပ်ငန်းတာဝန်ခံ ဦးညွန့်သိန်းနှင့် အလုပ်သမား ဦးထက်ကိုကိုတို့၏ နှစ်ဖက်သော တင်ပြလျှောက်ထားချက်များ၊ ပူးတွဲတင်ပြထားသော အထောက်အထား စာရွက်စာတမ်းများကို ကြားနာစစ်ဆေးသုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။

၆။ ခုံအဖွဲ့ဝင်များသည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ကောက်ချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်၊ အမှုနှင့်ပတ်သက်သော သက်သေခံချက်များ၊ ဝါးတရာသစ်အချောထည်စက်ရုံလုပ်ငန်း တာဝန်ခံဒါရိုက်တာ ဦးညွန့်သိန်းနှင့် ဦးထက်ကိုကိုတို့၏ တင်ပြချက်များကို အကြိမ်ကြိမ် ဖတ်ရှုလေ့လာပြီးနောက် အောက်ပါအတိုင်း ကောက်ချက် (၅)ချက်နှင့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို ချမှတ်လိုက်သည်-

**ကောက်ချက်အမှတ် (၁)။** စက်ရုံတွင် အလုပ်သမားများအား ပြင်ပလုပ်ငန်းများသို့ မပို့ရန် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) တော်ဝင်ကုမ္ပဏီတွင် စက်ရုံလုပ်သား၊ ဆောက်လုပ်ရေးလုပ်သားများဟူ၍ ခန့်အပ်ခဲ့ရာတွင် စက်ရုံလုပ်သားများသည် ပြင်ပဆောက်လုပ်ရေးလုပ်ငန်းများသို့ ၎င်းတို့ဆန္ဒမပြုဘဲ သွားရောက်လုပ်ကိုင်လိုခြင်းမရှိသဖြင့် တောင်းဆိုသည်ဟု သုံးသပ်သည်။

(ခ) တော်ဝင်ကုမ္ပဏီမှ တင်ပြခဲ့သည့် လစာစာရင်းနှင့် မှတ်တမ်းအထောက်အထားများအရ စက်ရုံလုပ်သား၊ ဆောက်လုပ်ရေးလုပ်သားဟူ၍ ဖော်ပြထားရာ ဆောက်လုပ်ရေးလုပ်သားများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်စေသည်ကို နှစ်ဦးနှစ်ဖက် ထွက်ဆိုချက်များအရ တွေ့ရှိရသဖြင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခွဲခြားထားသည်ကို သုံးသပ်တွေ့ရှိရသည်။

(ဂ) ဆောက်လုပ်ရေးလုပ်ငန်းများ မရှိသည့်အချိန်တွင် လုပ်သားများအား သစ်အချောထည်စက်ရုံတွင် ခေတ္တနေရာချထားပေးခဲ့ရာမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ပြန်လည်အလုပ်မဆင်းလိုခြင်းကြောင့် တောင်းဆိုသည်ဟု သုံးသပ်သည်။

(ဃ) လုပ်သားများအနေဖြင့် ၎င်းတို့အား ခေါ်ယူခန့်ထားစဉ်က စက်ရုံအတွက် ခန့်ထားခြင်းဟု ယုံကြည်၍ ၎င်းတို့ဆန္ဒမပါလျှင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ မသွားခြင်းဖြစ်သည်ဟု သုံးသပ်သည်။

(င) ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အမှုအမှတ် (၇၇/၂၀၁၂) တွင် အလုပ်ရှင်ဦးကိုကိုထွေးနှင့် အလုပ်သမားများ သဘောတူလက်မှတ်ရေးထိုးထားသည့် စာချုပ်၌ စက်ရုံလုပ်သားများနှင့်ဆောက်လုပ်ရေးလုပ်သားများဟူ၍ ခွဲခြားမှုကို သဘောတူညီချက်ထားရှိသည်ကို တွေ့ရှိရသည်။

(စ) တော်ဝင်ကုမ္ပဏီ၏ တင်ပြချက်များအရ သစ်အချောထည်စက်ရုံတွင် စက်ရုံလုပ်သား (၃၈၃) ဦး၊ ဆောက်လုပ်ရေးလုပ်သား (၆၉၅) ဦးရှိကြောင်း ယခုစက်ရုံတွင် လုပ်သား (၃၇၅) ဦးရှိကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လုပ်သား (၆၉၅) ဦးကို စေလွှတ်ခဲ့ရာ အလုပ်သမား (၄၁၄) ဦး အလုပ်ဆင်းပြီး ကျန်လုပ်သား (၂၈၁) ဦးက အလုပ်မဆင်းဘဲ ပျက်ကွက်လျက်ရှိကြောင်း၊ စက်ရုံလည်ပတ်မှုစွမ်းအား ၃၀ရာခိုင်နှုန်းသာ ရှိချိန်တွင် ၎င်းတို့တောင်းဆိုသည့်အတိုင်း စက်ရုံတွင် ခန့်အပ်ရန် မဖြစ်နိုင်ကြောင်း၊ စက်ရုံလုပ်သားများကလည်း ၎င်းတို့သည် စက်ရုံလုပ်သားများဖြစ်၍ ၎င်းတို့ဆန္ဒမပါဘဲ ပြင်ပဆောက်လုပ်ရေးလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင် လိုခြင်းမရှိသည်မှစ၍ ယခုအငြင်းပွားမှု စတင်ဖြစ်ပွားလာခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

(ဆ) အလုပ်စတင်ခန့်အပ်စဉ်က စက်ရုံဌာနမှ အလုပ်ခေါ်ယူခန့်အပ်ခဲ့ခြင်း၊ ဝန်ထမ်းအချို့အား အလုပ်ဝင်ရောက်သည့်အခါမှာလည်း ကုန်ထုတ် ၁/၂/၃ ဟူ၍ ဝန်ထမ်းစိစစ်ရေးကတ်ပြားများ ထုတ်ပေးထားခြင်း၊ ပြင်ပဆောက်လုပ်ရေးများ လုပ်ငန်းမရှိချိန်တွင် စက်ရုံ၌ (၅) လခန့်အထိ ပြောင်းရွှေ့နေရာချထား အလုပ်အကိုင်ပေးခဲ့ခြင်းတို့ကြောင့် အလုပ်သမားများသည် စက်ရုံအလုပ်သမားများဟု ယုံကြည်နေခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

(ဇ) လုပ်သားများသွားရောက်လုပ်ကိုင်လိုခြင်းမရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများသို့ စေလွှတ်လုပ်ကိုင်စေရာတွင် ဆောက်လုပ်ရေးအလုပ်များမလုပ်ကိုင်လိုသည့် စက်ရုံလုပ်သားများအား ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေး၊ အလုပ်ထုတ်နစ်နာကြေး ခံစားခွင့်များပေး၍ အလုပ်မှရပ်စဲသင့်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ကောက်ချက်အမှတ် (၁) အပေါ် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

(က) တော်ဝင်မိသားစု သစ်အချောထည်စက်ရုံတွင်ရှိသော အလုပ်သမားများအား ပြင်ပဆောက်လုပ်ရေးလုပ်ငန်းသို့ စေလွှတ်ခြင်းမပြုရန် ဆုံးဖြတ်သည်။

(ခ) ပြင်ပဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သစ်အချောထည်စက်ရုံမှ စေလွှတ်ခြင်းခံခဲ့ရပြီးသော အလုပ်သမားများအား မူလသစ်အချောထည်စက်ရုံသို့ ပြန်လည်နေရာချထားတာဝန်ထမ်းဆောင်ခွင့် ပြုရန် ဆုံးဖြတ်သည်။

(ဂ) စက်ရုံအလုပ်သမားများ သွားရောက်လုပ်ကိုင်လိုခြင်း မရှိသည့် ဆောက်လုပ်ရေး/တည်ဆောက်ရေးလုပ်ငန်းသို့ စေလွှတ်ခြင်းခံခဲ့ရသည့် အလုပ်သမားများအနက် စက်ရုံတွင် ပြန်လည်လုပ်ကိုင်လိုခြင်းမရှိတော့သည့် အလုပ်သမားများအား ၎င်းတို့၏ လုပ်သက်ကာလအလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးခံစားခွင့်ပြုပြီး အလုပ်မှထုတ်ပယ်နိုင်ကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်သမားများ၏ သဘောတူညီမှုမရှိဘဲ စည်းကမ်းချက်များအား မထုတ်ပြန်ရန် တောင်းဆိုခြင်းအပေါ် ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။** (က) စက်ရုံ၊ အလုပ်ရုံအလုပ်ဌာနများအနေဖြင့် လုပ်ငန်းခွင်စည်းမျဉ်း၊ စည်းကမ်းများကို တည်ဆဲဥပဒေများနှင့်အညီ ရေးဆွဲထုတ်ပြန်နိုင်ခွင့်ရှိကြောင်း သုံးသပ်ပါသည်။

(ခ) စက်ရုံမှထုတ်ပြန်ခဲ့သော အချို့အချက်များမှာ လုပ်သားများ၏ ပကတိ အခြေအနေများနှင့် မကိုက်ညီသဖြင့် အလုပ်သမားများက တောင်းဆိုခြင်းဖြစ်သည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ကုန်ထုတ်လုပ်မှုတိုးတက်ကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်တို့မှအပ၊ ယေဘုယျဆန်သော စည်းကမ်းချက်များကို ပကတိအခြေအနေများနှင့် ကိုက်ညီ၍ ပိုမိုကောင်းမွန်သည့်စည်းကမ်း၊ လမ်းညွှန်ချက်များဖြစ်လာစေရန်အတွက် စက်ရုံတွင် ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီနှင့် အခြေခံ အလုပ်သမားအဖွဲ့အစည်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၂) ကို အတည်ပြုလိုက်သည်။

**ကောက်ချက်အမှတ် (၃)။** စက်ရုံအတွင်းဝင်ခွင့်မပေးသော အလုပ်သမားများအား On Duty ပေးရန်နှင့် လုပ်ခပေးရန်တောင်းဆိုမှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် တင်ပြခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။** (က) အလုပ်သမားများက စက်ရုံတွင်သာ အလုပ်လုပ်ကိုင်လို၍ စက်ရုံသို့လာရောက်ခြင်းဖြစ်ကြောင်း သုံးသပ်သည်။

(ခ) အလုပ်ရှင်က သတ်မှတ်ပေးသော သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမဟုတ်၍ အလုပ်ရှင်က စက်ရုံအတွင်းသို့ ဝင်ရောက်ခွင့်မပေးခြင်းဖြစ်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** သက်ဆိုင်ရာ လုပ်ငန်းခွင်များတွင် ဝင်ရောက်၍ အလုပ်လုပ်ကိုင်ပါက အလုပ်ဆင်းရက်များအတွက် လုပ်ခလစာပေးရန် ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အမှုတွဲအမှတ် (၄၀/၂၀၁၂)၏ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် (၁၂-၁၁-၂၀၁၂) ရက်နေ့မှစတင်၍ စက်ရုံလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် လာခဲ့ကြသော ဆန္ဒထုတ်ဖော်သူ စက်ရုံလုပ်သားများအား ယခုခုံသမာဓိကောင်စီခုံအဖွဲ့၏ ဆုံးဖြတ်ချက် ထုတ်ပြန်သည့်နေ့အထိ ကြားကာလနေ့ရက်များအတွက် နေ့တွက်နှုန်းထားများအလိုက် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ပြုသည်။

**ကောက်ချက်အမှတ် (၄)။** EC စာချုပ်အမြန်ချုပ်ဆိုပေးရန် တောင်းဆိုသည့်ကိစ္စအား ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၄)။**

(က) အလုပ်ရှင်မှ EC စာချုပ်ကို စက်ရုံအလုပ်သမားများအား ချုပ်ဆိုဆောင်ရွက်နေကြောင်း တင်ပြချက်ရှိသဖြင့် အလုပ်ရှင်မှ ဆောင်ရွက်ပေးရမည့် EC စာချုပ်ကိစ္စကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ခ) နှစ်ဖက်ထွက်ဆိုချက်များအရ EC စာချုပ်ချုပ်ဆိုပေးရန် ကျန်ရှိနေသေးသော အလုပ်သမားများရှိနေ၍ ၎င်းတို့အား ခန့်ထားပြီးဖြစ်ပါက EC စာချုပ်ကို အမြန်ချုပ်ဆိုပေးရန် နှိုးဆော်တိုက်တွန်းခြင်းဖြစ်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၄)။** ခန့်အပ်ပြီးစီးသော အလုပ်သမားများအား EC စာချုပ်အမြန်ဆုံး ချုပ်ဆိုနိုင်ရေး နှိုးဆော်တိုက်တွန်းသည့် ဆုံးဖြတ်ချက်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၄) ကို အတည်ပြုသည်။

**ကောက်ချက်အမှတ် (၅)။** လူမှုဖူလုံရေးကတ်တစ်ပတ်အတွင်း အမြန်ဆုံးလုပ်ဆောင်ပေးရန် ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် တင်ပြခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၅)။**

(က) ဆောက်လုပ်ရေးအလုပ်သမားများမှာ ယာယီလုပ်သားများဖြစ်ပြီး နေ့စဉ် ဝင်လိုက်၊ ထွက်လိုက်လုပ်နေသည့် တည်ငြိမ်မှုမရှိသည့် အလုပ်သမားများဖြစ်သည့်အတွက် အခက်အခဲရှိကြောင်း၊ စာချုပ်ချုပ်ဆိုပြီးသော အလုပ်သမားများအတွက်မူ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြချက်များကို သုံးသပ်တွေ့ရှိရသည်။

(ခ) အလုပ်သမားများ၏ လိုလားချက်ဖြစ်သော လူမှုဖူလုံရေးကတ်ပြားများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ ပြုလုပ်ပေးသင့်ကြောင်း သုံးသပ်သည်။

(ဂ) လူမှုဖူလုံရေးဥပဒေနှင့် အကျုံးမဝင်သည့် လုပ်သားများအား ဥပဒေဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်စေရန် လူမှုဖူလုံရေးအဖွဲ့နှင့် ဆက်သွယ်ရှင်းလင်းဟောပြောပညာပေးရန် လိုအပ်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၅)။** လူမှုဖူလုံရေးဥပဒေနှင့် အကျုံးဝင်ညီညွတ်သော အလုပ်သမားများအား လူမှုဖူလုံရေးကတ်အမြန်ရရှိအောင် ဆောင်ရွက်ပေးရန် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၅)ကို အတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| ဦးငွေးအောင် | ဦးမောင်မောင်အုန်း | ဦးစိုးမြင့်အောင် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

## ခုံသမာဓိကောင်စီ
## ခုံအဖွဲ့၏ဆုံးဖြတ်ချက်
## {နည်းဥပဒေ ၂၃(စ)}
## ခုံအဖွဲ့

### ၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၂/၂၀၁၂)

Punj Lioyd Co.,Ltd ၏
MIRADOR MANAGE &
SERVICE PTE LTD (SINGAPORE)
ASIA GUIDING STAR (AGS) CO.,LTD နှင့်
SMART TECHNICAL SERVICES CO.,LTD
ငဖဲ၊ ပါဒန်းဆိုဒ်၊ မကွေးတိုင်းဒေသကြီး } **လျှောက်ထားသူ**

နှင့်

ဦးသက်မောင်ဦး၊ ကျွမ်းကျင်လုပ်သား
ပါ အလုပ်သမား ၅ ဦး
AGS CO., LTD } **လျှောက်ထားခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

### ဆုံးဖြတ်ချက်

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းတွင်အခြေစိုက်သော တာရပ်မြန်မာရေနံပိုက်လိုင်းစီမံကိန်း ကန်ထရိုက် အိန္ဒိယကုမ္ပဏီ Punj Lioyd Co.,Ltd (ဂုတ်ဝကာဝါကန် Camp) နှင့် စက်ကြီးမောင်းလုပ်သားများဖြစ်သော ဦးသက်မောင်ဦးပါ အလုပ်သမား (၅) ဦးတို့ဖြစ်ပွားသော အငြင်းပွားမှုအား မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၁/၂၀၁၂) ကို ကြားနာစစ်ဆေးခဲ့ပြီး၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ဤအငြင်းပွားမှုသည် အလုပ်ရပ်စဲခံရသဖြင့် တောင်းဆိုသူအလုပ်သမားများက တောင်းဆိုခြင်းခံရသူ စီမံကိန်းလုပ်ငန်းကန်ထရိုက်ကုမ္ပဏီထံမှ အလုပ်ရပ်စဲမှုနစ်နာကြေးများ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်များအပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက်ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်** ။ တာရပ်ရေနံပိုက်လိုင်းစီမံကိန်းတွင် အလုပ်လုပ်ရသည့် စက်ကြီးမောင်းဦးသက်မောင်ဦးပါ အလုပ်သမား (၅) ဦးမှ ၎င်းတို့သည် Punj Lioyd Co.,Ltd ၏ ကျွမ်းကျင်ပညာရှင်အဆင့် အလုပ်သမားများဖြစ်ကြောင်း၊ တစ်နာရီလျှင် US Dollar 1.4$ ရရှိကြောင်း၊ ၁-၉-၂၀၁၂ ရက်နေ့မှစ၍ မိုးရာသီအလုပ်နားသဖြင့် ရပ်ဆိုင်းထားရ၍ ၎င်းတို့အား အလုပ်မှရပ်စဲခဲ့ကြောင်း၊ အပြစ်ရှိသလားမေးရာ အပြစ်မရှိဟု ပြောကြားကြောင်း၊ ထို့ကြောင့် အလုပ်သမားရပိုင်ခွင့် အခွင့်အရေးများရယူလိုကြောင်း၊ အလုပ်သမားဦးသက်မောင်ဦးပါ (၅) ဦးတို့က ၎င်းတို့ကို အလုပ်မှစတင်ထုတ်ပယ်သည့် ၁-၉-၂၀၁၂ ရက်နေ့မှစ၍ အလုပ်ထုတ်နစ်နာကြေးများရရှိလိုကြောင်း တောင်းဆိုခြင်း။

၄။ ဦးသက်မောင်ဦးပါ အလုပ်သမား (၅) ဦး၏ တောင်းဆိုချက်ကို မကွေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် အောက်ပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။

**ဆုံးဖြတ်ချက်** ။ ဦးသက်မောင်ဦးပါ (၅) ဦးနှင့် စပ်လျဉ်း၍ ၎င်းတို့၏ သက်ဆိုင်ရာကုမ္ပဏီအသီးသီးမှ အလုပ်သမားသို့ ထုတ်ပေးခဲ့သော တစ်နေ့လျှင် အလုပ်ချိန် (၈) နာရီဖြင့် တွက်ချက်၍ရသော အခြေခံလစာ (OT ကြေးမပါ)ပေါ်မူတည်၍ အလုပ်သမားတစ်ဦးစီအား နို့တစ်ကြေး တစ်လ+အလုပ်ထုတ်နစ်နာကြေး တစ်လ စုစုပေါင်း (၂) လစာပေးရန် ဆုံးဖြတ်သည်။

၅။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် Punj Lioyd Co.,Ltd ၏ ဆပ်ကန်ထရိုက်ကုမ္ပဏီသုံးခုမှ ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်းဖြစ်သည်။

၆။ ခုံအဖွဲ့မှ လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်၊ မကွေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တွင် တင်ခဲ့သော သက်သေခံစာရွက်စာတမ်းများနှင့် သက်သေထွက်ဆိုချက်များကို အခြေခံသည့်အပြင် စီမံကိန်းလုပ်ငန်းကြီးဖြစ်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများဖြင့် ပတ်သက်သည့် အငြင်းပွားမှုဖြစ်ခြင်းတို့ကြောင့် တည်ဆဲအလုပ်သမားဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ထုံးစည်းမျဉ်းစည်းကမ်းတို့ကို ကိုးကားအထောက်အထားပြု၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမှ အပြစ်မရှိဘဲ အလုပ်ထုတ်ခြင်းအတွက် နစ်နာသဖြင့် အလုပ်သမားအခွင့်အရေးများ ရယူလိုကြောင်း တင်ပြပြီး အလုပ်ရှင်ဘက်မှ နေ့တွက်လုပ်ခများအား လစဉ် မပျက်မကွက်ပေးခဲ့ခြင်း၊ နေထိုင်စားသောက်ရေးကို တာဝန်မပျက်ကွက်ဘဲ ယူခဲ့သည့်အတွက် နစ်နာကြေးမပေးလိုကြောင်း၊ အလုပ်ခန့်ထားစဉ်က အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက်တွင် ပါရှိသည့်အတိုင်း သတ်မှတ်အချိန်ကာလအရ အလုပ်ရပ်ဆိုင်းကြောင်း နို့တစ်ပေးခဲ့ခြင်းဖြစ်သဖြင့် အလုပ်ရှင်ဘက်မှ တစ်စုံတစ်ရာမပေးလိုခြင်းဟု ငြင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** အလုပ်ရှင်ဘက်မှ တင်ပြသည့် အလုပ်ရှင်၊ အလုပ်သမားသဘောတူညီချက် လက်မှတ်ရေးထိုး သဘောတူခဲ့ကြောင်း၊ အလုပ်သမားမှ ငြင်းဆိုခြင်းမရှိခြင်း၊ သဘောတူညီချက်တွင် (၇) ရက် ကြိုတင်၍ အလုပ်ထုတ်နို့တစ်

ပေးမည်ဟု သဘောတူညီချက်အရ ၁-၉-၂၀၁၂ မတိုင်မီ (၁၄) ရက်ကြိုတင်၍ နို့တစ်ပေးခဲ့ခြင်းအပေါ် အလုပ်သမားမှ ငြင်းချက်မထွက်သဖြင့် နို့တစ်ကြေးပေးရန် အလုပ်ရှင်တွင် တာဝန်မရှိဟု သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** နည်းဥပဒေ ၂၃ (င) အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တစ်စိတ်တစ်ပိုင်းဖြစ်သော နို့တစ်ကြေးတစ်လပေးရန် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

**ကောက်ချက်အမှတ် (၂)။** နစ်နာ၍ တင်ပြသူအလုပ်ရှင်ဘက်မှ ပုံမှန်နေ့စားလုပ်ခများအား လစဉ်မပျက်ပေးခဲ့ခြင်း၊ နိုင်ငံခြားကုမ္ပဏီများပါဝင်ပတ်သက်နေသဖြင့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုဖြေရှင်းဆုံးဖြတ်ခြင်းအပေါ် နိုင်ငံခြားသားအလုပ်ရှင်များမှ ဆုံးဖြတ်ချက်အပေါ် သာဓကယူမည် စိုးရိမ်ခြင်း၊ အလုပ်ရှင်အလုပ်သမားသဘောတူညီချက်တွင် နေ့စားလုပ်ခ၊ အချိန်ပိုလုပ်ခ၊ တရားဝင်ရုံးပိတ်ရက်တွင် အထူးလုပ်ခနှင့် နေရေး၊ စားရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ထိခိုက်သေဆုံးမှု အာမခံကြေးမှအပ တစ်စုံတစ်ရာ နစ်နာကြေးပေးရန်မရှိကြောင်း၊ အတိအလင်းဖော်ပြခဲ့ပြီးဖြစ်ကြောင်းကို ထောက်ပြပြီး နစ်နာကြေးမပေးလိုခြင်းဖြစ်သကဲ့သို့ လုပ်သားများမှလည်း စာချုပ်သက်တမ်းတစ်လျှောက် အပြစ်တစ်စုံတစ်ရာမရှိ၊ တာဝန်ကျေစွာထမ်းဆောင်ခဲ့ခြင်းကြောင့် အလုပ်ရပ်စဲခံရခြင်းအပေါ် အလုပ်သမားအခွင့်အရေးများ ရယူလိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။** ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂ (က) တွင် အလုပ်သမားဆိုသည်မှာ အဓိပ္ပာယ်ဖော်ပြချက်တွင် နေ့စား အလုပ်သမား၊ ယာယီအလုပ်သမားများ ပါဝင်သည့်အတွက် မြန်မာမြေပေါ်တွင် နိုင်ငံခြားကုမ္ပဏီတွင် နေ့စားအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည်လည်း ဥပဒေပါ ခံစားခွင့်များတွင် အကျုံးဝင်သည်။ နည်းဥပဒေ ၂ (ခ) အရ နစ်နာကြေးဆိုသည်မှာ စီးပွားရေး၊ ငွေကြေး သို့မဟုတ် ကုန်ကြမ်းအခက်အခဲကြောင့် အလုပ်သမားအင်အား လျှော့ခြင်း၊ သို့မဟုတ် အလုပ်ပိတ်ခြင်းအတွက် အလုပ်ရပ်စဲခြင်း သို့မဟုတ် အလုပ်မှထုတ်ပယ်ခြင်းတို့အတွက် အလုပ်ရှင်က အလုပ်သမားအား ပေးရမည့်ငွေကို ဆိုသည်ဟုဖော်ပြထားကြောင်း၊ ယင်းကိစ္စအတွက် အလုပ်ရှင်တွင် နစ်နာကြေးပေးရန် တာဝန်ရှိသည်။ ထို့အပြင် နိုင်ငံခြားကုမ္ပဏီများသည် လုပ်ငန်းခွင်တည်ရှိသည့် နိုင်ငံ၏ ဥပဒေ (Law of the land) ကို လိုက်နာရန် တာဝန်ရှိသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် An Overview of labour services and aspects of labour law enforcement in the union of Myanmar စာအုပ်နောက်ဆက်တွဲ အခန်း (၅) အပိုဒ် (၄) အပိုဒ်ခွဲ (B) တွင် ''If the period of employment exceeds three months but less than one year, the worker is entitled to two months pay (ie-Notice pay for one

month plus termination of service pay for one month)'' အရ နို့တစ်ကြေးတစ်လစာနှင့် နစ်နာကြေးတစ်လစာသာ ခံစားခွင့်ရှိကြောင်း ဖော်ပြထားသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** အလုပ်သမား ဦးသက်မောင်ဦးပါ (၅) ဦးတို့အား သက်ဆိုင်ရာ အလုပ်ရှင်ကုမ္ပဏီများမှ အလုပ်ရပ်ဆိုင်းမှုနစ်နာကြေး တစ်လစာကို နေ့စားလုပ်ခ (အချိန်ပိုမပါ) ကို တစ်နေ့လျှင် အလုပ်ချိန် (၈) နာရီ၊ တစ်လလျှင် အလုပ်ရက် (၂၆) ရက်ဖြင့် တွက်ချက်၍ ရရှိသော ငွေကြေးပမာဏဖြစ်သော တစ်နာရီလုပ်ခ US Dollar 1.44$ ရရှိသော အလုပ်သမားများအား US Dollar 299.52$၊ တစ်နာရီလုပ်ခ US Dollar 0.65$ ရရှိသော အလုပ်သမားတစ်ဦးအား US Dollar 135.2$ ကို နစ်နာကြေးအဖြစ် ထုတ်ပေးရန် ဆုံးဖြတ်သည်။

အလုပ်သမားများအား အောက်တွင်ဖော်ပြပါ နစ်နာကြေးများကို သက်ဆိုင်ရာကုမ္ပဏီများမှ ထုတ်ပေးရန်-

| | | |
|---|---|---|
| (က) ဦးသက်မောင်ဦး | US Dollar 299.52 | AGS CO.,LTD |
| ( ခ ) ဦးဌေးမင်း | US Dollar 299.52 | Smart CO.,LTD |
| ( ဂ ) ဦးလင်းထွန်းနိုင် | US Dollar 299.52 | Smart CO.,LTD |
| (ဃ) ဦးလှမျိုးထိုက် | US Dollar 299.52 | Smart CO.,LTD |
| ( င ) ဦးတင်မောင်ဝင်း | US Dollar 135.2 | Mirador CO.,LTD |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ အထက်ပါဆုံးဖြတ်ချက် အမှတ် (၂) ကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးစိုးညွန့် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၃/၂၀၁၂)**

| | |
|---|---|
| ဦးမြင့်လှိုင်(ကြာဆံဆရာ)<br>အောင်ကြာဆံစက်ရုံ၊ စက်မှုဇုန် (၂)<br>ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ဦးရှာရီပါတီ(ပိုင်ရှင်)<br>အောင်ကြာဆံစက်ရုံ၊ စက်မှုဇုန် (၂)<br>ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ စက်မှုဇုန် (၂)၊ အောင်ကြာဆံစက်ရုံ (ပိုင်ရှင်) ဦးရှာရီပါတီနှင့် အလုပ်သမား ဦးမြင့်လှိုင် (ကြာဆံဆရာ) တို့ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၂၇/၂၀၁၂) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်နစ်နာကြေးရလိုမှု၊ လုပ်ငန်းတွင် နစ်နာမှုအရ အချိန်ပိုကြေး၊ လုပ်သက်ခွင့်နှင့်စပ်လျဉ်း၍ ငွေကြေးအကျိုးခံစားခွင့်ရရှိလိုမှု စသော တောင်းဆိုချက်များ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက် (၃) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက် (၃) ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** ရပိုင်ခွင့်ရှိသော လုပ်သက်ခွင့် (၃) နှစ်စာ ရက်ပေါင်း (၃၀) အား ငွေကြေးအကျိုးခံစားခွင့်ပြုရန် တောင်းဆိုခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၂)။** ပြစ်ချက်မရှိ၊ အကြောင်းမဲ့ဖြုတ်တောက်ခဲ့သည့် အလုပ်လုပ်ခဲ့ရသည့် အချိန်ပိုနာရီကြေးများနှင့် လုပ်ခလစာများအတွက် ထိုက်သင့်သော နစ်နာကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၃)။** အလုပ်ရပ်စဲရသည့်လုပ်သက် (၃) နှစ်စာဖြင့် အလုပ်ထုတ်နစ်နာကြေး ပေးရန်တို့ကို အလုပ်သမားဥပဒေများနှင့်အညီ ပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

၅။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် တောင်းဆိုသူမှ တင်ပြသည့်သက်သေထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ရပိုင်ခွင့်ရှိသော လုပ်သက်ခွင့် (၃) နှစ်စာ၊ ရက်ပေါင်း (၃၀) အား ငွေကြေးအကျိုးခံစားခွင့်ပြုရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** ကြာဆံဆရာဦးမြင့်လှိုင်၏ အလုပ်ဝင်ရက်စွဲသည် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ မဟုတ်ဘဲ နစ်နာသူတင်ပြသည့် သက်သေ ဒေါ်မြင့်မြင့်သန်း၏ ထွက်ဆိုချက်အရ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဦးမြင့်လှိုင်၏ လုပ်သက်မှာ (၃) နှစ်မဟုတ်ဘဲ (၂) နှစ်နှင့် (၅) လသာရှိကြောင်း တွေ့ရှိရသည်။ သို့သော် တောင်းဆိုမှုကို အလုပ်လုပ်စဉ် နှစ်အလိုက် တောင်းဆိုခဲ့သင့်ပါသည်။ သို့သော် ၎င်းသည် အဆိုပါစက်ရုံဝင်းအတွင်း မိသားစုနှင့်အတူ နေထိုင်ဆောင်ရွက်ခဲ့ပြီး အလုပ်မှ ထုတ်ပယ်ခံရသည့်အခါမှ တောင်းဆိုသည်ဖြစ်ရာ ကာလအားဖြင့် ကြာမြင့်ခဲ့ပြီးဖြစ်၍ ငွေကြေးခံစားခွင့်ပြုရန် မသင့်လျော်ကြောင်း စိစစ်သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၁) အား အတည်ပြုသည်။

**ကောက်ချက်အမှတ် (၂)။** ပြစ်ချက်မရှိ၊ အကြောင်းမဲ့ဖြတ်တောက်ခဲ့သည့် အလုပ်လုပ်ခဲ့ရသော အချိန်ပိုနာရီကြေးနှင့် လုပ်ခလစာများအတွက် ထိုက်သင့်သော နစ်နာကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။** နစ်နာသူတင်ပြသည့် သက်သေ ဒေါ်မြင့်မြင့်သန်း၏ ထွက်ဆိုချက်အရ စက်ရုံအဆောင်တွင် နေထိုင်သူများအား အချိန်ပိုကြေးမပေးဟုထွက်ဆိုခြင်း၊ နစ်နာသူမှလည်း အချိန်ပိုလုပ်ရကြောင်း ခိုင်လုံသော သက်သေအထောက်အထားမပြနိုင်ခြင်း၊ အလုပ်ရှင်ကိုယ်စားလှယ်မှလည်း လုပ်ငန်းစမ်းသပ်လည်ပတ်နေစဉ်ကာလဖြစ်၍ အချိန်ပိုမခိုင်းကြောင်း ထွက်ဆိုချက်များကို ထောက်ထား၍ နစ်နာသူအနေဖြင့် ခံစားထိုက်သည့် အချိန်ပိုကြေးမရှိဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** တောင်းခံသည့် အချိန်ပိုနာရီကြေးများနှင့် လုပ်ခလစာများအတွက် ထိုက်သင့်သော နစ်နာကြေးခံစားခွင့်မပြုရန် ဆုံးဖြတ်သည်။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၂) ကို အတည်ပြုသည်။

**ကောက်ချက်အမှတ် (၃)။** အလုပ်လုပ်ခဲ့သည့် လုပ်သက်အရ အလုပ်ထုတ်နစ်နာကြေးပေးရန် အလုပ်သမားဥပဒေနှင့်အညီ ပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။** နောက်ဆုံးလုပ်ခခံစားခဲ့သည့် ၂၀၁၂ ခုနှစ်၊ မတ်လနေ့တွက်နှုန်းထားအရ တစ်ရက်လျှင် (၃၀၀၀ိ/-) နှုန်းဖြင့် ဥပဒေအရ တစ်လလျှင်

နေ့တွက်ကြေး (၂၆) ရက်ဖြင့် တွက်ရသည်ဖြစ်သော်လည်း ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ ရက် (၃၀) ဖြင့် တွက်ချက်မှုကို တောင်ဆိုခြင်း ခံရသူကလည်း လိုက်လျောထားသည့်အတွက် အလုပ်သမား၏ အကျိုးခံစားခွင့်ကို ထောက်ထား၍ နောက်ဆုံးလစာထုတ်ပြေစာပါ နေ့တွက် (၃၀၀၀ိ/-) ဖြင့် တစ်လလုပ်ရက် (၃၀) ရက်နှုန်းအရ တစ်လခံစားခွင့် (၉၀၀၀၀ိ/-) ဖြင့် လုပ်သက်အရ တွက်ချက်ခံစားခွင့်ပြုသင့်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** ခံစားထိုက်သော လုပ်သက် (၂) နှစ် (၅) လနှင့် တစ်လခံစားခွင့် (၉၀၀၀၀ိ/-) အရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် An overview of labour services and aspects of labour law and enforcement in the union of Myanmar စာအုပ်နောက်ဆက်တွဲ အခန်း (၅) အပိုဒ် (၄) အပိုဒ်ခွဲ (င) တွင် if the period of employment exceeds one year but less than three years, the worker is entitled to three months pay. (ie-Notice pay for one month plus termination of service pay for two months). အရ နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၂) လစာသာခံစားခွင့်ပြုရန် ဆုံးဖြတ်သည်။ အလုပ်သမား ဦးမြင့်လှိုင်အား သက်ဆိုင်ရာ အလုပ်ရှင်မှ နို့တစ်ကြေး တစ်လစာကို အချိန်ပိုကြေးမပါ တစ်ရက်လုပ်ခ (၃၀၀၀ိ/-) ကို လုပ်ရက် (၃၀) ရက်နှုန်း ဖြင့် (၉၀၀၀၀ိ/-) ကိုလည်းကောင်း၊ အလုပ်ရပ်စဲမှု နစ်နာကြေး နှစ်လစာကို အချိန်ပိုကြေးမပါ တစ်ရက်လုပ်ခ (၃၀၀၀ိ/-) တစ်လ လုပ်ရက် (၃၀) ရက်နှုန်းဖြင့် နှစ်လစာ (၁၈၀၀၀၀ိ/-) နှုန်းဖြင့် နှစ်ရပ်ပေါင်း (၂၇၀၀၀၀ိ/-) ကို ခံစားခွင့်ပေးရန် ဆုံးဖြတ်သည်။

၆။ ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ အထက်ပါဆုံးဖြတ်ချက်အမှတ် (၃) ကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း လိုက်နာဆောင်ရွက်ပေးရမည်။

| ဦးမောင်မောင်ဝင်း | ဦးစိုးညွန့် | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၀)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၄/၂၀၁၂)**

| | |
|---|---|
| ဒေါ်တင်မိုးခိုင်ပါအလုပ်သမား (၆၃၁) ဦး<br>Sakura အထည်ချုပ်စက်ရုံ၊<br>အမှတ် (၇၄)၊ ဦးရွှေအိုးလမ်း၊ စက်မှုဇုန် (၃)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| Mr.Kiyokazu Ito (ပိုင်ရှင်)<br>Sakura အထည်ချုပ်စက်ရုံ၊<br>အမှတ် (၇၄)၊ ဦးရွှေအိုးလမ်း၊ စက်မှုဇုန် (၃)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၇၄)၊ ဦးရွှေအိုးလမ်း၊ စက်မှုဇုန် (၃)၊ Sakura အထည်ချုပ်စက်ရုံရှိ အလုပ်သမား ဒေါ်တင်မိုးခိုင်ပါ အလုပ်သမား (၆၃၁) ဦးကတစ်ဖက်၊ ယင်းလုပ်ငန်း ပိုင်ရှင်ကတစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ၄-၁၂-၂၀၁၂ ရက်တွင် လက်ခံ၍ ဆောင်ရွက်ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အလုပ်သမားဥပဒေပါ အခွင့်အရေးဆိုင်ရာ အလုပ်ရှင် အလုပ်သမားအကြား အငြင်းပွားမှုမဟုတ်ဘဲ စက်ရုံအတွင်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ နှင့် စက်ရုံတာဝန်ရှိပုဂ္ဂိုလ်တို့ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း သုံးသပ်၍ ၎င်းအမှုကို ပလပ်ခဲ့သည်။

၃။ သို့ဖြစ်၍ အချင်းဖြစ်ပွားရာ Sakura အထည်ချုပ်စက်ရုံ အခြေခံအလုပ်သမားအဖွဲ့အစည်းမှ ဥက္ကဋ္ဌ ဒေါ်တင်မိုးခိုင်နှင့် အဖွဲ့ဝင် (၆) ဦးတို့မှ လက်မှတ်ရေးထိုး၍ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ထပ်မံတောင်းဆိုခဲ့သည်။

၄။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၂) အရ ဖွဲ့စည်းသော ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** အထည်ပိုထွက်နှုန်းဆုကြေးအဖြစ် ဝန်ထမ်းတစ်ဦးလျှင် တစ်လကျပ် ၅၀၀၀ိ/- (ငွေကျပ် ငါးထောင်) (သို့မဟုတ်) အထည်ထွက်နှုန်းကို

ဇူလိုင်လတွင် ပေးခဲ့သော အထည်ထွက်နှုန်းအပေါ် အချိန်ပိုအလုပ်ချိန် (OT) နှစ်နာရီဖြင့် တွက်၍ အင်္ကျီလိုင်းဖြစ်လျှင် ထွက်နှုန်း (၁၆၀) ထည်၊ ဘောင်းဘီလိုင်းဖြစ်လျှင် (၂၇၅) ထည်သာ တောင်းရန် အလုပ်သမားများက အလုပ်ရှင်ထံ တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** အလုပ်ရှင် အလုပ်သမားနှစ်ဖက် တင်ပြချက်၊ သက်သေထွက်ဆိုချက်များအရ -

(က) အထည်ထွက်နှုန်းတရားဝင်သတ်မှတ်ထားခြင်းမရှိကြောင်း တွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုအကောင်းဆုံးရရှိအောင် တွန်းအားပေးမှုကိုသာ တွေ့ရသည်။

(ခ) အမှန်တကယ်အထည်ထွက်နှုန်းမှာ ယခင်အချိန်ပို (၄) နာရီကာလတွင်လည်း ယခုတင်ပြသော ယေဘုယျသတ်မှတ်အထည်ထွက်နှုန်းကို အမြဲပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိကြောင်း တွေ့ရသည်။

(ဂ) အလုပ်ချိန် အချိန်ပို (၂) နာရီသတ်မှတ်ချိန်တွင်လည်း ယခု တင်ပြသည့် သတ်မှတ်အထည်ထွက်နှုန်းကို အမြဲပြည့်မီမှုမရှိခြင်း၊ ယင်းသို့ မပြည့်မီသော်လည်း အလုပ်ရှင်ဘက်မှ တစ်စုံတစ်ရာ အရေးယူခြင်း၊ လုပ်ခဖြတ်တောက်ခြင်းမရှိသည်ကို တွေ့ရသည်။ တာဝန်ရှိသူများက အထည်ထွက်များအောင် တွန်းအားပေးမှုကိုသာ တွေ့ရှိရသည်။

(ဃ) အလုပ်ရှင်မှပေးသော အလုပ်သမားရပိုင်ခွင့်၊ လုပ်ခ၊ ခံစားခွင့်တို့မှာ အခြားလုပ်ငန်းတူ စက်ရုံများထက် နိမ့်ကျခြင်းမရှိ၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သတ်မှတ်ထားသော အနိမ့်ဆုံးလုပ်ခဖြစ်သော အချိန်ပိုမပါ တစ်လလျှင် ကျပ် (၃၂၇၇၀/-) ထက်ပို၍ နှစ်ဆနီးပါးဖြစ်သော ကျပ် (၆၆၈၁၀-) ရရှိကြောင်း တွေ့ရသည်။ အလုပ်သမားများအတွက် နေ့တွက်ကြေးနှင့် ထောက်ပံ့ကြေးများကိုလည်း နှစ်စဉ်အခါအားလျော်စွာ တိုးမြှင့်ပေးထားကြောင်း တွေ့ရသည်။

(င) သို့ဖြစ်၍ အလုပ်သမားများအနေဖြင့် အလုပ်ကို ပိုလုပ်ရသည် မဟုတ်ဘဲ အလုပ်အကောင်းဆုံးပြီးမြောက်အောင် တွန်းအားပေးသည့် သဘောသဘာဝကိုသာ ဆောင်ရွက်သည်ဟု ယူဆသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမားများတောင်းဆိုသော အထည်ပိုထွက်နှုန်းဆုကြေးနှင့် အထည်ထွက်နှုန်းတို့ကို လိုက်လျောပေးရန် မလိုအပ်သေးကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၅။ အထက်ပါ ဆုံးဖြတ်ချက်အမှတ် (၁) ကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း မပျက်မကွက် လိုက်နာဆောင်ရွက်ပေးရမည်။

| | | |
|---|---|---|
| ဦးငွေအောင် | ဦးအောင်စံတင် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**ပုံစံ (၁၀)**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၅/၂၀၁၂)**

ဦးတင်ထွန်းပါ အလုပ်သမား (၆) ဦး
Mr. Blue Co.,Ltd
အမှတ် (W-1)၊တတိယထပ်
ရန်ကင်းပန်းခြံအဆောက်အဦ
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } **လျှောက်ထားသူ**

နှင့်

ဦးဇော်ဇော်ဖေ (MD)
Mr. Blue Co., Ltd
အမှတ် (W-1)၊တတိယထပ်
ရန်ကင်းပန်းခြံအဆောက်အဦ
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းပန်းခြံအဆောက်အဦ၊ အမှတ် (W-1)၊ တတိယထပ်ရှိ Mr. Blue Co.,Ltd (မူလအမည်-Mount Imagination Co.,Ltd-MICO)မှ၊ ဦးဇော်ဇော်ဖေ (MD) နှင့် ဦးတင်ထွန်းပါအလုပ်သမား (၂၇) ဦးတို့အကြား ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အငြင်းပွားမှုတစ်ရပ်ကို ရန်ကင်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၃၉/၂၀၁၂) အဖြစ် ကြားနာစစ်ဆေးခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင် တစ်ခုတည်းသော ကောက်ချက်အဖြစ် အောက်ပါအတိုင်းဖော်ပြပါရှိပေသည်-

**ကောက်ချက်အမှတ် (၁)။** အလုပ်ရှင်မှ တောင်းဆိုသူအလုပ်သမားတို့အား လုပ်ငန်းအရှုံးပေါ်သည်ဟု တင်ပြပြီး A-4 စာရွက်တစ်မျက်နှာကို ပန်းချီရေးဆွဲခ ၅၅ဝ/-ထက် တိုးမပေးနိုင်ကြောင်း၊ အလုပ်သမားမှ ၇၅ဝ/- တောင်းခံခြင်းအတွက် ညှိနှိုင်းမရခြင်းကို တောင်းဆိုခြင်းဖြစ်သည်။

၃။ အထက်ဖော်ပြပါ ကောက်ချက်ပေါ်မူတည်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် ဆုံးဖြတ်ရမည့်ကိစ္စ မဟုတ်၍ ပလပ်လိုက်သည်ဟု ဆုံးဖြတ်ချက်အမှတ်

(၁) ဖြင့် ဆုံးဖြတ်ခဲ့ခြင်းအပေါ် အလုပ်သမားများက မကျေနပ်သည့်အတွက် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြလျှောက်ထားခဲ့ကြခြင်းဖြစ်သည်။

၄။ ဤအငြင်းပွားမှုသည် ပိုင်ရှင်ဖြစ်သူက အလုပ်သမား (ပန်းချီပညာသည်) များအား ရုပ်ပြပန်းချီရေးဆွဲရေးလုပ်ငန်းချပေးမှု (Assignment) များအတွက် ပေးနေကျနှုန်းထားများကို လုပ်ငန်းဈေးကွက်ကျဆင်းမှုကြောင့်ဟုဆိုကာ လျှော့ချ၍ ပေးရာမှ အစပြု၍ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အငြင်းပွားမှု ဖြစ်ပေသည်။ ဤအငြင်းပွားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ဆောင်ချက်များမှသည် ခုံသမာဓိအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ၊ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ ထွက်ဆိုချက်များ စသည်တို့ကို ဤခုံအဖွဲ့က အသေးစိတ်လေ့လာသုံးသပ်ခဲ့သည့်အပြင် အမှုနှင့်သက်ဆိုင်ဆက်စပ်မှုရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ တိကျရှင်းလင်းမှုရှိစေရန် တောင်းဆိုသူ(အလုပ်သမား) နှင့် တောင်းဆိုခြင်းခံရသူ(အလုပ်ရှင်) တို့ကို ခုံအဖွဲ့၏ ရှေ့မှောက်သို့ ခေါ်ယူတွေ့ဆုံစစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပေသည်။

၅။ ထို့အပြင် ဤခုံအဖွဲ့သည် အလုပ်သမားများက ခုံသမာဓိကောင်စီသို့ တင်ပြထားသည့် လျှောက်ထားလွှာပါ အချက်အလက်များနှင့် ခုံအဖွဲ့ရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက် ထွက်ဆိုပြောကြားချက်များအပေါ် အခြေပြု၍ အောက်ပါကောက်ချက်ကို ရေးဆွဲပြီး ထိုကောက်ချက်အပေါ် အဆုံးအဖြတ်ပေးနိုင်ရန် လိုအပ်ပေသည့် လေ့လာသုံးသပ်မှုများကို လုပ်ဆောင်ခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားများကို သီးခြားပေးအပ်သည့် ရုပ်ပြပန်းချီရေးဆွဲခြင်းလုပ်ငန်းအတွက် မူလလုပ်ခနှုန်းထားအတိုင်းပေးရန်၊ အကယ်၍ အလုပ်ရှင် က ထိုအချက်ကို လိုက်လျောနိုင်ခြင်းမရှိပါက ထိုက်သင့်သည့် နစ်နာကြေးပေး၍ အလုပ်သမားများကို အလုပ်မှ နုတ်ထွက်ခွင့်ပြုရန်။

## လေ့လာတွေ့ရှိချက်များ

၆။ ညှိနှိုင်းဖျန်ဖြေရေးကာလမှ ခုံသမာဓိအဖွဲ့သို့ တင်ပြလျှောက်ထားချိန်အထိ၊ ဦးတင်ထွန်းပါ အလုပ်သမား (၂၇) ဦးဟု ဖော်ပြထားသော်လည်း ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားသည့် အချိန်တွင် ဦးတင်ထွန်းပါ အလုပ်သမား (၆) ဦးအနေဖြင့်သာ တောင်းဆိုမှုကို ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

၇။ ခုံအဖွဲ့ရှေ့မှောက်တွင် ဦးတင်ထွန်းပါအလုပ်သမား (၆) ဦးတို့က အလုပ်ရှင်မှ အလုပ်သမားများကို ချထားပေးသည့် ရုပ်ပြပန်းချီရေးဆွဲခြင်းလုပ်ငန်းအတွက် မူလနှုန်းထားအတိုင်း ပေးစေလိုကြောင်း၊ ထိုသို့ပေးနိုင်ခြင်းမရှိဟုဆိုပါက အလုပ်ရှင်အနေဖြင့် မိမိတို့ (၆) ဦးအား ထိုက်သင့်သည့် လုပ်ခနှုန်းထားဖြင့် နစ်နာကြေးပေးမည်ဆိုပါက အလုပ်မှ နုတ်ထွက်ရန် ဆန္ဒရှိပါကြောင်းဖြင့် ထွက်ဆိုတင်ပြခဲ့ကြသည်။

၈။ အလုပ်ရှင်အား စစ်ဆေးမေးမြန်းရာတွင် အလုပ်ရှင်က လုပ်ခနှုန်းထားလျှော့ချပေးရခြင်းမှာ ဈေးကွက်အခြေအနေအရ ဖြစ်ပါကြောင်း၊ ယခုအချိန်မှာ အင်တာနက်ခေတ်ဖြစ်၍ ရုပ်ပြစာအုပ်ဈေးကွက် လျော့ကျလာကြောင်း၊ ထို့ကြောင့် ၎င်းတို့အား လုပ်ငန်းတာဝန်သီးခြားပေး ရေးဆွဲခိုင်းရသည့် ရုပ်ပြပုံဆွဲ လုပ်ခကိုလည်း လျှော့ချရခြင်းဖြစ်ပါကြောင်း၊ အခြေအနေအရ မူလလုပ်ခနှုန်းထားဖြင့် ပေးရန် လုံးဝမဖြစ်နိုင်ပါကြောင်း ထွက်ဆိုတင်ပြသည်။ ထို့နောက် အလုပ်ရှင်က မိမိတို့သည် အလုပ်သမားများကို ရုပ်ပြပုံဆွဲလုပ်ငန်း ချထားမပေးခြင်းမဟုတ်ပါကြောင်း၊ ယခုတောင်းဆိုသူများက လုပ်ခနှုန်းထားအသစ်ဖြင့် မလုပ်နိုင်ဟု ဆိုသည့်အတွက် အလုပ်ချမပေးခြင်းသာဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ အလုပ်ရှင်က အကယ်၍ အလုပ်သမားများက ထိုက်သင့်သည့် လစာနှုန်းထားဖြင့် နစ်နာကြေးရယူပြီး အလုပ်မှ နုတ်ထွက်လိုပါက မိမိသဘောတူလက်ခံပါကြောင်း ဝန်ခံတင်ပြခဲ့သည်။

## သုံးသပ်ဖော်ပြချက်

၉။ ခုံသမာဓိကောင်စီသို့ တက်ရောက်လာသည့် ယခုအငြင်းပွားမှုသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ခလျှော့ချမှု (သို့မဟုတ်) လျှော့နည်းသွားမှုအပေါ် အခြေခံခြင်း၊ အလုပ်သမား အဖွဲ့အစည်းတွင် ဦးဆောင်ပါဝင်သော အလုပ်သမားများကို အလုပ်ရှင်က အကြောင်းရှာ၍ လုပ်ငန်းချမပေးခြင်းဖြစ်သည်ဟု စွပ်စွဲခြင်း၊ အလုပ်ထုတ်နစ်နာကြေးကိစ္စ အငြင်းပွားခြင်း စသည့် အငြင်းပွားမှုများ ပါရှိနေကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ခုံအဖွဲ့အနေဖြင့် ဤအငြင်းပွားမှုသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် ဖြေရှင်းနိုင်သည့် ကိစ္စဖြစ်ကြောင်း တွေ့ရှိရသည်။

၁၀။ ယခုအငြင်းပွားမှုဖြစ်ပွားသည့် Mr. Blue Co.,Ltd သည် မူလက Mount Imagination Co.,Ltd ဟူ၍ ခေါ်ဆိုခဲ့သည်။ ယခုတောင်းဆိုရာတွင် ပါဝင်သည့် အလုပ်သမားများဖြစ်သည့် ဦးတင်ထွန်း၊ ဦးမျိုးလွင်၊ ဦးသန်းထွန်းသစ်၊ ဦးထွန်းကိုကိုလွင်တို့သည် လုပ်သက် ၁၁ နှစ်ကျော်ရှိပြီး၊ ဦးအေးကိုနှင့် ဦးဝင်းနိုင်တို့နှစ်ဦးမှာ လုပ်သက် ၁၀ နှစ်ကျော်ရှိပြီဖြစ်သည်။ လုပ်သက်ရင့်သည့် လူဟောင်းဝန်ထမ်း အလုပ်သမားများဖြစ်ကြသည်။ လုပ်ငန်းသဘာဝအရ လခစားဝန်ထမ်းများဖြစ်ကြပြီး သီးခြားပေးအပ်သည့် ပုံပြကာတွန်း ပန်းချီရေးဆွဲခြင်းလုပ်ငန်းအတွက် သတ်မှတ်နှုန်းထားဖြင့် အခကြေးငွေကို ဖြည့်စွက်ရရှိကြသည်။

၁၁။ ယခုအငြင်းပွားမှုတွင် တောင်းဆိုသည့် အလုပ်သမားများနှင့် အလုပ်ရှင်တို့နှစ်ဦးနှစ်ဖက်အကြား သဘောထားမတူညီနိုင်သည့် အချက်မှာ ရုပ်ပြပုံဆွဲလုပ်ငန်းအတွက် ယခင်ပေးခဲ့သည့် လုပ်ခနှုန်းထားအတိုင်း ပေးရန် ကိစ္စပင် ဖြစ်ပေသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ကျန်အလုပ်သမား (၂၁) ဦးတို့က နှုန်းထားအသစ်ဖြင့်ပင် ဆက်လက်လုပ်ကိုင်လျက် ရှိနေကြပေသည်။ ထိုသို့ လုပ်ကိုင်သူများမှာ အချိုးအစားအားဖြင့် ၇၈. ၀ ရာခိုင်နှုန်းခန့်မျှ ရှိပေသည်။ ထို့ပြင် အဆိုပါလုပ်ငန်းသည် ပုတ်ပြတ်လုပ်ငန်းသဘောဖြစ်၍ မိမိလုပ်နိုင်သလောက် လုပ်ခဝင်ငွေ ရရှိနိုင်ကြပေသည်။

၁၂။ အလုပ်သမားနှင့် အလုပ်ရှင် နှစ်ဦးနှစ်ဖက် ထွက်ဆိုချက်များအပေါ် ထက်မံလေ့လာသုံးသပ်သည့်အခါ သဘောတူညီနေသည့် အချက်တစ်ခုမှာ အလုပ်သမားများက မိမိတို့ထိုက်သင့်သည့် နစ်နာကြေးရပါက အလုပ်မှ ထွက်ရန် ဆန္ဒရှိကြောင်း အလုပ်ရှင်ကလည်း ယခုတောင်းဆိုချက်မရသည့်အတွက် အလုပ်သမားများက ထိုက်သင့်သည့် နစ်နာကြေးကို ရယူပြီး အလုပ်မှ နုတ်ထွက်လိုသည်ဆိုပါက သဘောတူလက်ခံပါကြောင်း ဝန်ခံထွက်ခဲ့ကြပေသည်။

၁၃။ ဤခုံအဖွဲ့သည် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားသည့် အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုအတွက် သမားရိုးကျ ကျင့်စဉ်၊ လုပ်ထုံးလုပ်နည်း (Formalities) များကို တရားသေကိုင် စွဲမထားသည့်အပြင် အလုပ်သမားများနှင့် အလုပ်ရှင်တို့၏ နှစ်ဦးနှစ်ဖက်အကျိုးအတွက် အငြင်းပွားမှုတစ်ရပ်ကို အဆင့်ဆင့်အချိန်ရှည်ကြာမနေစေဘဲ မှန်မှန်နှင့် မြန်မြန် ပြီးပြတ်စေရေးကို ရှေးရှု၍ ဆုံးဖြတ်ပေးခြင်း ဖြစ်ပေသည်။

## ဖြည့်စွက်သုံးသပ်ချက်

၁၄။ အလုပ်ရှင်က အလုပ်သမားများကို အလုပ်မှ ထုတ်ပယ်ခြင်းလည်းမဟုတ်။ အလုပ်သမားများကလည်း အလုပ်မှ နုတ်ထွက်လိုကြခြင်းလည်းမဟုတ်။ နှစ်ဦးနှစ်ဖက်ကြား လုပ်ငန်းပိုင်းဆိုင်ရာ အငြင်းပွားမှုတစ်ရပ်မှ ပေါ်ပေါက်လာခဲ့သည့် အဆင်ပြေချောမွေ့ခြင်းမရှိနိုင်တော့သည့် လုပ်ငန်းခွင် ဆက်ဆံရေးအခြေအနေတစ်ရပ်ကို နှစ်ဦးနှစ်ဖက်စလုံး ရှောင်လွှဲလိုကြခြင်းကြောင့် ဖြစ်ပေသည်။

၁၅။ သို့ဖြစ်ရာ အလုပ်သမားများအတွက် အလုပ်ရှင်က နို့တစ်ကြေးတစ်လစာကို ပေးရန်လိုမည်မဟုတ်ပေ။ နစ်နာကြေးပေးရာတွင်မူ အလုပ်သမားများ၏ လုပ်သက်ကို ငဲ့ကွက်၍ အလုပ်သမားတစ်ဦးလျှင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ၊ ၆ လတာကာလအတွင်း ရရှိခဲ့သည့် ပျမ်းမျှလစာကို အခြေခံတွက်ချက်ရန်ဖြစ်ပေသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** နှစ်ဦးနှစ်ဖက်သဘောထားဆန္ဒအပေါ် အခြေပြု၍ ဦးတင်ထွန်းပါ အလုပ်သမား (၆) ဦးကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမတိုင်မီ (၆) လ (ခြောက်လ) အတွင်း ရရှိသည့် ပျမ်းမျှလစာ၏ (၃) လစာကို နစ်နာကြေး အဖြစ် ပေး၍ အလုပ်မှနုတ်ထွက်ခွင့်ပြုရန် ဆုံးဖြတ်သည်။ (တစ်ဦးချင်း အတွက် နစ်နာကြေးကို သီးခြားဇယားဖြင့် ပူးတွဲဖော်ပြထားသည်။)

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၆။ အထက်ပါဆုံးဖြတ်ချက်အမှတ် (၁) ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်။

| ဦးရဲနိုင်ဝင်း | ဦးအေးငွေ | ဦးသန်းမောင် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပူးတွဲဇယား

**ဦးတင်ထွန်းပါ အလုပ်သမား (၆) ဦး၏ (၆) လစာအတွက် ပျမ်းမျှလစာနှင့် နစ်နာကြေး (၃) လစာတွက်ချက်ပုံ**

| စဉ် | အမည် | ဇွန် ၂၀၁၂ | ဇူလိုင် ၂၀၁၂ | ဩဂုတ် ၂၀၁၂ | စက်တင်ဘာ ၂၀၁၂ | အောက်တိုဘာ ၂၀၁၂ | နိုဝင်ဘာ ၂၀၁၂ | (၆)လပေါင်း | ပျမ်းမျှလစာ | (၃)လစာ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးတင်ထွန်း | ၃၂၂,၂၃၅ | ၂၇၇,၈၃၅ | ၃၀၉,၁၀၂ | ၂၀၀,၇၅၂ | ၆၀,၂၁၈ | ၅၇,၄၀၂ | ၁,၂၂၇,၅၄၄ | ၂၀၄,၅၉၁. ၀၀ | ၆၁၃၇၇၃. ၀၀ |
| ၂ | ဦးအေးကို | ၂၅၂,၃၀၂ | ၂၃၇,၁၃၅ | ၂၃၉,၇၆၈ | ၁၆၃,၃၆၈ | ၅၅,၇၃၅ | ၄၈,၁၀၂ | ၉၉၆,၄၁၀ | ၁၆၆,၀၆၈. ၀၀ | ၄၉၈၂၀၄. ၀၀ |
| ၃ | ဦးမျိုးလွင် | ၂၂၉,၀၆၈ | ၂၁၄,၁၀၂ | ၂၆၆,၁၅၂ | ၁၇၀,၉၃၅ | ၅၈,၁၃၅ | ၅၅,၃၃၅ | ၉၃၀,၇၂၇ | ၁၅၅,၁၂၁. ၀၀ | ၄၆၅၃၆၃. ၀၀ |
| ၄ | ဦးသန်းထွန်းသစ် | ၁၉၁,၇၀၂ | ၁၉၄,၂၀၂ | ၂၁၆,၁၃၅ | ၁၄၇,၂၆၈ | ၄၄,၀၀၂ | ၄၆,၉၀၂ | ၈၄၀,၂၁၁ | ၁၄၀,၀၃၅. ၀၀ | ၄၂၀၁၀၅. ၀၀ |
| ၅ | ဦးဝင်းနိုင် | ၂၂၈,၄၀၂ | ၁၈၀,၅၃၅ | ၂၀၆,၃၆၈ | ၁၃၉,၉၆၈ | ၄၆,၉၆၈ | ၄၈,၈၃၅ | ၈၅၁,၀၇၆ | ၁၄၁,၈၄၆. ၀၀ | ၄၂၅၅၃၈. ၀၀ |
| ၆ | ဦးထွန်းကိုကိုလွင် | ၃၈၅,၆၆၈ | ၁၇၂,၈၃၅ | ၂၄၁,၀၃၅ | ၁၃၈,၁၈၅ | ၄၁,၉၃၅ | ၄၀,၁၆၈ | ၁,၀၁၉,၈၂၆ | ၁၆၉,၉၇၁. ၀၀ | ၅၀၉၉၁၃. ၀၀ |

| ဦးရဲနိုင်ဝင်း | ဦးအေးငွေ | ဦးသန်းမောင် |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၀)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၆/၂၀၁၂)**

| | |
|---|---|
| ဦးမြင့်နွယ်၊ ဦးမောင်မောင်ကြည်<br>ဦးညိုရင်၊ မမော်မော်မြင့်<br>မအိအိခိုင်၊ မတင်တင်ခိုင်<br>မာတ၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ဦးခင်ဝင်းအောင်၊ ဒေါ်မြင့်မြင့်ထွေး<br>ကွန်းအဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီလီမိတက်<br>မာတ၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ပုသိမ်မြို့၊ အမှတ် (၆) ရပ်ကွက်၊ (၈၄) နေ ကွန်းအဏ္ဏဝါရေလုပ်ငန်းပိုင်ရှင် ဦးခင်ဝင်းအောင်၊ ဒေါ်မြင့်မြင့်ထွေးနှင့် အလုပ်သမား၊ အလုပ်သမားများ၊ အလုပ်သမားအဖွဲ့အစည်းတို့ဖြစ်ပွားသော အငြင်းပွားမှုများအား ပုသိမ်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲအပ်တင်ပြခဲ့သဖြင့် ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆုံးဖြတ်ခဲ့သည့် (၁/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် အလုပ်သမား ဦးမြင့်နွယ်ပါ (၆) ဦးက ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာပါသည်။

၃။ ထို့အတူ ကွန်းအဏ္ဏဝါရေလုပ်ငန်း ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်မြင့်မြင့်ထွေးကလည်း ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက် (၁/၂၀၁၂) အပေါ် ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချက် (၁/၂၀၁၂) အပေါ် မကျေနပ်၍ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ခုံသမာဓိကောင်စီ အမှုအမှတ် (၁၆/၂၀၁၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

| **စဉ်** | **အမည်** | **တာဝန်** |
|---|---|---|
| ၁။ | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်ဝင်း | အဖွဲ့ဝင် |
| ၃။ | ဦးညာဏ | အဖွဲ့ဝင် |

၅။ ခုံသမာဓိကောင်စီအဖွဲ့ဝင်များသည် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ရုံးထိုင်၍ ခုံသမာဓိ ကောင်စီ အမှုအမှတ် (၁၆/၂၀၁၂) ကို ကြားနာစစ်ဆေးခဲ့ပါသည်။ ခုံအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိ အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ၊ အငြင်းပွားမှုနှင့်ပတ်သက်သည့် အထောက်အထား စာရွက်စာတမ်း သက်သေခံချက်များကို လေ့လာသုံးသပ်ကြပါသည်။ တစ်ဆက်တည်းပင် ကွန်းအဏ္ဏဝါ ရေလုပ်ငန်းကုမ္ပဏီ လီမိတက်ပိုင်ရှင် ဦးခင်ဝင်းအောင်၊ ဒေါ်မြင့်မြင့်ထွေးတို့၏ တင်ပြချက်နှင့် အလုပ်သမားဦးမြင့်နွယ်ပါ (၆) ဦး၏ လျှောက်ထားတင်ပြချက်များကိုလည်းကောင်း၊ နှစ်ဖက်သော သက်သေထွက်ဆိုချက်များကို လည်းကောင်း ကြားနာစစ်ဆေးခဲ့ပါသည်။ ယင်းသို့ ကြားနာစစ်ဆေးပြီးနောက် ခုံသမာဓိကောင်စီအမှုအမှတ် (၁၆/၂၀၁၂) နှင့်ပတ်သက်၍ အောက်ပါအတိုင်း ကောက်ချက် (၄) ချက်နှင့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက် များကို ချမှတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမား ဦးညိုရင်၊ ဦးမောင်မောင်ကြည်တို့သည် လုပ်သက် (၁၀) နှစ်ကျော်ကြာ ကုမ္ပဏီတွင် အလုပ်လုပ်ခဲ့သည့်အတွက် လုပ်ခ (၃၀၀၀ိ/-) သတ်မှတ်ပေးချက်သည် လွန်စွာနည်းနေကြောင်းနှင့် လုပ်သက်ခံစား ခွင့်ပါ ရရှိလိုသဖြင့် တင်ပြတောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) အလုပ်သမား ဦးညိုရင်၊ ဦးမောင်မောင်ကြည်တို့သည် နေ့စား၊ ပုတ်ပြတ်ကာယ အလုပ်သမားများဖြစ်၍ လုပ်ငန်းသဘာဝ အခြေ အနေပေါ် မူတည်၍ လုပ်ခဝင်ငွေမှာ မှန်ကန်မှုမရှိနိုင်ဟု သုံးသပ် သည်။

(ခ) ကွန်းအဏ္ဏဝါရေလုပ်ငန်း ကုမ္ပဏီလီမိတက်တွင် (၁၀) နှစ်ခန့် ကာယအားကို ရင်းနှီးလုပ်ကိုင်ခဲ့သည့် လုပ်အားများအပေါ် လူမှုရေး အရ သင့်လျော်သည့် အလုပ်ထုတ်နစ်နာကြေး အကျိုးခံစားခွင့် ပေးသင့်သည်ဟု သုံးသပ်သည်။

(ဂ) ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ သတ်မှတ်တွက်ချက် ပေးခဲ့သည့် (၁) ရက် (၃၀၀ိ/-) နှုန်း သတ်မှတ်ချက်မှာ သင့်လျော် သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်သည့် (၁) ရက် (၃၀၀ိ/-) နှုန်း၊ (၁) လ (၉၀၀၀ိ/-) ဖြင့် (၅) လအတွက် (၄၅၀၀၀ိ/-) (ကျပ်လေးသိန်းငါးသောင်းတိတိ) စီပေးရန် ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

**ကောက်ချက်အမှတ် (၂)။** မမော်မော်မြင့်၊ မအိအိခိုင်၊ မတင်တင်ခိုင်တို့က ဆုကြေးခံစားခွင့်နှင့် လုပ်သက်ခံစားခွင့်များ ပေးရန် တင်ပြခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။**

(က) ပုသိမ်မြို့တွင် လုပ်ခဲ့သည့် အလုပ်နှင့် နယ်တွင် သွားရောက်လုပ် ကိုင်ခဲ့သည့် လုပ်အားခများနှင့် ခံစားခွင့်များကို ရရှိခံစားခဲ့ပြီး ဖြစ်သည်ဟု သုံးသပ်သည်။

(ခ) ပုသိမ်မြို့မှ နယ်သို့ သွားရောက်လုပ်ကိုင်ခဲ့ရသည့်အတွက် သတ်မှတ်ထားသည့် ဆုကြေးငွေများကို နှစ်ကာလအလိုက် ခံစားခွင့်ရသင့်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်သည့် မမော်မော်မြင့်အား နှစ်နှစ်စာဆုကြေး (၃၆၀၀၀၀ိ/-) (ကျပ်သုံးသိန်းခြောက်သောင်းတိတိ)၊ မအိအိခိုင်အား တစ်နှစ်စာဆုကြေး (၁၈၀၀၀၀ိ/-) (ကျပ်တစ်သိန်းရှစ်သောင်းတိတိ)၊ မတင်တင်ခိုင်အား ခုနစ်လစာဆုကြေး (၁၀၅၀၀၀ိ/-) (ကျပ်တစ်သိန်းငါးထောင်တိတိ) ပေးရန် ဆုံးဖြတ်ချက်ကို ပြင်ဆင်ဖြည့်စွက်ရန် မရှိသဖြင့် အတည် ပြုသည်။

**ကောက်ချက်အမှတ် (၃)။** အလုပ်သမားဦးမြင့်နွယ်သည် အလုပ်မှ တရားမမျှတစွာ ထုတ်ပယ်ခံရခြင်းအတွက် ရထိုက်သည့် ခံစားခွင့်နှင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။**

(က) ဦးမြင့်နွယ်သည် ကုမ္ပဏီတွင် ရေခဲတင်/ထမ်းအလုပ်သမားအဖြစ် (၄/၂၀၀၈) မှ (၂/၂၀၁၁) အထိ လေးနှစ်ခန့်လုပ်ကိုင်ခဲ့သည့် ကာယလုပ်သားတစ်ဦးဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) ဦးမြင့်နွယ်သည် ၁-၁၁-၂၀၁၁ မှစပြီး ကုမ္ပဏီမှ ရေခဲတင်/ထမ်းအလုပ်ကိုစွန့်ခွာပြီး ကုမ္ပဏီ၏ ဒိုင်ခွဲဖြစ်သော ရွှေကွန်းဒိုင်မှ ဦးငြိမ်းချမ်းအောင်ထံ အောက်ပြွန်ဝရှာ၍ ငါးနှင့်ပုစွန်ဝယ်ယူရောင်းဝယ်ရေးကော်မရှင်အလုပ်ကို ဦးမြင့်ကိုနှင့် အတူတွဲလုပ်ခဲ့သည်။ လုပ်ငန်းခွင်၌ ဦးမြင့်ကိုမှ အရက်သောက်စားခြင်းနှင့် စာရင်းဇယားများမှားယွင်းခြင်းများကို တွေ့ရှိရသဖြင့် ကော်မရှင်အလုပ်ကို မလုပ်တော့ဘဲ မူလအလုပ်ဖြစ်သည့် ရေခဲတင်/ထမ်းအလုပ်ကို ပြန်လည်လုပ်ကိုင်ခွင့်ရရန် ပြန်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ဂ) ကုမ္ပဏီတွင် လုပ်ကိုင်ရသည့် လုပ်ငန်းသဘောသဘာဝမှာ လုပ်ငန်းစုတစ်ခု၌ လုပ်သား (၁၀) ဦးဖြင့် စုဖွဲ့၍ လုပ်ကိုင်ရပြီး တစ်နေ့တာရရှိလာသော လုပ်အားခများကို လုပ်သားများ အချိုးကျခွဲဝေယူသည့်စနစ်ဖြစ်သည်။ သတ်မှတ်ချက် (၁၀) ဦးထက် လုပ်သားပိုခန့်ပါက လုပ်သားများ ဝင်ငွေနည်းသွားသဖြင့် မကျေနပ်မှုများပေါ်ပေါက်လာနိုင်သဖြင့် ကွန်းအဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီက ဦးမြင့်နွယ် အလုပ်ဝင်ရန်ပြောစဉ်က စောင့်နေရန်ပြောခဲ့ခြင်းဖြစ်မည်ဟု သုံးသပ်သည်။

(ဃ) ကွန်းအဏ္ဏဝါ ရေလုပ်ငန်းကုမ္ပဏီမှ အလုပ်ပြန်ခန့်ခဲ့သည့် အချိန်တွင်လည်း အကျိုးခံစားခွင့်ကို ရယူလိုသဖြင့် ဦးမြင့်နွယ်သည် အလုပ်ဝင်ရန် ငြင်းပယ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** အလုပ်သမားဦးမြင့်နွယ်သည် ကွန်းအဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီမှ အလုပ်ပြန်ဝင်လျှင် ခန့်ပေးမည်ဖြစ်ကြောင်း ပြောဆိုသော်လည်း ငြင်းပယ်ခဲ့သူဖြစ်သဖြင့် အလုပ်ထုတ်နစ်နာကြေး/ကရုဏာကြေးပေးရန် မသင့်ကြောင်း ဆုံးဖြတ်ထားသည့် ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

**ကောက်ချက်အမှတ် (၄)။** ကွန်းအဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်မြင့်မြင့်ထွေး က ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်သည့် ဦးညိုရင်၊ ဦးမောင်မောင်ကြည်၊ မအိအိခိုင်၊ မမော်မော်မြင့်နှင့် မတင်တင်ခိုင်တို့အား ကရုဏာကြေး၊ ဆုကြေးများပေးရန် ဆုံးဖြတ်ချက်အား ပယ်ဖျက်ပေးရန် တင်ပြခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၄)။** ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် နှစ်ဖက်သက်သေများ ဖြစ်သည့် အလုပ်ရှင်နှင့် အလုပ်သမားကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၄)။** ကွန်းအဏ္ဏဝါရေလုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် အလုပ်သမား ဦးမြင့်နွယ် ပါ (၆) ဦးတို့၏ အငြင်းပွားမှုကို စစ်ဆေးဆုံးဖြတ်ချက်အား ဖြည့်စွက်ပြင်ဆင်ရန်မရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၆။ တောင်းဆိုသူအား ပေးရန်ရှိသည့် ငွေကြေးများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးမောင်မောင်အုန်း | ဦးညာဏ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၂ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၇/၂၀၁၂)**

ဦးလွင်မောင်မောင် (ကန်ထရိုက်တာ)
တစ်ဆင့်၊ ဦးထွန်းထွန်းဦး (စက်ကြီးမောင်း) (ဆ/ဖ)
နတ်စင်တစ်ရာ၊ ဘုရားကုန်းကျေးရွာ
သန်လျင်မြို့။ } **လျှောက်ထားသူ**

နှင့်

ဦးတင်ရှိန်ပါအလုပ်သမား (၈) ဦး
တစ်ဆင့်၊ ဒေါ်အေးတင်
ထုံးပေါက်တော (တောင်) ရွာ မကွေးမြို့။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

**ဆုံးဖြတ်ချက်**

၁။ နေပြည်တော်၊ ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဆေးသုတေသနတပ်၊ ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ရွှေတောင်ဦးကုမ္ပဏီကန်ထရိုက်တာ ဦးလွင်မောင်မောင် [၁၂/လသန(နိုင်)၀၀၀၀၁၃] နှင့် သံချိုသံကွေး

အလုပ်သမားများဖြစ်ကြသည့် ဦးတင်ရှိန် [၈/မကန(နိုင်)၁၈၆၀၀၉] ပါ အလုပ်သမား (၈) ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုအား တပ်ကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့စွဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်တွင် တစ်ခုတည်းသော ကောက်ချက်အပေါ်တွင် လေ့လာသုံးသပ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

**ကောက်ချက်။** ဦးတင်ရှိန်ပါ အလုပ်သမား (၈) ဦး၏ လုပ်အားခကျန်ငွေ ၁၄၂၅၅၀၀/- (ကျပ်တစ်ဆယ့်လေးသိန်းနှစ်သောင်းငါးထောင်ငါးရာတိတိ) ကို တောင်းဆိုခြင်း ဖြစ်ပါသည်။ ဖော်ပြပါကောက်ချက်နှင့်စပ်လျဉ်း၍ အထက်အဆိုပါခုံသမာဓိအဖွဲ့က ဦးတင်ရှိန်ပါ အလုပ်သမား (၇) ဦး၏ လုပ်ခကျန်ငွေ (၁၃၂၃၅၀၀/-) (ကျပ်တစ်ဆယ့် သုံးသိန်းနှစ်သောင်းသုံးထောင်ငါးရာတိတိ) ကို အောက်ပါအတိုင်း ပေးချေရန် ဆုံးဖြတ် လိုက်သည်ဟူ၍ ဖြစ်ပေသည်။

## ခုံသမာဓိကောင်စီခုံအဖွဲ့၏ ကောက်ချက်

၃။ ခုံသမာဓိကောင်စီခုံအဖွဲ့သည် ဤအငြင်းပွားမှုနှင့်စပ်လျဉ်းပြီး ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ညှိနှိုင်းစဉ်ကာလမှအစပြု၍ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချိန်အထိ ထွက်ဆိုချက်မှတ်တမ်းအချက်အလက်များကို အသေးစိတ် ဖတ်ရှုလေ့လာပြီးနောက် အောက်ပါကောက်ချက်ကို ရေးဆွဲခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** ဦးလွင်မောင်မောင်က ဦးတင်ရှိန်ပါ အလုပ်သမား (၇) ဦးတို့အား ပေးရန်ကျန်ရှိသည့် လုပ်ခကျန်ငွေများကို ပေးရန်ကိစ္စ၊

၄။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များတွင် နှစ်ဖက်ထွက်ဆိုပြောကြားခဲ့ချက်များနှင့် မန္တလေးတိုင်းခုံသမာဓိအဖွဲ့တို့၏ ကြားနာစစ်ဆေးတွေ့ရှိချက်များအရ အချက်အလက်အထောက်အထားပြည့်စုံလုံလောက်သည်ဟူ၍ ဤခုံအဖွဲ့က ယူဆသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ကာယကံရှင်ပုဂ္ဂိုလ်များကို ခုံအဖွဲ့ရှေ့မှောက်သို့ ခေါ်ယူစစ်ဆေးခြင်း မပြုတော့ဘဲ အဆုံးအဖြတ်ပြုရန် သဘောရရှိကြသည်။

## လေ့လာတွေ့ရှိချက်

၅။ ဤလုပ်ခကျန်ငွေ အငြင်းပွားမှုနှင့်ပတ်သက်၍ ကန်ထရိုက်ဦးလွင်မောင်မောင်နှင့် အလုပ်သမားများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုသည် ၂၀၁၂ ခုနှစ်၊ မေလအတွင်းကပင် စတင်ဖြစ်ပွားပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အဆင့်တို့တွင် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရကာ မည်သူက အလုပ်သမားများကို လုပ်ခပေးရန် တာဝန်ရှိသည်ဟူသည့် အချက်ကို ဖော်ထုတ်လုပ်ဆောင်ခဲ့ရပေသည်။

၆။ ၂၉-၁၀-၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (တပ်ကုန်းမြို့နယ်)၏ ရှေ့မှောက်တွင် ဦးလွင်မောင်မောင်က ၎င်းကိုယ်တိုင် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးအဖြစ် ပုံဖော်ပြောဆိုခဲ့ပြီး၊ ဦးတင်ရှိန်ပါ အလုပ်သမား (၇) ဦးတို့အတွက် လုပ်ခပေးရန် ကျန်ရှိနေကြောင်းကို ဝန်ခံထွက်ဆိုထားပြီး ၎င်း၏ဝန်ခံချက်ကိုလည်း လက်မှတ်ရေးထိုးထားခဲ့သည်။ လုပ်ခကျန်ငွေများကို (၄) လခွဲ၍ ပေးပါမည်ဟု ၎င်း၏ပြောကြားချက်အပေါ်တွင် အလုပ်သမားများက လက်ခံနိုင်ခြင်း မရှိကြပေ။ ထိုသို့ ညှိနှိုင်းဖျန်ဖြေမရခဲ့မှုကြောင့် ဦးလွင်မောင်မောင်ကပင် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခံယူပါမည်ဟု

ဆိုခဲ့ပေသည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဦးလွင်မောင်မောင်က ခုံသမာဓိအဖွဲ့သို့ တင်ပြသည့်စာတွင် ၎င်းသည် ကန်ထရိုက်ဖြစ်ကြောင်း၊ လုပ်ခရှင်းပေးရန် ကျန်ရှိပါကြောင်း၊ ၎င်းအပြင် လုပ်ငန်းသုံးပစ္စည်းဖိုး၊ လုပ်သားစားစရိတ်လုပ်သားများ နေထိုင်သည့် အဆောက်အဦကုန်ကျစရိတ်များ ရှိသည့်အတွက် အလုပ်သမားများ၏ လုပ်ခထဲမှ ဖြတ်တောက်ရန် ကျန်ရှိကြောင်း တင်ပြထားသည်ကို တွေ့ရှိရသည်။

၇။　အဆိုပါခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကိုလည်း ကျေနပ်ခြင်းမရှိသည့်အတွက် ခုံသမာဓိကောင်စီသို့ ၁၉-၁၂-၂၀၁၂ ရက်စွဲဖြင့် ပြန်လည်လျှောက်ထားလွှာကို ပေးပို့တင်ပြလျှောက်ထားခဲ့ပြန်သည်။ မန္တလေးတိုင်းခုံသမာဓိဆုံးဖြတ်ချက်ကို မကျေနပ်၍ ခုံသမာဓိကောင်စီသို့ ပြန်လည်လျှောက်ထားသည့် တင်ပြစာတွင် ယခင်က တစ်ကြိမ်တစ်ခါမျှ တင်ပြဖူးခြင်းမရှိခဲ့သည့် ယခုအငြင်းပွားမှုဖြစ်ပွားသည့် သံချိသံကွေး ကန်ထရိုက်လုပ်ငန်းမှာ ဦးလွင်မောင်မောင်၊ ဦးတင်ရှိန်နှင့် ဦးမောင်မောင်ကိုတို့ သုံးဦး၏ အကျိုးတူလုပ်ငန်းဖြစ်ကြောင်း တင်ပြထားချက်ကို တွေ့ရှိရပြန်ပေသည်။

## သုံးသပ်ချက်

၈။　ဦးလွင်မောင်မောင်သည် တပ်ကုန်းမြို့နယ်၊ ဆေးသုတေသနတပ်၊ ဆောက်လုပ်ရာတွင် ၎င်းကန်ထရိုက်ယူလုပ်ကိုင်ခဲ့သည့် သံချိသံကွေးလုပ်ငန်းအတွက် ကျသင့်ငွေကို လုပ်ငန်းအပ်နှံသူထံမှ အပြေအကျေ ရပြီးဖြစ်သည်ဟု သုံးသပ်နိုင်ပေသည်။ သို့တိုင်အောင် အလုပ်သမားများအတွက် ပေးရန်ရှိသည့် လုပ်ခများကျန်ရှိနေသည်မှာ ၂၀၁၂ ခုနှစ်၊ မေလအတွင်းက ဖြစ်၍ (၈) လမျှပင် အချိန်ကြာမြင့်ခဲ့ပေသည်။ မိမိ၏လုပ်အားခဖြင့် အသက်မွေးဝမ်းကျောင်းပြုရသူ အလုပ်သမားများအဖို့ အလုပ်လုပ်ရပြီး လုပ်အားခမရခြင်းမှာလူမှုရေးရှုထောင့်အရ များစွာနစ်နာရပေသည်။ ငွေကိုရှာဖွေပေးပါမည်ဟု ကတိပေးခဲ့သည့်အချိန်မှစ၍သာစိတ်ကောင်းစေတနာဖြင့် လုပ်ခကျန်ငွေများကို ပေးရန် စိတ်ရည်သန် လုပ်ဆောင်ခဲ့မည်ဆိုပါက ယခုအချိန်ဆိုလျှင် အကျေပေးပြီးနိုင်လောက်ပေပြီ။ ထို့ကြောင့် နောက်ထပ် လေးငါးလထပ်၍ အချိန်ပေးခွင့်ပြုရန်အကြောင်းမရှိပါပေ။

၉။　လုပ်ခကျန်ငွေသည် မဖြစ်မနေပေးသင့်သည်သာဖြစ်ပေသည်။ ထို့အပြင် ဦးလွင်မောင်မောင်တင်ပြထားသည့် **လုပ်ခငွေများထဲမှ ဖြတ်တောက်ခုနှိမ်ရန်ရှိသည်ဟူသည့်အချက်များ**သည် အလုပ်သမားရေးရာဥပဒေတစ်ရပ်ဖြစ်သည့် လုပ်ခပေးရေးအက်ဥပဒေ (The Payment of Wages Act) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီခြင်းမရှိပါပေ။

၁၀။　သို့ဖြစ်ရာ ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သူ ဦးလွင်မောင်မောင်သည် လုပ်ခပေးရန်တာဝန်ရှိသူဖြစ်ခြင်း၊ အလုပ်သမားများအား ပေးရန်တာဝန်ရှိသည့် လုပ်ခများကျန်ရှိနေခြင်း၊ ကျန်သည့်လုပ်ခများကို အချိန်ကာလအားဖြင့် (၈) လတာမျှ မပေးဘဲနေပြီး အချိန်ဆွဲခဲ့ခြင်း စသည့် အချက်များကြောင့် ဤခုံအဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

**ဆုံးဖြတ်ချက် (၁)။**　ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့စွဲပါဆုံးဖြတ်ချက်ကို (လုပ်ခကျန်ငွေဇယားဖြင့် ဖော်ပြထားသည့်အတိုင်း) တစ်စုံတစ်ရာပြင်ဆင်ပြောင်းလဲရန် မရှိ အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။　ဦးလွင်မောင်မောင်သည် အလုပ်သမားများအား ပေးရန်ကျန်သည့် လုပ်ခငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း မပျက်မကွက် ပေးရမည်။

၁၂။ ထိုသို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အရ တာဝန်ရှိသူက ငွေပေးသွင်းရန် ပျက်ကွက်လျှင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေပုဒ်မ (၂၉) အရ အဆိုပါငွေကို မြေခွန် မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးအေးငွေ | ဦးစိုးမြင့်အောင် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၁၇(ဃ)}**
**ခုံသမာဓိအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး**
**မန္တလေးမြို့**

**အငြင်းပွားမှုအမှတ် (၄/၂၀၁၂)**

ဦးတင်ရှိန်(ပါ)၊ အလုပ်သမား (၈)ဦး
တစ်ဆင့်-ဒေါ်အေးတင်
ထုံးပေါက်တော(တောင်)ရွာ၊ မကွေးမြို့။ } **နစ်နာ၍တောင်းဆိုသူ**

နှင့်

ဦးလွင်မောင်မောင်(ကန်ထရိုက်တာ)
တစ်ဆင့်-ဦးထွန်းထွန်းဦး(စက်ကြီးမောင်း)(ဆ/မ)
နတ်စင်တစ်ရာ၊ ဘုရားကုန်းကျေးရွာ
သန်လျင်မြို့။ } **တောင်းဆိုခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

**ဆုံးဖြတ်ချက်**

၁။ နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဆေးသုတေသနတပ် ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ရွှေတောင်ဦးကုမ္ပဏီကန်ထရိုက်တာ ဦးလွင်မောင်မောင်နှင့် သံချိုင်းကွေး အလုပ်သမားဦးတင်ရှိန်(ပါ) အလုပ်သမား (၈) ဦးတို့ ဖြစ်ပွားသော အငြင်းပွားမှုအား တပ်ကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်။** ဦးတင်ရှိန် (ပါ) အလုပ်သမား (၈) ဦး၏ လုပ်အားခကျန်ငွေ (၁၄၂၅၅၀၀၀/-) (ကျပ်တစ်ဆယ့်လေးသိန်းနှစ်သောင်းငါးထောင်ငါးရာတိတိ) ကို တောင်းဆိုခြင်း ဖြစ်ပါသည်။

**သုံးသပ်ချက်။** အလုပ်သမားများက တပ်ကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြလျှောက်ထားရာတွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ အဆိုလွှာတင်သွင်းရာတွင်လည်းကောင်း၊ အလုပ်ရှင်ကို ဦးမြင့်သန်းဦး+ဒေါ်ခင်စန္ဒာဝင်း (ရွှေတောင်ဦး ဆောက်လုပ်ရေးကုမ္ပဏီ) နှင့် ကန်ထရိုက် ဦးလွင်မောင်မောင်ဟု ဖော်ပြထားပါသည်။ ရွှေတောင်ဦး ဆောက်လုပ်ရေးကုမ္ပဏီ၊ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်သန်း၏ စာဖြင့်တင်ပြချက်၊ ကန်ထရိုက် ဦးလွင်မောင်မောင်၏ ထွက်ဆိုတင်ပြချက်နှင့် တောင်းဆိုသူ အလုပ်သမား ဦးတင်ရှိန်၊ ဦးနိုင်စိုး၊ ဦးဟန်ထွန်းတို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်ကိစ္စတွင် ဦးလွင်မောင်မောင်သည် အလုပ်ရှင်ဖြစ်ကြောင်းနှင့် ဦးတင်ရှိန်(ပါ) အလုပ်သမား (၇) ဦးတို့မှာ ၎င်း၏ အလုပ်သမားဖြစ်ကြောင်း၊ ခုံသမာဓိအဖွဲ့က သုံးသပ်ပါသည်။ ကုမ္ပဏီနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုရာတွင် လုပ်ငန်းလက်ခံသူအဖြစ် ဦးမောင်ကိုနှင့် ဦးလွင်မောင်မောင်တို့က လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ ဦးမောင်ကိုသည် သံချိုသံကွေးလုပ်ကိုင်မှုကို ကြီးကြပ်ရသူဖြစ်ပါသည်။ ဦးလွင်မောင်မောင်သည် ပြီးစီးသည့်လုပ်ငန်းအပေါ် ကုမ္ပဏီမှ ငွေပေးချေမှုကို ၎င်းကိုယ်တိုင် လက်ခံခဲ့ကြောင်း၊ အလုပ်သမားများအား တချို့တစ်ဝက်ရှင်းလင်းပေးချေခဲ့ပြီးဖြစ်ကြောင်းနှင့် အလုပ်သမားများအား ပေးရန်လုပ်ခကျန်ငွေများ ရှိနေသေးကြောင်း ၎င်းကိုယ်တိုင်က ဝန်ခံထွက်ဆိုထားပါသည်။ ကန်ထရိုက်အနေဖြင့် အလုပ်သမားများ နေရာထိုင်ခင်းပေးခြင်းနှင့် စားစရိတ်ငြိမ်းလုပ်သော အလုပ်သမားအတွက် ထမင်းကျွေးစရိတ်ကို ခုနှိမ်ပေးရန် တင်ပြထားမှုမှာ ဆီလျော်မှုမရှိကြောင်း သုံးသပ်မိပါသည်။

အလုပ်သမားဦးရှိုင်းသည် ဦးတင်ရှိန်၏ လက်အောက်မှ အလုပ်သမားမဟုတ်သည့်အပြင် ခုံအဖွဲ့ခွဲမှ ကြားနာစစ်ဆေးချိန်အထိ ၎င်းအား ဆက်သွယ်၍ မရရှိခဲ့ပါ။ ဦးတင်ရှိန်က ဦးရှိုင်းအတွက် စာရင်းမှတ်တမ်းများ မိမိတွင်မရှိသဖြင့် တင်ပြနိုင်ခြင်း မရှိသည့်အပြင် ဦးရှိုင်းအား တာဝန်ခံမှုမပြုနိုင်ပါသဖြင့် ဦးရှိုင်း၏ လုပ်ခကျန်ငွေကိစ္စကို ချန်လှပ်ထားသင့်သည်ဟု ခုံသမာဓိအဖွဲ့မှ သုံးသပ်ပါသည်။

ဦးလွင်မောင်မောင်၏ ထွက်ဆိုချက်များနှင့် အလုပ်သမားများ၏ ထွက်ဆိုချက်များအရ ဦးလွင်မောင်မောင်က ဦးတင်ရှိန် (ပါ) အလုပ်သမားများအား လုပ်ခကျန်ငွေများကို ပေးချေသင့်သည်ဟု သုံးသပ်မိပါသည်။

**ဆုံးဖြတ်ချက်။** ဦးတင်ရှိန်(ပါ) အလုပ်သမား (၇) ဦး၏ လုပ်ခကျန်ငွေ (၁၃၂၃၅၀၀ိ/-) (ကျပ်တစ်ဆယ့်သုံးသိန်းနှစ်သောင်း သုံးထောင်ငါးရာတိတိ) ကို အောက်ပါအတိုင်း ပေးချေရန် ဆုံးဖြတ်လိုက်သည်-

| စဉ် | အမည် | နေ့စားနှုန်း×လုပ်ရက် | လုပ်ခငွေပေါင်း | ရရှိပြီးလုပ်ခ | လုပ်ခကျန်ငွေ |
|---|---|---|---|---|---|
| ၁။ | ဦးတင်ရှိန် | ၅၀၀၀ိ/-×၁၂၀ | ၆၀၀၀၀၀ိ/- | ၁၅၀၀၀၀ိ/-<br>၂၀၀၀ိ/- | ၄၃၀၀၀၀ိ/- |
| ၂။ | ဦးဝင်းအောင် | ၄၀၀၀ိ/-×၁၁၇ | ၄၆၈၀၀၀ိ/- | ၄၇၀၀၀ိ/-<br>၂၀၀၀ိ/- | ၄၀၁၀၀၀ိ/- |
| ၃။ | ဦးဟန်ထွန်း | ၄၀၀၀ိ/-×၅၈ | ၂၃၂၀၀၀ိ/- | ၂၈၀၀၀ိ/-<br>၂၀၀၀ိ/- | ၁၈၄၀၀၀ိ/- |

| စဉ် | အမည် | နေ့စားနှုန်း×လုပ်ရက် | လုပ်ခငွေပေါင်း | ရရှိပြီးလုပ်ခ | လုပ်ခကျန်ငွေ |
|---|---|---|---|---|---|
| ၄။ | ဦးကံမြင့် | ၃၅၀၀ိ/-×၅၇ | ၁၉၉၅၀၀ိ/- | ၂၂၀၀၀ိ/-<br>၂၀၀၀၀ိ/- | ၁၅၇၅၀၀ိ/- |
| ၅။ | ဦးနိုင်စိုး | ၃၅၀၀ိ/-×၃၄ | ၁၁၉၀၀၀ိ/- | ၂၈၀၀၀ိ/-<br>၂၀၀၀၀ိ/- | ၇၁၀၀၀ိ/- |
| ၆။ | ဦးမောင်ဦး | ၃၀၀၀ိ/-×၁၅ | ၄၅၀၀၀ိ/- | - | ၄၅၀၀၀ိ/- |
| ၇။ | ဦးမြမိုး | ၃၀၀၀ိ/-×၁၂ | ၃၆၀၀၀ိ/- | ၁၀၀၀ိ/- | ၃၅၀၀၀ိ/- |
| | **စုစုပေါင်း** | | | | **၁၃၂၃၅၀ိ/-** |

**မှတ်ချက်။** တပ်ကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ဦးလွင်မောင်မောင်မှ ပေးချေသောငွေ ၁၀၀၀၀ိ/- ကို အမှတ်စဉ် (၁) မှ (၅) အထိ တစ်ဦးလျှင် ၂၀၀၀ိ/- ရယူထားပါသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

**မှတ်ချက်။** (၁) ဤဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီသို့ လျှောက်ထားနိုင်သည်။ သို့မဟုတ် အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်နိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| ဒေါ်နွဲ့နွဲ့ရီ<br>အတွင်းရေးမှူး | ဦးတင်ထွန်း<br>ဥက္ကဋ္ဌ | ဦးစန်းဝင်း<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ဦးခင်မောင်လှ<br>အဖွဲ့ဝင် | ဦးဇော်ဇော်ဦး<br>အဖွဲ့ဝင် | ဦးခင်မောင်ရီ<br>အဖွဲ့ဝင် | ဦးကျော်ညွှန့်<br>အဖွဲ့ဝင် |
| ဒေါ်ခင်စိန်အုန်း<br>အဖွဲ့ဝင် | ဦးစိုင်းကျော်မင်း<br>အဖွဲ့ဝင် | ဦးမော်ထွန်း<br>အဖွဲ့ဝင် | ဦးအောင်ရွှေ<br>အဖွဲ့ဝင် |

ခုံသမာဓိကောင်စီ

ပုံစံ (၁၁)

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{နည်းဥပဒေ ၂၃(စ)}

ခုံအဖွဲ့

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁/၂၀၁၃)**

| | |
|---|---|
| ဦးခင်မောင်မြတ် (ပိုင်ရှင်)<br>Asia General Electric Co.,Ltd.<br>ထရန်စဖော်မာစက်ရုံ၊ အမှတ် (၁-၄)<br>ပန်းလှိုင်တံတားလမ်း၊ ရွှေသံလွင်စက်မှုဇုန်၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| မောင်သက်နိုင်လင်း (Welding Grade 3)<br>အခန်း (B-2)၊ ဖြိုးအဆောင်၊ ချမ်းမြေ့ (၁) လမ်း၊<br>အမှတ် (၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ ပန်းလှိုင်တံတားလမ်း၊ အမှတ် (၁-၄) ရှိ Asia General Electric Co.Ltd (လျှပ်စစ်ထရန်စဖော်မာ) စက်ရုံလုပ်ငန်းပိုင်ရှင် ဦးခင်မောင်မြတ်နှင့် အလုပ်သမားမောင်သက်နိုင်လင်း (Welding Grade 3) တို့ကြားဖြစ်ပွားသော အငြင်းပွားမှုအား ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၄၈/၂၀၁၂) အဖြစ် ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့စွဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ အထက်အဆိုပါဆုံးဖြတ်ချက်ကို အလုပ်ရှင်က ကျေနပ်မှုမရှိသည့်အတွက် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခဲ့ခြင်းဖြစ်ပေသည်။ ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးရန် ဤခုံအဖွဲ့သို့ လွှဲအပ်လာသည့်အတွက် ပြဿနာစတင်ဖြစ်ပွားသည်မှစ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ဖြေရှင်းဆောင်ရွက်ချက်များ၊ ရန်ကုန်တိုင်းခုံသမာဓိအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ချက်များအပြင် အလုပ်ရှင်က ခုံသမာဓိကောင်စီသို့ တင်ပြသည့် လျှောက်ထားလွှာပေါ်တွင်လည်းကောင်း စိစစ်လေ့လာကာ အောက်ပါ ကောက်ချက် အမှတ် (၁) ကို ဤခုံအဖွဲ့က ရေးဆွဲခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမောင်သက်နိုင်လင်းကို အလုပ်မှထုတ်ပယ်ခဲ့ခြင်းအတွက် အလုပ်ရှင်က အလုပ်ထုတ်နစ်နာကြေးပေးရန် တာဝန်ရှိ/မရှိ။

၃။ ဤခုံအဖွဲ့သည် အထက်ပါကောက်ချက်အပေါ်တွင် အဆုံးအဖြတ်ပြုရာ၌ အရေးပါသည့် အချက်အလက်အချို့နှင့် စပ်လျဉ်းပြီး သေချာရေရာမှုရှိစေရန်အတွက် ထွက်ဆိုချက်ရယူရန် ၂၆-၂-၂၀၁၃ ရက်နေ့တွင် အလုပ်ရှင်ဖြစ်သူအား ခုံရုံးရှေ့မှောက်သို့ ခေါ်ယူခဲ့သည်။ ထိုနေ့တွင် အလုပ်ရှင်က ၎င်း၏ တရားဝင်

ကိုယ်စားလှယ်ဖြစ်သူ ဦးအောင်ဗညားအား တာဝန်ပေးစေလွှတ်ခဲ့သည့်အတွက် အဆိုပါကိုယ်စားလှယ် စေလွှတ်ခြင်းခံရသူအား လိုအပ်သည့် အချက်များကို မေးမြန်း၍ ထွက်ဆိုချက်ရယူခဲ့သည်။ ဤခုံအဖွဲ့သည် ယခုအငြင်းပွားမှုဖြစ်စဉ်တစ်ရပ်လုံးအပေါ်တွင် အချက်အလက်ပိုင်းဆိုင်ရာရှုထောင့် (Point of Facts) နှင့် ဥပဒေ/စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာရှုထောင့် (Point of Law) များမှ သုံးသပ်ရရှိချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

**သုံးသပ်ချက်အမှတ် (၁)**

၄။ အလုပ်သမား မောင်သက်နိုင်လင်းအား အလုပ်မှထုတ်ပယ်ခဲ့ရာမှ ဖြစ်ပွားပေါ်ပေါက်လာသည့် အငြင်းပွားမှုနှင့် စပ်လျဉ်းသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပထမဆုံး သုံးသပ်လိုသည့် အချက်မှာ စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ရပ်တွင် ဝန်ထမ်း/အလုပ်သမားကို ခန့်ထားရာ၌ သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးနှင့် ညှိနှိုင်းအတည်ပြုထားသည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် (Employment Contract) ဖြင့် ချုပ်ဆိုခန့်ထားသင့်ပေ သည်။ ထို့သို့ဆိုပါက လုပ်ငန်းခွင်အတွင်း တာဝန်ချို့ယွင်းမှု စည်းကမ်းဖောက်ဖျက်မှုကို အကြောင်းပြု၍ အလုပ်သမားတစ်ဦးကို အပြစ်ပေးအရေးယူရန် အကြောင်းကိစ္စပေါ်ပေါက်လာသည့်အခါ စည်းကမ်း နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ပေသည်။

ယခုအငြင်းပွားမှုဖြစ်ပွားသည့် လုပ်ငန်းတွင် ဖော်ပြပါလိုအပ်ချက်မျိုး ရှိနေကြောင်း တွေ့ရှိရပေသည်။

၅။ ယခုဖြစ်ရပ်မှာ လူသားတစ်ဦး၏ စိတ်အခြေအနေကြောင့် အမှတ်မထင် လုပ်ဆောင်မိသည့် တစ်ကြိမ် တစ်ခါ အမှားအတွက် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သတိပေးသည့် အဆင့်တစ်စုံတစ်ရာ မရှိခဲ့ပေ။ ထိုလုပ် ဆောင်မှုကို စီမံခန့်ခွဲရေးပိုင်းက စက်ရုံပိုင်ပစ္စည်းအား မတော်တဆမဟုတ်ဘဲ တမင်ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးသည့် (သို့မဟုတ်) ဆုံးရှုံးအောင် ပြုလုပ်ခြင်းဖြစ်သည်၊ စက်ရုံမှ ထုတ်ပြန်ထားသည့် ကြီးလေးသည့် ပြစ်မှု (Major offence) ကို ကျူးလွန်သည်ဟု တစ်ဖက်သတ် သတ်မှတ်ပြီး အလုပ်မှတစ်ချက်လွှတ် ထုတ်ပယ် ခဲ့ခြင်းဖြစ်သည်။ ဤခုံအဖွဲ့က အငြင်းပွားမှု ဖြစ်စဉ်အရ အချက်အလက်များကို လေ့လာရာတွင် အလုပ်သမား သည် တမင်ရည်ရွယ်ချက် (With deliberation or ill-intent) ဖြင့် ပျက်စီးစေသည့်သဘော (သို့မဟုတ်) ဖျက်ဆီးသည့်သဘောမျိုး မတွေ့ရပါပေ။

၆။ အလုပ်ရှင်/စီမံခန့်ခွဲသူသည် မိမိခန့်ထားသည့် အလုပ်သမားတစ်ဦးကို အကြောင်းအမျိုးမျိုးပြ၍ အလုပ်မှထုတ်ပယ်ရာ၌ အလုပ်ထုတ်ရလောက်သည့် ပြစ်ချက်မဟုတ်ဘဲ ထုတ်ပယ်ခြင်းအတွက် တည်ဆဲ စည်းမျဉ်းစည်းကမ်းအရ ထိုက်သင့်သည့် နစ်နာကြေးပေးရန် တာဝန်ရှိပေသည်။

**သုံးသပ်ချက်အမှတ် (၂)**

၇။ အလုပ်သမား မောင်သက်နိုင်လင်းအပေါ် အလုပ်ရှင်ဘက်မှ စွပ်စွဲပြောကြားချက်တွင် ဖော်ပြထားသည့် "Winding Forma ကို (၁၀) ပေါင်တူဖြင့် အားလုံး၏ရှေ့တွင် ထုခွဲဖျက်ဆီးပစ်လိုက်ပါသည်" ဟူသည့် အချက်နှင့်စပ်လျဉ်း၍ ၃၀-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၅) ဦးတို့ လက်မှတ်ရေးထိုးထားသည့် လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အစည်းအဝေး မှတ်တမ်းကို လေ့လာရာတွင် အောက်ပါအချက်များကို ဖော်ထုတ်တွေ့ရှိရသည်-

(က) ယခုတိုင်ကြားသည့် ကိစ္စတွင် အလုပ်သမားသည် စက်ရုံပိုင်ပစ္စည်းအား ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးခြင်း ဟုတ်/မဟုတ် လုပ်ငန်းခွင်ကြီးကြပ်သူ (Supervisor) များအား ဆန့်ကျင်ပြန်လှန် ပြောကြားခြင်း ရှိ/မရှိ စိစစ်ခဲ့ရာ (Supervisor) မှ တာဝန်ပေး၍ပြုလုပ်ခဲ့ခြင်း၊ တစ်ဆင့်မြင့်ဝန်ထမ်းမှ မကြိုက်၍ ပြန်ဖြုတ်ခိုင်းသဖြင့် ပြန်ဖြုတ်ပေးခဲ့ကြောင်း ပေါ်လွင်၍ တာဝန်ပေးသည့်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊

(ခ) ဘဝတူအလုပ်သမားများ မိမိပြုလုပ်ခဲ့သည့် ကိစ္စအပေါ် အမှား/အမှန် ပြန်လည်ရှင်းလင်းပြောကြားခွင့်ရသင့်ပြီး ယင်းသို့ ပြောဆိုခြင်းကို ကြီးကြပ်သူအား ပြန်လှန်ပြောဆိုသည်ဟု စွပ်စွဲခြင်းမှာ ပြင်းထန်လွန်းပြီး အထက်အောက်တင်ပြခွင့်အား ပိတ်ပင်တားဆီးသည့်သဘောဖြစ်ကြောင်း၊

(ဂ) စက်ရုံပိုင်ပစ္စည်းကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဖျက်ဆီးခြင်းဖြစ်သည်ဟုဆိုရာတွင်လည်း (၁၀) ပေါင်တူဖြင့် ရိုက်ဖြုတ်ခြင်းကြောင့် စက်ရုံပိုင်ပစ္စည်းတန်ဖိုး ကြီးမားစွာ ပျက်စီးမှုမရှိကြောင်း၊

(ဃ) မြို့နယ်ညှိနှိုင်းရေးအဖွဲ့ဝင်များက တိုင်ကြားမှုအပေါ် စိစစ်ခဲ့ပြီး အလုပ်ထုတ်ရလောက်သောပြစ်မှုမဟုတ်ကြောင်း တွေ့ရှိရ၍ အလုပ်ပြန်ခန့်ရန် အကြိမ်ကြိမ်ညှိနှိုင်းမေတ္တာရပ်ခံခဲ့သော်လည်း လက်ခံမှုမရှိခြင်း၊ ကရုဏာကြေးပေးရန် ကိစ္စတွင်လည်း စက်ရုံမှ ပုံကြီးချဲ့၍ ပျက်စီးမှုအတွက် ဥပဒေကြောင်းအရ အမှုဖွင့်အရေးယူမည်ဟု တင်ပြနေ၍ ညှိနှိုင်းမရဖြစ်နေကြောင်း၊

၈။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာမရှိသော်လည်း မိမိ၏ ဒေသတွင်း၌ ပေါ်ပေါက်သည့် ပြဿနာတစ်ရပ်နှင့်စပ်လျဉ်း၍ အနီးကပ် လေ့လာသိရှိနိုင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေသည်။ သို့ဖြစ်ရာ အထက်အဆိုပါ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အစည်းအဝေးမှတ်တမ်းတွင် ထည့်သွင်းပါရှိသည့် အချက်များကို ဤခုံအဖွဲ့က အလေးအနက်ထည့်သွင်း စဉ်းစားခဲ့သည်။ (၁၀) ပေါင်တူဖြင့် ထုခွဲဖျက်ဆီးသည်ဆိုခြင်းနှင့် (၁၀) ပေါင်တူဖြင့် ရိုက်ဖြုတ်ခြင်းဆိုသည့် စကားရပ်နှစ်ခုတို့၏ ကွာခြားချက်အပေါ်တွင်လည်း ဤခုံအဖွဲ့က အထူးဂရုပြုစဉ်းစား သုံးသပ်ခဲ့သည်။

## သုံးသပ်ချက်အမှတ် (၃)

၉။ အလုပ်သမား မောင်သက်နိုင်လင်း လုပ်ငန်းတာဝန်ဆောင်ရွက်ရာ၌ ပြဿနာပေါ်ပေါက်ခဲ့သည်မှာ ၂-၁၁-၂၀၁၂ ရက်နေ့တွင်ဖြစ်ပြီး ၁၄-၁၁-၂၀၁၂ ရက်နေ့တွင်မှ အလုပ်ထုတ်ပယ်ခြင်း ခံရသည်။ ထိုအချိန်တိုင်သည်အထိ အလုပ်ရှင်က ရဲစခန်းတွင် အမှုဖွင့်ခြင်း/တိုင်းကြားခြင်းတစ်စုံတစ်ရာ မရှိခဲ့ဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဒုတိယအကြိမ် ညှိနှိုင်းဖျန်ဖြေသည့် နေ့ရက်ဖြစ်သည့် ၂၂-၁၁-၂၀၁၂ ရက်နေ့တွင်မှ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်ကို တွေ့ရှိရသည်။ လုပ်ငန်းခွင် တစ်ခုအတွင်း၌ ဖြစ်ပွားသည့် အလုပ်သမားတစ်ဦး၏ အလုပ်တာဝန်ပိုင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းခွင်ဆိုင်ရာ ပြဿနာတစ်ရပ်သည် ငြိမ်းအေးသော နည်းလမ်းဖြင့် ဆောလျင်စွာ ပြီးပြတ်ပြေလည်နိုင်ခြင်းမရှိသည့်အပြင် "ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ပပျောက်စေ" ဟူသည့် ဆိုထုံးစကားနှင့်လည်း အလှမ်းကွာဝေးလျက်ရှိသည်မှာ စိတ်မကောင်းစရာပင် ဖြစ်ပေသည်။

၁၀။ မည်သို့ပင်ဆိုစေကာမူ ဤခုံအဖွဲ့သည် မိမိရှေ့မှောက်တွင်ရှိနေသည့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဥပဒေပါ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ သက်ဆိုင်သူ နှစ်ဦးနှစ်ဖက်ကြား တရားမျှတစွာ စဉ်းစားဆုံးဖြတ်ပေးရန် တာဝန်ရှိသည်နှင့်အညီ သုံးသပ်ချက်များကို အခြေပြု၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

## ဆုံးဖြတ်ချက်အမှတ် (၁)

၁၁။ အလုပ်သမားမောင်သက်နိုင်လင်းကို အလုပ်မှထုတ်ပယ်ခဲ့ခြင်းသည် တရားမျှတမှု မရှိသည့်အပြင် စည်းကမ်းနည်းလမ်းမကျသည့်အတွက် အလုပ်ရှင်က အလုပ်ထုတ်နစ်နာကြေးပေးရန် တာဝန်ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၈/၂၀၁၂) အတွက် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၂။ အလုပ်ရှင်က အလုပ်သမားအား ပေးရန်တာဝန်ရှိသည့် အလုပ်ထုတ်နစ်နာကြေး (၅၆၈၇၅၀/-) ကို ဤဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မပျက်မကွက်ပေးရမည်။ သတ်မှတ်ရက်အတွင်း ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေပုဒ်မ-၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးဌေးအောင် | ဦးအေးငွေ | ဦးညာဏ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၂/၂၀၁၃)**

ဦးမြရွှေ (စက်ပြင်)
အမှတ် (၈/၇၅)၊ ကံ့ကော်မြိုင်လမ်း၊
ပါရမီ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

မစ္စတာမိုက်ကယ်ရှုဒန်မတ် (ပိုင်ရှင်)
German Car Co.,Ltd
အမှတ် (၁၅)၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ် (၁၅) ရှိ German Car Co.,Ltd လုပ်ငန်းပိုင်ရှင် မစ္စတာမိုက်ကယ်ရှုဒန်မတ်နှင့် အလုပ်သမား(စက်ပြင်) ဦးမြရွှေတို့ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၅၁/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် နှစ်ဖက်အငြင်းပွားသူများမှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသည့် အမှုကို စစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၂/၂၀၁၃) ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင် ဦးစိုးမြင့်အောင်တို့ ပါဝင်သော ခုံအဖွဲ့ကို အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာန၏ ၁၅-၂-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အထက်အပိုဒ် (၁) ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲခြင်း သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** လုပ်ငန်းခွင်မတော်တဆထိခိုက်သောကြောင့် လုပ်အားဆုံးရှုံးရသဖြင့် လျော်ကြေးရလိုခြင်း။

**သုံးသပ်ချက်အမှတ် (၁)။** ကောက်ချက်အမှတ် (၁) ပါ စက်ပြင်ဦးမြရွှေ၏ လုပ်အားဆုံးရှုံးရသဖြင့် လျော်ကြေးရလိုမှုမှာ အလုပ်သမားလျော်ကြေးအက်ဥပဒေ၊ အလုပ်ခွင်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် လျော်ကြေးရပိုင်ခွင့်များ၊ ဥပဒေပြဋ္ဌာန်းချက်တွင် "အလုပ်သမားလျော်ကြေးအက်ဥပဒေသည် လူမှုဖူလုံရေးအက်ဥပဒေနှင့် မသက်ဆိုင်သည့် အလုပ်သမားများအတွက် ဖြစ်ပြီး လူမှုဖူလုံရေးအက်ဥပဒေနှင့် အကျုံးဝင်ပြီးဖြစ်နေသော အလုပ်သမားများသည် အလုပ်သမားလျော်ကြေးအက်ဥပဒေအရ လျော်ကြေးရပိုင်ခွင့် မရှိပါ" ဟု အတိအလင်း ပါရှိပြီးဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** စက်ပြင်ဦးမြရွှေသည် လူမှုဖူလုံရေးစီမံကိန်းနှင့် အကျုံးဝင်သောလုပ်ငန်း၊ အလုပ်ဌာနတွင် အလုပ်လုပ်ကိုင်သောအလုပ်သမားဖြစ်ခြင်း၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို လက်တွေ့ခံစားပြီးသူ ဖြစ်ခြင်းကြောင့် အလုပ်သမားလျော်ကြေးဥပဒေအရ လျော်ကြေးခံစားခွင့်မရှိကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** လုပ်သက် (၁၅) နှစ်ကျော်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းကို ထောက်ရှု၍ (ဂရက်ကျူတီ) လုပ်သက်ဆုခံစားရလိုခြင်း။

**သုံးသပ်ချက်အမှတ် (၂)။** (ဂရက်ကျူတီ) လုပ်သက်ဆု တောင်းခံခြင်းကိစ္စနှင့်ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာန၊ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး၊ ဆုံးဖြတ်ချက်သာဓကများ၊ အပိုဒ် (၉) (စ) အရ ယင်းဂရက်ကျူတီခေါ် လုပ်သက်ဆုပေးနိုင်ရန်အတွက် -

- ဂရက်ကျူတီစီမံကိန်းလုပ်ငန်းတစ်ခု ထားရှိရမည်။
- ဂရက်ကျူတီစီမံကိန်း ထားရှိပြီးနောက် အလုပ်သမားများ၏ လုပ်သက်အလိုက် အစဉ်တစိုက် ဂရက်ကျူတီရန်ပုံငွေထားရှိရမည်။

အပိုဒ် (၉) (ဆ) အရ ဂရက်ကျူတီစီမံကိန်း မထားရှိသော လုပ်ငန်းတစ်ခုအတွက် ဂရက်ကျူတီခေါ် လုပ်သက်ဆုပေးရန် အဆုံးအဖြတ်မပေးနိုင်ကြောင်း သုံးသပ်တွေ့ရှိပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** အထက်တွင်ဖော်ပြခဲ့သော သုံးသပ်ချက်အမှတ် (၃) အရ ဦးမြရွှေ အလုပ်လုပ်သော အလုပ်ရှင်၏ လုပ်ငန်းသည် ဂရက်ကျူတီစီမံကိန်းမထားရှိသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် လုပ်သက်ဆုပေးရန် အကျုံးမဝင်ကြောင်း ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၃)။** အလုပ်မှရပ်စဲစေလိုသဖြင့် ကာလကြာမြင့်စွာ လုပ်ခဲ့သူဖြစ်ခြင်းကြောင့် အလုပ်မှရပ်စဲခံရမှုအတွက် လျော်ကြေးရလိုခြင်း၊

**သုံးသပ်ချက်အမှတ် (၃)။** စက်ပြင်ဦးမြရွှေသည် ၁၉၉၈ ခုနှစ်မှစ၍ (၁၅) နှစ်တိုင်တိုင် သစ္စာရှိစွာ ယခုအသက် (၇၅) နှစ်အထိ စွဲစွဲမြဲမြဲ လုပ်ကိုင်လာခဲ့မှုကို အလုပ်ရှင်အနေဖြင့် အသိအမှတ်ပြုသင့်ပေသည်။ တစ်ဖက်မှလည်း အသက်အရွယ်အရအနားပေးလိုပေလိမ့်မည်။ ဤနေရာတွင် လူမှုရေးတရားမျှတမှုဖြစ်စေရန် အရေးကြီးကြောင်း လေးလေးနက်နက် သုံးသပ်ရပေလိမ့်မည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** ဤအငြင်းပွားမှုကို ကျွန်ုပ်တို့လေးနက်တည်ကြည်စွာ စဉ်းစားသည်။ ခုံသမာဓိကောင်စီ၏ တာဝန်များဖြစ်သည့် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှမှုဖြစ်ရေးသဘောတရားအပေါ် အခြေခံသည်။ အငြင်းပွားသူနှစ်ဦးနှစ်ဖက်သည် ပဋိပက္ခအသွင်မဆောင်၊ မတတ်သာ၍ လမ်းခွဲကြခြင်းဖြစ်ပေရာ တစ်ဦးကိုတစ်ဦး မနစ်နာလိုကြဟု ယူဆသည်။ ကျွန်ုပ်တို့ကလည်း ထို့အတူပင်ဖြစ်သည်။

ထို့ကြောင့် ဗဟိုတရားရုံး၏ စီရင်ချက်သာဓက အမှတ် (၃၆)၊ တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးထွန်းတင်၊ တရားသူကြီး ဦးချစ်တို့က “အမှုကိုစစ်ဆေးဆုံးဖြတ်ရာ၌ အနုံညာန-ခုံသဘော ဖျန်ဖြေခြင်း၊ ဥပဒေတရားမျှတမှုတို့နှင့်အညီဖြစ်စေခြင်းတို့ကို ဆောင်ရွက်သည်။ တရားမရုံးသဖွယ် တရားမကျင့်ထုံးစသည့် ကျင့်ထုံးဥပဒေများအတိုင်း အတိအကျလိုက်နာရမည်မဟုတ်ပေ” ဟု ဆိုထားသည်ကိုသာဓကယူသည်။ ၎င်းအပြင် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သာဓကများ၊ နိဒါန်း၏ အပိုဒ် (၄) နောက်ဆုံးပိုဒ်တွင် “ယခုဖော်ပြပါရှိသော ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီ ဆုံးဖြတ်ချက်သာဓကအပေါ် မှီငြမ်းပြု၍ လိုက်နာရာတွင် တရားသေသဘောထား၍လိုက်နာရန်မဟုတ်ဘဲ အမှုတစ်ခုစီ၏ အကြောင်းခြင်းရာ အခြေအနေပေါ်တွင် မူတည်ပြီးမှ လိုက်နာရန်ဖြစ်ကြောင်း” ဟူသော ညွှန်ကြားချက်မှာ အထက်တွင်ပြဆိုခဲ့သော တရားရုံးချုပ်တရားသူကြီးများအဖွဲ့၏ဆုံးဖြတ်ချက်သာဓကနှင့်လည်း ကိုက်ညီနေသည့် အားလျော်စွာ ယခုအမှုတွင် ထူးခြားဖြစ်စဉ်ဖြစ်သော အငြင်းပွားမှုမှာ အလုပ်မှထုတ်ပယ်ခြင်း၊ အလုပ်မှရပ်စဲခြင်း၊ အခြင်းအရာတွင် ပါဝင်နေကြောင်း လေ့လာရရှိခြင်း၊ အခင်းဖြစ်အလုပ်သမား၏ လုပ်သက်မှာလည်း ၁၉၉၈ ခုနှစ်မှ ယနေ့အထိ တစ်ဆက်တည်းအပြစ်အနာအဆာမရှိ ၁၅ နှစ်ရှိနေခြင်း၊ ယခု၎င်း၏ အသက်မှာ ၇၅ နှစ်ခန့်ရှိနေပြီး၊ ခြေထောက်တွင် ဒဏ်ရာရထားခြင်းကြောင့်သာ အလုပ်ရှင်က အလုပ်မှရပ်စဲလိုခြင်း၊ အလုပ်သမားက ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိကြောင်း ဖွင့်ဟထွက်ဆိုခြင်းများကြောင့်သာ လူမှုရေးတရားမျှတမှု၊ သာတူညီမျှမှု၊ အလုပ်ခွင်ငြိမ်းချမ်းသာယာမှုတို့ကို ရှေးရှု၍ အထက်တွင်ညွှန်ပြခဲ့သော ညွှန်ကြားချက်သာဓကများပါ အပိုဒ် (၅) နှင့် အပိုဒ် (၇) ကို တပေါင်းတည်း ဆက်စပ်စဉ်းစားရန် ကျွန်ုပ်တို့ခုံအဖွဲ့က အထူးကိစ္စရပ်အဖြစ် တညီတညွတ်တည်း အောက်ပါအတိုင်းသဘောတူဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

တောင်းဆိုသူ ဦးမြရွှေ (စက်ပြင်) အား နောက်ဆုံးထုတ်လစာ (၂၅၀၀၀ဝိ/-) (နှစ်သိန်းငါးသောင်းကျပ်) ကို အခြေခံ၍ ဝင်ငွေခွန် + လူမှုဖူလုံရေးထည့်ဝင်ကြေး၊ စုစုပေါင်း (၄၃၀ဝိ/-) (လေးထောင့်သုံးရာကျပ်) ကို နုတ်၍ လစာကျန်ငွေ (၂၄၅၇၀ဝိ/) (နှစ်သိန်းလေးသောင်းငါးထောင်ခုနစ်ရာကျပ်) ကို အခြေခံ၍ နို့တစ်ကြေး (၁) လစာနှင့် နစ်နာကြေး (၅) လစာ၊ စုစုပေါင်း (၆) လစာအတွက် (၁၄၇၄၂၀ဝိ/-) (တစ်ဆယ့်လေးသိန်း ခုနစ်သောင်းလေးထောင်နှစ်ရာကျပ်) ကို အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် အလုပ်ရှင်မှ ပေးစေရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးခင်မောင်ရီ | ဦးစိုးမြင့်အောင် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၃/၂၀၁၃)**

ဒေါ်သင်းသင်းရွှေ (MD)
မြန်မာဟေမာန်ကုမ္ပဏီလီမိတက်၊
အခန်းအမှတ် (၂၉/၃၀)၊ ပထမထပ်၊
မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊
တာမွေမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဦးအောင်လွင်ပါ (၉) ဦး
အမှတ် (၁၅၈၇)၊ ဒဂုံသီရိလမ်း၊
(၄၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အခန်းအမှတ် (၂၉/၃၀)၊ ပထမထပ်ရှိ မြန်မာဟေမာန် ကုမ္ပဏီလီမိတက်နှင့် ဦးအောင်လွင်ပါ (၉) ဦးတို့ဖြစ်ပွားသော

အငြင်းပွားမှုအား ခုံအဖွဲ့သည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အမှုတွဲနှင့် သက်သေထွက်ဆိုချက်များ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ မှတ်တမ်းပါ အချက်အလက်များအပြင် နစ်နာ၍ လျှောက်ထားသူ အလုပ်ရှင်ဒေါ်သင်းသင်းရွှေ၏ တင်ပြထွက်ဆိုချက်နှင့် လျှောက်ထားခြင်းခံရသူ အလုပ်သမားများအား မေးမြန်းတွေ့ရှိချက်များအပြင် လုပ်ငန်းသဘောသဘာဝကို မျက်မြင်သိရှိစေရန်အတွက် ၂၂-၂-၂၀၁၃ ရက်နေ့တွင် လုပ်ငန်းခွင်၌ အလုပ်သမားအချို့အား ခုံအဖွဲ့ဝင်များကိုယ်တိုင် လေ့လာကြည့်ရှုတွေ့ဆုံမေးမြန်းခဲ့ပါသည်။ စာရွက်စာတမ်းအထောက်အထားများကိုလည်း လေ့လာကြည့်ရှုခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဦးအောင်လွင်ပါ (၉) ဦးက တစ်ဖက်၊ မြန်မာပေမာန်ကုမ္ပဏီလီမိတက်လုပ်ငန်းပိုင်ရှင် ဒေါ်သင်းသင်းရွှေ (MD) ကတစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှု တစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုအမှတ် (၄/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၄။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် ဝန်ထမ်းကတ်ပြားလုပ်ပေးရန်၊ Face Section မှ ဦးထွန်းညွန့်ဦး၏ လစာနှုန်းကို (၂၂၀၀၀ဝိ/-) ဖြင့် ပေးချေရန်၊ ကွန်ပျူတာဌာနမှ ဦးကျော်ဇောလွင်၏ လစာငွေကို လစဉ်ကျဆင်းလာ၍ တိုးမြှင့်ပေးရန်၊ Background Section မှ ဦးမျိုးမင်းထွန်း၊ ဦးစိုးမိုးကျော်၊ ဦးအောင်အောင်၊ ဦးကျော်ကျော်တို့၏ ၁၁/၂၀၁၂ နှင့် ၁၂/၂၀၁၂ ဝင်ငွေကွာခြားမှုရှိနေ၍ မူလဝင်ငွေများအတိုင်း တိုးတက်ရရှိရန်၊ ဦးထွန်းညွန့်ဦး၏ လစာမှာ ၂၀၁၂၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဖြတ်တောက်ထားသောငွေ (၁၅၀၀၀ဝိ/-) ကျပ်ကို ပြန်လည်ထုတ်ပေးရန် စသော တောင်းဆိုချက်များ၊ တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၅။ ထိုတောင်းဆိုချက်များအပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက် (၅) ချက်ရေးဆွဲပြီး ဆုံးဖြတ်ပေးခဲ့ရာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက် (၄) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** ဝန်ထမ်းကတ်ပြားများကို အမြန်ဆုံးထုတ်ပေးရန် ဖြစ်သည်။

**ကောက်ချက်အမှတ် (၂)။** Face Section မှ ဦးထွန်းညွန့်ဦး၏ လစာငွေ (၂၂၀၀၀ဝိ/-) ဖြင့်ပေးချေရန်ဖြစ်သည်။

**ကောက်ချက်အမှတ် (၃)။** Computer Section မှ ဦးကျော်ဇောလွင်၏ လစာငွေကို လစဉ် ကျဆင်းလာ၍ တိုးမြှင့်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၄)။** ဦးထွန်းညွန့်ဦး၏ လစာမှ ၂၀၁၂၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ဖြတ်တောက်ထားသောငွေ (၁၅၀၀၀ဝိ/-) ကျပ်ကို ပြန်လည်ထုတ်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲ၍ ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ဝန်ထမ်းကတ်ပြားများကို အမြန်ဆုံးထုတ်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** လုပ်ငန်းခွင်အား သွားရောက်စစ်ဆေးကြည့်ရှုရာတွင် ယခင်ထုတ်ပေးထားသော ဝန်ထမ်းကတ်ပြားများကို အလုပ်ရှင်မှ ပြန်လည်သိမ်းဆည်းထားကြောင်း တွေ့ရှိရသည်။ အနောက်ရွှေဂုံတိုင်လမ်းမှ တာမွေမြို့နယ်သို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ပြောင်းရွှေ့ထားကြောင်း တွေ့ရှိရသည်။ ယင်းကာလတွင် ဝန်ထမ်းကတ်ပြားများ အသစ်ထုတ်ပေးရန်

ဝန်ထမ်းကတ်ပြားအဟောင်းများ သိမ်းဆည်းထားခြင်းဖြစ်ကြောင်း တွေ့ရှိသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ဝန်ထမ်းကတ်ပြားများကို လစာစာရင်းတွင် ပါရှိသည့် ဝန်ထမ်းများအားလုံးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့အပြီး ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၂)။** Face Section မှ ဦးထွန်းညွန့်ဦး၏ လစာငွေ (၂၂၀၀၀၀/-) ဖြင့်ပေးချေရန် ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၂)။** လစာစာရင်းများအား လေ့လာရာတွင်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ ထွက်ဆိုချက်အရလည်းကောင်း ကျပ် (၂၀၀၀၀၀/- ၃၀၀၀၀၀/- ၄၀၀၀၀၀/-) ထိ လစာခံစားရခြင်းမှာ အခြေခံလစာ၊ ပညာရှင်ကြေး၊ ပုံဆွဲစာရွက်ကြေး၊ ရက်မှန်ကြေး၊ ခရီးစရိတ်၊ ဆုကြေး စသည့် အခြားချီးမြှင့်ငွေများပေါင်း၍ ရရှိခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဦးထွန်းညွန့်ဦးတောင်းဆိုသည့် အခြေခံလစာ (၂၂၀၀၀၀/-) တောင်းဆိုခြင်းသည် လက်ရှိအနိမ့်ဆုံးအခကြေးငွေ ထုတ်ပြန်ခြင်းမပြုသေးသည့် အခြေအနေ၊ ၎င်းတစ်ဦးတည်းအား အခြေခံလစာတိုးပေးလျှင် ကျန်ဝန်ထမ်းများမှလည်း တောင်းဆိုလာနိုင်သည်။ အလုပ်လုပ်သလောက် ခံစားရနိုင်သည့်လုပ်ငန်းသဘာဝအလျောက် အလုပ်လုပ်သလောက် လစာတိုးခံစားရနိုင်သဖြင့် ယင်းတောင်းဆိုသည့် ငွေပမာဏမှာ လျော်ကန်သင့်မြတ်ခြင်းမရှိကြောင်း သုံးသပ်ရပါသည်။

သို့ရာတွင် လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး ပြေလည်စေရေးဦးတည်ကာ အလုပ်ရှင်မှ အလုပ်သမားတစ်ဦးချင်းစီ၏ အသားတင်လစာငွေကို ချင့်ချိန်ကာ ပျမ်းမျှလစာထက် မလျော့နည်းစေရန် မျှတစွာဆောင်ရွက်ပေးရန် သုံးသပ်ပါသည်။

လုပ်ငန်းရှင် ဒေါ်သင်းသင်းရွှေ၏ ၂၅-၂-၂၀၁၃ ရက်စွဲပါ ခုံသမာဓိအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့စာအရ ဦးထွန်းညွန့်ဦး၏ လစာငွေကို အခြေခံလစာနှင့် ပညာရှင်ကြေး (၁၇၀၀၀၀/-) သာ တတ်နိုင်ကြောင်း၊ ဦးကျော်ဇောလွင်၏လစာငွေကို အခြေခံလစာနှင့်ပညာရှင်ကြေး (၁၅၀၀၀၀/-) သာ တတ်နိုင်ကြောင်း ကမ်းလှမ်းထားသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ကမ်းလှမ်းချက်သည် အခြေခံလစာဖြစ်သော Basic Salary ကို တိုးမပေးဘဲ ပညာရှင်ကြေး ခေါင်းစဉ်အောက်တွင် အခြားအခြားသော ဆောင်းငွေများကို ပေးအပ်ခြင်းဖြင့် ဝန်ထမ်းများ၏ အနိမ့်ဆုံးလစာပေးအပ်လိုသည်ဟု ကမ်းလှမ်းခြင်းဖြစ်သည်။ ယင်းကမ်းလှမ်းချက်ကို အခြေပြုလျက် အလုပ်ရှင်ဘက်မှ လုပ်ကွက်များကို မှန်ကန်မျှတစွာ ခွဲဝေလုပ်ဆောင်ပေးခြင်းအားဖြင့် အဆိုပါအလုပ်သမားများ၏ လိုအပ်သောလစာပမာဏကို ပြည့်မီနိုင်ဖွယ်ရာရှိကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** အခြေခံလစာ တိုးမပေးနိုင်သော်လည်း အဆင့်တူ အလုပ်သမားများ၏ ပျမ်းမျှလစာ ဝင်ငွေရရှိရန်အတွက် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အလုပ်သမားတစ်ဦးချင်းအား ခွဲခြားမှုမရှိဘဲ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၃)။** Computer Section မှ ဦးကျော်ဇောလွင်၏ လစာငွေကို လစဉ်ကျဆင်းလာ၍ တိုးမြှင့်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။** Computer Section မှ ဦးကျော်ဇောလွင်၏ လစာငွေအား စိစစ်ရာတွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ လစာငွေအမြင့်ဆုံး (၂၂၀၀၀၀ိ/-) ရရှိခဲ့သည်။ ကျန်လများတွင် (၁၄၀၀၀၀ိ/- မှ ၁၂၀၀၀၀ိ/-) အထိ ပျမ်းမျှရရှိကြောင်း တွေ့ရှိရသည်။ အဓိကအချက်မှာ လုပ်ငန်းချပေးခြင်းမရှိသောကြောင့်လည်းကောင်း၊ လုပ်ငန်းပမာဏနည်းသောကြောင့်လည်းကောင်း ယင်းသို့ လစာငွေ နိမ့်ကျသွားခြင်းဖြစ်သည်။

သို့ရာတွင် လုပ်ငန်းရှင် ဒေါ်သင်းသင်းရွှေ၏ ၂၅-၂-၂၀၁၃ ရက်စွဲပါ ခုံသမာဓိအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့စာအရ ဦးကျော်ဇောလွင်၏ လစာငွေကို အခြေခံလစာနှင့် ပညာရှင်ကြေး (၁၅၀၀၀၀ိ/-) သာ တတ်နိုင်ကြောင်း ကမ်းလှမ်းထားသည်ကို တွေ့ရှိရသည်။ ထိုသို့ ကမ်းလှမ်းချက်သည် အခြေခံလစာဖြစ်သော Basic Salary ကို တိုးမပေးဘဲ ပညာရှင်ကြေးခေါင်းစဉ်အောက်တွင် အခြားအခြားသော ဆောင်းငွေများကို ပေးအပ်ခြင်းဖြင့် ဝန်ထမ်းများ၏ အနိမ့်ဆုံးလစာ ပေးအပ်လိုသည်ဟု ကမ်းလှမ်းခြင်းဖြစ်သည်။ ယင်းကမ်းလှမ်းချက်ကို အခြေပြုလျက် အလုပ်ရှင်ဘက်မှ လုပ်ကွက်များကို မှန်ကန်မျှတစွာ ခွဲဝေလုပ်ဆောင်ပေးခြင်းအားဖြင့် အဆိုပါ အလုပ်သမားများ၏ လိုအပ်သော လစာပမာဏကို ဖြည့်မီနိုင်ဖွယ်ရာရှိကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** အခြေခံလစာ တိုးမပေးနိုင်သော်လည်း အဆင့်တူ အလုပ်သမားများ၏ ပျမ်းမျှလစာ ဝင်ငွေရရှိရန်အတွက် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အလုပ်သမားတစ်ဦးချင်းအား ခွဲခြားမှုမရှိဘဲ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၄)။** ဦးထွန်းညွန့်ဦး၏ လစာမှ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလ အထိ ဖြတ်တောက်ထားသော ငွေ (၁၅၀၀၀၀ိ/-) ကျပ်ကို ပြန်လည်ထုတ်ပေးရန် တောင်းဆိုခြင်းဖြစ်ပါသည်။

**သုံးသပ်ချက်အမှတ် (၄)။** ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ဆုံးဖြတ်ချက်အရ ဦးထွန်းညွန့်ဦး၏ လစာစာရင်းတွင် အခြေခံလစာ (၅၃၀၀၀ိ/-) အား ပြင်ဆင်ခြင်းမရှိဘဲ စုစုပေါင်းလစာငွေပမာဏအား (၅၀၀၀၀ိ/-) အပေါင်းပြ၍ (၆/၂၀၁၂) မှ (၈/၂၀၁၂) ထိ ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ယင်းငွေ (၅၀၀၀၀ိ/-) အား ထုတ်ပေးခဲ့ခြင်း မရှိသဖြင့် ဗဟန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ချုပ်ဆိုခဲ့သည့် နှစ်ဖက်သဘောတူညီချက်စာချုပ်အရ ၂၆-၁၀-၂၀၁၂ တွင် ယင်းခွင့်ပြုငွေ (၅၀၀၀၀ိ/-) အား Bonus ဆုကြေးအဖြစ် ထုတ်ပေးခဲ့ကြောင်း

အလုပ်ရှင်မှ ထွက်ဆိုသည်။ အလုပ်သမား ဦးထွန်းညွန့်ဦးမှ လစာစာရင်းတွင် ယင်း (၅၀၀၀ဝိ/-) အား ဖော်ပြထားမှုမရှိခြင်းနှင့်ပတ်သက်၍ အလုပ်ရှင်အား စောဒကတက်ရာ အလုပ်ရှင်မှ ယင်းငွေသည် ဆုကြေးဖြစ်သဖြင့် ပေးချင်ပေးမည် ဖြတ်ချင်ဖြတ်မည်ဟု ပြောခဲ့ကြောင်း သိရှိရသည်။ အလုပ်သမားမှလည်း ၎င်း၏ လစာငွေများ တိုးမြှင့်လာသည်ကို ကျေနပ်လက်ခံသည်။ မည်သည့်ခေါင်းစဉ်ဖြင့် ပေးသည်ကို အသိအမှတ်မပြုဘဲ လစာတိုးရခြင်းကို ကျေနပ်လက်ခံခဲ့သည်။ အလုပ်ရှင်မှလည်း Bonus အဖြစ်သာ ပေးခြင်းဖြစ်သည်။ အခြေခံလစာအဖြစ် ပေးခြင်းမဟုတ်ဟု ငြင်းချက်ထုတ်သည်။ ၂၀၀၁ ခုနှစ်မှ စတင်၍ လုပ်ခဲ့သည့် လုပ်သက်ရင့်ဝန်ထမ်းဖြစ်နေခြင်းကြောင့်သာ အလုပ်သမား၏ လက်ရာနှင့် စွမ်းဆောင်ရည် ကျဆင်းလာခြင်းကို အသိအမှတ်မပြုနိုင်တော့သဖြင့် ၎င်းအလုပ်မှ နုတ်ထွက်လျှင်လည်း လက်ခံနိုင်ကြောင်း တုံ့ပြန်ဖြေကြားခဲ့သည်။ အလုပ်သမားမှလည်း အလုပ်မထွက်နိုင်ကြောင်း ပြန်ကြားခဲ့သည်။ သို့အတွက် လုပ်ငန်းကျဆင်းနေသည့်အချိန်ဖြစ်သော်ငြားလည်း အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက် အကျိုးတူဆောင်ရွက်နေခြင်းကို နားလည်မှု အကျိုးစီးပွားတူ ဆောင်ရွက်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် အလုပ်သမား၏ စွမ်းဆောင်ရည်အလျောက် အလုပ်ရှင်မှ အသိအမှတ်ပြု၍ ချီးမြှင့်ခြင်း၊ အလုပ်သမားမှလည်း အလုပ်ဌာန တည်မြဲနေမှသာ ၎င်းတို့၏လုပ်ငန်းခွင် တည်မြဲမည်ကို သဘောပေါက်ခြင်းဖြင့် ရပိုင်ခွင့်တစ်ရပ်အနေဖြင့် တောင်းဆိုမှုမပြုဘဲ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလုပ်သမားများ၏ လုပ်ခပိုမိုတိုးတက်ရေး ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၄)။** အခြေခံလစာမှ ဖြတ်တောက်ငွေမဟုတ်သော ဆုကြေး (ဝါ) မေတ္တာကြေးအဖြစ် အလုပ်ရှင်မှ အခါအားလျော်စွာ ပေးသောငွေကို ဥပဒေအရ တောင်းခံရန် မသင့်ဟု ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်ရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| ဦးသန်းမောင် | ဦးစိုးညွန့် | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၄/၂၀၁၃)**

| | |
|---|---|
| ဦးလှငွေး၊ မန်နေဂျာ<br>ဦးမျိုးဝင်း၊ ပိုင်ရှင်<br>ရှိုင်ရယ်မိုးပုလဲသောက်ရေသန့်စက်ရုံ<br>အမှတ် (၂၀)၊ ခွာညိုလမ်း ၂ (က)၊<br>စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ဦးကျော်စိုး(ယာဉ်မောင်းလုပ်သား)<br>[၇/ညလပ(နိုင်)၀၉၈၃၂၂]<br>ပိတောက်လမ်း၊ အပိုင်း (၁၅)၊<br>ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က) စံပြရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် (၂၀) ရှိ ရှိုင်ရယ်မိုးပုလဲသောက်ရေသန့်စက်ရုံ၊ လုပ်ငန်းပိုင်ရှင် ဦးမျိုးဝင်း၊ မန်နေဂျာ ဦးလှငွေးနှင့် အလုပ်သမား ဦးကျော်စိုး (ယာဉ်မောင်းလုပ်သား) တို့ ဖြစ်ပွားသော အငြင်းပွားမှုအား မင်္ဂလာဒုံမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ တင်ပြလွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၃/၂၀၁၃) ကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် နစ်နာခဲ့သော လုပ်ခလစာငွေမှ ဖြတ်တောက်ငွေ (၅၀၀၀ဝ/-) နှင့် အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် နစ်နာကြေးရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များအပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးမျိုးဝင်း (ပိုင်ရှင်)၊ ဦးလှငွေးမန်နေဂျာ ရှိုင်ရယ်မိုးပုလဲသောက်ရေသန့်စက်ရုံက အောက်ပါကောက်ချက်နှင့် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** နစ်နာခဲ့သော လုပ်ခလစာဖြတ်တောက်ငွေ (၅၀၀၀ဝ/-) နှင့် အလုပ်မှ ထုတ်ပယ်ခဲ့သည့်အတွက် နစ်နာကြေးရရှိလိုကြောင်း တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်မှထုတ်ပယ်ခံရသော ယာဉ်မောင်း ဦးကျော်စိုးအား အလုပ်ရှင်မှ ဥပဒေနှင့်အညီ နို့တစ်ကြေး (၁) လစာနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) (၁) လစာ၊ စုစုပေါင်း (၂) လစာကို ခံစားခွင့်ပြုရန်နှင့် လစာမှ ဖြတ်တောက်ထားသော လုပ်ခငွေ (၅၀၀၀၀/-) ကျပ်အား ပြန်လည်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၃/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးမျိုးဝင်း (ပိုင်ရှင်)၊ ဦးလှငွေး (မန်နေဂျာ) ရွှင်ရယ်မိုးပုလဲသောက်ရေသန့်စက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် ခုံသမာဓိကောင်စီအမှုအမှတ် (၄/၂၀၁၃) အား ကြားနာစစ်ဆေးရန် ၁၉-၂-၂၀၁၃ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်-

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးငွေးအောင် | အဖွဲ့ဝင် |
| ၃။ | ဒေါ်စန်းစန်းဦး | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲအား လက်ခံရရှိပြီးနောက် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာ၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့် မှတ်တမ်းမှတ်ရာများနှင့် မင်္ဂလာဒုံမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အငြင်းပွားမှုအမှတ် (၃၈/၂၀၁၂) တင်ပြချက်များကိုလည်းကောင်း၊ နှစ်ဖက်သက်သေများကိုလည်းကောင်း၊ ၂၅-၂-၂၀၁၃ ရက်နေ့တွင် စုံညီရုံးထိုင်၍ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ကောက်ချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များနှင့် ၁၃-၂-၂၀၁၃ ရက်စွဲပါ မန်နေဂျာ ဦးလှငွေး၊ ရွှင်ရယ်မိုးပုလဲ သောက်ရေသန့်စက်ရုံ၏ လျှောက်ထားတင်ပြချက်များကို အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး သုံးသပ်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ် (၁)။** မင်္ဂလာဒုံမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်များသည် တရားမျှတမှန်ကန်မှုမရှိ၊ မှားယွင်းစွာဆုံးဖြတ်ခြင်းဖြစ်သည်ဟု ထင်မြင်ယူဆသဖြင့် တရားမျှတမှန်ကန်စွာဆုံးဖြတ်ပေးရန် တင်ပြတောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) ယာဉ်မောင်းဦးကျော်စိုးသည် လုပ်ငန်းခွင်အတွင်း စည်းကမ်းဖောက်ဖျက်မှုများရှိသဖြင့် မကြာခဏ သတိပေးမှုများ ပြုလုပ်ခဲ့ရကြောင်း တင်ပြချက်ရှိသော်လည်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) ရေသန့်စက်ရုံနှင့် ယာဉ်မောင်းဦးကျော်စိုးတို့ ၁၃-၇-၂၀၁၂ လုပ်ငန်းစတင်ဝင်ရောက်ချိန်တွင် ချုပ်ဆိုခဲ့သော စာချုပ်၌ မော်တော်ယာဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြထားသည့် စည်းကမ်းသတ်မှတ်ချက်များမပါရှိကြောင်း လေ့လာတွေ့ရှိရသဖြင့် ယာဉ်ပျက်စီးမှုအတွက် ယာဉ်မောင်းဦးကျော်စိုးမှ ပေးလျော်ရခြင်းမှာ မှန်ကန်မှုမရှိဟု သုံးသပ်သည်။

(ဂ) ယာဉ်ပျက်ရခြင်းမှာ ယာဉ်မောင်းတစ်ဦးအနေဖြင့် မူးယစ်ရမ်းကားမောင်းနှင်ခြင်း၊ မဆင်မခြင်ယာဉ်စည်းကမ်းမလိုက်နာဘဲ ပေါ့လျော့စွာ

မောင်းနှင်ခြင်းကြောင့်မဟုတ်ဘဲ အလုပ်တာဝန်ထမ်းရွက်နေစဉ် ရေတိုင်ကီရေမရှိ၍ (Gasket) ပြတ်တောက်ပျက်စီးခြင်းမှာ မမျှော်လင့်ဘဲ ပျက်တတ်သည့် သဘာဝဖြစ်တတ်သဖြင့် ဦးကျော်စိုး၏ ပေါ့လျော့မှုကြောင့်ဟု ကောက်ချက်ချပြီး ငွေလျော်ပေးစေရန်မှာ မသင့်ကြောင်း သုံးသပ်သည်။

(ဃ) ဦးကျော်စိုးသည် ဒိုက်ဦးမြို့နယ်ရှိ မိခင်ဖြစ်သူ ဒေါ်ငွေကျင် ရုတ်တရက် အသည်းအသန်ဖြစ်သည့်အတွက် ဇနီးဖြစ်သူအား ၁-၁၀-၂၀၁၂ ရက်နေ့တွင် စက်ရုံမန်နေဂျာ ဦးလှဌေးထံ ဖုန်းဖြင့် ဆက်သွယ်တင်ပြ ခွင့်တောင်းခဲ့ကြောင်း၊ ၃-၁၀-၂၀၁၂ ရက်နေ့ တွင် အလုပ်ပြန်ဆင်းရန် သတင်းပို့ခဲ့ကြောင်း၊ သို့သော် အလုပ်မှ ထုတ်ပယ်ခံခဲ့ရကြောင်း စိစစ်တွေ့ရှိရသဖြင့် အလုပ်မှ နို့တစ်တစ်စုံ တစ်ရာပေးခြင်းမရှိဘဲ အလုပ်ထုတ်ခံခဲ့ရသည်ဟု သုံးသပ်တွေ့ရှိ ရသည်။

(င) ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ယာဉ်မောင်း ဦးကျော်စိုးအား အလုပ်ရှင်မှ ဥပဒေနှင့်အညီ နို့တစ်ကြေး (၁) လစာနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) (၁) လစာ၊ စုစုပေါင်း (၂) လစာ ခံစားခွင့်ပေးရန်နှင့် လစာမှ ဖြတ်တောက်ထား သော လုပ်ခငွေ (၅၀၀၀၀ိ/-)ကျပ်အား ပြန်လည်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမျှတမှန်ကန်စွာဖြင့် ဥပဒေနှင့်အညီ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်သည်။ မော်တော်ယာဉ်ပြင်ဆင် စရိတ် (၅၀၀၀၀ိ/-) ကျပ် တောင်းဆိုရာတွင် ဦးကျော်စိုး အနေဖြင့် ယာဉ်ထိခိုက်ပျက်စီးမှုရှိစဉ်က (၇၀၀၀ိ/-) ကျပ် လက်ခံ ရယူခဲ့ပြီး ဖြစ်သဖြင့် အလုပ်ရှင်မှ (၄၃၀၀၀ိ/-) ကျပ်သာ ထုတ်ပေး သင့်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်ရှင်မှ ထုတ်ပယ်ခြင်းခံခဲ့ရသော ယာဉ်မောင်းဦးကျော်စိုးအား ဥပဒေနှင့်အညီ နို့တစ်ကြေး (၁) လစာနှင့် နောက်ဆုံးထုတ်လစာ (အချိန်ပိုမပါ) (၁) လစာ၊ စုစုပေါင်း (၂) လစာခံစားခွင့်ပြုရန်နှင့် လစာ မှ ဖြတ်တောက်ထားသော လုပ်ခငွေ (၅၀၀၀၀ိ/-) ကျပ်မှ (၄၃၀၀၀ိ/-) ကျပ်ကိုပြန်လည်ထုတ်ပေးရန် ဆုံးဖြတ်သည်။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်အညီ တရားမျှတ မှန်ကန်စွာ စစ်ဆေးဆုံးဖြတ်ထားကြောင်း အတည်ပြုသည်။

နို့တစ်ကြေး (၁) လစာ + အလုပ်ထုတ်နစ်နာကြေး (၁) လစာ + ဖြတ်တောက်ငွေ = စုစုပေါင်း

၁၁၀၀၀၀ိ/- + ၁၁၀၀၀၀ိ/- + ၄၃၀၀၀ိ/- = ၂၆၃၀၀၀ိ/-

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ လျှော်ကြေးထားခြင်းခံရသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးဌေးအောင် | ဦးမောင်မောင်အုန်း | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၅/၂၀၁၃)**

| | |
|---|---|
| ဦးမောင်ရီ<br>အမှတ် (၅၀၉)၊ ရန်ကုန်-မန္တလေးလမ်း၊<br>မြို့မ (၃) ရပ်ကွက်၊ ပြွန်တန်ဆာမြို့။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ဦးသိန်းအောင် (ပိုင်ရှင်)<br>Professional Engineering Co.,Ltd<br>အမှတ် (၇-အေ)၊ သီရိမင်္ဂလာလမ်းသွယ် (၁)၊<br>(၈) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်းသွယ် (၁)၊ အမှတ် (၇-အေ) ရှိ Professional Engineering Co.,Ltd လုပ်ငန်းပိုင်ရှင် ဦးသိန်းအောင် (MD) နှင့် ၎င်းကုမ္ပဏီမှ ခန့်အပ်ထားသော တာဝန်ခံအင်ဂျင်နီယာ ဦးမောင်ရီတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဦးမောင်ရီမှ တင်ပြတိုင်ကြားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ စစ်ဆေးခဲ့ပြီး ၎င်းအငြင်းပွားမှုသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အကျုံးမဝင်ဘဲ ကန်ထရိုက်လုပ်ငန်း အငြင်းပွားမှုဖြစ်သည်ဟု သုံးသပ်၍ အမှုကို ပလပ်လိုက်သည်။

၂။ တိုင်ကြားသူ ဦးမောင်ရီမှ မကျေနပ်၍ ခုံသမာဓိကောင်စီသို့ တင်ပြတိုင်ကြားခဲ့ပြီး ခုံသမာဓိကောင်စီဖွဲ့စည်း၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် နှစ်ဖက်တွေ့ဆုံ၍ ကြားနာခဲ့သည်။ တိုင်ကြားသူ ဦးမောင်ရီနှင့် တိုင်ကြားခံရသူ ဦးသိန်းအောင် ကိုယ်စား ဦးဘုန်းမြင့်နှင့် ဦးမြင့်ထူးတို့ တက်ရောက်ထွက်ဆိုခဲ့ပါသည်။

**ကောက်ချက်အမှတ် (၁)။** တောင်းဆိုသူ ဦးမောင်ရီမှ လစာ (၅) လစာ၊ စားစရိတ်၊ စိုက်ထုတ်ကုန်ကျစရိတ် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** နှစ်ဖက်သက်သေထွက်ဆိုချက် ဖြေရှင်းချေပချက်များအရ -

(က) လုပ်ငန်းစတင် ညှိနှိုင်းစဉ်ကပင် ဦးမောင်ရီသည် ရှယ်ယာဝင်ဖြစ်နေသည်။

(ခ) လစာစရိတ်များမရရှိခြင်းသည် အလုပ်သမားများ အမှန်တကယ်မရရှိခြင်းမဟုတ်ဘဲ တာဝန်ခံဦးမောင်ရီ စိုက်ထုတ်ငွေကို လုပ်ငန်းစရိတ်အပြီးသတ် ညှိနှိုင်းမှုတွင် ဖြည့်စွက်ငွေ မရရှိသဖြင့် ပြန်လည်တောင်းခံရာတွင် မရရှိ၍ အငြင်းပွားခြင်းဖြစ်သည်။

(ဂ) အလုပ်သမားလစာ၊ လုပ်ခဖြေရှင်းရန်မှာ ရှယ်ယာဝင်၊ လုပ်ငန်းတာဝန်ခံ ဦးမောင်ရီမှ တိုက်ရိုက်ပေးချေရန် တာဝန်ရှိသူ ဖြစ်သည်။

(ဃ) လုပ်ငန်းပြီးဆုံးချိန်တွင် နှစ်ဖက်အားနည်းချက်များကြောင့် အရည်အသွေးမမီခြင်းအပေါ် အခြေခံ၍ ကုန်ကျစရိတ် ညှိနှိုင်းမှု မပြေလည်ခြင်း၊ အရှုံးပေါ်ခြင်းတို့ကြောင့် အငြင်းပွားမှုဖြစ်ပွားရခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမားများ၏ လစာ၊ စရိတ်ရပိုင်ခွင့်နှင့် တိုက်ရိုက်မပတ်သက်ဘဲ ကန်ထရိုက်လုပ်ငန်း ကုန်ကျစရိတ်ညှိနှိုင်းမှု မပြေလည်မှုကြောင့် ဖြစ်ပေါ်သော အငြင်းပွားမှုဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို သဘောတူသည်။ ခုံသမာဓိကောင်စီအနေဖြင့် ဆုံးဖြတ်ပေးရန်မရှိပါ။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်ရမည်။

| ဦးထွန်းအေး | ဦးအောင်စံတင် | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၆/၂၀၁၃)**

ဒေါ်ကြည်ကြည်လင်း (စက်ချုပ်လုပ်သား)
အမှတ် (၁၁၄၃)၊ မင်္ဂလာသိဒ္ဓိလမ်း၊
(၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဒေါ်ကတာမင်းမင်း (ပိုင်ရှင်)
ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံ၊
အမှတ် (၁၇၃)၊ ဆိပ်ကမ်းသာလမ်း၊
စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၆-၂-၂၀၁၃ ရက်နေ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၁၁/၂၀၁၃) ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုအပေါ် နှစ်ဖက်ပုဂ္ဂိုလ်တို့က ကျေနပ်ခြင်းမရှိပါသဖြင့် ခုံသမာဓိကောင်စီသို့ အယူခံဝင်ခဲ့ကြခြင်းဖြစ်ပါသည်။

၂။ အဆိုပါအယူခံအမှုကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၆-၃-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးထွန်းအေး၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ ပါဝင်သော ခုံအဖွဲ့ဖြင့် စစ်ဆေးရန် ဖွဲ့စည်းပေးခဲ့ပါသည်။

၃။ ဤခုံအဖွဲ့သို့ ပေးပို့သော အမှုတွဲများ၊ တင်ပြချက်များအပြင် နှစ်ဖက်သော အငြင်းပွားသူများ၏ တောင်းဆိုလွှာနှင့် ချေပလွှာများကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံမှ စက်ချုပ် အလုပ်သမား ဒေါ်ကြည်ကြည်လင်း အား စက်ရုံအုပ်ချုပ်ရေးမှူးမှ အပြစ်တစ်စုံတစ်ရာ မရှိဘဲ အလုပ်မှ ထုတ်ခဲ့ခြင်းကို ပယ်ဖျက်၍ မူရင်းလုပ်သက်နှင့် မူလ အလုပ်ကို ပြန်လည်ခန့်ထားပေးရန်၊

**သုံးသပ်ချက်အမှတ် (၁)။** စက်ရုံ ပိုင်ရှင် ဒေါက်တာမင်းမင်းနှင့် စက်ရုံအလုပ်သမား ဒေါ်ကြည်ကြည်လင်းတို့ ဖြစ်ပွားခဲ့သော အငြင်းပွားမှု၏ အဓိကကျသော အခြေခံအကြောင်းရင်းမှာ ပုဂ္ဂိုလ်ရေးအမြင်မကြည်လင်မှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အလုပ်ရှင်က အလုပ်သမား ဒေါ်ကြည်ကြည်လင်းအပေါ် အလုပ်ခွင်၏ တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် သွေးထိုးလှုံ့ဆော်မည်ဟု ယူဆပြီး အလုပ်သမားအား အလုပ်မှထုတ်ပယ်ရန် ကြိုးစားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်ဘက်မှ တင်ပြလာသည့် စွပ်စွဲချက်များကို အသေးစိတ် လေ့လာစိစစ်ကြည့်ရာတွင် ခိုင်လုံသည့် သက်သေခံ အထောက်အထားများ တစ်စုံတစ်ရာမတွေ့ရှိရပါ။ အလုပ်ရှင်မှ အလုပ်သမားအား အပြီးအပိုင် အလုပ်မှထုတ်ပစ်ရလောက်သည့် ပြစ်ချက် တစ်စုံတစ်ရာမတွေ့ရှိကြောင်း စိစစ်တွေ့ရှိရကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ထိပ်တန်း မြန်မာအထည်ချုပ်စက်ရုံမှ စက်ချုပ်အလုပ်သမား ဒေါ်ကြည်ကြည်လင်းအား စက်ရုံအုပ်ချုပ်ရေးမှူးမှ အပြစ်တစ်စုံတစ်ရာ မရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့ခြင်းကို ပယ်ဖျက်၍ ၎င်းအား မူရင်းလုပ်သက်နှင့် မူလအလုပ်နေရာကို ပြန်လည်ခန့်ထားရန် ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်ပြန်လည်ခန့်အပ်ရန် အမိန့်ချမှတ်ခဲ့ပါက "တောင်းဆိုသူအား ပေးရန်ရှိသော ငွေများ" ဖြစ်သည့် ၁-၁-၂၀၁၃ မှ ၁၆-၁-၂၀၁၃ ရက်နေ့အထိ ရရန်ရှိသည့် လုပ်ခလစာအပါအဝင် အလုပ်ထုတ်သည့် ၁၆-၁-၂၀၁၃ နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြားကာလ နစ်နာကြေးပေးရန်၊

**သုံးသပ်ချက်အမှတ် (၂)။** ယခုအလုပ်ထုတ်သည့်ကိစ္စတွင် အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည့်အတွက် လုပ်ခလစာကျန်ငွေနှင့် ကြားကာလနစ်နာကြေးပေးရန်တို့ကိုလည်း တစ်ပါတည်းဆုံးဖြတ်ပေးရန်လိုအပ်ကြောင်း သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** (က) ၁-၁-၂၀၁၃ မှ ၁၆-၁-၂၀၁၃ ရက်နေ့အထိ လုပ်ခလစာကျန်ငွေ စုစုပေါင်း ၄၃၄၆၈/- (ကျပ် လေးသောင်း သုံးထောင် လေးရာ ခြောက်ဆယ်ရှစ်တိတိ) ကို စက်ရုံမှ စက်ချုပ်အလုပ်သမား ဒေါ်ကြည်ကြည်လင်းအား ထုတ်ပေးရန် ဆုံးဖြတ်သည်။

(ခ) အလုပ်ရပ်စဲခံရသည့်နေ့ ၁၆-၁-၂၀၁၃ ရက်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ အလုပ်လက်မဲ့ဖြစ်ရသောကြားကာလအတွက် ကြားကာလနစ်နာကြေးကို ဆုံးဖြတ်ချက်သာကေများ အပိုဒ် (၄) အရ အဆုံးအဖြတ်ပေးသည့်အချိန်အထိ ရေတွက်လျှင် (၄) လအတွင်းဖြစ်ပါ၍ ထိုအလုပ်လက်မဲ့ဖြစ်ရသောကြားကာလအတွက် အလုပ်သမား၏ နောက်ဆုံးရရှိသော လုပ်ခလစာနှုန်းထားဖြင့် အပြည့်အဝပေးစေရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများနှင့် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ဆောင်ရွက်ပေးရမည်။

| ဦးထွန်းအေး | ဦးခင်မောင်ရီ | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ပုံစံ (၁၁)**

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ရှင်းလင်းချက်**

**{နည်းဥပဒေ ၂၇}**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၆/၂၀၁၃)**
**ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက် - ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်

## ခုံသမာဓိကောင်စီ၏ အငြင်းပွားမှုအမှတ် (၆/၂၀၁၃) ၏ ဆုံးဖြတ်ချက် (၂) အပိုဒ် (ခ) နှင့်ပတ်သက်၍ ရှင်းလင်းချက်

၁။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က အငြင်းပွားမှုအမှတ် (၆/၂၀၁၃) ဖြင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ချမှတ်ခဲ့သည့် အမိန့်၏ ဆုံးဖြတ်ချက် (၂) အပိုဒ် (ခ) ၌ ဖော်ပြထားသော "အလုပ်သမား၏ နောက်ဆုံးရရှိသော လုပ်ခလစာနှုန်းထားဖြင့်" ဟူသည့် စကားရပ်၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးပါရန် လျှောက်ထားချက်အရ အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုက်သည်။

၂။　ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံမှ ပေးပို့လာသော လျှောက်ထားလွှာတွင် ဖော်ပြပါရှိသည့် လုပ်အားခများအနက် မကြည်ကြည်လင်းအား ပေးရမည့် နောက်ဆုံးထုတ်လစာတွင် အကျုံးဝင်သော လစာနှင့် ပေးရန်အကျုံးမဝင်သော လစာများကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုက်သည်။

| | **အကျုံးဝင်သောလစာ** | **အကျုံးမဝင်သောလစာ** |
|---|---|---|
| အခြေခံလစာနေ့အတွက် လုပ်ခ | ၂၉၇၀၀ိ/- | - |
| ရက်မှန်ဆုကြေး | ၈၀၀၀ိ/- | - |
| အချိန်ပိုလုပ်အားခ | - | ၂၁၀၀၀ိ/- |
| အချိန်ပိုဆုကြေး | - | ၆၀၀၀ိ/- |
| လိုင်းအထည်ကြေး | ၂၀၃၅၈/- | - |
| နှစ်ကြေး | ၁၀၀၀၀ိ/- | - |
| ဖူလုံရေးကြေး | - | ၄၃၅/- |
| **စုစုပေါင်း** | **၆၈၀၅၈/-** | **၂၇၄၃၅/-** |

၃။　ဤရှင်းလင်းချက်အရ မကြည်ကြည်လင်းအား နောက်ဆုံးထုတ်လစာအဖြစ် သတ်မှတ်သည့်ပေးရန် အကျုံးဝင်သော ငွေအပြည့်အဝကို အလုပ်လက်မဲ့ဖြစ်ရသော ကြားကာလအတွက် နစ်နာကြေးအဖြစ် တွက်ချက်၍ ဆုံးဖြတ်ချက် (၂) အပိုဒ် (က) အရ ပေးရန်ငွေနှင့် တပေါင်းတည်းပေးစေလိုက်သည်။

၄။　အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေပုဒ်မ (၂၇)၊ စာကြောင်းရေ (၄) အရ "ဤရှင်းလင်းချက်သည် မူလဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ ဆုံးဖြတ်ချက်တွင် ပူးတွဲထားရှိရမည်" ဟူသောနည်းဥပဒေ၏ ညွှန်ကြားချက်နှင့်အညီ မူလဆုံးဖြတ်ချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက် ဆောင်ရွက်ရမည်။

၅။　အဆိုပါနည်းဥပဒေပုဒ်မ (၂၈) အရ ဤရှင်းလင်းချက်ကို ခုံသမာဓိကောင်စီက သင့်လျော်သော နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

| | | |
|---|---|---|
| ထွန်းအေး | ခင်မောင်ရီ | ရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့**

**{နည်းဥပဒေ ၂၃(စ)}**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၇/၂၀၁၃)**

| | |
|---|---|
| ၁။ မောင်သက်နှင်းအောင် (အလုပ်သမား၊ အောင်စိန်ချည်မျှင်နှင့် ဆေးဆိုးစက်ရုံ) မြစ်လောင်းရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br>၁။ ဦးစိုင်းဘစိန် (ပိုင်ရှင်) အောင်စိန်ချည်မျှင်နှင့်ဆေးဆိုးစက်ရုံ မန္တလေးတိုင်းဒေသကြီး။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| ၂။ ဦးစိုင်းဘစိန် (ပိုင်ရှင်) အောင်စိန်ချည်မျှင်နှင့်ဆေးဆိုးစက်ရုံ မန္တလေးတိုင်းဒေသကြီး။<br>၂။ မောင်သက်နှင်းအောင် (အလုပ်သမား၊ အောင်စိန်ချည်မျှင်နှင့် ဆေးဆိုးစက်ရုံ) မြစ်လောင်းရွာ၊ အမရပူရမြို့နယ် မန္တလေးတိုင်းဒေသကြီး။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်

**ဆုံးဖြတ်ချက်**

၁။ မန္တလေးတိုင်းဒေသကြီး (၈ျ - ၁၉) ထိန်ကုန်းရပ်၊ အကွက်အမှတ် (၅၈၉)၊ ရတနာပုံတက္ကသိုလ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်စိန်ချည်မျှင်နှင့် ဆေးဆိုးစက်ရုံမှ အလုပ်သမား မောင်သက်နှင်းအောင်ကို ယင်းစက်ရုံ/လုပ်ငန်းပိုင်ရှင် ဦးစိုင်းဘစိန်က အလုပ်မှထုတ်ပယ်ခဲ့မှုကို အကြောင်းပြု၍ နှစ်ဦးနှစ်ဖက်အကြား ဖြစ်ပွားပေါ်ပေါက်သည့် အငြင်းပွားမှုတစ်ရပ်ကို ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်း ဖျန်ဖြေ၍မရသဖြင့် လွှဲအပ်ခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အမှုအမှတ် (၁/၂၀၁၃) အဖြစ် ကြားနာစစ်ဆေးခဲ့ပြီး၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် နစ်နာ၍တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် မတရားအလုပ်ထုတ် ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွား လာသော အငြင်းပွားမှုဖြစ်သည်။

၃။ ဤတောင်းဆိုချက်အပေါ်တွင် အထက်အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်တစ်ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ ထိုဆုံးဖြတ်ချက်ကို တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့ နှစ်ဖက်စလုံးက ကျေနပ်လက်ခံနိုင်ကြခြင်းမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခဲ့ကြသည့်အတွက် အလုပ်သမား

မောင်သက်နှင်းအောင်၏ လျှောက်ထားချက်နှင့် စက်ရုံ/လုပ်ငန်းပိုင်ရှင်တို့၏ လျှောက်ထားချက်များကို အမှုအမှတ် (၇/၂၀၁၃) ဖြင့် တပေါင်းတည်း စစ်ဆေးဆုံးဖြတ်ရပေသည်။

၄။ ဤခုံအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၁/၂၀၁၃) နှင့် သက်ဆိုင်သည့် ကောက်ချက်အပေါ်တွင် အခြေပြု၍လည်းကောင်း၊ ခုံသမာဓိကောင်စီအမှုအမှတ် (၇/၂၀၁၃) နှင့် သက်ဆိုင်သည့် နှစ်ဦးနှစ်ဖက်တင်ပြလျှောက်ထားချက်များအပေါ်တွင် အခြေပြု၍လည်းကောင်း အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမား မောင်သက်နှင်းအောင်ကို စက်ရုံ/လုပ်ငန်းပိုင်ရှင်က ကြားကာလ နစ်နာကြေးနှင့်အတူ အလုပ်ပြန်လည်ခန့်ထားပေးရန် သင့်/မသင့်။

၅။ အထက်ပါကောက်ချက်အပေါ်တွင် အဆုံးအဖြတ်မှန်ကန်စွာပေးနိုင်ရန် စက်ရုံတွင်း၌ ဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီမှ ညှိနှိုင်းဆွေးနွေးရာတွင် အဆင်မပြေသည့်အတွက် နှစ်ဖက်ညှိနှိုင်းဖျန်ဖြေပေးရန် ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ အကြောင်းကြားသည့်စာမှ အစပြု၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တို့ရှေ့မှောက်တွင် စက်ရုံပိုင်ရှင်ကိုယ်စားလှယ် (စက်ရုံမှူးဦးကျော်ကျော်)နှင့် မောင်သက်နှင်းအောင်တို့၏ ထွက်ဆိုပြောကြားချက်များ၊ စက်ရုံလုပ်သားသက်သေအချို့၏ ထွက်ဆိုချက်များ စသည်တို့ကို ပြည့်စုံစွာစိစစ်လေ့လာမှုပြုခဲ့သည်။ လိုအပ်သည့်အချက်များကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် စက်ရုံ/လုပ်ငန်းပိုင်ရှင်အား ခုံသမာဓိကောင်စီရှေ့မှောက်သို့ ၁၈-၃-၂၀၁၃ ရက်နေ့တွင် ဆင့်ခေါ်ခဲ့ရာ စက်ရုံ/လုပ်ငန်းပိုင်ရှင် ဦးစိုင်းဘစိန်က ဦးဝင်းမြင့် [၁၂/သဃက (နိုင်) ၀၆၂၀၄၃] ကို ၎င်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် စေလွှတ်သဖြင့် လိုအပ်ချက်များကို ထပ်မံဖြည့်စွက်မေးမြန်းခဲ့သည်။

၆။ ဤနေရာတွင် ခုံအဖွဲ့အနေနှင့် အထူးဖော်ပြလိုသည့်အချက်မှာ အလုပ်သမားအငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်ရာ၌ အလုပ်သမားသည် အမြဲမှန်၍ အလုပ်ရှင်က အမြဲမှားသည်ဟူ၍လည်းကောင်း (သို့မဟုတ်) အလုပ်ရှင်က အမြဲမှန်၍ အလုပ်သမားက အမြဲမှားသည်ဟူ၍လည်းကောင်း အစွန်းရောက်သည့် သတ်မှတ်ယူဆချက်မျိုး မည်သည့်အခါတွင်မျှ မထားရှိပေ။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် တရားရုံးမဟုတ်သော်လည်း တရားရုံး၏ လုပ်ငန်းသဘာဝမျိုးဖြစ်ပေရာ အလုပ်သမားရေးရာ အငြင်းပွားမှုတစ်ရပ်ပေါ်ပေါက်လာပါက ပေါ်ပေါက်သည့်အကြောင်းခြင်းရာနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် လျှောက်ထားချက်များနှင့် ထွက်ဆိုချက်များပေါ်တွင်သာမက တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်ပြီးမှ နှစ်ဖက်မျှတမှုရှိစေရန် ဆုံးဖြတ်ခြင်းဖြစ်ပေသည်။

## သုံးသပ်ချက်

၇။ ယခုအငြင်းပွားမှုကို လေ့လာသည့်အခါ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအထိ အလုပ်သမားမောင်သက်နှင်းအောင်၏ လစဉ်ခွင့်မဲ့ပျက်မှု၊ တရားဝင်ရှောင်တခင်ခွင့်နှင့် လူမှုဖူလုံရေးဆေးခွင့်ယူမှု အခြေအနေတို့ကို အလုပ်ရှင်က တင်ပြထားသည့် စာရင်းဇယားအရ တွေ့မြင်ရပေသည်။ အလုပ်သမား၏ ခွင့်မဲ့ပျက်ကွက်သည့်ကိစ္စအတွက် စက်ရုံတာဝန်ရှိသူများထံ ခွင့်တိုင်ကြားရာ၌ **"ပေါ့လျော့မှု"** ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့အပြင် ၎င်း၏ လစဉ်ခွင့်မဲ့ပျက်ကွက်သည့်ရက်မှာလည်း အများသတိပြုမိလောက်အောင်ပင် ဖြစ်သင့်ဖြစ်ထိုက်သည်ထက် များနေပေသည်။ ၃၁-၃-၂၀၁၃ ရက်စွဲပါ ပြည်ကြီးတံခွန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လိပ်မူပေးပို့သည့် မောင်သက်နှင်းအောင် လက်မှတ်ရေးထိုးထားသည့်စာတွင် **"ကျွန်ုပ်သည် စက်ရုံအတွင်း၌ဥပဒေနှင့် မညီသောကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းရန် ကြိုးစားသောကြောင့် အလုပ်မှထုတ်သည်ဟု ထင်ပါသည်"** ဟူသည့် ဖော်ပြထားချက်မှာ မောင်သက်နှင်းအောင်

သည် ရန်ကုန်မြို့နှင့်အခြားနေရာအချို့တွင် ကျင်းပသည့် အလုပ်သမားရေးရာဆွေးနွေးပွဲများသို့ အလုပ်ရှင်အား အသိမပေးဘဲ ခွင့်မဲ့ယူ/ရှောင်တခင်ခွင့်ယူပြီး တက်ရောက်ခဲ့သည့်ကိစ္စရပ်များကို ရည်ညွှန်းသည်ဟု ယူဆပေသည်။ ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ ရိုးသားပွင့်လင်းစွာ အလုပ်ရှင်အား ခွင့်ပြုချက် တောင်းခံသင့်ပေသည်။ ခွင့်ပြုသည် မပြုသည်မှာ အလုပ်ရှင်၏ စီမံခန့်ခွဲရေးဆိုင်ရာသဘောထားပင် ဖြစ်သည်။ ယခုကဲ့သို့ ခွင့်အကြိမ်ကြိမ် ခွင့်ယူ၍ အလုပ်ရှင်အား အသိမပေးဘဲ လုပ်ဆောင်ရန် မသင့်ပေ။

၈။ လေ့လာတွေ့ရှိချက်အရ အလုပ်ရှင်/စီမံခန့်ခွဲရေးအပိုင်းကလည်း အလုပ်သမားဦးရေ ၁၀၀၀ မျှရှိသည့် ကုန်ထုတ်လုပ်ငန်းကို စီမံခန့်ခွဲရာ၌ အလုပ်သမားများ၏ စည်းကမ်းပိုင်းနှင့်ပတ်သက်၍ နှုတ်ဖြင့်သာ အဓိကထား သတိပေးပြောကြားလေ့ရှိပေသည်။ နှုတ်ဖြင့် သတိပေးပြီးနောက် စာအားဖြင့် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယနှင့် နောက်ဆုံးအကြိမ် အစရှိသဖြင့် အဆင့်ဆင့် သတိပေးပြီး မှတ်တမ်းတင် အရေးယူလုပ်ဆောင်မှု (Recorded action) ဖြင့် စည်းကမ်းတကျ လုပ်ဆောင်မှုအားနည်းကြောင်း တွေ့ရှိရပေသည်။ ဤကဲ့သို့ မိမိအလုပ်သမားများကို နှုတ်ဖြင့်ပြောဆိုသတိပေးပြီး စီမံလုပ်ဆောင်သည်မှာ မိသားစုသဘောဆန်သော်ငြားလည်း တကယ်တမ်းအားဖြင့် မမျှော်လင့်ဘဲ အငြင်းပွားမှုဖြစ်ပွားပေါ် ပေါက်လာသည့်အခါမျိုးတွင် အလုပ်ရှင်/စီမံခန့်ခွဲသူအနေနှင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သည့် သက်သေအထောက်အထားကို တင်ပြရာ၌ အားနည်းချက်ရှိကြရပေသည်။ ယခုအငြင်းပွားမှု၌ အလားတူအားနည်းချက်မျိုးရှိနေသည်ကို တွေ့ရှိရသည်။ အလုပ်သမားမောင်သက်နှင်းအောင်ကို စောစောပိုင်းက နှုတ်ဖြင့် မကြာခဏသတိပေးပြောကြားခဲ့သည်ဟု ဆိုသော်ငြားလည်း မှတ်တမ်းမှတ်ရာမရှိပေ။

၉။ အလုပ်ရှင်/စီမံခန့်ခွဲသူနှင့် အလုပ်သမားတို့အကြား ၂၁-၈-၂၀၁၂ ရက်စွဲဖြင့် ချုပ်ဆိုသည့် "အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်" တွင် အလုပ်သမား မောင်သက်နှင်းအောင်နှင့် စက်ရုံမှူး ဦးကျော်ကျော်က လက်မှတ်ရေးထိုးထားပြီး သက်သေအဖြစ် သက်ဆိုင်ရာမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်ရုံးမှ ဦးစီးမှူးက လက်မှတ်ရေးထိုးအတည်ပြုရမည့် "ကျွန်ုပ်၏ ရှေ့မှောက်တွင်" ဟူသည့်နေရာတွင် စက်ရုံမှူး ဦးကျော်ကျော်ကပင် လက်မှတ်ရေးထိုးထားပြန်သဖြင့် ထိုစာချုပ်၏ တရားဝင်မှုမှာ မေးခွန်းထုတ်ဖွယ်ရာ ရှိနေပေသည်။ စနစ်တကျလုပ်ပါသည်ဟု ဆိုစေကာမူ လုပ်ထုံးလုပ်နည်းမမှန်ကန်သည့်အတွက် စနစ်မကျသကဲ့သို့ ဖြစ်ရပေသည်။

၁၀။ အထက်အဆိုပါ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် အပိုဒ် ၉၊ အပိုဒ်ခွဲ (င) တွင် ဖော်ပြထားသည်မှာ "အပိုဒ် ၉ (၁) မှ အပိုဒ် ၉ (၉) အထိပါ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါက ပထမအကြိမ် နှုတ်ဖြင့် သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့် သတိပေးခြင်း၊ တတိယအကြိမ် ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ထပ်မံကျူးလွန်ပါက အလုပ်မှရပ်စဲနိုင်သည်" ဟု ဖော်ပြပါရှိပေသည်။ ယခုမောင်သက်နှင်းအောင် ခွင့်ရက်အယူများသည့်ကိစ္စနှင့်ပတ်သက်၍ စက်ရုံမှ အရေးယူဆောင်ရွက်သည်မှာ ဤလုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီခြင်းမရှိပေ။ မောင်သက်နှင်းအောင်ကို အလုပ်မှထုတ်ပယ်ရန် စိတ်ကူးပေါ် ပေါက်သည့်အခါတွင်မှ ရုတ်တရက်လုပ်ဆောင်သည့်ပုံစံမျိုး ဖြစ်နေကြောင်း တွေ့ရှိရပေသည်။

**ဖြည့်စွက်သုံးသပ်ချက်**

၁၁။ ဤခုံသမာဓိကောင်စီသို့ လျှောက်ထားသည့် အလုပ်သမားသည်လည်းကောင်း၊ စက်ရုံ/လုပ်ငန်းပိုင်ရှင်သည်လည်းကောင်း နှစ်ဦးနှစ်ဖက်စလုံးတို့သည် အငြင်းပွားမှုဖြစ်ပွားသည့် အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ချွတ်ယွင်းအားနည်းချက် လစ်ဟာချက်များ ရှိနေပေသည်။ ခြုံငုံသုံးသပ်သည့်အခါ အလုပ်သမားကို အလုပ်မှထုတ်ပယ်ခြင်းမှာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အားနည်းချက်များ ရှိနေကြောင်း တွေ့ရှိရပေသည်။

**ဆုံးဖြတ်ချက်**

၁၂။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၁/၂၀၁၃) နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ အလုပ်သမား မောင်သက်နှင်းအောင်အား အလုပ်ပြန်လည်ခန့်ထားပေးစေရန်နှင့် ၎င်းအား ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၃။ အလုပ်ရှင်သည် ဤဆုံးဖြတ်ချက်ကို ရက်ပေါင်း (၃၀) အတွင်း လိုက်နာအကောင်အထည်ဖော်ရမည်။

**သီးခြားဖော်ပြချက်**

၁၄။ ခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားခြင်းမပြုသော်လည်း သိသင့်သိထိုက်သည့်အားလျော်စွာ ဤဆုံးဖြတ်ချက်တွင် ဤစာပိုဒ်ဖြင့် သီးခြားဖော်ပြခြင်းဖြစ်သည်။ ဤအငြင်းပွားမှုတွင် ပါဝင်သည့် အလုပ်သမား မောင်သက်နှင်းအောင် က မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ခုံသမာဓိကောင်စီသို့ ၃-၃-၂၀၁၃ ရက်နေ့စွဲဖြင့် ရေးသားလျှောက်ထားသည့်စာတွင် **"ဤကဲ့သို့ ဆုံးဖြတ်ချက်ညှံ့ဖျင်းလှသော ခုံသမာဓိအဖွဲ့၏ စိတ်ပျက်ဖွယ်ရာဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် အကြောင်းကြားအပ်ပါသည်"** ဟူ၍ ပါရှိရာ အဆိုပါအသုံးအနှုန်းမှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ခုံသမာဓိအဖွဲ့အပေါ် မထီမဲ့မြင် မလေးမစားရင့်သီးစွာသုံးနှုန်းရေးသားမှုဖြစ်ပေသည်။ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန်အတွက် ရေးသားလျှောက်ထားရန်သာ ရှိပေသည်။ ဤပုံဤနည်း ရေးသားရန်မသင့်ပေ။ ထို့ကြောင့် အလုပ်သမား၏ လျှောက်ထားလွှာတွင် ခုံသမာဓိအဖွဲ့ပေါ် "ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ" မထားဘဲ ဒေါသသင့်စွာသုံးနှုန်းရေးသားမှုအပေါ် ဤခုံအဖွဲ့က ပြစ်တင်သည်။ အလုပ်သမား၏ အသက်အရွယ်ငယ်ရွယ်မှု အတွေ့အကြုံနုနယ်သေးမှုကို ထောက်ရှု၍ "စကားကျွံက နှုတ်မရ" ဟူသည့် ဆိုထုံးစကားကို သတိပြုဆင်ခြင်နိုင်စေရန် **ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့**က စိတ်ကောင်းစေတနာဖြင့် သတိပေးလိုက်သည်။

| ဦးထွန်းအေး | ဦးအေးငွေ | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်** **ပုံစံ (၁၁)**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၈/၂၀၁၃)**

| | |
|---|---|
| ဒေါ်ချောစုလှိုင်ပါ (၄) ဦး<br>Great Forever (တော်ဝင်မြန်မာ)<br>ဇာပန်းထိုးစက်ရုံ၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားသူများ** |

နှင့်

| | |
|---|---|
| ဒေါ်လီကွေ့ကျုံ(ပိုင်ရှင်)<br>ကိုယ်စားလှယ် ဒေါ်စီစီမေ<br>(မန်နေဂျာ) Great Forever (တော်ဝင်မြန်မာ)<br>ဇာပန်းထိုးစက်ရုံ၊ အမှတ် (၄၁/ခ)၊<br>ကနောင်မင်းသားကြီးလမ်း၊<br>စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ Great Forever (တော်ဝင်မြန်မာ) ဇာပန်းထိုးစက်ရုံ အလုပ်သမားဒေါ်ချောစုလှိုင်ပါ (၄) ဦးကတစ်ဖက်၊ ယင်းလုပ်ငန်းပိုင်ရှင်ကတစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၈/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှ ထုတ်ခံရ၍ တိုင်ကြားရာမှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက်ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူမှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်မှထုတ်ခံရ၍ တိုင်ကြားခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** (က) အလုပ်ထုတ်ခံရသူ (၇) ဦးအနက် အောက်ဖော်ပြပါ (၄) ဦးသည် သတိပေးမှတ်တမ်းတင်ခြင်း၊ (၃) ကြိမ်နှင့်အထက်ကျူးလွန်ခဲ့ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ ကြီးလေးသောပြစ်မှု

(၃) ခုတို့ကို ကျူးလွန်ခဲ့ခြင်းကြောင့် အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(၁) မချောစုလှိုင်
(၂) မငုဝါဝင်း
(၃) မလှဲ့လှဲ့ဝင်း
(၄) မကြူကြူသင်း

( ခ ) အလုပ်ထုတ်ခံရသူ (၇) ဦးအနက် အောက်ဖော်ပြပါ (၃) ဦးသည် သတိပေးမှတ်တမ်း (၃) ကြိမ်အောက်သာ ကျူးလွန်ခဲ့ပြီး ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ခဲ့ခြင်းမျိုး မရှိကြောင်း တွေ့ရှိရသည်။

(၁) မစန်းယဉ်
(၂) မရည်ရည်မွန်
(၃) မဝင်းဝင်းအေး

**ဆုံးဖြတ်ချက်အမှတ် (၁)။** (က) အောက်ပါအလုပ်ထုတ်ခံရသူ (၄) ဦးမှ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ ကြီးလေးသော ပြစ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရ၍ အလုပ်မှ ထုတ်ပယ်ရန် ဆုံးဖြတ်သည်။ ၎င်းတို့မှာ -

(၁) မချောစုလှိုင်
(၂) မငုဝါဝင်း
(၃) မလှဲ့လှဲ့ဝင်း
(၄) မကြူကြူသင်း

( ခ ) အလုပ်ထုတ်ခံရသူ (၇) ဦးအနက် ကျန် (၃) ဦးသည် ၎င်းတို့ ကြီးလေးသော ပြစ်မှုများကို ကျူးလွန်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရ၍ ၎င်းတို့(၃) ဦးအား မူလရာထူး၊ မူလတာဝန်အတိုင်း အလုပ်ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်သည်။ အလုပ်မှ ရပ်ဆိုင်းခံရသည့်အတွက် ကြားကာလ နစ်နာကြေးများကို သက်ဆိုင်ရာမှ တွက်ချက်၍ ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၈/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် နစ်နာ၍ တောင်းဆိုသူဒေါ်ချောစုလှိုင်ပါ အလုပ်သမား (၄) ဦးမှာ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာပါသည်။ ခုံသမာဓိကောင်စီမှ အမှုအမှတ် (၈/၂၀၁၃) အား ကြားနာစစ်ဆေးမည့်ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်ဝင်းနှင့် ဒေါ်စန်းစန်းဦးတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန နေပြည်တော်၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် (၃၁/၂၀၁၃) ဖြင့် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

၆။ ခုံအဖွဲ့သည် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ခုံသမာဓိကောင်စီရုံး သန်လျက်စွန်း၌ ရုံးထိုင်၍ နှစ်ဖက်တင်ပြချက်များအား ကြားနာခဲ့ပါသည်။ ဤခုံအဖွဲ့သို့ ပေးပို့ခဲ့သော လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ သက်သေခံချက်များနှင့် မှတ်တမ်းများ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တွင် နစ်နာ၍ တောင်းဆိုသူများနှင့် တောင်းဆိုခြင်းခံရသူတို့၏ နှစ်ဖက်ထွက်ဆိုချက်များနှင့် တင်ပြချက်များ၊ လျှောက်လဲချက်များအပေါ် အခြေခံလေ့လာ စစ်ဆေးသုံးသပ်၍လည်းကောင်း၊ ၁၉-၃-၂၀၁၃ နေ့၌

နစ်နာ၍တောင်းဆိုသူအလုပ်သမား (၄) ဦး၏ ထွက်ဆိုတင်ပြချက်များ၊ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်ကိုယ်စားလှယ် စက်ရုံမန်နေဂျာ၏ ချေပတင်ပြချက်များကို အခြေခံ၍လည်းကောင်း ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဒုတိယနေ့အဖြစ် အလုပ်ရှင်ကိုယ်စားလှယ်မန်နေဂျာတင်ပြသည့် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးသဘောတူစာချုပ်ပါ အချက်အလက်များနှင့် နစ်နာ၍ တောင်းဆိုသူ အလုပ်သမား (၄) ဦး ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်ပတ်သက်သည့် မှတ်တမ်း၊ လူပုဂ္ဂိုလ် သက်သေခံချက်များကို အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** မချောစုလှိုင်၊ မကြူကြူသင်း၊ မလဲ့လဲ့ဝင်း၊ မငုဝါဝင်းတို့မှ အလုပ်ထုတ်ခံရ၍ တိုင်ကြားခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) မချောစုလှိုင်အား အလုပ်ရှင်မှ အချက် (၉) ချက်ကို အကြောင်းပြု၍ စက်ရုံ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ လုပ်ငန်းခွင်အတွင်း မငြိမ်မသက်ဖြစ်စေခြင်း၊ မန်နေဂျာနှင့် ကြီးကြပ်သူများအား မဖွယ်မရာဆက်ဆံခြင်း စသည့် ပြစ်မှုကြီးများနှင့် အသေးအဖွဲပြစ်မှု (၆) ချက်အား ကျူးလွန်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ ကြီးလေးသော ပြစ်မှု (၃) မှုတို့ကို ကျူးလွန်ခဲ့သည့်အပြင် အသေးအဖွဲပြစ်မှုများအတွက် သတိပေးမှတ်တမ်းတင်ခြင်း ခံရမှုတို့ကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

( ခ ) မကြူကြူသင်းအား အလုပ်ရှင်မှ အချက် (၇) ချက်ကို အကြောင်းပြု၍ စက်ရုံ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ လုပ်ငန်းခွင်အတွင်း မငြိမ်မသက်ဖြစ်စေခြင်း၊ မန်နေဂျာနှင့် ကြီးကြပ်သူများအား မဖွယ်မရာဆက်ဆံခြင်း စသည့် ပြစ်မှုကြီးများနှင့် အသေးအဖွဲ ပြစ်မှု (၄) ချက်အား ကျူးလွန်ကြောင်း အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ ကြီးလေးသော ပြစ်မှု (၃) မှုတို့ကို ကျူးလွန်ခဲ့သည့်အပြင် အသေးအဖွဲပြစ်မှုများအတွက် သတိပေးမှတ်တမ်းတင်ခြင်း ခံရမှုတို့ကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

( ဂ ) မလဲ့လဲ့ဝင်းအား အလုပ်ရှင်မှ အချက် (၈) ချက်ကို အကြောင်းပြု၍ စက်ရုံ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ လုပ်ငန်းခွင်အတွင်း မငြိမ်မသက်ဖြစ်စေခြင်း၊ မန်နေဂျာနှင့် ကြီးကြပ်သူများအား မဖွယ်မရာ ဆက်ဆံခြင်း စသည့် ပြစ်မှုကြီးများနှင့် အသေးအဖွဲပြစ်မှု (၅) ချက်အား ကျူးလွန်ကြောင်း အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ပါ ကြီးလေးသော ပြစ်မှု (၃) မှုတို့ကို ကျူးလွန်ခဲ့သည့်အပြင် အသေးအဖွဲပြစ်မှုများအတွက် သတိပေးမှတ်တမ်းတင်ခြင်းခံရမှုတို့ကြောင့် အလုပ်မှထုတ်ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(ဃ) မငုဝါဝင်းအား အလုပ်ရှင်မှ အချက် (၉) ချက်ကို အကြောင်းပြု၍ စက်ရုံ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ လုပ်ငန်းခွင်အတွင်း မငြိမ်မသက်ဖြစ်စေခြင်း၊ မန်နေဂျာနှင့် ကြီးကြပ်သူများအား မဖွယ်မရာဆက်ဆံခြင်း စသည့် ပြစ်မှုကြီးများနှင့် အသေးအဖွဲပြစ်မှု

(၆) ချက်အား ကျူးလွန်ကြောင်း အလုပ်ရှင်၊ အလုပ်သမား သဘောတူ စာချုပ်ပါ ကြီးလေးသောပြစ်မှု (၃) မှုတို့ကို ကျူးလွန်ခဲ့သည့်အပြင် အသေးအဖွဲ့ပြစ်မှုများအတွက် သတိပေးမှတ်တမ်းတင်ခြင်း ခံရမှုတို့ကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** မချောစုလှိုင်၊ မကြူကြူသင်း၊ မလဲ့လဲ့ဝင်း၊ မငုဝါဝင်းတို့အား အလုပ်ထုတ်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ ဤဆုံးဖြတ်ချက်ကို ရက်ပေါင်း (၁၀) အတွင်း လိုက်နာအကောင်အထည်ဖော်ရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးစိုးညွန့် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၉/၂၀၁၃)**

ဒေါ်လှလှ
မြရိပ်ညို (၂) လမ်း၊ ပန်းသတင်းအဆောင်၊
အဆင့်မြင့် (၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဒေါ်ဝင်းဝင်းခိုင် (ပိုင်ရှင်)
Gallant Ocean အအေးခန်းစက်ရုံ၊
မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၂)၊
လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၂)၊ မင်းကြီးမဟာမင်းခေါင်လမ်းရှိ Gallant Ocean အအေးခန်းစက်ရုံ၊ လုပ်ငန်းပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်နှင့် အလုပ်သမား ဒေါ်လှလှတို့ ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၉/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် လျှောက်ထားခြင်းခံရသူ (ပိုင်ရှင်) ဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံ

လျှောက်ထားလာသည့်အမှုကို စစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၉/၂၀၁၃) ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးသန်းမောင်၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ ပါဝင်သော ခုံအဖွဲ့ကို အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ၂-၄-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အထက်အပိုဒ် (၁) ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမား ဒေါ်လှလှသည် အပြစ်မရှိဘဲ အလုပ်မှထုတ်ပယ်ခြင်း ခံရသည့်အတွက် မူလနေရာတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တောင်းဆိုခြင်း။

**သုံးသပ်ချက်အမှတ် (၁)။** (က) အလုပ်ရှင်က အလုပ်သမားဒေါ်လှလှသည် စက်ရုံတွင်း လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့် အပြုအမူများ၊ အပြောအဆိုများနှင့် လုပ်ငန်းခွင်ထိခိုက်နှောင့်ယှက်မှုများကြောင့် အလုပ်မှ ရပ်စဲခဲ့ခြင်း ဖြစ်ကြောင်းကိုလည်းကောင်း၊ စက်ရုံတွင် ဖြစ်ပွားခဲ့သော ဆန္ဒပြတောင်းဆိုမှုတွင် အလုပ်ချိန်အတွင်း ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ မဝင်ရန်နှင့် လုပ်ငန်းခွင် အေးချမ်းမှုကို ထိခိုက်ရန် တားမြစ်ခဲ့သူမှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိလို၍၊ ဌာနအလိုက် ခေါင်းဆောင်များအား ခေါ်ယူမေးမြန်းခဲ့ရာ ခေါင်းဆောင်များ၏ ကြားသိသမျှအား ၎င်းတို့ကိုယ်တိုင် ရေးသားထွက်ဆိုချက်များအရ ဝန်ထမ်း ဒေါ်လှလှဖြစ်ကြောင်း သိရှိရပါ၍ ကုမ္ပဏီ၏စည်းမျဉ်းစည်းကမ်းအရလည်းကောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်အပိုဒ် ၆. ၂(၃) အရလည်းကောင်း၊ တစ်ဦးချင်း သဘောတူညီချက်စာချုပ်အရလည်းကောင်း၊ ၁၇-၁-၂၀၁၃ နေ့တွင် ဒေါ်လှလှအား အလုပ်မှရပ်စဲခဲ့ခြင်း ဖြစ်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသည်။

(ခ) အလုပ်သမား ဒေါ်လှလှနှင့်ပတ်သက်သည်များကို လေ့လာသုံးသပ်ကြည့်ရာတွင် ဒေါ်လှလှသည် စက်ရုံအတွင်း ဖွဲ့စည်းထားသော အခြေခံအလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်တစ်ဦးဖြစ်ပြီး အဖွဲ့၏ ဘဏ္ဍာရေးမှူးတစ်ဦးလည်း ဖြစ်ကြောင်း၊ အမှုသွား၊ အမှုလာဖြစ်စဉ်များကို လေ့လာသုံးသပ်ကြည့်ရှုရာတွင် စက်ရုံအတွင်း၌ ၂၁-၁၂-၂၀၁၂ ရက်နေ့တွင် ဖြစ်ပွားသော အလုပ်သမားအများစုက ဆန္ဒပြတောင်းဆိုခဲ့သည့် လစာတိုးပေးရေး တင်ပြချက်အား အလုပ်ရှင်မှ တိုးပေးမည်ဟု ကတိပြုခဲ့သော်လည်း အလုပ်ရှင်က QC များကိုသာ လစာတိုးပေးခဲ့သည်ကို မကျေနပ်သည့် ကျန်အလုပ်သမားများက ဆန္ဒဖော်ထုတ်ခဲ့ကြသဖြင့် အလုပ်ရှင်က ကျန်အလုပ်သမားများကို ၂၆-၁၂-၂၀၁၂ ရက်နေ့တွင် ပေးမည်ဟု ပြောပြီးမှ တိုးမပေးခဲ့သဖြင့် အလုပ်သမားအများစု၏ ဆန္ဒအရ ထမင်းစားပြီး မွန်းလွဲတစ်နာရီမှ ညနေ (၃)

နာရီခွဲအထိ အလုပ်မလုပ်ဘဲနေခဲ့ကြရာတွင် ပါဝင်ခဲ့သောကြောင့် ၎င်းအားဦးဆောင်သူဟု ယူဆပြီး အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏ လှုံ့ဆော်ချက်ဖြင့် ဆန္ဒပြခြင်းမဟုတ်ကြောင်းကို ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် အလုပ်သမား (၁၂၇) ဦးမှလည်း ထောက်ခံထွက်ဆိုထားကြောင်း၊ အလုပ်သမား ဒေါ်လှလှမှာ လုပ်ငန်းလုပ်သက် (၃) နှစ်ကျော်ရှိသူဖြစ်ပြီး၊ နောက်ဆုံးထုတ်လစာ (၅၈၅၀၀ိ/-) ကျပ် ရရှိနေသော အလုပ်သမားဖြစ်ကြောင်းကိုလည်းကောင်း၊ လုပ်ငန်းခွင် ထိခိုက်ပျက်ပြားအောင် ပြုမူခြင်း၊ အလုပ်ချိန်အတွင်း ဆူပူမှုများဖြစ်အောင် ပြုမူခြင်း တစ်စုံတစ်ရာ မရှိခဲ့၍ စက်ရုံစီမံခန့်ခွဲရေးအပိုင်းမှ စည်းကမ်းဖောက်ဖျက်မှုဖြင့် သတိပေးခဲ့ခြင်း မရှိကြောင်းကိုလည်းကောင်း စက်ရုံမန်နေဂျာမှ ထွက်ဆိုထားသည်ကို သုံးသပ်တွေ့ရှိပါသည်။

(ဂ) ယခုအငြင်းပွားမှုကို ခြုံငုံသုံးသပ်ရလျှင် အလုပ်သမား ဒေါ်လှလှသည် အလုပ်ရှင်မှ စွပ်စွဲထားသည့်အတိုင်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည့်အပြင် ၎င်းသည် အခြေခံအလုပ်သမားအဖွဲ့အစည်း အလုပ်အမှုဆောင်နှင့် ဘဏ္ဍာရေးမှူး တာဝန်များကို တာဝန်ပေး ခန့်ထားခြင်းခံရသူဖြစ်သဖြင့် အလုပ်သမားအဖွဲ့အစည်း ဥပဒေအခန်း (၁၂)၊ တားမြစ်ချက်များအောက်ရှိ ပုဒ်မ (၄၄) (ဃ) ဖြင့် ဖော်ပြထားချက်အရ "ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်း တစ်ရပ်၏ လှုပ်ရှားမှုများကို ဆောင်ရွက်ရန်အလုပ်သမား အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း သို့မဟုတ် သပိတ်မှောက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှ ထုတ်ပစ်ခြင်းမပြုရ" ဟူသော အလုပ်သမားအဖွဲ့အစည်းဥပဒေ၏ အကာအကွယ်ကို ရရှိထိုက်သည်ဟု သုံးသပ်ပါသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။**

(က) အလုပ်သမား ဒေါ်လှလှသည် အပြစ်မရှိဘဲ အလုပ်မှထုတ်ပယ်ခြင်းခံရသည့်အတွက် မူလနေရာတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်သည်။

(ခ) ဒေါ်လှလှသည် အငြင်းပွားမှုအား ရင်ဆိုင်ဖြေရှင်းနေရသည့် အချိန် ကာလကို ကြားကာလနစ်နာကြေးအဖြစ် သတ်မှတ်၍ ၎င်းနောက်ဆုံး ထုတ်ယူခဲ့သည့် လုပ်ခလစာငွေအတိုင်း အလုပ်ရှင်မှ ပေးလျော်စေရမည်။

(ဂ) ဒေါ်လှလှ နောက်ဆုံးထုတ်ယူခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ၏ လစာငွေဟုဆိုရာတွင် ပေးရန် အကျုံးဝင်သော လစာနှင့် ပေးရန် အကျုံးမဝင်သော လစာများကို အောက်ပါအတိုင်း ရှင်းလင်းဖော်ပြလိုက်သည်။

| | | ပေးရန်အကျုံးဝင်သောလစာ | ပေးရန်အကျုံးမဝင်သောလစာ |
|---|---|---|---|
| ၁။ | အခြေခံလစာ (နေ့တွက်လုပ်ခ) | ၂၀၀၀၀/- | - |
| ၂။ | စားစရိတ် | ၁၁၀၀၀/- | - |
| ၃။ | ခရီးစရိတ် | - | ၁၁၅၀၀/- |
| ၄။ | အလုပ်အတွက် ဘောက်ဆူး | ၆၀၀၀/- | - |
| ၅။ | ထောက်ပံ့ကြေး | ၅၀၀၀/- | - |
| ၆။ | ရက်မှန်ဆုကြေး | ၅၀၀၀/- | - |
| ၇။ | အချိန်ပိုလုပ်ခ | - | ၃၅၇၀/- |
| ၈။ | လူမှုဖူလုံရေးကြေး | - | ၄၆၅/- |
| | **စုစုပေါင်း** | **၄၇၀၀၀/-** | **၁၅၅၃၅/-** |

(ဃ) ဤရှင်းလင်းချက်အရ ဒေါ်လှလှအား နောက်ဆုံးထုတ်လစာအဖြစ် သတ်မှတ်သည့် ပေးရန်အကျုံးဝင်သော ငွေအပြည့်အဝကို အလုပ်လက်မဲ့ဖြစ်ရသော ကြားကာလအတွက် နစ်နာကြေးအဖြစ် တွက်ချက်၍ သတ်မှတ်ကာလအတွင်း ထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| ဦးသန်းမောင် | ဦးခင်မောင်ရီ | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၀/၂၀၁၃)**

ဒေါ်သိင်္ဂီခင် (ပိုင်ရှင်)
Myanmar Safe & Sound
Security Service Co.,Ltd } **လျှောက်ထားသူ**

နှင့်

မောင်ကျော်သန်း (လုံခြုံရေးဝန်ထမ်း)
ရေဥက္ကံ၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားလမ်း၊ အမှတ် (၇) ရှိ Myanmar Safe & Sound Co.,Ltd (လုံခြုံရေးကုမ္ပဏီ)ပိုင်ရှင် ဒေါ်သိင်္ဂီခင်နှင့် အလုပ်သမား မောင်ကျော်သန်းတို့ ဖြစ်ပွားသော အငြင်းပွားမှုအား ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၃၅/၂၀၁၂) ကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ထုတ် နစ်နာကြေးရရှိလိုကြောင်း၊ (၈/၂၀၁၂) လအတွက် လုပ်ခလစာကျန်ငွေနှင့် (၉/၂၀၁၂) လအတွက် (၉) ရက်စာလုပ်ခလစာ ရရှိလိုကြောင်း တောင်းဆိုတိုင်ကြားရာမှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၃၅/၂၀၁၂) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဒေါ်သိင်္ဂီခင် (ပိုင်ရှင်) Myanmar Safe & Sound Security Service Co.,Ltd မှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီမှ အမှုအမှတ် (၁၀/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးဌေးအောင်၊ ဦးညာဏတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂) ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၄။ ထိုတောင်းဆိုချက်များပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်း ဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမှ ၎င်းအား အလုပ်မှ ထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ထုတ်နစ်နာကြေး ရရှိလိုကြောင်း (၈/၂၀၁၂) လအတွက် လုပ်ခလစာ

ကျန်ငွေနှင့် (၉/၂၀၁၂) လအတွက် (၉) ရက်စာ လုပ်ခလစာရရှိလိုကြောင်း တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** အလုပ်သမား မောင်ကျော်သန်းအား တာဝန်ချိန်၌ အထက်အရာရှိမှ လာရောက်စစ်ဆေးချိန်တွင် စကားပြောကတောက်ကဆဖြစ်ခြင်း၊ စကားပြောမှားခြင်းကို တွေ့ရှိရသည်။ အလုပ်ရှင်မှလည်း အလုပ်မခန့်ထားနိုင်ကြောင်း ထွက်ဆိုထားပါသည်။ အလုပ်သမားမှလည်း အလုပ်ထုတ်ပယ်ခြင်းခံရသည့်အတွက် အလုပ်ထုတ်နစ်နာကြေးနှင့် လုပ်ခကျန်ငွေများကိုသာ ရရှိလိုသည်ကို သုံးသပ်တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမားအား နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၁) လစာစုစုပေါင်း (၂) လစာနှင့် (၈/၂၀၁၂) လအတွက် လုပ်ခကျန်ငွေ (၅၃၀၀၀ိ/-) ကျပ်နှင့် (၉/၂၀၁၂) လအတွက် (၉) ရက်စာလုပ်ခကျန်ငွေ (၁၈၃၄၆/-) ကျပ်တို့အားခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

၄။ ခုံအဖွဲ့မှ နစ်နာ၍ လျှောက်ထားသူ၏ ကိုယ်စားလှယ်နှင့် လျှောက်ထားခြင်းခံရသူတို့၏ ထွက်ဆိုချက်များနှင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ အလုပ်ထုတ်ခံရသည့် အလုပ်သမားနစ်နာမှုအတွက် နို့တစ်ကြေး၊ အလုပ်ထုတ်နစ်နာကြေး၊ အလုပ်သမားတာဝန်ထမ်းဆောင်ခဲ့သည့် လုပ်ခလစာ (၁၇၇၃၄၆/-) ကျပ်အား အလုပ်ရှင်မှ ထုတ်ပေးရန်ဆုံးဖြတ်ခဲ့မှုအပေါ် အလုပ်ရှင်မှ နစ်နာသည်ဟု ယူဆ၍ တင်ပြခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။**

(က) အလုပ်ရှင်မှ အလုပ်သမား အလုပ်ဝင်စတွင် (၇) ရက်သင်တန်းပေးခဲ့သည်ဆိုသော်လည်း အလုပ်သမား၏ တာဝန်၊ ရပိုင်ခွင့်၊ အလုပ်ခွင်စည်းကမ်း စသည့် ပြဋ္ဌာန်းချက်များပါသော အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ၊ တည်ဆဲအလုပ်သမားဥပဒေပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသည့် အလုပ်ရှင်ဘက်မှ အသားစီးရယူကာ အလုပ်သမားအား ချုပ်ချယ်ကန့်သတ်သည့် အာမခံကြေး၊ ဒဏ်ကြေး အလုပ်ထုတ်ရေးကိစ္စများကို (၆) ကျပ်တန် တံဆိပ်ခေါင်းစာချုပ်ဖြင့် ချုပ်ဆိုထားကြောင်း တွေ့ရသည်။

(ခ) အလုပ်သမားတာဝန် ကျေစွာ ထမ်းဆောင်ခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ လစာအား (၁၉၃၆) ခုနှစ် အလုပ်လက်ခ ဥပဒေ၊ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုကာ အလုပ်သမားမှ ပေးသွင်းရန်ရှိသည့် ဝတ်စုံကြေး မပေးသွင်းသေးသဖြင့် လစာထုတ်မပေးကြောင်း တွေ့ရှိရသည်။

(ဂ) အလုပ်သမားမှာ အလုပ်ဝင်သည်မှ အချင်းဖြစ်ပွားသည့် အချိန်အထိ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ နှုတ်ဖြင့် သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း စသည့် ဆောင်ရွက်ခံရခြင်းမျိုး မတွေ့ရှိပါ။

(ဃ) အချင်းဖြစ်ပွားသည့် ဖြစ်စဉ်အကြောင်းအရာကို လေ့လာရာတွင် တာဝန်မှူးနှင့် အလုပ်သမားအကြား နားလည်မှု လွဲခြင်း၊ အလုပ်သမားမှ အထက်အရာရှိအား မဖွယ်မရာပြောဆိုခြင်း ရှိသည်ဟု ဆိုနိုင်သော်လည်း တာဝန်ရှိသူအရာရှိအနေဖြင့်လည်း စနစ်တကျ ဆက်ဆံပြောဆိုစစ်ဆေးရန် ပျက်ကွက်သည်ဟု ယူဆနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် အလုပ်သမားတစ်ဦးတည်းသာ ပျက်ကွက်ကျူးလွန်သည်ဟု မယူဆနိုင်ပါ။ တာဝန်ရှိသူအရာရှိအနေဖြင့်လည်း စနစ်တကျပြောဆိုဆက်ဆံ၊ ထိန်းကျောင်းကာ စနစ်တကျ အရေးယူရန် ပျက်ကွက်ခဲ့သည်ဟု သုံးသပ်ရသည်။

(င) အထက်အရာရှိအား အလုပ်သမားမှ မသင့်မလျော် ဆက်ဆံပြုမူခဲ့သည်ဟု အလုပ်ရှင်ဘက်မှ ယူဆနိုင်သော်လည်း အလုပ်သမား၏ တာဝန်၊ အလုပ်ခွင်စည်းကမ်း၊ စည်းကမ်းဆိုင်ရာ အရေးယူမှု လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး အလုပ်ရှင် အလုပ်သမား သင့်တင့်မျှတသည့် ဆက်ဆံရေး၊ အကြောင်းခြင်းရာများကို အခြေခံကာ "လူမှုရေးမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး" ဟူသော သဘောတရားအရ နှစ်ဖက်တာဝန်ရှိသည့် အခြင်းအရာမျိုးတွင် အလုပ်သမားအား တစ်ကြိမ်တည်းဖြင့် ပြင်းထန်သော အလုပ်ထုတ်ပြစ်ဒဏ်သည် အလုပ်သမားအနေဖြင့်နစ်နာသည်ဟု သုံးသပ်ရရှိသည်။

(စ) နောင်တွင်လည်း ယခုကဲ့သို့သော လုပ်ငန်းဌာနကြီးမျိုးတွင် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားဖွယ်ပြဿနာ အသေး၊ အကြီး ပေါ်ပေါက်လာနိုင်သည်။ ထို့ကြောင့် အလုပ်ရှင်နှင့် စီမံခန့်ခွဲရေး တာဝန်ရှိသူများအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်း အလုပ်သမားဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ကျင့်စဉ်၊ ကျင့်ထုံး ပြဋ္ဌာန်းချက် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ပျက်ကွက်မှုတစ်ကြိမ်တည်းဖြင့် အပြင်းထန်ဆုံး ပြစ်ဒဏ်ဖြစ်သည့် အလုပ်ထုတ်ခံရသည့် အလုပ်သမား မောင်ကျော်သန်း (လုံခြုံရေး) အား ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း အောက်ပါ နစ်နာကြေးကို အလုပ်ရှင်မှ ထုတ်ပေးရန် အတည်ပြု ဆုံးဖြတ်သည်။

| | | |
|---|---|---|
| နို့တစ်ကြေး (၁) လစာ | = | ၅၃၀၀၀/- |
| အလုပ်ထုတ်နစ်နာကြေး (၁) လစာ | = | ၅၃၀၀၀/- |
| (၈/၂၀၁၂) လအတွက် လစာငွေ | = | ၅၃၀၀၀/- |
| (၉/၂၀၁၂) အတွက် (၉) ရက်စာလုပ်ခကျန်ငွေ | - | ၁၈၃၄၆/- |
| **စုစုပေါင်းနစ်နာကြေး** | **=** | **၁၇၇၃၄၆/-** |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၅။ အလုပ်သမားအား နစ်နာကြေးပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးဌေးအောင် | ဦးစိုးညွန့် | ဦးညာဏ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်** **ပုံစံ (၁၁)**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၁/၂၀၁၃)**

ဦးစလုကြိုင် (H.R Manager)
ပိုင်ရှင် (M.R.K.W.LEE ကိုရီးယားနိုင်ငံသား)
ကိုယ်စားလှယ် JE WOO အထည်ချုပ်စက်ရုံ
အမှတ် (၁၀၄/၁၀၇/၁၀၈)၊ မြမာလာလမ်း
သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

မဖြိုးအိထွန်း (ကုန်ထုတ်လက်ထောက်မန်နေဂျာ)
အမှတ် (၄၅၁)၊ ရွှေဟသ်ာ (၉) လမ်း၊
(၁၀၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သာကေတစက်မှုဇုန်၊ မြမာလာလမ်း၊ အမှတ် (၁၀၄/၁၀၇/၁၀၈) ရှိ JE WOO အထည်ချုပ်စက်ရုံ (H.R Manager) ဦးစလုကြိုင်၊ ပိုင်ရှင် M.R.K.W. LEE (ကိုရီးယားနိုင်ငံသား ကိုယ်စားလှယ်) နှင့် ကုန်ထုတ်လက်ထောက်မန်နေဂျာ မဖြိုးအိထွန်းတို့ ဖြစ်ပွားသော အငြင်းပွားမှုအား သာကေတမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ၂၂-၃-၂၀၁၃ နေ့တွင် စစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၃/၂၀၁၃) ကို ကြားနာစစ်ဆေးပြီး ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှ ထုတ်ခံရသဖြင့် နစ်နာကြေးရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးစီးလုပ်ကိုင် (H.R Manager) ပိုင်ရှင် M.R.K.W. LEE (ကိုရီးယားနိုင်ငံသားကိုယ်စားလှယ်) JE WOO အထည်ချုပ်စက်ရုံက အောက်ပါကောက်ချက်နှင့် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်ထုတ်ခြင်းအား မကျေနပ်၍ အလုပ်ပြန်လည်ဝင်ရောက်ခွင့်ပေးရန် (သို့မဟုတ်) လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** မဖြိုးအိထွန်းအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၂)လစာ စုစုပေါင်း (၃) လစာအား ၎င်း၏ နောက်ဆုံးထုတ်လစာ (ပုံသေလစာ) (၃၀၂၅၇၇/-) (ကျပ် သုံးသိန်းနှစ်ထောင်ငါးရာခုနစ်ဆယ့်ခုနစ်တိတိ) ဖြင့် စုစုပေါင်း (၉၀၇၇၃၁/-) (ကျပ် ကိုးသိန်းခုနစ်ထောင်ခုနစ်ရာသုံးဆယ့်တစ်တိတိ) အား ပေးရန်ဆုံးဖြတ်လိုက်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၁၃/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးစီးလုပ်ကိုင် (H.R Manager) ပိုင်ရှင် M.R.K.W.LEE (ကိုရီးယားနိုင်ငံသားကိုယ်စားလှယ်) JE WOO အထည်ချုပ်စက်ရုံက ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၁/၂၀၁၃) အား ကြားနာစစ်ဆေးရန် ၂-၄-၂၀၁၃ နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

| | | |
|---|---|---|
| (၁) | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| (၂) | ဦးထွန်းအေး | အဖွဲ့ဝင် |
| (၃) | ဦးဇော်ဝင်းထွန်း | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲအား လက်ခံရရှိပြီးနောက် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တင်ပြချက်များ၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့် မှတ်တမ်း၊ မှတ်ရာများနှင့် သာကေတမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅/၂၀၁၃) တင်ပြချက်များ၊ နှစ်ဖက်သော သက်သေခံချက်များကို ၃-၄-၂၀၁၃ ရက်နေ့တွင် စုံညီရုံးထိုင်၍ စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ကောက်ချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များနှင့် ၂၉-၃-၂၀၁၃ ရက်စွဲပါ ဦးစီးလုပ်ကိုင် (H.R Manager) JE WOO အထည်ချုပ်စက်ရုံ၏ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ် (၁၃/၂၀၁၃) နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား ပြန်လည်သုံးသပ်ပြင်ဆင်ချက်ပြုပါရန် လျှောက်ထားချက်တို့ကို အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး သုံးသပ်ဆုံးဖြတ်ခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၃/၂၀၁၃) ဆုံးဖြတ်ချက်အား ပြန်လည်သုံးသပ်ပြင်ဆင်ပေးပါရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** (က) မဖြိုးအိထွန်း (ကုန်ထုတ်လက်ထောက်မန်နေဂျာ) နှင့် ကိုနိုင်ဝင်း (လျှပ်စစ်ကျွမ်းကျင်တာဝန်ခံ) တို့သည် ၉-၂-၂၀၁၃ ရက်နေ့ နံနက် (၁၁း၃၀) အချိန် ထမင်းစားနားချိန် Gate Pass ဖြင့် ထွက်ချိန် စက်ရုံအနီးရှိ ထမင်း၊ လက်ဖက်ရည်ဆိုင်တွင် လူမှုရေးအရ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) ခိုက်ရန်ဖြစ်ပွားစဉ် မဖြိုးအိထွန်းက ကိုနိုင်ဝင်းအား အအေးပုလင်းဖြင့် ခေါင်းအား ရိုက်နှက်သဖြင့် ကိုနိုင်ဝင်း၏ ခေါင်းနောက်စေ့ပေါက်ပြဲခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာနသို့ သွားရောက်ပြသ၍ (၆) ချက် ချုပ်ရသည့် နာကျင်မှုဖြစ်မှုကို ကျူးလွန်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ဂ) စက်ရုံအလုပ်ချိန်သည် နံနက် (၇း၃၀) မှ (၁၆း၀၀) နာရီထိဖြစ်ပြီး ထမင်းစားချိန်မှာ (၁၁း၃၀) မှ (၁၂း၂၀) နာရီထိ မိနစ် (၄၀) ခွင့်ပြုထားသည်။ ခိုက်ရန်ဖြစ်ပွားချိန်သည် (၁၁း၃၅) နာရီတွင် ဖြစ်ပွားခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ဃ) မဖြိုးအိထွန်းသည် နေ့ဝက်ခွင့်ယူထားစဉ် ခိုက်ရန်ဖြစ်ပွားသည်ဟု ဆိုသော်လည်း ဖြစ်ပွားချိန်မှာ အလုပ်ချိန်အတွင်းဖြစ်ပြီး နေရာဌာနအားဖြင့် စက်ရုံမှ (၁၀) ကိုက်ခန့်အကွာတွင် ဖြစ်ခဲ့ကြသည်။ ခိုက်ရန်ဖြစ်မှုမှာလည်း စက်ရုံလုပ်သား ဝန်ထမ်းအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့သဖြင့် အပြစ်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

(င) JE WOO MFG Co.,Ltd အထည်ချုပ်စက်ရုံ၏ အလုပ်ခန့်ထားခြင်းနှင့် ရပ်စဲခြင်းဆိုင်ရာ သဘောတူညီချက် E.C တွင် ပြစ်မှု၊ ပြစ်ဒဏ်ဖော်ပြချက်၌ အလုပ်ခွင်တွင် တစ်စုံတစ်ဦးအား အပြင်းအထန်နာကျင်စေခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းကို ကျူးလွန်ခဲ့ပါက နစ်နာကြေး၊ လျော်ကြေးမရရှိဘဲ အလုပ်မှ ရပ်စဲခြင်းခံရမည်ဟု E.C စာချုပ်ပါ အချက်များကို သိရှိပြီး သတ်မှတ်စည်းကမ်းများကို မဖြိုးအိထွန်းနှင့် ခိုက်ရန်ဖြစ်သူ ကိုနိုင်ဝင်းတို့ အလုပ်ချိန်အတွင်း ဖြစ်ပွားခဲ့သဖြင့် ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(စ) ခိုက်ရန်ဖြစ်ပွားသူတစ်ဦးဖြစ်သည့် ကိုနိုင်ဝင်းမှာ စက်ရုံမှပေးသည့် ကရုဏာကြေး တစ်လစာကို လက်ခံရယူပြီး E.C စာချုပ်ဖောက်ဖျက်မှုပြစ်ဒဏ်ကို ခံယူ၍ အလုပ်မှထွက်သွားခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ဆ) အလုပ်ချိန်အတွင်း ခိုက်ရန်ဖြစ်ပွားခြင်းဖြစ်၍ ခိုက်ရန်ဖြစ်ပွားသူ လုပ်သား (၂) ဦးအား E.C စာချုပ်အရ ခံစားခွင့်ပေးရန် မရှိသော်လည်း လူမှုရေးကရုဏာကြေးငွေ တစ်လစီပေး၍ ၁၃-၂-၂၀၁၃ နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့ခြင်းအပေါ် မဖြိုးအိထွန်းက မကျေနပ်၍ အလုပ်ပြန်ဝင်ရောက်ခွင့်ပြုရန် (သို့မဟုတ်) လုပ်သက်နှစ်အရ အလုပ်ထုတ်နစ်နာကြေးရရှိလိုသဖြင့် အဆင့်ဆင့်တင်ပြလာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။**

(က) ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

(ခ) စက်ရုံ တာဝန်ခံများအနေဖြင့် စက်ရုံနှင့်အလုပ်သမားများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို မျက်ခြည်မပြတ် ကာလ၊ ဌာနအလိုက် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိကြောင်း သုံးသပ်အကြံပြုသည်။

(ဂ) မဖြိုးအိထွန်းသည် နေ့တစ်ဝက်ခွင့် ခံစားခွင့်ရရှိချိန်အတွင်း ကျူးလွန်ခဲ့ခြင်းကို သုံးသပ်၍လည်းကောင်း၊ လူမှုရေးကို ထောက်ထား၍လည်းကောင်း အလုပ်ရှင်စက်ရုံမှ လူမှုရေးကရုဏာကြေး (၁) လစာ အစား (၂) လစာပေးရန် ဆုံးဖြတ်သည်။ ထို့ကြောင့် မဖြိုးအိထွန်းအား (ပုံသေလစာ) (၃၀၂၅၇၇/-) (ကျပ်သုံးသိန်းနှစ်ထောင်ငါးရာခုနစ်ဆယ့်ခုနစ်တိတိ) ဖြင့် (၂) လစာအတွက် (၆၀၅၁၅၄/-) (ကျပ်ခြောက်သိန်းငါးထောင်တစ်ရာငါးဆယ့်လေးတိတိ) ကို ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ မဖြိုးအိထွန်းအား ပေးရန်ရှိသော ငွေအား ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| ဦးထွန်းအေး | ဦးမောင်မောင်အုန်း | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံသမာဓိကောင်စီ** **ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၂/၂၀၁၃)**

ဦးဌေးနိုင် (အလုပ်ရှင်)
ကိုယ်စားဦးသန့်ဇင်မြင့် (စီမံမန်နေဂျာ)
Ve Ve အချိုရည်စက်ရုံ
ဘီ-၃/၂၊ စက်မှုပန်းခြံလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။ } **လျှောက်ထားသူ**

နှင့်

မခင်စိန်ဝင်း (အလုပ်သမား)
ထထ-၃၁/၄၆(စ) ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်

**ဆုံးဖြတ်ချက်**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘီ-၃/၂၊ စက်မှုပန်းခြံလမ်းနေ Ve Ve အချိုရည်စက်ရုံ လုပ်ငန်းပိုင်ရှင် ဦးဌေးနိုင်နှင့် အလုပ်သမား မခင်စိန်ဝင်းတို့ ဖြစ်ပွားသော အငြင်းပွားမှုကို မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၃/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် မူလဘူးဆိုင်းဌာနတွင်သာ အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် ဘူးဆိုင်းဌာနတွင် အလုပ်ပြန်လည်မခန့်ထားနိုင်ပါက နစ်နာကြေး ထိုက်သင့်သလောက်ပေးရန် တောင်းဆိုတိုင်ကြားရာမှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များအပေါ်တွင် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး ဆုံးဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူဘက်မှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမခင်စိန်ဝင်းမှ မူလဘူးဆိုင်းဌာနတွင်သာ အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် ဘူးဆိုင်းဌာနတွင် အလုပ်ပြန်လည်မခန့်ထားနိုင်ပါက နစ်နာကြေးထိုက်သင့်သလောက် ပေးရန်တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ဘူးဆိုင်းဌာနမှ အလုပ်သမား မခင်စိန်ဝင်းအား မူလဘူးဆိုင်းဌာနတွင် အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်ခံရသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့ရက်အထိ ကြားကာလနစ်နာကြေး တွက်ချက်ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

၅။ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၃/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးဌေးနိုင် (အလုပ်ရှင်) Ve Ve အချိုရည်စက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၁၂/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးဌေးအောင်၊ ဦးရဲနိုင်ဝင်းတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၂၄-၄-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်ရှင်မှ လုပ်ငန်းသဘောအရ ဘူးဆိုင်းဌာနတွင် လူစားထိုးခန့်အပ်ခဲ့ပြီးခြင်း၊ အလုပ်သမားအား ဘူးဆိုင်းဌာနတွင် ပြန်လည်တာဝန်ပေးလျှင် ၎င်း၏ ကျန်းမာရေးအရ မဖြစ်နိုင်၍ တာဝန်မပေးခြင်းဖြစ်သော်လည်း အလုပ်သမားမှ ဘူးဆိုင်းဌာနတွင်သာ အလုပ်လုပ်ကိုင်လိုကြောင်း တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** အလုပ်သမားမှ ခွင့်မဲ့ပျက်ကွက်ခြင်း၊ အလုပ်ရှင်မှလည်း အလုပ်သမား၏ မူလနေရာတွင် လူအသစ်အစားထိုးခန့်ထားခြင်း၊ လုပ်ငန်းသဘောသဘာဝအရ အလုပ်သမားမှာ ကျန်းမာရေးမကောင်း၍ အလုပ်ရှင်မှ မူလဘူးဆိုင်းဌာနတွင် မထားချင်ကြောင်း တွေ့ရှိရသည်။ သို့သော် အလုပ်ရှင်မှ အလုပ်သမားအား မူလတာဝန်၊ လစာထက်မနိမ့်သော အခြားရုံးပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များ ပေးချင်သောဆန္ဒရှိကြောင်း၊ အလုပ်သမားမှ လုပ်ငန်းနေရာပြောင်းလျှင် သိက္ခာကျသည်ဟု မှတ်ယူနေကြောင်း၊ အလုပ်ရှင်ဘက်မှ မူလဘူးဆိုင်းဌာနသည် မခင်စိန်ဝင်း၏

ကျန်းမာရေးအရ မသင့်လျော်၍ ၎င်း၏ ကျန်းမာရေးနှင့် သင့်လျော်သည့် ရုံးလုပ်ငန်းဌာနသို့ ပြောင်းရွှေ့တာဝန်ပေးလိုကြောင်း တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမားအား အလုပ်မှ ထုတ်ပယ်ခြင်းကို ရပ်စဲပြီး မူလတာဝန် မဟုတ်သည့် ၎င်း၏ ပညာအရည်အချင်းနှင့် သင့်လျော်သည့်ရာထူး တာဝန်ကို ပေးရန် ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်သမားအား အလုပ်ရပ်စဲခဲ့သည့် ၁-၃-၂၀၁၃ မှ ၎င်းအား အမှန် တကယ် အလုပ်ပြန်လည်ခန့်ထားသည့်အချိန်အထိကို ကြားကာလ နစ်နာကြေးအဖြစ် သတ်မှတ်၍ အလုပ်ရှင်ဘက်မှ အလုပ်သမားအား ပေးရန် တာဝန်ရှိသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** မခင်စိန်ဝင်းအား အလုပ်ရပ်စဲခဲ့သည့် ၁-၃-၂၀၁၃ နေ့မှ အလုပ်ပြန်လည် ခန့်ထားသည့်နေ့အထိ အချိန်ကာလကို ကြားကာလနစ်နာကြေးအဖြစ် သတ်မှတ်၍ အောက်ပါသတ်မှတ်ထားသည့် နှုန်းထားများအတိုင်း အလုပ်ရှင်မှ ပေးရန် ဆုံးဖြတ်သည်။

| | | **ပေးရန်အကျုံးဝင်သောလစာ** | **ပေးရန်အကျုံးမဝင်သောလစာ** |
|---|---|---|---|
| ၁။ | မူရင်းလစာ | ၆၀၀၀၀/- | - |
| ၂။ | ရက်မှန်အထူးကြေး | ၅၀၀၀/- | - |
| ၃။ | OT | - | - |
| ၄။ | ရှားပါးစရိတ် | ၅၀၀၀/- | - |
| ၅။ | ပါကင်ကြေး | ၂၈၀/- | - |
| ၆။ | ခံစားခွင့် | ၃၀၀၀/- | - |
| ၇။ | ပျက်ရက်ဖြတ်ငွေ | - | ၁၃၈၄၆/- |
| ၈။ | လူမှုဖူလုံရေးကြေး | - | ၄၆၅/- |
| ၉။ | ဖြတ်ငွေ | - | ၁၀၀၀/- |
| | **စုစုပေါင်း** | **၇၃၂၈၀/-** | **၁၅၃၁၀/-** |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| ဦးငွေအောင် | ဦးစိုးညွန့် | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ပုံစံ (၁၁)**

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၃/၂၀၁၃)**

ဦးမောင်ဝူး (အလုပ်ရှင်)
ကြောင်နက်ခေါက်ဆွဲစက်ရုံ
ဒဒ-၄/၁၄+၁၅ (ဆ) ရပ်ကွက်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊
မန္တလေးတိုင်းဒေသကြီး။ } **လျှောက်ထားသူ**

နှင့်

မနီနီဝင်းပါ အလုပ်သမား (၇) ဦး (အလုပ်သမား)
ညည-၁၇/၅၁(ခ) သင်ပန်းကုန်းရပ်
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊
မန္တလေးတိုင်းဒေသကြီး။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက်

**ဆုံးဖြတ်ချက်**

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဒဒ-၄/၁၄+၁၅(ဆ) ရပ်ကွက်ရှိ ကြောင်နက်ခေါက်ဆွဲစက်ရုံ လုပ်ငန်းပိုင်ရှင် ဦးမောင်ဝူးနှင့် မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့အကြား၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသည့် အငြင်းပွားမှုတစ်ရပ်ကို ပြည်ကြီးတံခွန်မြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ညှိနှိုင်းဖျန်ဖြေ၍ မရသဖြင့် လွှဲအပ်ခဲ့သည့်အတွက် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အမှုအမှတ် (၂/၂၀၁၃) အဖြစ် ကြားနာစစ်ဆေးခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဧပြီ ၈ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့က ၎င်းတို့အား အလုပ်ရှင် ဦးမောင်ဝူးက အလုပ်မှထုတ်ပယ်ခဲ့သည်ဟုဆိုကာ နစ်နာကြေးတောင်းဆိုရာမှ ပေါ်ပေါက်လာသည့် အငြင်းပွားမှု တစ်ရပ်ဖြစ်သည်။ မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့၏ တောင်းဆိုချက်အပေါ် အဆုံးအဖြတ်ပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက်တစ်ချက်ရေးဆွဲပြီး ထိုကောက်ချက်အပေါ်တွင် သုံးသပ်ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။

၃။ အထက်အဆိုပါ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်တွင် အလုပ်ရှင်က မကျေနပ်သည့်အတွက် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြ လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ခုံသမာဓိကောင်စီက အမှုအမှတ် (၁၃/၂၀၁၃) အဖြစ် လက်ခံခဲ့ပြီး ဤခုံအဖွဲ့မှ စစ်ဆေးဆုံးဖြတ်ပေးရန် လွှဲအပ်ခဲ့ခြင်း ဖြစ်သည်။

၄။ ဤခုံအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အမှုအမှတ် (၂/၂၀၁၃) နှင့်သက်ဆိုင်သည့် ကောက်ချက်အပေါ်တွင်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် တင်ပြလျှောက်ထား

ချက်များ၊ သက်သေခံထွက်ဆိုပြောကြားချက်များအပေါ်တွင်လည်းကောင်း အခြေပြု၍ အောက်ပါအတိုင်း ကောက်ချက်တစ်ရပ်ကို ရေးဆွဲခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့ကို အလုပ်ရှင်က အလုပ်ထုတ်သည်မှာ ထင်ရှားခြင်းရှိ/မရှိနှင့် အလုပ်ထုတ်နစ်နာကြေး ခံစားခွင့် ရှိ/မရှိ (အကယ်၍ အလုပ်ထုတ်ခြင်း မဟုတ်ခဲ့လျှင်) အလုပ်သမားများ နစ်နာမှု မရှိစေရန် ကြားကာလနစ်နာကြေးပေး၍ အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

၅။ အထက်ပါကောက်ချက်အပေါ်တွင် မှန်ကန်မျှတစွာ အဆုံးအဖြတ်ပေးနိုင်ရန် အလုပ်သမားက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် စတင်ညှိနှိုင်းဖျန်ဖြေသည့်အချိန်မှ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့တွင် ကြားနာစစ်ဆေးသည့်အချိန်အထိ အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် ထွက်ဆိုပြောကြားချက်များနှင့် အလုပ်ရှင်ဘက်မှ တင်ပြသည့် သက်သေ (၂) ဦးတို့၏ ထွက်ဆိုချက်များကို အသေးစိတ်လေ့လာခဲ့သည်။

၆။ ထို့ပြင် အလုပ်ရှင် ဦးမောင်ပူးအား ၆-၅-၂၀၁၃ ရက်နေ့တွင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်သို့ ခေါ်ယူခဲ့ပြီး ခုံသမာဓိကောင်စီထံ တင်ပြထားသည့် ၎င်း၏ လျှောက်ထားလွှာပါ အချက်များနှင့်စပ်လျဉ်း၍ သေချာရေရာမှုရှိစေရန် ခုံအဖွဲ့၊ အဖွဲ့ဝင်များက မေးမြန်း၍ ထွက်ဆိုချက်ရယူခဲ့သည်။

**သုံးသပ်ချက်အမှတ် (၁)။** (က) ကြောင်နက်ခေါက်ဆွဲစက်ရုံသည် အလုပ်သမား (၃၀) ခန့်ဖြင့် လုပ်ကိုင်သည့် အသေးစားကုန်ထုတ်လုပ်ငန်းတစ်ခု ဖြစ်ပေသည်။ ဤကဲ့သို့သော အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းအတော်များများတွင် တည်ဆဲအလုပ်သမားဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးဆောင်ရွက်ရာ၌ဖြစ်စေ၊ အလုပ်သမားများနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများ စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ အလုပ်ချိန်၊ အလုပ်ဆင်းမှတ်တမ်း၊ လစာမှတ်တမ်း၊ ခွင့်မှတ်တမ်း စသည်များကို ပြည့်ပြည့်စုံစုံ ပြုစုထားရှိခြင်း အစရှိသည့် လုပ်ငန်းများတွင် အားနည်းကြပေသည်။ မှတ်တမ်းမှတ်ရာဖြင့် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ကြခြင်းထက် နှုတ်ဖြင့် အလွယ်တကူ ပြောဆိုလုပ်ကိုင်ကြသည်က များပေသည်။

ယခုကဲ့သို့ အငြင်းပွားမှုမမျှော်လင့်ဘဲ ပေါ်ပေါက်လာသည့်အခါမျိုးတွင် အလုပ်ရှင်ဘက်မှ ခိုင်မာသည့် သက်သေအထောက်အထား တင်ပြရန် တာဝန်ရှိလာပေသည်။ ထိုအချိန်မျိုးတွင် အလုပ်ရှင်အနေဖြင့် ထိုသို့ တင်ပြနိုင်ခြင်းမရှိသည့်အတွက် အခက်အခဲကြုံတွေ့ရပေသည်။ ယခု ကြောင်နက်ခေါက်ဆွဲစက်ရုံသည်လည်း အလားတူပင် အလုပ်သမားများ၏ လုပ်သက်နှင့်စပ်လျဉ်းပြီး တိတိကျကျ ခိုင်ခိုင်မာမာတင်ပြနိုင်ခြင်းမရှိပေ။ သို့ဖြစ်ရာ လုပ်ငန်းရှင်ပိုင်းအနေဖြင့် ဤသို့သောအားနည်းချက်များကို နောင်တွင် ရှောင်ရှားနိုင်ရန် အလုပ်သမားခန့်ထား လုပ်ကိုင်မှုနှင့် သက်ဆိုင်သည်များကို စနစ်တကျပြုပြင်လုပ်ဆောင်ရန် တိုက်တွန်းပြောကြားလိုပေသည်။

(ခ) ဤအငြင်းပွားမှုတွင် မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့က ၎င်းတို့ကို အလုပ်ရှင်က အလုပ်မဆင်းနဲ့တော့ဟု ပြော၍ အလုပ်ထုတ်

လိုက်သည်ဟု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်တွင်လည်းကောင်း ထွက်ဆိုပြောကြားခဲ့ကြသည်။ ထိုသို့ အလုပ်ထုတ်ခြင်းခံရသည့်အတွက် နစ်နာကြေးရလိုကြောင်း တောင်းဆိုခဲ့ကြသည်။

အလုပ်ရှင်ဖြစ်သူက ပြောကြားရာ၌ ၎င်းအလုပ်သမား (၇) ဦးကို အလုပ်မထုတ်ပါဟုဆိုသည်။ အလုပ်သမားများ အလုပ်မဆင်းကြ၍ အလုပ်ဆင်းရန် အလုပ်သမားတစ်ဦးချင်းကို အိမ်တိုင်ရာရောက် သွား၍ခေါ်ခဲ့ကြောင်း၊ အလုပ်ရှင်က အလုပ်သမားများကို နှစ်ကြိမ်တိုင် သွားရောက်ခေါ်သည့်တိုင် အလုပ်သမား (၇) ဦးတို့က မလာလိုကြောင်း ပြန်ပြောခဲ့ကြသည့်အတွက် မလာလိုလျှင် မလာနဲ့တော့ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်မှ ထုတ်ပယ်ခြင်းမဟုတ်ကြောင်း၊ အလုပ်ရှင်ဦးမောင်ဝူး၏ ထွက်ဆိုချက်နှင့် အလုပ်ရှင်ဘက်မှ သက်သေများဖြစ်သည့် မန်နေဂျာဦးမောင်စိန်နှင့် အလုပ်သမား မောင်ရာပြည့်တို့၏ သက်သေခံထွက်ဆိုချက်များတွင် တွေ့ရှိရပေသည်။ မန်နေဂျာဦးမောင်စိန်ကလည်း ၎င်း၏ ၃-၄-၂၀၁၃ ရက်စွဲပါ သက်သေခံစာရွက်တင်သွင်းလွှာတွင် အလုပ်သမား (၇) ဦးကို ကျွန်တော်က အလုပ်နောက်ကျသည့် ရက်တစ်ရက်ကို နားခိုင်းခြင်းဖြစ်ပါသည်။ အလုပ်မှ ထုတ်ပယ်ခြင်းမဟုတ်ပါဟု ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့ကြောင့်အလုပ်သမားများ၏ ပြောကြားချက်နှင့် အလုပ်ရှင်နှင့် ၎င်းဘက်မှ သက်သေတို့၏ပြောကြားချက်တို့တွင် ကွဲပြားချက်များ ရှိနေသည်ကို တွေ့ရှိရပေသည်။ နှစ်ဦးနှစ်ဖက် နားလည်မှု လွဲနေကြသည်မှာ ထင်ရှားပေသည်။ အမှန်တကယ် အလုပ်မှ ထုတ်ပယ်သည်ဟုဆိုပါက အလုပ်ရှင်မှ အလုပ်သမားများကို အလုပ်မှ ထုတ်ပယ်ကြောင်း နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ရှင်းလင်းစွာ ပြောကြားလေ့ရှိကြပေသည်။ သို့ရာတွင် အလုပ်ရှင် ဦးမောင်ဝူးက ၃-၄-၂၀၁၃ ရက်နေ့ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိရှေ့မှောက်တွင် ထွက်ဆိုခဲ့ရာ၌ **ကျွန်တော်အနေဖြင့် ၎င်း(၇) ဦးအား အလုပ်ထုတ်ခဲ့ခြင်းမဟုတ်ပါ။ မိမိတို့ သဘောအလျောက် အလုပ်မှ ထွက်သွားခြင်းသာဖြစ်ပါသည်ဟု ထွက်ဆိုပြောကြားသည်ကို တွေ့ရှိရပြီး** ၂၂-၄-၂၀၁၃ ရက်စွဲဖြင့် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားသည့် စာ၏ စာပိုဒ်အမှတ် (၄) တွင် **"စက်ရုံပိုင်ရှင် ကျွန်တော့်အနေ ဖြင့် မနီနီဝင်းပါ (၇) ဦးအား အလုပ်မှထုတ်ပယ်ရန် ဆန္ဒမရှိခဲ့ပါ၊ အလုပ်ဆက်ဆင်းစေလိုပါသည်။ ၈-၄-၂၀၁၃ ရက်နေ့အထိ အလုပ်ပျက်ရက်များအတွက်လည်း လုပ်အားခပေးချေမည်ဖြစ်ပါသည်"** ဟူ၍ ရေးသားဖော်ပြထားပေသည်။ ဤအချက်မှာ အလုပ်ရှင်ကိုယ်တိုင် ပြောကြားသည့် တရားဝင်ကတိစကားဖြစ်၍ ဤခုံအဖွဲ့အနေဖြင့် လျစ်လျူရှု၍ မရပေ။

ဤသို့ဆိုပါက အလုပ်ရှင်သည် အလုပ်သမားများကို အမှန်တကယ် အလုပ်ထုတ်ရန်ဆန္ဒမရှိ၊ အလုပ်ထုတ်ရန် ကြိုတင်စီစဉ်လုပ်ဆောင်မှုမရှိဟု ယူဆရပေမည်။ အလုပ်ရှင်က အလုပ်ထုတ်ခြင်းမဟုတ်ဘဲ အလုပ်သမားဖြစ် သူက မိမိအလုပ်ရှင်၏ အလုပ်တွင် လုပ်ကိုင်လိုခြင်းမရှိဟု ဆိုပါက အလုပ်သမားဖြစ်သူသည် မိမိသဘောဆန္ဒအလျောက် အလုပ်မှနုတ်ထွက်သည့်သဘော သက်ရောက်ပေလိမ့်မည်။ ဤအခြေအနေမျိုးတွင် တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်းများအရ အလုပ်သမားသည် နစ်နာကြေးရခွင့် မရှိနိုင်ပေ။ **အလုပ်မှ မတရားထုတ်ပယ်ခံရခြင်းနှင့် မိမိသဘောအလျောက် အလုပ်မလုပ်လိုတော့ခြင်းဟူသည်တို့မှာ လွန်စွာကွဲပြားခြားနားပေသည်။**

အလုပ်သမားများအဖို့ မိမိတို့၏စားဝတ်နေရေးတို့အတွက် မိမိကျွမ်းကျင်မှုနှင့်ဆက်စပ်သည့် အလုပ်အကိုင်တစ်ခုကို ရရှိရန်မလွယ်ကူပေ။ သို့ဖြစ်၍ အလုပ်သမားများအနေဖြင့် ခဏတာမျှသာ သုံးစွဲနိုင်မည့် မပြောပလောက်သည့် နစ်နာကြေးရယူခြင်းထက် လစဉ်ပုံမှန်ဝင်ငွေရရှိသည့် မိမိကျွမ်းကျင်သည့် မူလအလုပ်ပြန်လည်လုပ်ကိုင်ခြင်းကို ဤခုံအဖွဲ့က အားပေးလိုပေသည်။ မိမိတို့နှစ်ရှည်လများ လုပ်ကိုင်လာခဲ့ပြီး ကျွမ်းကျင်မှုရရှိပြီးဖြစ်သည်။ အလုပ်တစ်ခုကို အလွယ်တကူမစွန့်လွှတ်သင့်ဟု ယူဆမိပေသည်။ အလုပ်ရှင်ကလည်း မိမိတို့၏မူလအလုပ်တွင် ပြန်လည်လုပ်ကိုင်နိုင်ရန် လမ်းဖွင့်ထားသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက် အာဃာတများ ပယ်ဖျောက်ကြပြီး ပိုနေမြဲ ကျားနေမြဲ အလုပ်လုပ်ကိုင်သွားခြင်းက သင့်မြတ်ကောင်းမွန်သည့် နည်းလမ်းဖြစ်သည်ဟု ခုံအဖွဲ့က သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** မနီနီဝင်းပါ အလုပ်သမား (၇) ဦးတို့ကို အလုပ်ရှင်က အလုပ်ထုတ်ပယ်ကြောင်း မထင်ရှားသည့်အတွက် အလုပ်ရှင်၏ ကတိစကားအတိုင်း မနီနီဝင်း (ပါ) အလုပ်သမား (၇) ဦးတို့ကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၁၅) ရက် (ရုံးပိတ်ရက်မပါ) အတွင်းအငြင်းပွားမှုမဖြစ်ပွားမီက လုပ်ငန်းတာဝန်နှင့် လုပ်ခနှုန်းထားအတိုင်း အလုပ်ပြန်လည်ခန့်ထားခြင်းနှင့်အတူ ၎င်းတို့အတွက် ကြားကာလ နစ်နာကြေးအဖြစ် ၁၅-၃-၂၀၁၃ ရက်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိ ကြာမြင့်သည့် နေ့ရက်များအတွက် လုပ်ခတစ်ဝက်နှုန်းဖြင့် တွက်ချက်၍ ပေးရမည်။ အကယ်၍ ကတိအတိုင်း အထက်ပါ သတ်မှတ်ရက်အတွင်း ကြားကာလနစ်နာကြေးပေး၍ အလုပ်ပြန်လည် ခန့်ထားရန် ပျက်ကွက်ပါက မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှု (၂/၂၀၁၃) အတွက် ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့် ဇယားအတိုင်း အဆိုပါ အလုပ်သမား (၇) ဦးအတွက် နစ်နာကြေးကို ခုံသမာဓိဆုံးဖြတ်ချက်

ချမှတ်သည့် ၈-၄-၂၀၁၃ ရက်နေ့မှ ရက်ပေါင်း (၃၀) ပြည့်သည့် (ရုံးပိတ်ရက်များမပါ) ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်အတွင်း ပေးရမည်။ ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေကဲ့သို့ ကောက်ခံရမည်ဖြစ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး<br>အဖွဲ့ဝင် | ဦးအေးငွေ<br>ဥက္ကဋ္ဌ | ဒေါ်စန်းစန်းဦး<br>အဖွဲ့ဝင် |

**ပုံစံ (၁၁)**

**ခုံသမာဓိကောင်စီ**
**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၄/၂၀၁၃)**

ဒေါ်ခင်ဌေးရီပါ (၆) ဦး
အမှတ် (၁၁၄၃/ခ)၊ မင်္ဂလာသိဒ္ဓိလမ်း၊
လှိုင်သာယာမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဒေါက်တာမင်းမင်း(ပိုင်ရှင်)
ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံ
အမှတ် (၁၇၃)၊ ဆိပ်ကမ်းသာလမ်း၊
စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်အမှတ် (၄)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၇၃) ရှိ ထိပ်တန်းမြန်မာအထည်ချုပ်စက်ရုံ၊ လုပ်ငန်းပိုင်ရှင် ဒေါက်တာမင်းမင်းနှင့် အလုပ်သမား ဒေါ်ခင်ဌေးရီပါ (၆) ဦးတို့ ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၂၂/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် လျှောက်ထားသူ (အလုပ်သမား) ဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသည့်အမှုကို စစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီ အမှုအမှတ် (၁၄/၂၀၁၃) ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးသန်းမောင်၊ အဖွဲ့ဝင် ဦးဇော်ဝင်းထွန်းတို့ ပါဝင်သော ခုံအဖွဲ့ကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၂၄-၄-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အထက်အပိုဒ် (၁) ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ဒေါ်ခင်ဌေးရီပါ အလုပ်သမား (၆) ဦးသည် အလုပ်ခန့်ထားရေး စာချုပ်ပါ စည်းကမ်းများကို ချိုးဖောက်ခြင်းမရှိဘဲ (အပြစ်မရှိဘဲ) အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့်အတွက် မူလနေရာတွင် မူလလစာဖြင့် အလုပ် ပြန်လည်ခန့်ထားပေးရန် တောင်းဆိုခြင်း။

**သုံးသပ်ချက်အမှတ် (၁)။** ဤအငြင်းပွားမှုဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ကြည့်ရာ အောက်ပါ အတိုင်း တွေ့ရှိသည်။

(က) လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏အငြင်းပွားမှုအစီရင် ခံစာတွင် "အလုပ်ရှင်မှ စွပ်စွဲသည့် ဆူပူမငြိမ်သက်မှုများ လုပ်ဆောင်ခြင်း၊ သွေးထိုးလှုံ့ဆော်မှုများရှိနေခြင်းဆိုသည်မှာ ၅-၁-၂၀၁၃ ရက်နေ့တွင် စက်ရုံပိုင်ရှင် ဒေါက်တာမင်းမင်းမှ ဝန်ထမ်း (၇၀၀) ကျော်အား ခေါ်ယူတွေ့ဆုံပြီး လစာတိုးပေးမည်ဟု ပြောဆို ခဲ့ခြင်း၊ ၅-၂-၂၀၁၃ ရက်နေ့ လစာထုတ်သည့်အခါ ယခင်ရရှိသည့် လစာထက် (၁၀၀၀၀ိ/-) ခန့် နည်းပါးနေ၍ အလုပ်သမား ၃၀၀ ခန့် စုဝေးတိုင်ပင်နေခြင်းသာ ဖြစ်ပြီး၊ Super, Leader များမှ မိမိတို့၏ လိုင်းသားများအား လာရောက်ခေါ်သည့်အခါ ၎င်းတို့ (၆) ဦးသာ ကျန်ရှိနေခြင်းအတွက် စက်ရုံမှ ဆူပူလှုံ့ဆော်သူများဟု ထင်မြင် ယူဆပြီး နောက်တစ်နေ့ အလုပ်ဝင်ရောက်ချိန်တွင် အလုပ်သမား များမှ တောင်းပန်သော်လည်း အလုပ်ဝင်ရောက်ခွင့်မပြုဘဲ အလုပ်မှ ထုတ်ခဲ့ခြင်းသာဖြစ်ပါသည်။ အလုပ်သမားများမှ လုပ်ငန်းခွင်အခက်အခဲနှင့် မိမိတို့ရပိုင်ခွင့်များ တင်ပြတောင်းဆိုမှု အပေါ် အလုပ်လည်း ပြန်လည်မခန့်ထားလိုခြင်း၊ အလုပ်ထုတ် နစ်နာကြေးပေးရန်လည်း ဆန္ဒမရှိသဖြင့် ညှိနှိုင်းမရရှိခြင်း ဖြစ်ပါသည်" ဟူ၍ ဖော်ပြထားသည်ကို သုံးသပ်ရရှိပါသည်။

(ခ) တစ်ဖန် ခုံသမာဓိအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက် နေ့တွင် အမိန့်ချမှတ်ခဲ့သည့် အငြင်းပွားမှုအမှတ် (၂၂/၂၀၁၃) ၏ ဆုံးဖြတ်ချက် အပိုဒ် ၂၊ သုံးသပ်ချက်အမှတ် (၁) စာကြောင်းရေ (၁၂) တွင် "ဒေါ်ခင်ဌေးရီပါ အလုပ်သမား (၆) ဦးသည် တာဝန် ထမ်းဆောင်သည့်ကာလအတွင်း အခြားမည်သည့် ပြစ်ဒဏ်မျှ ကျူးလွန်ထားခြင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးထားခြင်းများ မရှိကြောင်း စစ်ဆေးတွေ့ရှိရသည်" ဟု သုံးသပ်ဖော်ပြထား သည်ကို သုံးသပ်ရရှိပါသည်။

(ဂ) စက်ရုံအုပ်ချုပ်ရေးမှူး ဦးလှထွေး၏ ၂-၄-၂၀၁၃ ရက်နေ့ ထွက်ဆို ချက်တွင် "အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ၂၀၁၂ အခန်း (၁) ပုဒ်မ (၂) ပုဒ်မခွဲ (ဈ) ကို ငြိစွန်း၍ အလုပ်မှ ထုတ်ရခြင်းဖြစ်ပါသည်" ဟူ၍လည်းကောင်း၊

၎င်း၏ ၁၉-၃-၂၀၁၃ နေ့စွဲဖြင့် ခုံသမာဓိအဖွဲ့သို့ တင်ပြခဲ့သည့် ချေပလွှာတွင် "၎င်းတို့ကျူးလွန်သော ပြစ်မှုမှာ - ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၅) အခန်း (၇) ပုဒ်မ (၁၈) အား ကျူးလွန်ကြောင်း ထင်ရှားပါသည်။ နိုင်ငံတော်မှ ပြဋ္ဌာန်း

ထားသော တည်ဆဲဥပဒေကို ချိုးဖောက်သော်လည်း ကျွန်တော်များအနေဖြင့် မိမိ၏ အလုပ်သမားများဖြစ်ခြင်းကြောင့် ငဲ့ညှာသောအားဖြင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းသို့ တိုင်ကြားခြင်း၊ အကြောင်းကြားခြင်း မရှိခဲ့ပါ" ဟူ၍လည်းကောင်း၊ မတူကွဲပြားသော ထွက်ဆိုမှုပြုခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

(ဃ) ကျွန်ုပ်တို့ခုံအဖွဲ့အနေဖြင့် အထက်တွင် အကြောင်းအရာတစ်ခုချင်းအလိုက် သုံးသပ်ခဲ့ခြင်းများအပေါ် ပြန်လည်ပေါင်းစည်းခြုံငုံ သုံးသပ်လိုက်ပါက-

(ကက) စက်ရုံပိုင်ရှင်၏ ၅-၁-၂၀၁၃ ရက်နေ့တွင် အလုပ်သမား ၇၀၀ အား အစည်းအဝေးခေါ်ပြီး လစာတိုးပေးမည်ဟု ကြေညာပြီးခါမှ ၅-၂-၂၀၁၃ နေ့လစာထုတ်ပေးသည့်အခါ မူလလစာထက် ကျပ်ငွေ (၁၀၀၀၀ိ/-) ခန့် လျော့နည်းသွားခြင်း၊

(ခခ) ၆-၂-၂၀၁၃ ရက်နေ့ ထမင်းစားပြီးချိန် (၁၂း၃၀) နာရီမှ ညနေ (၃) နာရီကြားတွင် လုပ်သား ၃၀၀ ဦးခန့် စုဝေးပြီး စက်ရုံပိုင်ရှင်၏ ကတိမတည်သည့်အပြင် ရပြီးလစာလျော့နည်းသွားသည့်ကိစ္စနှင့် အလုပ်သမားများမှ လုပ်ငန်းခွင်အခက်အခဲနှင့် မိမိတို့ရပိုင်ခွင့်များ တင်ပြတောင်းဆိုမှုအပေါ် စက်ရုံပိုင်ရှင်မှ ပြေလည်အောင် ညှိနှိုင်းပေးမှုမရှိသည့်ကိစ္စကိုသာ တိုင်ပင်ဆွေးနွေးကြခြင်းဖြစ်ကြောင်း တွေ့ရှိပါသည်။ အလုပ်သမားများက လုပ်ခလစာတိုးမြှင့်ပေးရန်နှင့် တောင်းဆိုချက် (၇) ချက်ကို စုပေါင်းတောင်းဆိုကြခြင်းဖြစ်ပါသည်။ (၁) နာရီခန့်ကြာသောအခါ စက်ပြင်ခေါင်းဆောင်ဖြစ်သူ ဦးသက်ထွန်းအောင် ထွက်လာပြီး အလုပ်ရှင်နှင့် ညှိနှိုင်းပေးသော်လည်း မရကြောင်း၊ တစ်ဖန် ညနေ (၁၅း၀၀) နာရီတွင် အုပ်ချုပ်ရေးမှူး ဦးလှထွေးရောက်လာပြီး လစာတိုးပေးရန်နှင့် ကူပွန်ကိစ္စကို မလိုက်လျောပေးနိုင်ကြောင်း၊ ကျန်အချက်များကို တဖြည်းဖြည်း လိုက်လျောပေးမည်ဖြစ်ကြောင်းကို ၎င်းအလုပ်သမား (၆) ဦးအား ဖျောင်းဖျပြောဆို၍ အလုပ်ပြန်ဝင်ခိုင်းသော်လည်း ၎င်းတို့က တောင်းဆိုချက် (၇) ချက်ကို မလိုက်လျောပါက အလုပ်သမားရုံးသို့ တိုင်မည် ပြောပြီး ညနေ (၄) နာရီအချိန်တွင် စက်ရုံပြင်ပသို့ ထွက်ခွာသွားကြောင်း စိစစ်တွေ့ရှိပါသည်။

(ဂဂ) ၇-၂-၂၀၁၃ နေ့တွင် အလုပ်ဆင်းရန် လာသော်လည်း စက်ရုံအတွင်း အဝင်မခံဘဲ အလုပ်မှ ထုတ်ပယ်လိုက်ကြောင်း ခေါ်ယူပြောကြားခဲ့သဖြင့် ဖျန်ဖြေရေးရုံးသို့ သွားရောက်တိုင်ကြားရာမှ အငြင်းပွားမှု စတင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ဤဖြစ်စဉ်ကို တည်မီ၍ စက်ရုံ၏ အခြေ

အနေကို လေ့လာကြည့်သည့်အခါ အဆိုပါစက်ရုံ၌ အခြေခံအလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းထားခြင်း မရှိပါ။ ၎င်းအပြင် စက်ရုံ၌ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ၂၀၁၂ ခုနှစ် အရ ဖွဲ့စည်းရမည်ဟု ပါရှိသော်လည်း၊ "အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ" ကို ဖွဲ့စည်းမထားသည့်အတွက် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြားညှိနှိုင်းပေးမည့် ကြားခံအဖွဲ့ မရှိဖြစ်ကာ အလုပ်သမားအများစု၏ စုပေါင်းတောင်းဆိုမှု အသွင်ဆောင်သွားခြင်းဖြစ်ပါသည်။ ဆန္ဒပြမှုအသွင် မဆောင်ပါ။

(ဃဃ) အလုပ်ရှင်ဘက်မှ တင်ပြသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၂ (ဈ) မှာ "သပိတ်မှောက်ခြင်း" စကားရပ်၏ အဓိပ္ပာယ်ဖော်ပြချက်သာ ဖြစ်ပါသည်။ ဒေါ်ခင်ဌေးရီပါ (၆) ဦးနှင့် အခြားအလုပ်သမားများ၏ ဆောင်ရွက်ပုံမှာ ယင်းဥပဒေပုဒ်မ (၄၀) တွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း (သို့မဟုတ်) သပိတ်မှောက်ခြင်းတွင် အကျုံးဝင်ကြောင်း မတွေ့ရှိပါ။ အလုပ်ရှင်က ကတိအတိုင်း မဆောင်ရွက်ဟု ယူဆ၍ အလုပ်သမားရုံးသို့ တိုင်ကြားရန် အားထုတ်ကြကြောင်းဖြင့်သာ တွေ့ရှိရသည်။ တစ်ဖန် ယင်းဥပဒေပုဒ်မ (၄၂) တွင် "မည်သူမျှ သပိတ်မှောက်ခြင်းတွင် ပါဝင်ဆောင်ရွက်လိုခြင်း မရှိသည့် အလုပ်သမားများ၏ လွတ်လပ်စွာ အလုပ်လုပ်ကိုင် ခွင့်ကို တားမြစ်ခြင်းသော်လည်းကောင်း၊ အလုပ်သမား၏ သပိတ်မှောက်ခြင်းပြုနိုင်သည့်အခွင့်အရေးကို နှောင့်ယှက် ဟန့်တားခြင်းသော်လည်းကောင်း မပြုရ" ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။

( ငင ) ထို့အပြင် အလုပ်ရှင်ဘက်မှ တင်ပြသော ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၅/၂၀၁၁) (ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ) နှင့်လည်း ယခုအမှုကိစ္စမှာ ဆက်စပ်ပတ်သက်မှု မရှိဟု သုံးသပ်သည်။ မိမိလုပ်ငန်းခွင်အတွင်း အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို တောင်းဆိုခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၂၄) ပါ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်က အသစ်ပြဋ္ဌာန်းခဲ့သော အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၅/၂၀၁၂) အရသာ သုံးသပ်ဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်ကြောင်း သုံးသပ်သည်။ အလုပ်ရှင်က မိမိသဘောဖြင့်

ဒေါ်ခင်ဌေးရီပါ (၆) ဦးအပေါ် ဥပဒေအမှတ် (၁၅/၂၀၁၁) ကို ကျူးလွန်သည်ဟု သတ်မှတ်ပြီး အလုပ်မှ ထုတ်ပယ်ခြင်းမှာ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု မရှိကြောင်း တွေ့ရှိရသည်။ ယင်းဥပဒေအရ အရေးယူရန်မှာလည်း ၎င်းဥပဒေ၏ အခန်း (၈) အထွေထွေ ပုဒ်မ (၂၀) တွင် "ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်သည်" ဟု ဖော်ပြထားသဖြင့် အလုပ်ရှင်က မိမိသဘောဖြင့် ဆုံးဖြတ်ချက်ချရမည် မဟုတ်ချေ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကသာ အရေးယူဆောင်ရွက်ခွင့်ရှိပြီး တရားရုံးတော်ကသာ အပြစ်ရှိ/မရှိ ဆုံးဖြတ်ပိုင်ခွင့်ရှိပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့ ခုံအဖွဲ့အနေဖြင့် အလုပ်ရှင်က ယခုကဲ့သို့ အကြောင်းပြချက်ဖြင့် အလုပ်မှ ထုတ်ပယ်ခြင်းသည် ဥပဒေနှင့်မညီညွတ်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ၉-၄-၂၀၁၃ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၂၂/၂၀၁၃) ဖြင့် အမိန့်ချမှတ်ခဲ့သည့် ဒေါ်ခင်ဌေးရီပါ (၆) ဦးအား အလုပ်ထုတ်နစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့သည့် အမိန့်ကို အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

(က) ဒေါ်ခင်ဌေးရီပါ အလုပ်သမား (၆) ဦးသည် အလုပ်ခန့်ထားရေး စာချုပ်ပါ စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမရှိဘဲ (အပြစ်မရှိဘဲ) အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့်အတွက် မူလနေရာတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရမည်။

( ခ ) ဒေါ်ခင်ဌေးရီပါ (၆) ဦးအား ၎င်းတို့အမှု ရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်ကာလ (အလုပ်မှ ရပ်စဲခံရသည့်နေ့မှ အလုပ်ပြန်လည်ခန့်ထားသည့်နေ့) အထိ အလုပ်လက်မဲ့ဖြစ်စေသော ကာလကို ကြားကာလ နစ်နာကြေးအဖြစ် သတ်မှတ်၍ ၎င်းတို့ နောက်ဆုံးထုတ်ယူခဲ့သော လုပ်ခလစာငွေအတိုင်း (သတ်မှတ်ကာလအတွင်း) အလုပ်ရှင်က ပေးလျော်စေရမည်။

( ဂ ) ဒေါ်ခင်ဌေးရီပါ (၆) ဦးတို့ နောက်ဆုံးထုတ်ယူခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ၏ လစာငွေဟုဆိုရာတွင် ပေးရန်အကျုံးဝင်သော လစာနှင့် ပေးရန်အကျုံးမဝင်သော လစာများကို ပူးတွဲပါဇယားအတိုင်း ရှင်းလင်းဖော်ပြလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ လျှောက်ထားသူများအား အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ပေးရမည်။

| ဦးသန်းမောင် | ဦးခင်မောင်ရီ | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**(၇-၂-၂၀၁၃) ရက်နေ့တွင် အလုပ်ထုတ်ခံရသော အလုပ်သမားများ၏ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ)**
**နောက်ဆုံးထုတ်လစာတွက်ချက်မှုဇယား**

| စဉ် | အလုပ်သမား အမည် | အကျုံးဝင်/မဝင်လစာခွဲခြား သတ်မှတ်ချက် | လုပ်ခလစာပေးချေမှုခေါင်းစဉ်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | နေ့တွက်လုပ်အားခ | အချိန်ပိုလုပ်အားခ | ရက်မှတ်ဆုကြေး | အချိန်ပိုဆုကြေး | လိုင်းအထည်ကြေး | နှစ်ကြေး | လူမှုဖူလုံရေးကြေး | အကျုံးဝင်သော လစာငွေပေါင်း | အကျုံးမဝင်သော လစာငွေပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မခင်ဌေးရီ | ပေးရန်အကျုံးဝင်သောလစာ | ၂၉၇၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | ၁၀၀၀၀ | - | ၆၃၃၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၁၀၈၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၁၇၂၃၅ |
| ၂ | မနိုင်နိုင်လင်း | ပေးရန်အကျုံးဝင်သောလစာ | ၂၉၇၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | ၇၅၀၀ | - | ၆၀၈၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၁၈၀၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၂၄၄၃၅ |
| ၃ | မလွဲ့လွဲ့ခိုင် | ပေးရန်အကျုံးဝင်သောလစာ | ၂၉၇၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | ၅၀၀၀ | - | ၅၈၃၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၁၈၀၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၂၄၄၃၅ |
| ၄ | မသီသီဦး | ပေးရန်အကျုံးဝင်သောလစာ | ၃၀၈၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | ၇၅၀၀ | - | ၆၁၉၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၂၂၈၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၂၉၂၃၅ |
| ၅ | မစိုးစန္ဒာ | ပေးရန်အကျုံးဝင်သောလစာ | ၂၉၇၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | - | - | ၅၃၃၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၁၈၀၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၂၄၄၃၅ |
| ၆ | မအေးအေးသင်း | ပေးရန်အကျုံးဝင်သောလစာ | ၂၉၇၀၀ | - | ၈၀၀၀ | - | ၁၅၆၇၅ | ၁၀၀၀၀ | - | ၆၃၃၇၅ | - |
| | | ပေးရန်အကျုံးမဝင်သောလစာ | - | ၁၈၀၀၀ | - | ၆၀၀၀ | - | - | ၄၃၅ | - | ၂၄၄၃၅ |

အထက်တွင်ဖော်ပြထားသည့် ပေးရန်အကျုံးဝင်သော လစာအပြည့်အဝကို ဒေါ်ခင်ဌေးရီပါ အလုပ်သမား (၆) ဦးသို့ သတ်မှတ်ကာလအတွင်း ထုတ်ပေးရမည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးခင်မောင်ရီ
ဥက္ကဋ္ဌ

ဦးဇော်ဝင်းထွန်း
အဖွဲ့ဝင်

**ပုံစံ (၁၁)**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၅/၂၀၁၃)**

| | |
|---|---|
| ဦးမြင့်ရွှေ (ပိုင်ရှင်)<br>စံကောင်းပီနံအိတ်စက်ရုံ<br>အမှတ် (၁၀/၁၅)၊ ငွေပင်လယ် (၅) လမ်း၊<br>ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| မဖြူဖြူသန်း (ရက်ကန်းအလုပ်သမား)<br>အလယ်ရွာ၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားခြင်းခံရသူ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ငွေပင်လယ် (၅) လမ်း၊ အမှတ် (၁၀/၁၅) ရှိ ဦးမြင့်ရွှေပိုင်ဆိုင်သော စံကောင်းပီနံအိတ်စက်ရုံ ပိုင်ရှင်ကတစ်ဖက်နှင့် အလုပ်သမားမဖြူဖြူသန်း (ရက်ကန်းအလုပ်သမား) ကတစ်ဖက် နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၂၉/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ပြန်လည်လုပ်ခွင့်ပြုပါရန် တောင်းဆိုတိုင်ကြားရာမှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး ဆုံးဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူဘက်မှ အောက်ပါ ကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားအား အလုပ်မှထုတ်ပယ်ခဲ့၍ အလုပ်ပြန်လည်လုပ်ခွင့်ပြုပါရန် တောင်းဆိုခြင်းဖြစ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၂၉/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးမြင့်ရွှေ (ပိုင်ရှင်) စံကောင်းပီနံအိတ်စက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီမှ အမှုအမှတ် (၁၅/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးအောင်စံတင်၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်ဝင်း၊ ဦးညာဏတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၂၄-၄-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာနှင့် စစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်သမားအား အလုပ်ထုတ်ပယ်ခြင်းမပြုဘဲ အလုပ်သမားအား အလုပ်ပြန်ခန့်ရန်။

**သုံးသပ်ချက်အမှတ် (၁)။** ကောက်ချက်အမှတ် (၁) နှင့်ပတ်သက်၍ ခုံသမာဓိကောင်စီ ခုံအဖွဲ့၏ ရှေ့မှောက်တွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်မှု ရရှိခဲ့သဖြင့် ယင်းကောက်ချက် (၁) အပေါ်၌ ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်တော့မည်မဟုတ်ပေ။

**ကောက်ချက်အမှတ် (၂)။** စံကောင်းပီနံအိတ်စက်ရုံ (ပိုင်ရှင်) မှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရက်စွဲပါ စာအမှတ်-ထ-၁/၁၄(ထွေ/မှုခင်း) (၁၀၈) အရ ခုံသမာဓိကောင်စီသို့ တင်ပြလာသည့် တင်ပြစာတွင် အလုပ်သမားအား အလုပ်ထုတ်နစ်နာကြေးကို အလုပ်သမားဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေစည်းမျဉ်း၊ စည်းကမ်းအတိုင်း ပေးချေပြီး ဆက်လက်၍ လက်တွဲလုပ်ကိုင်လိုခြင်းမရှိကြောင်း တွေ့ရှိရသည်။ အလုပ်သမားမှလည်း ၎င်းအား အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် အလုပ်ထုတ်နစ်နာကြေး ရလျှင် ကျေနပ်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

**သုံးသပ်ချက်အမှတ် (၂)။** စံကောင်းပီနံအိတ်စက်ရုံ (ပိုင်ရှင်) မှ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရက်စွဲပါ စာအမှတ်-ထ-၁/၁၄(ထွေ/မှုခင်း) (၁၀၈) အရ ခုံသမာဓိကောင်စီသို့ တင်ပြလာသည့် တင်ပြစာနှင့် အလုပ်သမား၏ ခုံအဖွဲ့ထံ ထွက်ဆိုချက်များအား ခုံသမာဓိကောင်စီ ခုံအဖွဲ့မှ လက်ခံသည်။ အလုပ်ရှင်မှ အလုပ်ထုတ်နစ်နာကြေးပေးရန်နှင့် အလုပ်သမားမှလည်း လက်ခံရန် သဘောတူကြသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** အလုပ်သမားမဖြူဖြူသန်းအား အလုပ်ရှင်ဘက်မှ အလုပ်ပြန်လည်ခန့်အပ်လိုခြင်းမရှိကြောင်း တွေ့ရှိရ၍ ၎င်း၏တင်ပြစာအရ အလုပ်သမားအား ၎င်း၏ နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ) ဖြင့် နို့တစ်ကြေး (၁) လစာ၊ အလုပ်ထုတ်နစ်နာကြေး (၁) လစာနှင့် ကြားကာလနစ်နာ ကြေး (၂) လစာ၊ စုစုပေါင်း (၄) လစာပေးရန် ဆုံးဖြတ်သည်။ သို့ဖြစ်၍ အလုပ်သမား၏ နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ) (၇၅၈၅၄/-) ဖြင့် စုစုပေါင်း (၄) လစာအတွက် (၃၀၃၄၁၆/-) (ကျပ်သုံးသိန်း သုံးထောင်လေးရာတစ်ဆယ့်ခြောက်) တိတိကို ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| ဦးမောင်မောင်ဝင်း | ဦးအောင်စံတင် | ဦးညာဏ |
| --- | --- | --- |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်** **ပုံစံ (၁၁)**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၆/၂၀၁၃)**

| | | |
|---|---|---|
| ဦးကျော်မြင့်လွင်<br>[၁၂/သလန(နိုင်)၀၀၃၂၀၄]<br>အမှတ် (၁) ရပ်ကွက်၊ မင်းလှမြို့။ | } | **လျှောက်ထားသူ** |
| | နှင့် | |
| ဦးလင်းလင်း (ပါ)၊ အလုပ်သမား ၂၇ ဦး<br>ထန်းကိုင်းရေနံမြေ၊ မင်းလှမြို့ | } | **လျှောက်ထားခြင်းခံရသူများ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်

**ဆုံးဖြတ်ချက်**

၁။ မကွေးတိုင်းဒေသကြီး မင်းလှမြို့၊ S-5 Mining Co.,Ltd မန်နေးဂျင်းဒါရိုက်တာ (M.D) ဖြစ်သူ ဦးကျော်မြင့်လွင်နှင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့၊ ထန်းကိုင်းဒေသရှိ အလုပ်သမားဦးလင်းလင်းပါ (၂၇) ဦးတို့အကြား ဖြစ်ပွားသည့် လုပ်ခကျန်ငွေတောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ မင်းလှမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့က မကွေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲအပ်ခဲ့သည့်အတွက် အငြင်းပွားမှုအမှတ် (၁/၂၀၁၃) ဖြင့် ကြားနာစစ်ဆေးခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့စွဲဖြင့် ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။

၂။ အဆိုပါမကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဦးကျော်မြင့်လွင်က မကျေနပ်သည့်အတွက် ခုံသမာဓိကောင်စီသို့ မကွေးတိုင်းဒေသကြီး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တစ်ဆင့် လျှောက်ထားလွှာတင်သွင်းခဲ့ပေသည်။

၃။ ထိုသို့ လျှောက်ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ် (၁၆/၂၀၁၃) အဖြစ် ခုံအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်စေခဲ့ခြင်းဖြစ်ပေသည်။

၄။ ဤခုံအဖွဲ့သည် အငြင်းပွားမှုစတင်ဖြစ်ပွားရသည့် အကြောင်းခြင်းရာကို လေ့လာရာ၌ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ထန်းကိုင်းဒေသရှိ အလုပ်သမားများ ရေနံတွင်းတူးလုပ်ငန်းတစ်ရပ်ကို ပုတ်ပြတ်လုပ်ကိုင်ကြရာမှ ဦးလင်းလင်းပါ အလုပ်သမား (၂၇) ဦးတို့မှာ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်တိုင်အောင် လုပ်ခအချို့အဝက်ကိုသာရရှိခဲ့သဖြင့် လုပ်ခကျန်ငွေစုစုပေါင်းကျပ် (၁၃၄၉၂၁၀၅/-) ကို ၎င်းတို့အား တာဝန်ပေးအပ်ခိုင်းစေခဲ့သူ ဦးကျော်မြင့်လွင်ထံမှ ရရှိလိုကြောင်း တောင်းဆိုခဲ့ကြသည်ကို တွေ့ရှိရပေသည်။

၅။ ဤခုံအဖွဲ့သည် အငြင်းပွားမှုကို စတင်ညှိနှိုင်းဖျန်ဖြေပေးသည့်အချိန်မှစ၍ မကွေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ စစ်ဆေးဆုံးဖြတ်ခဲ့သည့်အချိန်အထိ အငြင်းပွားမှုတွင် ပါဝင်သည့် နှစ်ဖက်ပုဂ္ဂိုလ်များ၏ တင်ပြလျှောက်ထားချက်၊ စစ်ဆေးထွက်ဆိုချက်များ၊ သက်သေများ၏ထွက်ဆိုချက်များအပြင် ခုံသမာဓိကောင်စီသို့ လိပ်မူပေးပို့သည့် ဦးကျော်မြင့်လွင်၏ လျှောက်ထားလွှာပါ အချက်အလက်များကို အသေးစိတ်ဖတ်ရှုလေ့လာပြီးနောက် အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲခဲ့သည်။

**ကောက်ချက်အမှတ် (၁)။** ဦးကျော်မြင့်လွင်သည် ဦးလင်းလင်း(ပါ) အလုပ်သမား (၂၇) ဦးတို့က တောင်းဆိုသည့် လုပ်ခကျန်ငွေများကို ပေးရန်တာဝန် ရှိ/မရှိ။

၆။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ခဲ့ရာမှ ရရှိထားပြီးဖြစ်သည့် မှတ်တမ်းမှတ်ရာများနှင့် အထောက်အထားများ ပြည့်စုံလုံလောက်သည်ဟူ၍ ဤခုံအဖွဲ့က ယူဆသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ကာယကံရှင်ပုဂ္ဂိုလ်များကို မလိုအပ်ဘဲ ဝေးလံသည့်ဒေသမှ ခုံအဖွဲ့ရှေ့မှောက်သို့ ခေါ်ယူစစ်ဆေးခြင်းမပြုတော့ပေ။ ရှိပြီးအထောက်အထားမှတ်တမ်းများအပေါ် အခြေပြု၍ အဆုံးအဖြတ်ပေးရန် သဘောရရှိကြသည်။

**သုံးသပ်ချက်အမှတ် (၁)**

၇။ ဤအငြင်းပွားမှုတွင် ပါဝင်သည့် အလုပ်သမားများက ၎င်းတို့အား တာဝန်ပေးခိုင်းစေသူမှာ ဦးကျော်မြင့်လွင်၊ မန်နေးဂျင်းဒါရိုက်တာ (M.D) S.5 Co.,Ltd ဖြစ်ကြောင်း ထွက်ဆိုပြောကြားခဲ့ကြသည့်အပြင် ၎င်းတို့အတွက် လုပ်ခငွေကိုလည်း ဦးကျော်မြင့်လွင်ထံမှပင် ရရှိကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးကော်မတီရှေ့မှောက်တွင် ထွက်ဆိုပြောကြားခဲ့ကြသည်။

၈။ တစ်ဖန် ထိုအချက်များကို ဦးကျော်မြင့်လွင်က ငြင်းဆိုခြင်းမပြုသည့်အပြင် အလုပ်သမားများအတွက် လုပ်ခကျန်ငွေကျပ် (၁၃၅) သိန်းကို ပေးချေရန်ရှိကြောင်း ကိုယ်တိုင်ဝန်ခံခဲ့ပြီး၊ ထိုငွေတစ်ဝက်ကို ၁၄-၂-၂၀၁၃ ရက်နေ့တွင် ပထမအကြိမ်ပေးမည်ဖြစ်ပြီး၊ ကျန်ငွေတစ်ဝက်ကို ၂၇-၂-၂၀၁၃ ရက်နေ့တွင် ဒုတိယအကြိမ်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးကော်မတီရှေ့မှောက်တွင် ၁-၂-၂၀၁၃ ရက်နေ့တွင် ဝန်ခံကတိပေးလက်မှတ်ထိုးထားခဲ့သည်။

၉။ ဦးကျော်မြင့်လွင်ကဲ့သို့ မန်နေးဂျင်းဒါရိုက်တာ (M.D) အဖြစ် တာဝန်ယူထားသည့် ပုဂ္ဂိုလ်တစ်ဦးက မိမိအပေါ် တာဝန်ရှိစေမည့် ကတိဝန်ခံချက်တစ်ရပ်ကို မစဉ်းမစား၊ အလွယ်တကူ ဝန်ခံလက်မှတ်ထိုးခဲ့ခြင်း မဖြစ်နိုင်ပေ။

၁၀။ ထို့နောက်ပိုင်း ၂၉-၄-၂၀၁၃ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ရှေ့မှောက်၌ ဦးကျော်မြင့်လွင်က ထွက်ဆိုပြောကြားရာတွင် အလုပ်သမားများအတွက် လုပ်ခကျန်ငွေ ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ၎င်း၏တာဝန်ရှိမှုကို ငြင်းဆိုသည့်အချက်များ တွေ့ရှိရပေသည်။ ၎င်းအနေဖြင့် ပုဂ္ဂိုလ်အချို့အား လုပ်ခကျန်ငွေပေးရန်တာဝန်ရှိသူများအဖြစ် ထွက်ဆိုပြောကြားမှုများကိုလည်း တွေ့ရှိရပေသည်။ ထို့ပြင် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လပိုင်းတွင် ၎င်းအား G.P လွှဲအပ်ထားသူက ထို G.P ကို ပြန်လည်ရုပ်သိမ်းခဲ့သည့်အတွက် ထိုရက်ပိုင်းမှအစပြု၍ ၎င်းအနေဖြင့် တာဝန်မရှိတော့ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းသည်လည်း ထိုအချိန်မှစ၍ အလုပ်မှ နုတ်ထွက်ခဲ့ပါသည်ဟု ထွက်ဆိုခဲ့သည်။

၁၁။ သို့တိုင်အောင်လည်း ဦးကျော်မြင့်လွင်က မင်းလှမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌထံ လိပ်မူပေးပို့သည့် ၂၀-၂-၂၀၁၃ ရက်စွဲပါ စာတွင် ဦးကျော်မြင့်လွင်သည် S.5 Mining Co., Ltd ၏ မန်နေးဂျင်းဒါရိုက်တာအဖြစ် ရော်ဘာတံဆိပ်တုံးရိုက်နှိပ်လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရပြန်သဖြင့် ဦးကျော်မြင့်လွင်သည် ၎င်းအား အပ်နှင်းထားသည့် G.P ရုပ်သိမ်းခံရပြီးနောက်ပိုင်းတွင်လည်း S.5 Mining Co.,Ltd၏ မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ယူဆဲပင်ဖြစ်သည်ကို ဖော်ပြလျက်ရှိနေပေသည်။ ထို့ကြောင့် ရှေ့စကားနှင့် နောက်စကား မညီညွတ်မှုများ ရှိနေသည်ကို တွေ့ရှိရပေသည်။

၁၂။ ဤခုံအဖွဲ့သည် ဦးကျော်မြင့်လွင်နှင့် ၎င်း၏ စီးပွားဘက်ပုဂ္ဂိုလ်များအကြား လုပ်ငန်းအရ ဆက်သွယ်ဆောင်ရွက်မှု၊ ၎င်းတို့၏ အပေးအယူကိစ္စရပ်များ၊ အချင်းချင်းနားလည်မှုထားရှိပုံများ စသည်တို့ကို ထည့်သွင်းစဉ်းစားရန် အကြောင်းမရှိပေ။ အဓိကအားဖြင့် အောက်ပါအချက် (၂) ရပ်ပေါ်တွင်သာ စဉ်းစားသုံးသပ်ရန် လိုပေသည်။

(က) ဦးကျော်မြင့်လွင်သည် မိမိ၏လုပ်ငန်းတစ်ရပ်ကို သတ်မှတ်ချိန်ပြီးမြောက်စေရန်အတွက် အလုပ်သမားများကို ပြင်ပတွင်းတူးခပေါက်ဈေးနှုန်းဖြင့် ခိုင်းစေခဲ့သည်ဆိုခြင်းမှာ မှန်/မမှန်။

(ခ) ဦးကျော်မြင့်လွင်သည် အလုပ်သမားများအတွက် လုပ်ခကျန်ငွေပေးရန် တာဝန်ရှိသူဖြစ်သည် ဆိုခြင်းမှာ မှန်/မမှန်။

၁၃။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ အစပြု၍ နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်ထားချက်များနှင့် ထွက်ဆိုချက်များအရလည်းကောင်း၊ သက်သေများ၏ ထွက်ဆိုချက်များအရ လည်းကောင်း၊ ဦးကျော်မြင့်လွင်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးအပ်ခဲ့သည့် ဝန်ခံကတိအရလည်းကောင်း အထက်ပါအချက်များ မှန်ကန်ကြောင်း တွေ့မြင်ရမည်ဖြစ်ပေသည်။

၁၄။ ဦးကျော်မြင့်လွင်သည် အလုပ်သမားများအတွက် လုပ်ခကျန်ငွေကို ပေးရန်ကတိကဝတ်ပြုပြီး နောက်တွင်မှ မိမိကိုယ်တိုင်ကဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်လမ်းပြပေးမှုကြောင့်ဖြစ်စေ၊ စိတ်ကူးသစ် (Second Thought) တစ်ရပ်ပေါ်လာပုံရပေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် လေသံပြောင်းသွားခြင်း ဖြစ်နိုင်ပေသည်။ ထိုအချက်မှန်ကန်ကြောင်း ဖော်ပြလိုက်သည့်အချက်မှာ ဦးကျော်မြင့်လွင်လက်မှတ်ရေးထိုးပြီး ခုံသမာဓိကောင်စီသို့ လိပ်မူပေးပို့ထားသည့် လျှောက်ထားလွှာ (မကွေးတိုင်းဒေသကြီး၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ ဝင်စာအမှတ် (၁၃၆)၊ ရက်စွဲ ၇-၅-၂၀၁၃ တွင် ဖော်ပြပါရှိသည့် စာပိုဒ်အမှတ် (၅) ပင် ဖြစ်ပေသည်။ ထိုစာပိုဒ်ပါအရ ဦးကျော်မြင့်လွင်က အလုပ်သမားများကို တာဝန်ပေးခိုင်းစေစဉ်က နှစ်ဖက် သဘောတူထားသည့်ပြင်ပတွင်းတူးခပေါက်ဈေးနှုန်းဖြင့်မဟုတ်ဘဲ၊ MOGE က သတ်မှတ်ထားသည့် တွင်းတူးခနှုန်းထားဖြင့်ဆိုပါက ၎င်းအနေဖြင့် ပေးချေမည်ဖြစ်ကြောင်း ဖော်ပြထားခြင်းပင်ဖြစ်သည်။ မိမိအနေဖြင့် ပေးရန်တာဝန်မရှိကြောင်း ငြင်းဆိုပြီးမှ တစ်ဖန် MOGE က နှုန်းထားဖြင့်ဆိုပါက ပေးချေမည် ဖြစ်ကြောင်း ဆိုထားပေရာ ဤတွင်လည်း ရှေ့စကား နောက်စကား မညီမှုများကို တွေ့ရှိရပြန်ပေသည်။

၁၅။ အထက်ပါအချက်များအရ ဦးကျော်မြင့်လွင်သည် မိမိအချိန်မီပြီးမြောက်စေလိုသည့် လုပ်ငန်းတစ်ခုမှာ ယခုအခါ ပြီးစီးသွားပြီဖြစ်ရာ မိမိပေးရန်တာဝန်ရှိသည့် လုပ်ခကို နှစ်ဦးနှစ်ဖက်အကြား မူလသဘောတူညီ ထားသည့် ပြင်ပတွင်းတူးခနှုန်းဖြင့် မပေးချေလိုတော့ဘဲ MOGE သတ်မှတ်ခွင့်ပြုသည့် နှုန်းဖြင့် ပေးချေရန် စိတ်ကူးပြောင်းသွားသည့်အချက်ကို ညွှန်ပြနေပေသည်။ ပြင်ပပေါက်ဈေးလုပ်ခနှုန်းဖြင့်မဟုတ်ဘဲ MOGE က သတ်မှတ်နှုန်းဖြင့်ဆိုပါက ပေးရမည့်ငွေပမာဏများစွာ လျော့နည်းသက်သာသွားမည်ဖြစ်ရာ ထိုအချက်ကို ဦးကျော်မြင့်လွင်က မိမိအတွက် ထွက်ပေါက်တစ်ခုအဖြစ် အသုံးပြုသည်ဟု ဆိုဖွယ်ရာရှိပေသည်။

၁၆။ ဤခုံအဖွဲ့သည် ယခုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရာ၌ နှစ်ဖက်မျှတမှုရှိစေရေးအတွက် ကိုသာ စဉ်းစားလုပ်ဆောင်ပေသည်။ မည်သူ့သာစေ၊ မည်သူ့နာစေဟူသည့် သဘောကင်းရှင်းပေသည်။ အလုပ်ရှင်သည် ငွေကြေးအရင်းအနှီးဖြင့် လုပ်ငန်းလုပ်ဆောင်သူဖြစ်ပြီး အလုပ်သမားသည် မိမိလုပ်အားဖြင့် ရသည့် လုပ်ခဖြင့် နေထိုင်စားသောက်ရသူဖြစ်သည်။ အလုပ်လုပ်ပေးပြီးသည့်တိုင်အောင် လုပ်ခမရခြင်းသည် အလုပ်သမားများအဖို့ လွန်စွာနစ်နာပေသည်။ ယခုအငြင်းပွားမှုတွင် အလုပ်သမားများ လုပ်ခကျန်ငွေ မရသည်မှာ လနှင့်ချီ၍ ကြာမြင့်ခဲ့ပေပြီ။ လုပ်အားဖြင့် အရင်းအနှီးပြု၍ ထမင်းရှာစားရသူများအတွက် လူမှုရေးအရ ထိုက်သင့်သည့်အားလျော်စွာ ငဲ့ညှာထောက်ထားသင့်ပေသည်။

## ဆုံးဖြတ်ချက်အမှတ် (၁)

၁၇။ ဦးကျော်မြင့်လွင်သည် ဦးလင်းလင်းပါ အလုပ်သမား (၂၇) ဦးတို့က တောင်းဆိုသည့် လုပ်ခကျန်ငွေ များကို ပေးရန်တာဝန်ရှိကြောင်း ဤခုံအဖွဲ့က လေ့လာသုံးသပ်တွေ့ရှိရသဖြင့် မကွေးတိုင်းဒေသကြီး ခုံသမာဓိ အဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၃) အတွက် ၂၉-၄-၂၀၁၃ ရက်နေ့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၈။ အလုပ်သမားများအတွက် လုပ်ခကျန်ငွေဖြစ်သည့် ကျပ် (၁၃၄၉၂၁၀၅/-) (ကျပ် တစ်ရာသုံးဆယ် လေးသိန်းကိုးသောင်းနှစ်ထောင်တစ်ရာ့ငါးတိတိ) ကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း (၃၀) အတွင်း အပြေအကျေပေးချေရမည်။ ပေးရန်တာဝန်ရှိသူ ဦးကျော်မြင့်လွင်ဘက်မှ ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ၊ ပုဒ်မ (၂၉) အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးအေးငွေ | ဦးညာဏ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်** **ပုံစံ (၁၁)**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၇/၂၀၁၃)**

ဦးမြင့်ရွှေ (ပိုင်ရှင်)
စံကောင်းပီနံအိတ်စက်ရုံ၊ အမှတ် (၁၀/၁၅)
ငွေပင်လယ် (၅) လမ်း၊ ငွေပင်လယ်စက်မှုဇုန်၊
လှိုင်သာယာမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

မောင်စိုးသူရကိုနှင့် မောင်ကျော်ထက်အောင်
လှိုင်သီတာလမ်း၊ အဆင့်မြင့် (၁၃) ရပ်ကွက်၊
အမှတ် (၁၁၃-ခ)၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ အမှတ် (၁၀/၁၅) ငွေပင်လယ် (၅) လမ်း၊ စံကောင်းပီနံအိတ်စက်ရုံ ပိုင်ရှင် ဦးမြင့်ရွှေနှင့် အလုပ်သမား မောင်စိုးသူရကိုနှင့် မောင်ကျော်ထက်အောင် တို့ ဖြစ်ပွားသော အငြင်းပွားမှုအား လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမား တို့အား ၂၁-၂-၂၀၁၃ ရက်နေ့၊ ၂၆-၂-၂၀၁၃ ရက်နေ့နှင့် ၁-၃-၂၀၁၃ ရက်နေ့များတွင် ညှိနှိုင်းဖျန်ဖြေပေး ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လွှဲအပ်တင်ပြချက်အရ ရန်ကုန်တိုင်း ဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုအမှတ် (၂၄/၂၀၁၃) ကို ကြားနာစစ်ဆေးပြီး ၁၆-၅-၂၀၁၃ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံ အလုပ်ပြန်ခန့်အပ်ပေးရန် (သို့မဟုတ်) အလုပ်ထုတ်နစ်နာကြေး ရရှိလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက်အသီးသီး ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးမြင့်ရွှေ (ပိုင်ရှင်) စံကောင်းပီနံအိတ်စက်ရုံ၊ အမှတ် (၁၀/၁၅)၊ ငွေပင်လယ် (၅) လမ်း၊ ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်က ရန်ကုန်တိုင်း ဒေသကြီး ခုံသမာဓိအဖွဲ့၏ အောက်ပါကောက်ချက်များနှင့် ဆုံးဖြတ်ချက်များကို မကျေနပ်သဖြင့် ခုံသမာဓိ ကောင်စီသို့ လျှောက်ထားလာခြင်းဖြစ်သည်။

(က) အလုပ်သမားမောင်စိုးသူရကို အလုပ်မှအထုတ်ခံရ၍ အလုပ်နေရာပြန်ခန့်ပေးရန်နှင့် အလုပ်ပြန်လည်မလုပ်ကိုင်ရပါက အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည့် ကောက်ချက် ရေးဆွဲပြီး အလုပ်ထုတ်နစ်နာကြေးအဖြစ် နို့တစ်ကြေး (၁) လစာ အလုပ်ထုတ်နစ်နာကြေး (၂) လစာ၊ ပေါင်း (၃) လစာပေးရန် ဆုံးဖြတ်ခဲ့ခြင်း။

(ခ) အလုပ်သမား မောင်ကျော်ထက်အောင်သည် အလုပ်ထုတ်ခံရ၍ မူလနေရာတွင် ပြန်ခန့်ပေးရန်နှင့် အလုပ်ပြန်လည်မလုပ်ကိုင်ရပါက အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည့် ကောက်ချက်အပေါ်တွင်လည်း အလုပ်ထုတ်နစ်နာကြေးကို နို့တစ်ကြေး (၁) လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၂) လစာ၊ စုစုပေါင်း (၃) လစာပေးရန် ဆုံးဖြတ်ခဲ့ခြင်း။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၂၄/၂၀၁၃) ဆုံးဖြတ်ချက်များကို မကျေနပ်သဖြင့် ဦးမြင့်ရွှေ (ပိုင်ရှင်) စံကောင်းပီနံအိတ်စက်ရုံမှ ခုံသမာဓိကောင်စီသို့ ၂၂-၅-၂၀၁၃ လျှောက်ထားလာ၍ ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်၊ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့် ခုံသမာဓိ ကောင်စီ၏ အမှုအမှတ် (၁၇/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်-

**စဉ် အမည်**

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးထွန်းအေး | အဖွဲ့ဝင် |
| ၃။ | ဦးရဲနိုင်ဝင်း | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲအား လက်ခံရရှိပြီးနောက် ၃၀-၅-၂၀၁၃ ရက်နေ့တွင် စုံညီရုံးထိုင်၍ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တင်ပြချက်များ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိ အဖွဲ့၏ စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့် မှတ်တမ်းမှတ်ရာများ၊ လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့၏ တင်ပြချက်များ၊ နှစ်ဖက်သော သက်သေခံချက်များကို စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ကောက်ချက်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များနှင့် ဦးမြင့်ရွှေ (ပိုင်ရှင်) ၏ ခုံသမာဓိကောင်စီသို့ လျှောက်ထားချက်များကို လူမှုရေး တရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်၊ သာတူညီမျှဖြစ်ရေး သဘောတရားများ အခြေခံ၍ ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်၍ အောက်ပါအတိုင်း ကောက်ချက်၊ သုံးသပ်ချက်များ ဖော်ထုတ်ပြီး ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြု ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမား မောင်စိုးသူရကိုသည် အလုပ်မှ အထုတ်ခံရသဖြင့် မူလ အလုပ်နေရာတွင် ပြန်လည်ခန့်ပေးရန်၊ အလုပ်ပြန်လည်ခန့်အပ်ခြင်း မပြုပါက အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုခြင်း။

**သုံးသပ်ချက်အမှတ် (၁)။** (က) မောင်စိုးသူရကိုသည် ၃-၂-၂၀၁၃ နေ့တွင် လုပ်ငန်းခွင်၌ အလုပ်အဖွဲ့ခေါင်းဆောင် မောင်ဇော်မင်းထွေးနှင့် အပြန်အလှန်စကားများပြောဆိုရာမှ အချင်းပွားမှုဖြစ်ခဲ့ရာ စိတ်လက်မာန်ပါပြုမူမှုကြောင့် အနီးရှိ ပလတ်စတစ်ခုံ ကျိုးပဲ့သွားကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) အလုပ်ခွင်တွင် လူတစ်ဦးတစ်ယောက်အား အပြင်းအထန်နာကျင်ကျူးလွန်ခဲ့ခြင်း မရှိကြောင်းနှင့် လုပ်ငန်းအတွက် အရေးပါသောကုန်ပစ္စည်းနှင့် စက်ကိရိယာ တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေခြင်း (သို့မဟုတ်) တမင်သက်သက် ဆုံးရှုံးမှုဖြစ်စေခြင်းများ မရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဂ) အလုပ်စတင်ဝင်ရောက်ချိန်မှစ၍ သတိပေးခံရခြင်း၊ ဝန်ခံကတိလက်မှတ်ရေးထိုးရခြင်းမရှိကြောင်းနှင့် အလုပ်ထုတ်ခံရပါက မိသားစုစားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နိုင်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမား မောင်စိုးသူရကိုသည် လုပ်သက် (၁) နှစ်နှင့် (၁) လ (၁၆) ရက်ရှိပြီး ယခုဖြစ်မှုမှာ အလုပ်မှ ထုတ်ပယ်ခံရလောက်အောင်ကြီးမားသည့် ဖြစ်မှုမဟုတ်သော်လည်း အလုပ်ထုတ်ခံခဲ့ရသည့်အတွက် လုက်သက်အလိုက် OT မပါ၊ နောက်ဆုံးထုတ်လစာဖြင့် နို့တစ်ကြေး (၁) လစာ၊ အလုပ်ထုတ်နစ်နာကြေး (၂) လစာ၊ စုစုပေါင်း (၃) လစာ ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

| | | |
|---|---|---|
| နို့တစ်ကြေး (၁) လစာ | + အလုပ်ထုတ်နစ်နာကြေး (၂) လစာ | = စုစုပေါင်း (၃) လစာ |
| ၈၃၉၀၀ိ/- | + ၁၆၇၈၀၀ိ/- | = ၂၅၀၇၀ိ/- |

**ကောက်ချက်အမှတ် (၂)။** အလုပ်သမား မောင်ကျော်ထက်အောင်သည် အလုပ်မှ ထုတ်ခံရသဖြင့် မူလနေရာတွင် အလုပ်ပြန်လည်ခန့်အပ်ပေးရန်နှင့် အလုပ်ပြန်လည်ခန့်အပ်ပေးခြင်းမရှိပါက အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုခြင်း။

**သုံးသပ်ချက်အမှတ် (၂)။** (က) အလုပ်သမား မောင်ကျော်ထက်အောင်သည် ၂-၇-၂၀၁၂ ရက်နေ့တွင် ပေါ့လျော့မှုကြောင့် ဖျဉ်သားကွဲသွား၍ နှုတ်ဖြင့် သတိပေးခံခဲ့ရခြင်း၊ ၂၀-၇-၂၀၁၂ ရက်နေ့တွင် စက်ရေလျှံပြီး ကြိုးများပြတ်ကျသဖြင့် စာဖြင့် သတိပေးခံရခြင်း၊ ၄-၁၂-၂၀၁၂ ရက်နေ့တွင် ကွမ်းယာ (၄) ယာတွေ့ရှိသဖြင့် ပြင်းထန်စွာ သတိပေးခံရခြင်း၊ ၁၂-၂-၂၀၁၃ ရက်နေ့ ပြည်ထောင်စုနေ့တွင် လုပ်ငန်းမှ အချိန်မပြည့်မီ မိနစ် (၃၀) စောထွက်ခြင်း စသည့် လုပ်ငန်းပေါ့ဆမှုနှင့် စည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့် ပိုင်ရှင်မှ အလုပ်မှ ထုတ်ပယ်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) အလုပ်သမားမောင်ကျော်ထက်အောင်သည် လုပ်သက် (၂) နှစ်နှင့် (၅) လ (၁၅) ရက်ရှိ လုပ်သားတစ်ဦးဖြစ်ပြီး၊ ၎င်းကျူးလွန်ခဲ့သော ဖြစ်မှုများမှာ အလုပ်မှ ထုတ်ပယ်ခံရလောက်အောင် လုပ်ငန်းအတွက် အရေးပါသော ကုန်ပစ္စည်းနှင့် စက်ကိရိယာ တစ်စိတ်တစ်ပိုင်းကို ပျက်စီးစေခြင်း (သို့မဟုတ်) တမင်သက်သက်ဆုံးရှုံးမှု

ဖြစ်စေခြင်း စသည့် ကြီးမားသော ပြစ်မှုမျိုး မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** ထို့ကြောင့် လူမှုရေးနှင့် တရားမျှတမှုကို ထောက်ထားပြီး အလုပ်ထုတ်နစ်နာကြေး လုပ်သက်အလိုက် OT မပါ နောက်ဆုံးထုတ်လစာဖြင့် နို့တစ်ကြေး (၁) လစာ၊ အလုပ်ထုတ်နစ်နာကြေး (၂) လစာ၊ စုစုပေါင်း (၃) လစာ ခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

| | | |
|---|---|---|
| နို့တစ်ကြေး (၁) လစာ | + အလုပ်ထုတ်နစ်နာကြေး (၂) လစာ | = စုစုပေါင်း (၃) လစာ |
| ၉၂၆၀၀ိ/- | + ၁၈၅၂၀ိ/- | = ၂၇၇၈၀ိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ အလုပ်ပိုင်ရှင် ဦးမြင့်ရွှေသည် အလုပ်သမား မောင်စိုးသူရကိုနှင့် မောင်ကျော်ထက်အောင်တို့အား ပေးရန်ရှိသော ငွေများကို ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးမောင်မောင်အုန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်** **ပုံစံ (၁၁)**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၈/၂၀၁၃)**

ဒေါ်စန်းစန်းယု(ပိုင်ရှင်)
(၁၁၉) စတိုးဆိုင်
(၁၄) လွှာ၊ Living 9 စီးပွားရေးလုပ်ငန်းစု၊
ကျောက်တံတားမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဦးရဲထွဋ် (မန်နေဂျာ)
နရဏီရွှေစင်လမ်း၊ အမှတ် (၂/၁၁၉)၊
ဝေဘာဂီမြို့သစ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် (၁၄) လွှာ၊ Living 9 စီးပွားရေးလုပ်ငန်းစု (ပိုင်ရှင်) ဒေါ်စန်းစန်းယုနှင့် အလုပ်သမား ဦးရဲထွဋ် (မန်နေဂျာ) တို့ ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်နစ်နာကြေး ရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက် (၁) ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားမှ အလုပ်ထုတ်နစ်နာကြေး ရရှိလိုကြောင်း တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အလုပ်သမားဦးရဲထွဋ်အား အလုပ်ရှင်မှ ၎င်း၏လုပ်သက်အလိုက် နစ်နာကြေးပေးရန် ဆုံးဖြတ်သည်။ ၎င်း၏ လုပ်သက်မှာ (၃) လ၊ (၁၄) ရက်ဖြစ်သဖြင့် လုပ်သက်အလိုက် OT မပါ နောက်ဆုံးထုတ်လစာဖြင့် နို့တစ်ကြေး (၁)လစာနှင့် အလုပ်ထုတ်နစ်နာကြေး (၁) လစာ စုစုပေါင်း (၂) လစာခံစားခွင့်ပြုရန် ဆုံးဖြတ်လိုက်သည်။

| | | |
|---|---|---|
| နို့တစ်ကြေး (၁) လစာ | + အလုပ်ထုတ်နစ်နာကြေး (၁) လစာ | = စုစုပေါင်း (၂) လစာ |
| ၁၂၀၀၀၀ိ/- | + ၁၂၀၀၀၀ိ/- | = ၂၄၀၀၀၀ိ/- |

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၁/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဒေါ်စန်းစန်းယု (ပိုင်ရှင်) Living 9 စီးပွားရေးလုပ်ငန်းစုမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၈/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးအောင်စံတင်၊ အဖွဲ့ဝင်များအဖြစ် ဦးဌေးအောင်၊ ဦးဇော်ဝင်းထွန်းတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၂၉-၅-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် တောင်းဆိုသူမှ တင်ပြသည့် သက်သေထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** လုပ်ငန်းပိုင်ရှင် ဒေါ်စန်းစန်းယု၏ ချေပလွှာတင်သွင်းချက်။

**သုံးသပ်ချက်အမှတ် (၁)။** အထက်ပါချေပလွှာနှင့် လုပ်ငန်းရှင်၏ ထွက်ဆိုချက်များ -

(က) အစမ်းခန့်ကာလအတွင်းဖြစ်၍ အလုပ်ထုတ်ပယ်ရန် နို့တစ်ပေးစရာမလိုသောကြောင့် နို့တစ်ကြေးပေးစရာမလိုကြောင်း သုံးသပ်တွေ့ရှိရသည်။

(ခ) အလုပ်ရှင်မှ အလုပ်သမားအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ လစာ ၆ ရက်စာနှင့် သီးသန့်ကရုဏာကြေး ၇ ရက်စာသာ ထပ်မံထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

(ဂ) ဦးရဲထွဋ်အလွဲသုံးစား လုပ်ထားသည်ဟုဆိုသော ဆိုင်၏အသေးသုံးငွေ (၁၃၀၄၀ိ/-) အား ပြန်လည်ဖြတ်တောက်ထားသည်ကို တွေ့ရှိရသည်။

(ဃ) လုပ်ထုံးလုပ်နည်းများအရ အလုပ်ထုတ်နစ်နာကြေးအား (၁) လစာ အပြည့်ပေးသင့်ကြောင်း သုံးသပ်တွေ့ရှိရသည်။

(င) ယခင်ထုတ်ယူထားသော ကရုဏာကြေးအား ဦးရဲထွဋ်မှ အလုပ်ရှင်ထံသို့ ပြန်လည်ပေးသွင်းသင့်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** လုပ်ငန်းပိုင်ရှင် ဒေါ်စန်းစန်းယုမှ ဦးရဲထွဋ်အား အလုပ်ထုတ်နစ်နာကြေး (၁) လစာအပြည့် (၁၂၀၀၀၀ိ/-) အား ထုတ်ပေးရမည်။ ယခင် ထုတ်ယူထားသော ကရုဏာကြေး (၂၇၀၉၀ိ/-) အား ဦးရဲထွဋ်မှ အလုပ်ရှင်ထံ ပြန်လည်ပေးသွင်းရမည်။

၇။ ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေကြေးများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်းပေးရမည်။

| ဦးဌေးအောင် | ဦးအောင်စံတင် | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

**ပုံစံ (၁၁)**

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၁၉/၂၀၁၃)**

ဒေါ်ဇင်မာထွေးပါ (၁၅) ဦး
အမှတ် (၂၇)၊ ဗိုလ်အေးချိုလမ်း၊
အဆင့်မြင့် (၁၃) ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ } **လျှောက်ထားသူ**

နှင့်

ဦးချစ်ကိုစိုး (ပိုင်ရှင်)
Beauty Palace (A-21)ဆပ်ပြာစက်ရုံ၊
အမှတ် (၁၇၉)၊ ဦးထွန်းညိုလမ်း၊
စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်။ } **လျှောက်ထားခြင်းခံရသူ**

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၆. ၅. ၂၀၁၃) ရက်နေ့က ဆုံးဖြတ်ချက်ချခဲ့သော တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ပဋိပက္ခမှုကို ဆုံးဖြတ်ချက်အမှတ် (၁) ဖြင့် ချမှတ်ခဲ့သည့် အငြင်းပွားမှုအမှတ် (၂၅/၂၀၁၃) အပေါ် ကျေနပ်မှုမရှိသဖြင့် တောင်းဆိုသူများဘက်မှ ခုံသမာဓိကောင်စီသို့

အယူခံလျှောက်ထားလာသည့်အမှုကို စစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီအမှုအမှတ် (၁၉/၂၀၁၃) ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးသန်းမောင်၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ ပါဝင်သော ခုံအဖွဲ့ကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ ၃-၆-၂၀၁၃ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၃) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အထက်အပိုဒ် (၁) ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** ဒေါ်ဇင်မာထွေးပါ (၁၅) ဦးအလုပ်မှ ထုတ်ပယ်ခံရ၍ အလုပ်ပြန်လည်လုပ်ကိုင်ခွင့်ပြုရန်။

**သုံးသပ်ချက်အမှတ် (၁)။** ဤကောက်ချက်အရဆိုပါက အလုပ်ပြန်ရရေးကို ဦးတည်တောင်းဆိုခြင်းဖြစ်ကြောင်း သုံးသပ်ရပေလိမ့်မည်။ သို့သော် အယူခံလွှာကို စိစစ်ကြည့်လိုက်သည့်အခါ အလုပ်သမားများက အလုပ်ရှင်ကို မယုံရဲသဖြင့် သို့မဟုတ် ခုံသမာဓိလူကြီးများက အလုပ်ရှင်၊ အလုပ်သမားမျက်နှာစုံညီတွေ့ဆုံပေးပြီး ညှိနှိုင်းမပေးခဲ့သဖြင့် အလုပ်ရှင်နှိပ်စက်မည်ကို ကြောက်၍ အလုပ်ပြန်မဝင်လိုဘဲ နစ်နာကြေးကိုသာ တွင်တွင်ရလိုကြောင်း တွေ့ရ၍ ထူးဆန်းနေပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ခုံအဖွဲ့က အချက်အလက် (Factual point) နှင့် ဥပဒေအကြောင်းအချက် (Legal point) တို့ကို အခြေခံ၍ အလေးအနက်ထား သုံးသပ်သည်။ အလုပ်သမားများသည် နေ့စား၊ နေ့ရှင်းအလုပ်သမားများဖြစ်ကြောင်း တွေ့ရှိသည်။ သဘောမှာ အလုပ်သမားများသည်လည်းကောင်း၊ အလုပ်ရှင်သည်လည်းကောင်း အခြေအနေပေါ်မူတည်၍ ဆန္ဒအလျောက် ဆောင်ရွက်နိုင်သည့် သဘောသဘာဝ ရှိပေသည်။

မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကလည်း "အလုပ်သမားများသည် မိမိတို့၏ သဘောဆန္ဒအလျောက်၊ အုပ်စုဖွဲ့၍ ပျက်ကွက်ခဲ့ခြင်းသည် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့မှုအပေါ် အလုပ်ခွင်ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်မှုအား လုပ်သင့်ကြောင်း" သုံးသပ်ထားပေသည်။ ၎င်းအပြင် Production Manager ကလည်း အဖွဲ့ရှေ့မှောက်တွင် ဤသို့ အာမခံချက်ပေးသွားပါသည်။

"(၁) မြန်မာအမျိုးသမီးများသည် အလုပ်အကိုင် အခွင့်အလမ်းရှေ့တန်းတင်၍ စက်ရုံဥပဒေနှင့်အညီ အလုပ်ပြန်ဆင်းစေလိုကြောင်း၊

(၂) လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်မည်ဆိုပါက ပုံမှန်အနေအထား အတိုင်း လုပ်ဆောင်နိုင်ရန် တာဝန်ယူပါသည်။

(၃) လုပ်ငန်းခွင်အခက်အခဲရှိပါက Production Manager သို့ တင်ပြခွင့်ပေးပါသည်။

(၄) စက်ရုံညှိနှိုင်းရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးပါမည်" ဟု အတိအလင်းအာမခံထားကြောင်း စိစစ်သုံးသပ်တွေ့ရှိသည်။

ကျွန်ုပ်တို့ ခုံအဖွဲ့သည် အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအပိုဒ် (၂၁) (က) အရ ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေး တရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး၊ သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ ခုံသမာဓိကောင်စီသို့ ၂၇-၅-၂၀၁၃ ရက်နေ့က တင်သွင်းလာသော လျှောက်ထားသူများဘက်က တင်သွင်း လာသည့် အယူခံလွှာ စာပိုဒ် (၃)၊ စာကြောင်းရေ (၈) တွင် ဖော်ပြ ထားသော "အလုပ်ပြန်လည်ခန့်ထားပေးရန် ဆုံးဖြတ်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားများကို နှစ်ဦးနှစ်ဖက် တွေ့ဆုံ၍ တိတိကျကျညှိနှိုင်းပေးခြင်း မရှိပါသဖြင့် အလုပ်သမားအားလုံးသည် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်မလုပ်ရဲတော့ပါ" ဟု လွဲမှားစွာ တွေးခေါ်ထားကြောင်းနှင့် အလုပ်သမားဥပဒေတွင် မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေ၍ သဘောတူလက်မှတ် ရေးထိုးပြီး ပါက သဘောတူစာချုပ်ကို ဖောက်ဖျက်လျှင် ဥပဒေအရ တရား စွဲနိုင်သည့် အာဏာရှိသဖြင့် အကြောင်းမဲ့တွေးကြောက်ရန် မသင့်ပေ။ ၎င်းအပြင် ခုံသမာဓိအဖွဲ့သည် မျက်နှာစုံညီ ဖျန်ဖြေ သည့်အဖွဲ့မဟုတ်ဘဲ အဆုံးအဖြတ်ပေးသည့်အဖွဲ့ ဖြစ်ပေသည်။

သို့အတွက် အထက်ပါ အချက်များကို ခြုံငုံသုံးသပ်လိုက်ပါက အစုအဖွဲ့လိုက် ညှိနှိုင်း၍ အလုပ်မဆင်းမှုအပေါ် အလုပ်ရှင်က ခွင့်လွှတ်ပြီး အလုပ်ပြန်ဆင်းရန် ခွင့်ပြုမှုအား အသိအမှတ်ပြုရ ပေလိမ့်မည်။ သို့အတွက် အောက်ပါအတိုင်း ဆုံးဖြတ်ချက် ချမှတ် လိုက်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** ခုံသမာဓိအဖွဲ့၏ (၁၆-၅-၂၀၁၃) ရက်စွဲပါ အငြင်းပွားမှုအမှတ် (၂၅/၂၀၁၃) ၏ ဆုံးဖြတ်ချက်အမှတ် (၁) ကို အတည်ပြုလိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ ဤဆုံးဖြတ်ချက်အား လျှောက်ထားသူနှင့် လျှောက်ထားခြင်းခံရသူနှစ်ဖက်စလုံးက ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း အပြီးလိုက်နာဆောင်ရွက်ရမည်။

| ဦးသန်းမောင် | ဦးခင်မောင်ရီ | ဦးရဲနိုင်ဝင်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

ပုံစံ (၁၁)

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**
**{နည်းဥပဒေ ၂၃(စ)}**
**ခုံအဖွဲ့**

**၂၀၁၃ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် (၂၀/၂၀၁၃)**

| | |
|---|---|
| ဦးမြင့်ရွှေ (ပိုင်ရှင်) စံကောင်းပီနံအိတ်စက်ရုံ၊ အမှတ် (၁၀/၁၅)၊ ငွေပင်လယ် (၅) လမ်း၊ ငွေပင်လယ်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားသူ** |

နှင့်

| | |
|---|---|
| မောင်ဇော်မျိုးထက်ပါ (၄၉) ဦး အမှတ် (၅၅၅)၊ အဆောင်၊ နွယ်နီ (၂) လမ်း၊ (၁၅) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ | **လျှောက်ထားခြင်းခံရသူများ** |

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်၊ ငွေပင်လယ် (၅) လမ်း၊ အမှတ် (၁၀/၁၅) ရှိ စံကောင်းပီနံအိတ်စက်ရုံ အလုပ်သမား မောင်ဇော်မျိုးထက်ပါ (၄၉) ဦးကတစ်ဖက်၊ ယင်းလုပ်ငန်းပိုင်ရှင်က တစ်ဖက်၊ နှစ်ဦးနှစ်ဖက်ဖြစ်ပွားသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၃၅/၂၀၁၃) အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် (က) လုပ်ခလစာတိုးပေးရန်၊ (ခ) လူအင်အားထပ်၍ တိုးမြှင့်ပေးရန်၊ (ဂ) ဌာနမှလူများကို အခြားဌာနသို့ အလုပ်လုပ်နေစဉ်အတွင်း ခေါ်မသုံးရန်၊ (ဃ) မောင်ဇော်မျိုးထက်ပါ (၄၉) ဦးကို မူလလစာ၊ မူလရာထူးဖြင့် အလုပ်ပြန်ခန့်ပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကောက်ချက် (၁) ချက် ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့မှ အောက်ပါကောက်ချက် (၁) ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားခြင်းဖြစ်သည်။

**ကောက်ချက်အမှတ် (၁)။** (က) လုပ်ခလစာတိုးပေးရန်၊ (ခ) လူအင်အားထပ်၍ တိုးမြှင့်ပေးရန်၊
(ဂ) ဌာနမှ လူများကို အခြားဌာနသို့ အလုပ်လုပ်နေစဉ်အတွင်း ခေါ်မသုံးရန်၊
(ဃ) မောင်ဇော်မျိုးထက်ပါ (၄၉) ဦးကို မူလလစာ၊ မူလရာထူးဖြင့် အလုပ်ပြန်ခန့်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** မောင်ဇော်မျိုးထက်ပါ (၄၉) ဦးတို့အား အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်သည့်နေ့မှစ၍ အလုပ်ပြန်လည်ခန့်အပ်သည့်နေ့အထိ အလုပ်လက်မဲ့ဖြစ်စေခဲ့သော ကာလအတွက် နစ်နာကြေးပေးရန် ဆုံးဖြတ်သည်။

ကြားကာလနစ်နာကြေးကို အလုပ်လက်မဲ့ဖြစ်ရသည့် ကာလ (၄) လ အတွင်းဖြစ်၍ အလုပ်သမားများ၏ နောက်ဆုံးရရှိသော လုပ်ခလစာ နှုန်းထားဖြင့် အပြည့်အဝပေးရန်ဆုံးဖြတ်သည်။ ကြားကာလနစ်နာကြေးကို ပူးတွဲပါ နောက်ဆက်တွဲ (က) အတိုင်း ခံစားခွင့်ပြုလိုက်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ (၁၅/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် ဦးမြင့်ရွှေ (ပိုင်ရှင်) စံကောင်းပီနံအိတ်စက်ရုံမှ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၂၀/၂၀၁၃) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဦးစိုးညွန့်၊ အဖွဲ့ဝင် ဦးထွန်းအေး၊ အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ဖြင့် ဖွဲ့စည်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာန၏ (၁၄-၆-၂၀၁၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၃) ဖြင့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**ကောက်ချက်အမှတ် (၁)။** အလုပ်သမားများမှ (က) လုပ်ခလစာတိုးမြှင့်ပေးရန်၊ (ခ) လူအင်အားထပ်၍ တိုးမြှင့်ပေးရန်၊ (ဂ) ဌာနမှ လူများကို အခြားဌာနသို့ အလုပ်လုပ်နေစဉ်အတွင်း ခေါ်မသုံးရန် တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)။** အလုပ်သမားများမှ စတင်ဆန္ဒပြစဉ်က အချက် (၃) ချက်သာ တောင်းဆိုပြီး၊ နောက်ပိုင်းမှ တောင်းဆိုချက်များမှာ (၄၆)ချက်အထိ တိုးပွားလာပြီး တောင်းဆိုလာသည့်အတွက် မှုမမှန်သော တောင်းဆိုမှုဟု သုံးသပ်သည်။ စက်ရုံအတွင်းရှိ လုပ်ငန်းခွင်စည်းကမ်းဆိုင်ရာ ပြဿနာများနှင့်ပတ်သက်ပြီး အခက်အခဲများကို စက်ရုံတွင်းရှိ ညှိနှိုင်းရေးကော်မတီများ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များဖြင့် ဖြေရှင်းသင့်ကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနမှ ကွင်းဆင်းဖြေရှင်း၍ ပြေလည်နိုင်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၁)။** အထက်ပါအတိုင်း စက်ရုံတွင်း ညှိနှိုင်းရေးကော်မတီမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆုံးဖြတ်ခြင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ သက်ဆိုင်သည့်ဌာနမှကွင်းဆင်းပြီး ကြပ်မတ်ဆောင်ရွက်လျှင် ပြေလည်နိုင်သည်ဟု ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၂)။** အလုပ်သမားများမှာ ဥပဒေလုပ်ထုံးလုပ်နည်းများကို သိရှိမှုအားနည်းကြောင်း တွေ့ရှိရသည်။

**သုံးသပ်ချက်အမှတ် (၂)။** အလုပ်သမားများဆန္ဒပြမှုမှာ စက်ရုံတွင်း ညှိနှိုင်းရေးကော်မတီ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ဥပဒေပါ ကန့်သတ်ချက်များကို ကျော်လွန်၍ ဆန္ဒပြသည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၂)။** အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂) ပုဒ်မ (၄၀) အရ "မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း (သို့မဟုတ်) သပိတ်မှောက်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားသဖြင့် အလုပ်သမား (၄၇) ဦး၏ ဆန္ဒပြမှုသည် ဥပဒေကို

မလိုက်နာဘဲ ဆောင်ရွက်ခြင်းဖြစ်၍ ၎င်းတို့၏ ဆန္ဒပြမှုသည် တရားမဝင်ဟု ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၃)။** အလုပ်ရှင်မှ အလုပ်သမား ၄၇ ဦးအား အလုပ်ပြန်လည်ခန့်ထားပေးပြီး ဖြစ်၍ ကြားကာလလုပ်ခပေးရန် ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ခြင်းအပေါ် ခုံသမာဓိကောင်စီမှ မျှတစွာဆုံးဖြတ်ပေးရန် တင်ပြတောင်းဆိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၃)။** ဥပဒေနှင့် စက်ရုံစည်းမျဉ်း၊ စည်းကမ်းကို ဖောက်ဖျက်၍ အလုပ်ပြန်လည် မခန့်နိုင်ဟု ငြင်းဆိုထားသော်လည်း အထက်အဖွဲ့အစည်းများနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွန့်ကြားရေးမှူးချုပ်တို့မှ ညှိနှိုင်းပေးချက်အရ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် အလုပ်ပြန်လည်ခန့်ထားပြီးဖြစ်၍ အလုပ်သမားများမှ အလုပ်ထုတ်မှုအပေါ် အငြင်းပွားမှုမဟုတ်ဘဲ ဆန္ဒပြမှုအပေါ် အငြင်းပွားမှုဖြစ်၍ အလုပ်မလုပ်ရသောကာလကို ကြားကာလနစ်နာကြေး မပေးသင့်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၃)။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃၅/၂၀၁၃) ဆုံးဖြတ်ချက်ကို ပြင်ဆင်၍ အလုပ်သမား ၄၇ ဦးအား အလုပ်ပြန်လည် ခန့်ထားရန်နှင့် အလုပ်သမားများ ဆန္ဒပြခြင်းသည် ဥပဒေနှင့် မညီညွတ်သဖြင့် ဆန္ဒပြခြင်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသည့် အငြင်းပွားမှုအား ကြားကာလနစ်နာကြေး ခံစားခွင့်ပြုရန်မလိုဟု ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ် (၄)။**

(က) အစမ်းခန့်အလုပ်သမား မောင်အောင်မင်းသူအား အစမ်းခန့်ကာလ (၃) လပြည့်သည့်အချိန်တွင် စက်ရုံမှူးမှ စည်းကမ်းလိုက်နာမှု ညံ့ခြင်း၊ အလုပ်အကိုင် ဆောင်ရွက်မှုညံ့ခြင်းများကြောင့် အလုပ်ရပ်ဆိုင်းခဲ့ခြင်းအပေါ် ဖြေရှင်းပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

(ခ) သန့်ရှင်းရေးအလုပ်သမား မဝတီမိုးစက်မှာ လုပ်သက် (၂) နှစ် (၇) လရှိပြီး လတ်တလောပြစ်ချက် ဖော်ပြခြင်းမရှိဘဲ အလုပ်မှ ထုတ်ပယ်ခဲ့ခြင်းအပေါ် ဖြေရှင်းပေးရန် တောင်းဆိုခြင်း ဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၄)။**

(က) အစမ်းခန့်လုပ်သား မောင်အောင်မင်းသူမှာ အစမ်းခန့်ကာလအတွင်း လုပ်ငန်းစည်းကမ်းလိုက်နာမှု ကျေနပ်ဖွယ်မရှိ၍ အလုပ်ရပ်ဆိုင်းခြင်းမှာ လုပ်ထုံးလုပ်နည်းများအရ မှန်ကန်သည့်အတွက် အလုပ်ပြန်ခန့်ရန်မလို၊ နစ်နာကြေးပေးရန်မလိုကြောင်း သုံးသပ်သည်။

(ခ) သန့်ရှင်းရေးအလုပ်သမား မဝတီမိုးစက်မှာ လုပ်သက်ရင့် ဝန်ထမ်းတစ်ဦးဖြစ်ခြင်း၊ သန့်ရှင်းရေးအလုပ်သမား ၇ ဦးအနက် ၎င်းတစ်ဦးတည်းကိုသာ လတ်တလောပြစ်မှု၊ ပြစ်ချက်မရှိဘဲ အလုပ်မှ ထုတ်ပယ်မှုသည် အလုပ်သမား၏ လုပ်ငန်းခွင်တည်မြဲရေးကို ထိခိုက်သည်ဟု သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ် (၄)။**

(က) အစမ်းခန့်အလုပ်သမား မောင်အောင်မင်းသူအား အလုပ်ပြန်လည် ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်ထားသော ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား

ပယ်ဖျက်ပြီး အလုပ်ရှင်၏ အလုပ်ထုတ်ပယ်မှုသည် စည်းမျဉ်း၊ စည်းကမ်းနှင့် ညီညွတ်သဖြင့် ကြားကာလနစ်နာကြေး ခံစားခွင့် ပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

( ခ ) သန့်ရှင်းရေးအလုပ်သမား မ၀တီမိုးစက်သည် လုပ်သက်ရင့်ဝန်ထမ်း တစ်ဦးဖြစ်ခြင်း၊ လတ်တလောအပြစ်မရှိဘဲ အလုပ်ရပ်စဲခဲ့သည့်အတွက် မူလသန့်ရှင်းရေးရာထူးအတိုင်း ပြန်လည်ခန့်ထားရန်နှင့် အလုပ်ရပ်စဲသည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိ (အလုပ်ပိတ်ရက်နှင့် အချိန်ပိုကြေးမပါ) တစ်ရက်လုပ်အားခ (၂၀၀၀/-) (နှစ်ထောင်ကျပ်) နှုန်းဖြင့် ကြားကာလနစ်နာကြေး ခံစားခွင့်ပြုရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

| ဦးထွန်းအေး | ဦးစိုးညွန့် | ဦးရဲနိုင်ဝင်း |
| --- | --- | --- |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေနှင့်
**ဂိုး(လ်)ဒင်း နဲ့ရေ့(စ်) ကုမ္ပဏီလီမိတက်**
**(Golden Nereid Company Limited)**
အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်
ရရန်ရှိသည့်ကြွေးများ တောင်းခံရန် သတိပေးခြင်း

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၆-၁၂-၂၀၁၃) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးညိုမင်း
မန်နေးဂျင်းဒါရိုက်တာ
ဂိုး(လ်)ဒင်း နဲ့ရေ့(စ်) ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**ဂလိုရီ အိတ်(စ်)ပို့ အင်(န်) အင်ပို့ လီမိတက်**

**(Glory Export & Import Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ဂလိုရီ အိတ်(စ်)ပို့ အင်(န်) အင်ပို့ လီမိတက် (Glory Export & Import Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော အမှတ် - ၁၁ (အေ)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ (၇-၁၂-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတိတိတွင် ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု  
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ  
ဖမ်မက်ဂရု(ပ်)  
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊  
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။  
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**မိုးကြိုးခြင်္သေ့ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ လီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၆-၁၁-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် **(အမှတ်-၄၃၊ ပါရမီလမ်း၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့)** ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

U Kyaw Thu Ya  
Managing Director  
Thunder Lion Mining Co., Ltd.

ဦးဆန်းထွန်း  
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ  
မိုးကြိုးခြင်္သေ့ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

ပ၊ ၈၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၈-၁၁-၂၀၁၃။